www.burmeseclassic.com

ဒဂုန်ရွှေမျှား

မောင်ညိုမှိုင်း(သန်လျင်)

ညီညီနိုင်

BURMESE CLASSIC

မင်းသစ္စာလှိုင်(ကန့်ကနီ)

ထောင်မှူးကြီးသိန်းဝင်း

နုနုဂျူ

ဒေနုမထွေး

မောင်သာမန်(စီးကွန်း)

ပန်းထက်ဇော်

သိုက်သန့်အောင်(မြင်းခြံ)

စိုးယဉ်ထွန်း

မွန်နဂါးသား

www.burmeseclassic.com

www.burmeseclassic.com






Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

MARCH

NO.122 2015


ဒုရန်ရွှေများ
သဲလွန်စ ၆

မန္တလေးစာသား
မယုံပေမယ့်ကြုံခဲ့သည် ၃၁

ဒေါက်တာမှူးကြီးသိန်းဝင်း
ငယ်ပေါင်းများဆုံကြသောအခါ ၅၈

ဝိုးသဉ္ဇီဝန္ဒနီး
မြွေဆူးစီးဖုတ်ထမင်း ၇၃

ဒေါက်တာညီညီနိုင် ([illegible])
ဆေးလိပ်ဝရေသေးသည်မျက်ရည်စက်များ ၈၈

ညိုညိုနိုင်
ခွင့်လွှတ်ပါညီလေးရယ် ၁၁၉

ဟိန်းဝေယံဝေ
ဈေးတစ်သားနှင့်မရဏဇာဝေါ်သဲ ၁၃၉

[illegible]
ဟောစကျွမ်းဆဲဟောအဟင်းဒဲလို ၁၆၅

ပါဝင်ကျွေးမှုံးသောလပြည့်ည ၁၈၀

ဒက္ကနီနှစ်ဆယ်ဝေဟင်ဒယ် ၂၀၀


ထိတ်လန့်သည်းဒိုး ၂၂၀

မျက်ရည်ဘာဝ်ဘက်ဖေးတပြွက် ၂၄၀




www.burmeseclassic.com

www.burmeseclassic.com




# NEXT MONTH PREVIEW



## သူပစ်ကိုယ်ပစ်

ကေရာဇ်




## နော့ကောက်

ဇေယျမင်းသျှင်



## မြွေသားဟင်း

ဆောင်းစားသူ ကိုဝဋ္ဋန်

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com

ယခု ရေးသားဖော်ပြအံ့သောအမှုမှာ စုံထောက်ကြီး ဦးထင်ကျော်နှင့် အမှုပေါင်းများစွာ တွဲဖက်လုပ်ကိုင်ခဲ့သော ယခင်ခေတ်အခေါ် စုံထောက် အင်စပိတ်တော် ဦးအုန်းဘူးသည် ဦးထင်ကျော်နှင့် မသိကျွမ်းသေးမီတစ်ချိန်က စုံစမ်းထောက်လှမ်းခဲ့သောပြစ်မှုတစ်ခု ဖြစ်လေသည်။ ထိုအမှုအကြောင်းကို ဦးအုန်းဘူးက တစ်နေ့တွင် ဦးထင်ကျော်အား ပြန်ပြောရာ ကျွန်တော်လည်း ယင်းအမှုကို မှတ်တမ်းတင်ပြီးလျှင် ဝတ္ထုအဖြစ် ယခုရေးသားအပ်ပါကြောင်း။

# သဲလွန်စ



www.burmeseclassic.com

"ယောက်ျားဆိုတာ တိုယ့်ကို မေတ္တာရှိတဲ့မိန်းမမှန်သမျှကို ယူနိုင်ခွင့်ရှိ[illegible]ရာ မဟုတ်ဘူး၊ အဖိုးတစ်ယောက်ကို မရ၊ ရအောင် သွေးဆောင်ပြီး ယူတာလည်း လောကကြီးရဲ့မမှုတာပဲ၊ ဒါပေမဲ့ – မယားရှိတဲ့ ယောက်ျားတစ်ယောက်က အခြားလူတစ်ယောက်ရဲ့မိန်းမကို တိတ်တိတ်ပုန်းကြာခိုတာကတော့ လူနေမှုနဲ့ ပေါင်းသင်းဆက်ဆံရေး အသိုက်အအုံမှာ အဆိုးဝါးဆုံးပဲ၊ လောကမှာ ရှက်စရာအကောင်းဆုံးအလုပ်၊ ဒီလိုအကောင်မျိုးကိုတော့ ဆုံးမစရာ နည်းလမ်းတစ်ခုပဲရှိတယ်၊ ဒီအကောင်သေရမယ်ကွာ၊ ဘယ်နည်းနဲ့မဆို သေရမယ်"

တစ်နေ့သော ညနေစောင်း၌ ဦးဘဦးနှင့် သားများ အဆောက်အအုံဆောက်လုပ်ရေး ကန်ထရိုက်တာများ ကုမ္ပဏီမှ ငွေကိုင်စာရေးကြီး ကိုသက်ညွန့်သည် အထက်ပါအတိုင်း စဉ်းစားလျက် ရှိလေ၏၊ လွန်ခဲ့သောနှစ်ပတ်သုံးပတ်အတွင်း မြင်းပွဲတွင် တတိတိ ရှုံးခဲ့ရသောငွေများမှာ (၅၀၀၀)နီးပါးမျှ ရှိနေပြီဖြစ်ရာ ယင်းငွေများမှာ ကုမ္ပဏီ၏ နေ့စဉ်ဝင်ငွေများထဲမှ ငွေများကို နည်းအမျိုးမျိုးဖြင့် လှည့်ပတ်ထားသော ငွေများဖြစ်ရကား အကယ်၍ ယခုတစ်ပတ်အတွင်းတွင်မှ ရင်းစားပြန်၍ မထည့်နိုင်လျှင် မိမိမှာ အလုပ်ပြုတ်ရုံမျှမက ထောင်နန်းပင် စံရချေတော့မည်၊ ကုမ္ပဏီပိုင်ရှင် ဦးဘဦးသည် ငွေ (၅၀၀၀)မဆိုးထားဘိ၊ ငွေငါးကျပ်ကိုပင် သည်းခံမည့်သူ မဟုတ်ချေ၊ နောက်တစ်ပတ်မြင်းပွဲတွင် ငွေ (၅၀၀၀)အစားပြန်၍ရရန် လောင်းကစားရာ၌လည်း အနည်းဆုံး လက်ထဲတွင် ငွေရင်း (၂၀၀၀)၊ (၃၀၀၀)ခန့် လိုပေမည်၊ ထိုငွေရင်းကို မိမိအနေဖြင့် မည်ကဲ့သို့ ရှာဖွေနိုင်ပါမည်နည်း။

အထက်ပါပြဿနာများကို ဖြေရှင်းရန် ကိုသက်ညွန့်သည် တနင်္လာနေ့မှစ၍ စဉ်းစားခဲ့ရာ ယခု ကြာသပတေးနေ့သို့ ရောက်ခဲ့လေပြီ၊ စဉ်းစား၍ မရသေးချေ။

အကယ်၍ဦးဘဦးကို မိမိ စိတ်ကူးထားသည့်အတိုင်း စနစ်တကျ သတ်နိုင်လျှင် မိမိ အလွဲသုံးစားပြုလုပ်ထားခဲ့သော ငွေ (၅၀၀၀) ခန့်ကိုရင်းစားပြန်၍ ထည့်ရန် မလိုတော့သည့်အပြင် သံသေတ္တာအတွင်း၌ ရှိသည့် ငွေများကိုပင် ထပ်မံရရှိချေဦးမည်၊ မိမိ၏ဇနီးသည် မေရီအတွက်လည်း တစ်သက်လုံးစိတ်ချရပေတော့မည်၊ ဤနေရာသို့ရောက်သောအခါကိုသက်ညွန့်သည်ဦးဘဦးနှင့် မိမိ၏ဇနီးမေရီတို့၏ အဖြစ်အပျက်ကိုပြန်၍ သတိရမိပြန်၏၊ ဦးဘဦးသည် မိမိအား တောနယ်များသို့ မကြာခဏ ရမယ်ရှာ၍လွှတ်ပြီးလျှင် ထိုအတွင်း မေရီထံသို့ မည်ကဲ့သို့ချဉ်းကပ်ပုံ၊ မေရီအား ဝတ်ကောင်းစားလှများသာမက အဖိုးတိုက်တန်သော စိန်ရွှေလက်ဝတ်လက်စားများပင် ဝယ်ပေးပြီးလျှင် မိမိဘက်သို့ပါအောင် မည်ကဲ့သို့ ဆွဲဆောင်ပုံ၊ အညှာလွယ်၍ အလှမက်သော မေရီအား ဟိုတယ်များ၊ ညဥ့်ကလပ်များသို့ ခေါ်သွားပြီးလျှင် ၎င်း၏အချစ်ကို ရယူရန် မည်သို့မည်ပုံကြံစည်ခဲ့သည်ကို မိမိ၏ သူငယ်ချင်းမတစ်ယောက်က ပြောပြသဖြင့် သိရပုံများကို အထပ်ထပ် ပြန်၍ စဉ်းစားလျက်ရှိ၏။

ကိုသက်ညွန့်သည် မိမိ လျှို့ဝှက်သုံးစွဲထားသောငွေများ မပေါ်ပေါက်စေရန်လည်းကောင်း၊ မိမိ၏ဇနီးအား ဖြားယောင်းသွေးဆောင်ခဲ့သည့် နေရှင်တစ်ဦးအားလက်စားချေရန်လည်းကောင်း၊ ဦးဘဦးကို တစ်နည်းနည်းဖြင့် သတ်ရန် စိတ်နှလုံးကို တုံးတုံးချလိုက်လေ၏၊ သို့သော် လူတစ်ယောက်ကို ခြေရာလက်ရာ မပေါ်ဘဲ သတ်ဖြတ်ရန်ကား လွယ်ကူသော အလုပ် မဟုတ်ပေ၊ စနစ်တကျ စိတ်ကူးထုတ်၍ကြံစည်မှသာ လုံခြုံပေမည်၊


သို့နှင့် ကိုသက်ညွန့်သည် ရက်သတ္တပတ်ခန့် မိမိ၏ အကြံအစည်ကို အသေးစိတ် အကွက်ချကာ စိတ်ကူးထုတ်လျက် ရှိလေသည်၊ နောက်တစ်နေ့ သောကြာနေ့၌ကား အကွက်ဆိုက်၍ လာတော့၏။

ထိုနေ့နံနက်ခင်း၌မိမိတို့ကုမ္ပဏီက ကန်ထရိုက်ယူ ဆောက်လုပ်လျက်ရှိသော အိမ်ရှင်တစ်ဦးသည် ငွေ (၁၀၀၀၀၀)ကို ကုမ္ပဏီသို့ လက်ငင်းလာ၍ ပေးသဖြင့် ကိုသက်ညွန့်သည် ထိုငွေကို လက်ခံထားလိုက်ပြီးလျှင် စာရင်းသွင်း၍ ငွေစာရင်းအရာရှိထံ ခပ်စောစော ပေးအပ်လိုက်၏၊ ယင်းအချက်သည်ပင် ကိုသက်ညွန့်အား ၎င်း၏အကြံအစည်ကို အထမြောက်စေရန် ဖန်တီးပေးခြင်း ဖြစ်လေသည်၊ ငွေစာရင်း အရာရှိ တစ်နေ့တွက်ရသော ငွေများတို့ ဦးဘဦးလက်သို့ ညနေ (၄)နာရီတွင် ပေးအပ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

(၁)နာရီ ထိုး၍ နေ့လယ်စာစားရန် အလုပ်ဆင်းသောအခါ ကိုသက်ညွန့် သည် မိမိကားကလေးကို ဆူးလေဘုရားလမ်းရှိ ဟိုတယ်တစ်ခုသို့ မောင်း ကာ နေ့လယ်စာ စားသောက်ပြီးနောက် ဖရေဇာလမ်း (အနော်ရထာလမ်း) ဘက်သို့ ချိုး၍ဝင်ခဲ့၏။ ကုန်စုံဆိုင်တစ်ဆိုင်ဝင်၍ လက်အိတ်တစ်စုံကိုဝယ်၏။ သံပစ္စည်းများရောင်းသော ကုလားဆိုင်တစ်ဆိုင်သို့ရောက်သောအခါ အလျား (၁)ပေလုံးပတ်ခန့်ရှိ သံပိုက်တစ်လုံးကိုဝယ်၍ မိမိ၏ လက်ဆွဲသား ရေအိတ်တွင် ထည့်ယူလာခဲ့၏။



ဦးဘဦးသည် မိမိအား တောနယ်များသို့ မကြာခဏ
ရမည်ရှာ၍လွှတ်ပြီးလျှင် ထိုအတွင်း မေရီထံသို့ မည်ကဲ့သို့ချဉ်းကပ်ပုံ၊
မေရီအား ဝတ်ကောင်းစားလှများသာမက အဖိုးထိုက်တန်သော
စိန်ရွှေ လက်ဝတ်လက်စားများပင် ဝယ်ပေးပြီးလျှင် မိမိ ဘက်သို့
ပါအောင် မည်ကဲ့သို့ ဆွဲဆောင်ပုံ၊ အညှာလွယ်၍ အလှမက်သော
မေရီအား ဟိုတယ်များ၊ ညဉ့်ကလပ်များသို့ ခေါ်သွားပြီးလျှင် ...



အလုပ်သို့ ပြန်ရောက်သောအခါ သူသည် သံပိုက်လုံးကို သတင်းစာ စက္ကူများဖြင့် အထပ်ထပ် ထုပ်ပတ်ပြီးလျှင် အပေါ်ဆုံးမှ မင်နှိပ်တစ်ချပ်ကို ကော်သုတ်၍ ကပ်လိုက်၏။ သို့ပြုလုပ်ရာ၌ပင် ကိုသက်ညွန့်သည် မိမိလက် ရာများ မထင်အောင် လက်အိတ်စွပ် ပြုလုပ်လေသည်။

(၂)နာရီထိုးအချိန်၌ကား မိမိ၏အလုပ်ရှင်ဦးဘဦးအား သတ်ရန်အသင့် ရှိနေပြီ။

ဦးဘဦးနှင့်သားများကုမ္ပဏီအလုပ်တိုက်သည်အတော်ပင်ကျယ်ဝန်း၍ ဦးဘဦး၏အလုပ်ခန်းမှာ အလုပ်ရုံကြီးနှင့် အလယ်မှ အခန်းကလေးတစ်ခန်း ခြားလျက်ရှိ၏။ ထိုအခန်းကလေးမှာ ဦးဘဦး၏ ပရိုက်ဗိတ်စက္ကရီတေရီ သန်းသန်းအေးဆိုသူ၏ အလုပ်ခန်းဖြစ်လေသည်။ ဦးဘဦးသည် အသက် (၂၀)ထက် မကြီးသေးသောမိန်းကလေးများအား အလုပ်နှင့် ပညာအရည် အချင်းကို မရွေးချယ်ဘဲ ရုပ်ချောခြင်းနှင့် ဟန်အမူအရာကို အဓိကထား၍ ရွေးချယ်ပြီးလျှင် တစ်ယောက်ပြီးလျှင်တစ်ယောက် ခန့်ထားလေ့ရှိ၏။ ယခု လက်ရှိ ခန့်ထားခြင်းခံရသော အတွင်းရေးမှူး သန်းသန်းအေးမှာ ရုံးဆင်းခါနီး အချိန်များတွင် အနည်းဆုံး နာရီဝက်ခန့် အချိန်ယူ၍ အလှပြင်ပြီးမှသာ ရုံးဆင်းလေ့ရှိကြောင်းဖြင့် ရုံးစာရေးများနှင့် အလုပ်သမားများက အသိ အမှတ်ပြုခြင်း ခံထားရသော အမျိုးသမီးတစ်ယောက် ဖြစ်လေသည်။

သန်းသန်းအေး၏အလုပ်ခန်းတွင် ဦးဘဦး၏ အခန်းတွင်းသို့ တိုက်ရိုက် ဝင်နိုင်သော တံခါးပေါက်တစ်ပေါက်ရှိ၏။ သို့သော် ဦးဘဦး၏ အခန်းဘေး ဘက်၌လည်း အခြားတံခါးပေါက်တစ်ခုလည်းရှိသေးရာ ဦးဘဦးသည် ရုံးတက် ချိန်များ၌သော်လည်းကောင်း၊ ရုံးဆင်းချိန်များ၌သော်လည်းကောင်း သန်းသန်းအေး၏အခန်းကိုဖြတ်သန်းခြင်းမပြုဘဲ ထိုတံခါးပေါက်မှ ဝရန်တာ သို့ထွက်ပြီးလျှင် အောက်ထပ်သို့ ဆင်းသွားနိုင်လေသည်။ ထိုအခါမျိုး၌ သန်းသန်းအေး မမြင်ဘဲ ဝင်ထွက်သွားလာနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရုံးခန်းကြီးထဲတွင် အလုပ်လုပ်လျက်ရှိသော စာရေးစာချီများ၊ ဂိုဒေါင်ဘက်မှ စာရေးများနှင့် ဂိုဒေါင်စောင့်များပါ ဦးဘဦးထံရောက်လိုက အတွင်းရေးမှူး သန်းသန်းအေးမှတစ်ဆင့် ဆက်သွယ်ရလေသည်။

အလုပ်သမားများအတွက်လစာကို (၁၅)ရက်လျှင် တစ်ကြိမ်မျှ ရှင်းပေးလေ့ရှိရာထိုနေ့များ၌ကိုသက်ညွှန့်က ယင်းလစာများကိုစာရင်းပြုလုပ်ပြီးလျှင် ၎င်းတို့ ရသင့်သော လစာငွေများကို လူတစ်ယောက်အတွက် စာအိတ်တစ်လုံးကျစီနှင့်ထည့်ပြီးသော်လစာမပေးမီတစ်ရက်တွင်ဦးဘဦးထံ သွားရောက်အပ်နှံ၏၊ ထိုအခါ ဦးဘဦးသည် ယင်းလစာ စာအိတ်များကိုကိုသက်ညွှန့်ထံမှ ယူပြီးလျှင်အခန်းတွင်းရှိမီးခံသေတ္တာကြီးအတွင်း၌ သိမ်းဆည်းထားလိုက်၏၊ နောက်တစ်နေ့(လခပေးသောနေ့) တွင် ယင်းစာအိတ်များကို ကိုသက်ညွှန့်ကပင် ဦးဘဦးထံမှယူ၍ စာရေးများနှင့် အလုပ်သမားများကို ရှင်းပေးရ၏၊ ယင်းသည်ကား ကုမ္ပဏီ၏အစဉ်အလာဖြစ်၍ ကိုသက်ညွှန့်သည် ဦးဘဦး အခန်းတွင်းသို့ မကြာခဏ ရောက်ရှိရမှုမှက သံသေတ္တာကြီး ဖွင့်ပုံပိတ်ပုံကိုလည်း အနည်းဆုံး စောင်းပါးရိပ်ခြည်မြင်နိုင်သည့် အခွင့်အရေးကို အခြားသူများထက် ပိုမို ရရှိခဲ့လေသည်။

ဦးဘဦးအခန်းတွင်းရှိမီးအာမခံ သံသေတ္တာကြီးမှာ အမြင့် လူတစ်ရပ်ခန့်မျှမြင့်၍ အကျယ်အဝန်းအားဖြင့် (၄)ပေပတ်လည်ခန့်ရှိပြီးလျှင် ပစ်တမင်နှင့် ကရော့ကုမ္ပဏီလုပ် ရှေးဟောင်းသေတ္တာကြီးဖြစ်၏၊ သော့ခလောက်ကို မှလပိတ်ထားသူ၏ အက္ခရာစဉ်စာလုံး (၄)လုံးကို (၄)လုံးစလုံး အက္ခရာစဉ်မှန်အောင်ပြန်၍ပေါင်းစပ်နိုင်သောအခါမှသာ ဖွင့်နိုင်လေသည်၊ ဦးဘဦးသည် ယင်းသေတ္တာကြီးကိုဖွင့်ရန် စကားဝှက်ကို သူ၏အချစ်ဆုံး ပရိုက်ဗိတ် စက္ကရီတေရီ (အတွင်းရေးအတွင်းဝန်) သန်းသန်းအေးကိုပင် မသိမပေးချေ။

ဦးဘဦးအား လုပ်ကြံရန် စိတ်ကူးခဲ့သည့် အချိန်မှစ၍ ကိုသက်ညွှန့်သည် မျက်စိအောက်လိုလို၌ဝင် သော့ခလောက်တွင်းပေါ်၌ ဦးဘဦးက လျင်မြန်စွာ စိ၍လှည့်လိုက်သော စာလုံးများကို စောင်းပါးရိပ်ခြည် မှတ်သားခဲ့ရာ ပထမ



စာလုံးနှစ်လုံးသည် M.A ဖြစ်သည်ကိုမြင်ခဲ့လေပြီ၊ သို့သော် ဒုတိယစာလုံးနှစ်လုံးမှာ ဦးဘဦး၏ လက်ခုံကကွယ်နေသဖြင့် မမြင်နိုင်ချေ။

ဤသို့ဖြင့် အနည်းဆုံး တတိယစာလုံးကိုရရန် အားထုတ်၍ ကြည့်ခဲ့ရာ လွန်ခဲ့သော အငါးနေ့က ဟူသော စာလုံးကို ရိပ်ခနဲ မြင်လိုက်ရ၏၊ ယင်းကဲ့သို့ စာလုံး (၄)လုံး ပေါင်းဖွင့်ရသော သော့ခလောက်၌ သုံးလုံးမျှရရှိပြီးသောအခါ ကိုသက်ညွှန့်သည် ကျန်တစ်လုံးကိုစိတ်ကူးဖြင့် ဆက်လက် စဉ်းစားတော့၏၊ A.B.C စာလုံးများအနက် မည်သည့်စာလုံးဖြစ်ရှိမည်နည်း၊ W.X.Y.Z စသည်တို့ပင်လော၊ နောက်ဆုံး၌ သူ၏စိတ်ကူးတွင် ဟူသောစာလုံး ပေါ်လာတော့၏၊ ယင်းကဲ့သို့ ပေါ်လာရခြင်းအကြောင်းမှာ ဦးဘဦးသည် ကိုသက်ညွှန့်၏ဇနီး မေရီကို ထိုအခါက အမြတ်တနိုးထားဟန်ဖြင့် ရွေးချယ်ခဲ့လျှင် နောက်ဆုံးစာလုံးမှာ မုချဖြစ်ရမည်ဟု စိတ်ကူးပေါက်မိခြင်း ဖြစ်လေသည်၊ ဦးဘဦးသည် မိမိ၏ဇနီးသည်အား ဤမျှလောက် စွဲလမ်းလျက် သံသေတ္တာဖွင့်ရန် စကားဝှက်ကိုပင် MARY ဟု ရွေးခဲ့ခြင်းဖြစ်ရာ စဉ်းစားယင်း ဗို၍ပင် ဒေါသထွက်မိပြန်၏၊

ထိုနေ့နံနက်ကပင်ကိုသက်ညွှန့်သည်အလုပ်ဆင်းရာတွင်အဝတ်အစားကို သပ်ရပ်စွာ ဝတ်လေ့ရှိသည့်အတိုင်း ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီကို ဝတ်ပြီးလျှင် လက်ဝဲဘက် ရင်ဘတ်၌ နှင်းဆီပွင့်တစ်ပွင့် ထိုးထား၏၊ ထို့နေ့ ကိုသက်ညွှန့်သည် အလှအပကြိုက်သူ ဖြစ်သည့်အတိုင်း သူ၏အိမ်တွင် စိုက်ပျိုးထားသော နှင်းဆီများထဲမှ ကြက်သွေးရောင် လာဖရန့်နှင်းဆီတစ်ပွင့်ကို အထူးရွေးချယ်၍ ထိုးခဲ့လေသည်၊ ၎င်း၏အကျင့်မှာ နှင်းဆီလှိုင်လှိုင်ပွင့်ချိန်၌ နေ့စဉ်အလှဆုံး နှင်းဆီပွင့်တစ်ပွင့်ကို ဆွတ်ခူးခဲ့ပြီး ရင်ဘတ်၌ ထိုးလာခဲ့ပြီးနောက် ညနေ အချိန်များ၌ သန်းသန်းအေးအား ပေးလေ့ရှိ၏၊ သန်းသန်းအေးကလည်း ထိုနှင်းဆီပွင့်ကို မိမိကိုယ်တိုင် မပန်သော်လည်း စားပွဲပေါ်ရှိပန်းစိုက်သောပန်းတကောင်းထဲတွင် တယုတယ စိုက်ထားလေ့ရှိ၏၊



www.burmeseclassic.com

www.burmeseclassic.com

အချိန်သည် တရွေ့ရွေ့ကုန်လွန်ခဲ့ရာ ညနေ ၄ နာရီသို့ပင် ရောက်လာခဲ့လေပြီ၊ ကိုသက်ညွှန့်သည် လက်ပတ်နာရီကို မကြာခဏကြည့်ကာ မိမိ၏ အကြံကိုကြံစည်ရန် မိနစ်ပိုင်းမျှသာ လိုတော့သည့် အဖြစ်ကို သတိပြုမိ၏၊

အချိန်သည် ညနေဘက်သို့ တဖြည်းဖြည်း စောင်းလာ၏၊ ထိုနေ့ နံနက်ခင်းက ရုံးသို့လာရန် ကားကိုစက်နိုးလျက်ရှိစဉ်မေရီသည်အိမ်ပြတင်းပေါက်မှ နေ၍ "ညွှန့် ဒီနေ့ညနေ ခပ်စောစောပြန်ခဲ့နော်၊ ဂလုပ် (ရုပ်ရှင်များအားပြည်သူပိုင် ပြုပြီးနောက် ဂလုပ်ရုံကို ဂုဏ်ရုံဟု အမည်ပြောင်းသည်၊ ထို့နောက် ကုန်သည်ကြီးများဟိုတယ် ဆောက်ရာတွင် ဖျက်သိမ်းလိုက်သည်၊ ယခု ကုန်သည်ကြီးများဟိုတယ် ဗဟိုဝင်ပေါက်နေရာလောက်တွင် တည်ရှိခဲ့သည်၊) ကို ကျွန်မတို့ သွားရအောင်" ဟု ဖနီးသည်က မှာလိုက်သည့် အသံကိုလည်းကောင်း၊ အခြားအခန်းဘက်တွင်နေသော နမဝမ်းကွဲဖြစ်သူ စိုးစိုးက "ဟုတ်တယ်အစ်ကိုကြီး ကျွန်မလည်း လိုက်မယ်လို့ မမကို ပြောထားတယ်၊ ဘယ်မျှမဝင်ပါနဲ့ - အစ်ကိုကြီးရယ်၊ ကျွန်မတို့စောစောသွားကြရအောင်" ဟု မိမိ၏ ညီမဝမ်းကွဲတော်စပ်သူ စိုးစိုးက မှာကြားလိုက်သော အသံကိုလည်း ကောင်း ကြားယောင်၍ နေမိ၏၊

ဤအစီအစဉ်များမှာလည်း ကိုသက်ညွှန့်က တမင်ဖန်တီးထားသော အစီအစဉ်များပင် ဖြစ်လေသည်၊

ရုံးဆင်းချိန်မှာ (၅)နာရီတိတိဖြစ်၍ (၅)နာရီထိုးရန် မိနစ် (၂၀) ခန့်အလိုတွင် ကိုသက်ညွှန့်သည် သန်းသန်းအေး၏ အခန်းထဲသို့ ဝင်လာလေသည်၊ **သူ၏လက်ယာဘက်** ဘောင်းဘီအိတ်အတွင်း၌ကား စက္ကူများဖြင့် အထပ်**ထပ်ရစ်ပတ်ထားသော** (၁၂)လက်မခန့်ရှည်သည့် သံပိုက်လုံးကို ထည့်ထား**ပြီးလျှင် လက်တစ်ဖက်ဖြင့်** ခပ်အုပ်အုပ် ကိုင်ထား၏၊ လက်ဝဲဘက် ချိုင်းကြားအောက်တွင် နေ့စဉ် ငွေဝင်ထွက်ငွေစာရင်းစာအုပ်ကို ညှပ်ထားလေသည်၊ သန်းသန်းအေးသည် ကိုသက်ညွှန့် ဝင်လာသည်နှင့် လက်ဝဲဘက်တွင် ကိုင်ထားသော မှန်ဗိုင်းကလေးနှင့် လက်ယာဘက်မှ တို့ဖတ်ပဝါကို ခေတ္တချလိုက်လေသည်၊



ငင်းနှင့် တစ်ချိန်တည်းလိုပင် ကိုသက်ညွှန့်သည် စက္ကူများပတ်ထားသည့် သံပိုက်လုံးဖြင့် ဦးဘဦး၏ ဦးဆက်ရှိရာသို့ တစ်ချက်တည်း ခပ်ဆတ်ဆတ်ရိုက်ချလိုက်၏။ ရှဖြာက်ခနဲမြည်သွားသောအသံမှာ ခပ်အုပ်အုပ်ဖြစ်သည့်အပြင် အခန်းကလေးဘက်မှ သစ်သားတံခါးကြီးမှာလည်း စေ့ထားပြီးဖြစ်သဖြင့် အသံသည် အပြင်သို့မထွက်ဘဲ အခန်းထဲ၌ပင် ပျောက်ကွယ်သွားလေသည်။



ညွှန့် - "ဆရာ - အထဲမှာရှိရဲ့လား၊ မပြန်သေးဘူး မဟုတ်လား"

အေး - "ဟုတ်ကဲ့ - မပြန်သေးပါဘူး၊ ရှိပါတယ် - ဝင်သွားလေ"

သန်းသန်းအေးသည် ကိုသက်ညွှန့်၏ ရင်ဘတ်၌ ထိုးထားသော ကြွက်သွေးရောင် လာဖရန့် နင်းဆီအနီပွင့်ကြီးကို တစ်ခဏမျှ စိုက်၍ကြည့်လိုက်ပြီးနောက် စားပွဲတင်နာရီကလေးကိုလည်း တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်လေ၏၊ ထို့နောက် မှန်နှင့် တို့ဖတ်ပဝါကိုကိုင်ကာ -

www.burmeseclassic.com

"ကိုသက်ညွန့်ကြီး - ကြာမနေစေနဲ့နော်။ ကျွန်မ - ပြန်ချင်ပြီ"

"မကြာစေရပါဘူးဗျာ - စိတ်ချပါ"

ကိုသက်ညွန့်သည် ဦးဘဦး၏ အခန်းတံခါးသို့ရောက်သည်နှင့် တစ်ပြိုင်နက် လက်အိတ်များကို လျင်မြန်စွာ စွပ်လိုက်၏။ အသံလုံစေရန် သစ်သားတံခါးကြီးကို ခပ်စေ့စေ့ထားလိုက်၏။ ထိုအချိန်၌ ကိုသက်ညွန့်သည် ရှေ့(၂) မိနစ်အတွင်း ဖြစ်ပျက်မည့် အကြောင်းချင်းရာများကို တိတိကျကျ အစီအစဉ် ပြုလုပ်လိုက်လေပြီ၊ သူသည် ချိုင်းအောက်တွင် ညှပ်လာသော စာရင်းစာအုပ်ကို ဦးဘဦး၏စားပွဲပေါ်တွင် ချလျက် ထိုနေ့ ငွေစာရင်းပိတ်သည့်နေရာကို လက်ညှိုးဖြင့်ထောက်ပြ၏၊ ဦးဘဦးက စာရင်းကို စူးစိုက်ကာ ငုံ့ကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် ကိုသက်ညွန့်၏ ညာဘက်လက်သည် ပိုက်လုံးကို ဆုပ်ကိုင်လိုက်ပြီး ဖြစ်သွား၏။

ဋင်းနှင့် တစ်ချိန်တည်းလိုပင် ကိုသက်ညွန့်သည် စက္ကူများပတ်ထားသည့် သံပိုက်လုံးဖြင့် ဦးဘဦး၏ ဦးဆက်ရှိရာသို့ တစ်ချက်တည်း ခပ်ဆတ်ဆတ်ရိုက်ချလိုက်၏၊ ဖြောက်ခနဲ မြည်သွားသောအသံမှာ ခပ်အုပ်အုပ်ဖြစ်သည့် အပြင်အခန်းကလေးဘက်မှ သစ်သားတံခါးကြီးမှာလည်း စေ့ထားပြီးဖြစ်သဖြင့် အသံသည် အပြင်သို့မထွက်ဘဲ အခန်းထဲ၌ပင် ပျောက်ကွယ်သွားလေသည်၊

ဦးဘဦးမှာ တစ်ချက်မျှပင် မအော်နိုင်ဘဲ အသက်ပျောက်၍သွားပြီးလျှင် [illegible]ပေါ်သို့ ခေါင်းငိုက်စိုက် ကျသွားလေ၏၊ သို့သော် ဒဏ်ရာမှကား သွေး [illegible]ရာတွေ့ချေ။ ကိုသက်ညွန့်သည် ငယ်စဉ်ကပင် လူတစ်ယောက် [illegible]ထွက်သဲ့နှင့် ဦးဆက်ပြုတ်၍သေအောင် ရိုက်နိုင်သည့်နည်းမျိုးကို [illegible]လည် လေ့လာလိုက်စားခဲ့ဖူးသူ ဖြစ်လေသည်၊

ကိုသက်ညွန့်သည် သံသေတ္တာကို လက်အိတ်ဖြင့် ကိုင်တွယ်၍ M.A.R.Y စာလုံးများကို အစီအစဉ်အတိုင်း လှည့်လေ၏၊ သေတ္တာပွင့်သွားသောအခါ ပိုက်လုံးကို သေတ္တာအတွင်းသို့ ထည့်ထားလိုက်၏။ ဦးဘဦး၏ လက်ဖွေ့သားရေအိတ်ကို စားပွဲပေါ်မှ ဆွဲယူပြီးလျှင် သံသေတ္တာအတွင်းသို့ ထိုးသွင်းလိုက်၏။ ဦးဘဦး၏ အင်္ကျီအိတ်များကို စမ်းသပ်ရှာဖွေသောအခါ သော့တွဲတစ်တွဲကို တွေ့ရှိရ၍ ယင်းသော့တွဲတွင် ဦးဘဦး၏ အတွင်းအလုပ်ခန်းသော့ပါကြောင်း သိရှိပြီး ဖြစ်သည့်အတိုင်း အိတ်ထဲတွင် သိမ်းဆည်းထားလိုက်၏။ နောက်ဆုံး၌ ကိုသက်ညွန့်သည် ဦးဘဦး၏ အလောင်းကို ပွေ့ချီပြီးလျှင် ကိုးရိုးကားရားကျလျက်ရှိသော လတ်တံများကို တတ်နိုင်သမျှ သိမ်းပိုက်ကာ သံသေတ္တာကြီးအတွင်းသို့ ထိုးသွင်းလိုက်၏၊ နောက်တံခါးကို ပိတ်လိုက်လေသည်၊

ဦးဘဦး၏အလောင်းကို ပွေ့ချီရာ၌ အတော်ပင် အကိုင်အတွယ်ကျပ်သဖြင့် ကိုသက်ညွန့်မှာ နဖူးမှ ချွေးများပင် ပြန်လေ၏၊ သို့သော် အလုပ်မှာ (၂) မိနစ်အတွင်းပြီးစီးသွားလေသည်၊ ကိုသက်ညွန့်သည် ဒူးများတုန်ပြီးလျှင် ရင်ထဲ၌လည်း ကတုန်ကယင် ရှိနေသဖြင့် မိမိကိုယ်ကိုမိမိ ထိန်းသိမ်းရန် မိနစ်ဝက်ခန့်မျှ တည်ငြိမ်စွာ ရပ်နေမိ၏။ ထို့နောက် အတန်ငယ်တွန့်နေသော မိမိ၏ အင်္ကျီကို ဆွဲဆန့်ကာ တည်ငြိမ်အေးဆေးသော အမူအရာဖြင့် သန်းသန်းအေး၏ အခန်းဘက်သို့ ကူးလာခဲ့လေသည်၊

အေး - "ဒီလိုဆိုတော့လည်း တယ်မကြာပါကလား"

ညွန့် - "ဒါကြောင့် - အစကတည်းက မကြာလှပါဘူးလို့ ပြောနေတာပဲ"

သန်းသန်းအေးသည် စားပွဲတင်နာရီကို တစ်ချက်စောင်း၍ကြည့်လိုက်ပြန်၏၊ ထို့နောက် မှန်ဗိုင်းကလေးဖြင့် ဆက်လက် အလှပြုပြင်နေပြန်လေသည်၊

အေး - "ကိုသက်ညွန့်တို့အိပ်မှာ နင်းဆီပင်တွေ သိပ်ပေါတယ်နော်"

ညွန့် - "သိပ်မများလှပါဘူးဗျ၊ နို့ပေမဲ့ - ကျုပ်က စနစ်တကျစိုက်တော့ အပွင့်တွေက သိပ်ထွားတာပေါ့"

သန်းသန်းအေးက ကိုသက်ညွန့်၏ရင်ဘတ်မှ နင်းဆီပွင့်ကြီးကို ကြည့်လျက် -

www.burmeseclassic.com

"ဒီကနေ့ - နှင်းဆီပွင့်ကြီးက သိပ်ကြီးတာပဲနော်၊ ဘာမျိုးလဲ"

"လာဖရန့်မျိုးလေ၊ သင်းသင်းကလေးကလေး မွှေးတယ်"

"အေး - သိပ်ပြီး သဘောကျတာပဲ"

"သဘောမကျလည်း ပေးမှာပါပဲဗျာ၊ အေးဖို့ယူလာတာပဲ၊ ဒါပေမဲ့ နည်းနည်းကလေး ညှိုးနေလို့ ပေးရမှာတောင် အားနာနေရတယ်"

"အို - ကိစ္စမရှိပါဘူး၊ အေး - စားပွဲပေါ်က ဖန်ခွက်ထဲ ထိုးထားမှာပါ"

"ပန်လိုပန် ထိုးလိုထိုးပျာ၊ သဘောရှိ"

ကိုသက်ညွှန့်သည် ရင်ဘတ်တွင် ထိုးထားသည့် ကြက်သွေးရောင် လာဖရန့် နှင်းဆီပွင့်ကြီးကို ရင်ဘတ်မှ အသာဖြုတ်ပြီးလျှင် သန်းသန်းအေး လက်သို့ပေးလိုက်ရာ သန်းသန်းအေးကလည်း ညင်သာစွာ လှမ်းယူပြီးလျှင် ရေထည့်ထားသော ဖန်ခွက်၌ တယုတယ ထိုးထားလိုက်လေသည်၊ နှင်းဆီပွင့်ကြီးမှာ အရောင်ညှိုးရုံမျှ ညှိုးလျက်ရှိသော်လည်း ပွင့်လန်းလတ်ဆတ်လျက်ပင် ရှိနေ၏၊ စားပွဲခင်းအဖြူခင်းထားသော သန်းသန်းအေး၏ စားပွဲခင်းမှာ ကြက်သွေးရောင်နှင်းဆီပွင့်စိုက်ထားသော ဖန်ခွက်နှင့် များစွာ ပန်းရပြီးလျှင် ကျက်သရေရှိလှပေသည်၊

ဤကဲ့သို့ နှစ်မိနစ် သုံးမိနစ်ခန့်မျှအချိန်ကုန်အောင် သန်းသန်းအေးနှင့် စကားပြောနေခြင်းသည်လည်း ကိုသက်ညွှန့်၏ အကြံအစည်တွင် တစ်စိတ်တစ်ဒေသ ပါဝင်လေသည်၊ သန်းသန်းအေးသည် စားပွဲတင်နာရီကို လှမ်း၍ ကြည့်လိုက်ပြန်၏၊ သန်းသန်းအေးသည် နေ့စဉ် ရုံးဆင်းချိန် (၅) နာရီထိုးရန် (၁၀) မိနစ်အလို၌ အလုပ်ရှင်ဖြစ်သူ ဦးဘဉီးအား မိမိပြန်မည့်အကြောင်းကို သွား၍ပြောမြဲဖြစ်၏၊

သို့နှင့်ကိုသက်ညွှန့် ထွက်သွားပြီးနောက် မိနစ်အနည်းငယ်မျှကြာသော အခါ သန်းသန်းအေးသည် ဦးဘဉီး အလုပ်ခန်းထဲသို့ မိမိပြန်တော့မည့် အကြောင်းပြောရန် ဝင်သွားလေ၏၊ သို့သော် ဦးဘဉီးကိုကား မတွေ့ရတော့ချေ၊ တစ်ခါတစ်ရံ ဦးဘဉီးသည် (၅) နာရီထိုးရန် (၁၀) မိနစ် (၁၅) မိနစ်ခန့် အလို၌ မည်သူ့အားမျှ အသိမပေးဘဲ နံဘေးတံခါးမှ ထွက်ပြီးလျှင် သွားတတ်ကြောင်း သိပြီးဖြစ်သည့်အတိုင်း ဦးဘဉီး ထွက်သွားပြီဟု ယူဆကာ မိမိအခန်းသို့ လှည့်၍ပြန်ခဲ့လေ၏၊ ထို့နောက် ခါတိုင်းလိုပင် အလုပ်မှ ဆင်းခဲ့လေသည်၊

ထိုအချိန်မှစ၍ ကိုသက်ညွှန့်၏ သွားလာလှုပ်ရှားမှုများကို အကယ်၍ လိုအပ်လျှင် စရေစေ့တွင်းကျ တင်ပြနိုင်လောက်ပေ၏၊

သူသည် အလုပ်တိုက်မှ (၅) နာရီတိတိတွင် ဆင်းခဲ့၏၊ အိမ်အပြန်တွင် မိတ်ဆွေတစ်ယောက်က လမ်းကြုံလိုက်သဖြင့် ရင်းကိုပင် သူ၏ အိမ်ရှေ့၌ ချထားပေးခဲ့၏၊ အိမ်သို့ပြန်ရောက်သောအခါ ရေမိုးချိုး၍ အဝတ်အစားလဲပြီးနောက် အိမ်သားများနှင့်အတူ ညနေစာစား၏၊ ညနေစာ စားပြီးသောအခါ မိမိ၏အိမ်သားများနှင့်တကွ အခန်းချင်း ကပ်နေသော နမဝမ်းကွဲ တော်စပ်သူ စိုးစိုးကိုပါခေါ်ခဲ့ပြီးလျှင် ဂလုပ်ရုံသို့ (၆) နာရီပွဲတွင် သွားရောက်ကြည့်ရှုကြ၏၊ (၉) နာရီကျော်ကျော်တွင် အိမ်သို့ပြန်ရောက်ပြီးနောက် အိပ်ရာသို့မဝင်မီ အိမ်သားများနှင့်အတူ လီမွှော်ရည်တစ်ခွက်စီ သောက်ကြပြီးနောက် ည (၁၀) နာရီအချိန်တွင် အိပ်ရာသို့ ဝင်၏၊ ထို့နောက်တွင်ကား ဇနီးဖြစ်သူ မေရီမှာ အအိပ်ကြီးသော မိန်းမတစ်ယောက်ဖြစ်သည့်အတိုင်း နံနက်မိုးလင်းသော အခါမှ တစ်ရေးသာနိုးသဖြင့် အိပ်ရာမှ ကိုသက်ညွှန့် တိတ်တဆိတ် ထသွားသည်ကို မသိရှာချေ၊ ထို့ပြင် အိမ်သားများနှင့်လည်းကောင်း၊ အခန်းချင်းကပ်၍နေသော စိုးစိုးသည်လည်းကောင်း ကိုသက်ညွှန့်၏ လှုပ်ရှားသွားလာမှုများကို သိမည် မဟုတ်ပေ၊

နံနက် (၂) နာရီထိုးအချိန်တွင် ကိုသက်ညွှန့်သည် အိပ်ရာမှ ဖြည်းညင်းစွာ ထလာခဲ့ပြီးလျှင် ဂိုဒေါင်အတွင်းမှ ကားကလေးကို ညင်သာစွာ စက်နှိုး၍ လမ်းပေါ်သို့ရောက်အောင် ထုတ်ခဲ့ပြီးလျှင် ဦးဘဉီး၏ အလုပ်တိုက်သို့ မောင်းနှင်လာခဲ့လေ၏၊ အလုပ်တိုက်နံဘေးရှိ ကားများထားရာ ကွက်လပ်သို့ ရောက်သောအခါ ကားကို မှောင်ရိပ်တစ်ခုတွင် ထိုးထားခဲ့ပြီးလျှင် နောက်ပေါက်မှ လှည့်၍ အလုပ်ခန်းကြီးဘက်သို့ ရောက်အောင်လာခဲ့၏၊ ရှေ့ပေါက်၌မူ တစ်ခါ

www.burmeseclassic.com

တစ်ရံ လမ်းပေါ်သို့ ဖြတ်သွားသော ကားတစ်စီးတလေကို မြင်လိုက်ရသည့် အပြင် အတော်ခပ်လှမ်းလှမ်းရှိ ဗာဒံပင်အောက်တွင် ထိုင်၍နေသော ဒရဝမ် ကုလားတစ်ယောက်ကိုလည်းတွေ့မြင်ရသဖြင့်နောက်ဘက်မှောင်ရိပ်ကိုခို၍ လာခဲ့ခြင်း ဖြစ်လေသည်။

အဆောက်အအုံကြီးတစ်ခုလုံးသည် တိတ်ဆိတ်လျက် ရှိ၏။ ဦးဘဦး အခန်းနံဘေး တံခါးပေါက်မှ သော့ကိုရရှိပြီးဖြစ်သည့်အတိုင်း ကိုသက်ညွှန့် သည် သံသေတ္တာကြီးရှိရာ အတွင်းခန်းသို့ဝင်ခဲ့လေ၏။ သူသည် လက်အိတ် ကို စွပ်လိုက်ပြီးနောက် စကားဝှက်သော့ခလောက်ကို M.A.R.Y ဟူသော စာလုံးများဖြင့် အလွယ်တကူ ဖွင့်လိုက်လေ၏။

ထို့နောက်ဦးဘဦးအလောင်းကို သံသေတ္တာအတွင်းမှ ထုတ်ယူ၍ကြမ်း ပြင်ပေါ်တွင် အလိုအလျောက် လဲကျခြင်းနှင့် သဏ္ဌာန်တူအောင် ထားရခြင်း၊ သေတ္တာကြီးအောက်ထပ် အံဆွဲအတွင်းမှ ငွေတစ်သောင်းကျော်ကို မိမိ၏ လက်ပွေ့အိတ်ထဲသို့ ပြောင်း၍ထည့်ရခြင်း၊ ဦးဘဦး၏ စာရွက်စာတမ်းများ ပါသော လက်ပွေ့အိတ်ကို ဦးဘဦး၏အလုပ်စားပွဲပေါ်သို့ နေသားတကျတင် ထားရခြင်း၊ သော့တွဲကိုဦးဘဦးအကျႌအိတ်ထဲကိုပြန်ထည့်ထားရခြင်းစသော အလုပ်တို့မှာ (၆)မိနစ်အတွင်း ပြီးစီးသွားလေ၏။ ထို့နောက် ကိုသက်ညွှန့် သည် လာလမ်းအတိုင်း ပြန်၍ကားဆီသို့ ရောက်သောအခါ ကားကလေးကို ညင်သာစွာ စက်နှိုးထွက်ခဲ့လေ၏။ သံပိုက်လုံးကိုမူ ကန်တော်ကြီးနံဘေးရှိ လမ်းပေါ်သို့တားဖြတ်လာစဉ် ရေစပ်နှင့် အနီးဆုံးနေရာသို့အရောက်၌ ကမ်း မြှေမှ ဝေးနိုင်သမျှ ဝေးအောင် ရေထဲသို့ တအားလွှဲ၍ ပစ်ချခဲ့လေသည်။

ဤသို့လျှင် ကိုသက်ညွှန့်သည် သူကျူးလွန်ခဲ့သောပြစ်မှု ဤမျှအထိ လုံခြုံစွာ ဖုံးအုပ်နိုင်ခဲ့လေသည်။

နောက်တစ်နေ့နံနက် (၉)နာရီ ထိုးပြီးလတ်သော် ကိုသက်ညွှန့်သည် ကားကလေးကို ကိုယ်တိုင်မောင်းကာ တစ်စုံတစ်ရာ မသိဟန်ဆောင်လျက် အလုပ်တိုက်သို့ လာခဲ့လေ၏။ အလုပ်ခန်းကြီးအတွင်းသို့ ရောက်သောအခါ



စာရေးမများသည် (၄)ယောက်တစ်တွဲ (၅)ယောက်တစ်တွဲစုရုံးသွားလာကာ ပျာလောင်ခတ်လျက်ရှိနေသည်ကိုတွေ့ရသဖြင့်အတော်ပင် ကြောင်ဆည်ကာ မျက်နှာမပျက်အောင် ထားလိုက်ရ၏။ အလုပ်ရုံးခန်းမဆောင်အဝင်ဝတွင် ရဲသားနှစ်ယောက် စောင့်၍နေ၍ဦးဘဦး အခန်းဘက်တွင် ရဲအရာရှိများ ရပ် နေသည်ကိုမြင်ရ၏။ ထိုအတွင်း မိမိအနီးရှိလူစုထဲမှ စာရေးတစ်ယောက်က -

"ဘယ်တုံးက တွေ့တာလဲဗျ" ဟုအခြားတစ်ယောက်ကိုမေးလိုက်သည် တွင် အမေးခံရသူက -

"မနက်စောစော အပွနားနဲ့ ဒရဝမ်ကြီးကတွေ့တာ" ဟု အတူဝင်ရောက် ပြောဆိုလျက် ရှိလေ၏။

မေးသူ - "ဒီနေ့ - ဘယ်သူ အစောဆုံးရောက်သလဲ"

ဖြေသူ - "ကျုပ်က ဒီကနေ့ ခပ်စောစော ရောက်လာတာ"

ထိုအခါ ကိုသက်ညွှန့်လည်း -

ညွှန့် - "ဘယ်လိုဖြစ်တာလဲဗျ၊ ပြောကြစမ်းပါဦး"

တစ်ယောက် - "ဆရာကြီး - ကိစ္စချောပြီလေ၊ ခင်ဗျား မသိဘူးလား"

ညွှန့် - "ဟင့်အင်း - မသိဘူး၊ ကျုပ်က ခုမှရောက်လာတာ လမ်းမှာ အသိ တစ်ယောက်နဲ့ တွေ့နေလို့"

ထိုအခါ အလုပ်တိုက်သို့ ခပ်စောစော ရောက်လာသူ ပထမစကားပြော နေသော စာရေးက -

"ဒီလိုတဲ့ဗျ၊ မနက်စောစောကြီး (၆)နာရီလောက် ဒရဝမ်ကြီးက အပွနား ကို တံမြက်စည်းလှည်းဖို့ ဒီအခန်းထဲက တံခါးဖွင့်ပြီး သန့်သန့်အေး အခန်း ဘက်ရောက်တော့ အဘိုးကြီးအခန်းဝရန်တာဘက်က တံခါးပွင့်နေတာ မြင် သတဲ့ဗျ၊ ဒါနဲ့ - ဝရန်တာဘက် လှည့်ကြည့်တော့ အခန်းထဲမှာ - လား - လား ဆရာကြီးဟာ ကြမ်းပေါ်မှာ ခပ်စောင်းစောင်း လဲသေနေတာ တွေ့ရတာပါတဲ့ ခင်ဗျား၊ သေတ္တာကြီးလည်းပွင့်လို့ ..."

တစ်ယောက် - "ငွေတွေကော ..."



www.burmeseclassic.com

www.burmeseclassic.com

ပထမလူ – "ငွေလိုချင်လို့ သတ်တာပဲဗျာ။ ခင်ဗျားကလည်း ကျားကိုက်တာကို နာတာရှည်လားလို့ မေးနေပြန်ပါပြီ"

အခြားတစ်ယောက် – "ဟုတ်ပါတယ်ဗျာ။ ကိုဘအုန်းကလည်းဗျာ၊ ကိုထွန်းရီပြောတာ အသာနားထောင်ပါဦး။ ကဲ – ကိုထွန်းရီ – ဆက်ပြောစမ်းပါဦး၊ ဘယ်လိုသတ်သွားတာလဲဗျ၊ ဒကာ်ရာကကော ..."

ရီ – "ဦးဆက်ပြုတ်ထွက်သွားသတဲ့ဗျ။ တစ်ချက်တည်း တအားလွှဲရိုက်တဲ့သဘောပေါ့ဗျာ"

ထိုအခါ ကိုသက်ညွှန့်က တောက်တစ်ချက် ခေါက်လိုက်ပြီးလျှင် ကြားဖြတ်၍ –

"ဖြစ်မှဖြစ်ရလေဗျာ၊ ကျုပ်တို့အလုပ်လည်း တစ်မျိုးတစ်ဖုံ ထိခိုက်တာပဲဗျ၊ သူမရှိရင် အတော်ခက်တယ်"

တစ်ယောက် – "သူမရှိရင် အခြားခိုက်တာတစ်ယောက် တက်ပေါ့ဗျ"

အခြားတစ်ယောက် – "ဟုတ်တော့ဟုတ်တာပေါ့ဗျာ။ နို့ပေမဲ့ – အေးလေ ဒါတွေထားလိုက်ပါဦး၊ ဘာမှု ခြေရာလက်ရာ မတွေ့ဘူးတဲ့လား"

အခြားတစ်ယောက် – "ပေါ့ကောင် – ဒါက မင်းအလုပ် မဟုတ်ပါဘူး။ ပုလိပ်တွေအလုပ်ပါ။ အခု – အခန်းထဲမှာ ကြည့်နေတုန်းပဲ"

ပထမရောက်လာသူ – "ကျုပ် – တစ်ခွန်းတစ်စ ကြားရတာကတော့ ဒီတိုက်မှာ – ကျော့ – အတွင်းလူပါရမယ်လို့ပုလိပ်ကထင်မြင်ချက်ပေးနေသတဲ့ ဆရာတို့ရဲ့"

တစ်ယောက် – "ဘာဖြစ်လို့တဲ့လဲ – ကိုထွန်းရီ"

ရ – "ဒီသေတ္တာကြီးက စကားဝှက်အက္ခရာစဉ်နဲ့ဖွင့်ရတယ်မဟုတ်လား။ ဒီတော့ – အတွင်းလူသာ ဒီစကားဝှက်ကို သိနိုင်တာပေါ့"

ထိုအချိန်၌ ကိုသက်ညွှန့်မှာ ရင်များ တထိတ်ထိတ်ခုန် လျက်ရှိရာ စီးကရက်တစ်လိပ်ကို တပျာကယာ မီးညှိ၍ သောက်ပြီးနောက် မျက်နှာမပျက်စေရန် အတော်ပင် ဣန္ဒြေဆည်လိုက်၏။

တစ်ယောက် – "ဩော် – ဦးလှမောင်ကိုတော့ အဘိုးကြီးမရှိတဲ့အခါ သေတ္တာကိုဖွင့်နိုင်ဖို့ စကားဝှက် ပေးထားတယ်လို့ ပြောကြတယ်"

(ဦးလှမောင်မှာ ငွေစာရင်းအရာရှိဖြစ်၏)

ရီ – "သူ့ကိုလည်း စစ်မှာပေါ့ဗျာ။ နို့ပေမဲ့ – ကျုပ်သိသလောက်တော့ ဒီလိုအခါမျိုးမှာ ဦးလှမောင်အတွက် အဘိုးကြီးက စပယ်ရှယ်စာလုံးတစ်ခု လုပ်ပေးထားသတဲ့ဗျ။ ဒီအက္ခရာစဉ်ကိုဦးလှမောင်နဲ့အဘိုးကြီးပဲသိတယ်၊ ဒီနောက်သေတ္တာကို ဦးလှမောင်က အဘိုးကြီးပြန်အပ်တဲ့အခါ ဒီအက္ခရာစဉ်ကို ဖျက်လိုက်ကြတယ်"

တစ်ယောက် – "ဟုတ်တာပေါ့။ နို့မှုလည်း ဦးလှမောင်တာဝန်ကင်းတော့မပေါ့"

ရီ – "ဒါပေါ့ဗျာ"

သို့စကားပြောလျက်ရှိကြစဉ် ရုံးလုလင်ကလေးတစ်ယောက် ဝင်လာ၍ ရဲအရာရှိများသည်ဦးဘဦးအခန်းမှသန်းသန်းအေး၏အခန်းကလေးဘက်သို့ ဝင်ရောက်ကြည့်ရှုနေကြကြောင်း လာရောက် ပြောဆိုလေ၏။

ထိုအခါ၌ ကိုသက်ညွှန့်လည်း သက်ပြင်းတစ်ချက် ချလိုက်လေ၏။

အချိန်မှာ (၉)နာရီခွဲပြီဖြစ်၍ စာရေးများသည် သူ့နေရာတွင်သူ ထိုင်မိကြသောအခါ ရုံးခန်းမှာ နဂိုအခြေအနေအတိုင်း ရှိနေပြီးလျှင် စာရေးများသည် မိမိတို့ သက်ဆိုင်ရာအလုပ်ကို စတင်လုပ်ကိုင်လျက် ရှိကြကုန်၏။

ထိုအချိန်၌ ရဲအရာရှိများသည် မသန်းသန်းအေးအား မေးခွန်းအနည်းငယ် ထုတ်ပြီးနောက် ဦးဘဦး အခန်းဘက်သို့ပြန်၍ ကူးသွားပြန်၏။

သို့ရှိစဉ် ကိုသက်ညွှန့်စားပွဲနှင့် ကပ်လျက်ရှိသော စာရေး ကိုဘအုန်းဆိုသူက နောက်ကျောဘက်တွင် ကပ်လျက်ရှိသော စားပွဲမှ ကိုထွန်းရီအား –

"ဒီလိုဆိုရင် – ကျုပ်တို့တစ်တွေများ စစ်နေဦးမှာလားဗျာ"

"ဘာဆိုင်လို့ စစ်ရမှာလဲဗျ၊ သူ့ဘာသာသူ သူခိုးကဝင်ပြီး သံသေတ္တာဖွင့်ပြီး သတ်သွားတာ၊ ကျွန်ုပ်တို့ ညနေ (၅)နာရီ ရုံးဆင်းတဲ့ စာရေးတွေနဲ့ ဘာဆိုင်လို့လဲ"

www.burmeseclassic.com

"နို့ပေမဲ့ - သန်းသန်းအေးနှင့် ဦးလှမောင်ကိုတော့ အတော်ကြာ စစ်နေတယ်၊ ပြောတယ်ဗျ"

"သူတို့က အဘိုးကြီးအခန်းထဲ အထွက်အဝင်များတာကိုဗျ။ ပြီးတော့ မသန်းသန်းအေးကလည်း ပရိုက်ဗိတ် စက္ကရီတေရီဆိုတော့ အဘိုးကြီးနဲ့ အတွေ့ရအများဆုံးမဟုတ်လား - စစ်မှာပေါ့"

ထိုအချိန်၌ ကိုသက်ညွန့်သည် ကိုဘအုန်းနှင့် ကိုထွန်းရီတို့ပြောသော စကားများကိုနားစိုက်ကာ မိမိအားမည်သည့်အချိန်တွင် လာရောက်စစ်ဆေးလေမည်နည်းဟုစိတ်ထဲတွင်တဒိတ်ဒိတ်ဖြစ်နေလေ၏။ မကြာမီမသန်းသန်းအေးသည် အခန်းတစ်ဖက်မှ ထွက်လာ၍ ဝရန်တာဘက်သို့ လျှောက်သွားသည်ကိုလည်းကောင်း၊ ထို့နောက် အခန်းထဲမှ ထွက်လာပြီးလျှင် ဝရန်တာမှ လှည့်၍ ဦးဘဦးအခန်းနံဘေးပြတင်းပေါက်မှဝင်သွားသည်ကိုလည်းကောင်း မြင်လိုက်ရ၏။

(၁၅)မိနစ်ခန့်ကြာသောအခါဓာတ်ပုံသေတ္တာလွယ်၍ထားသောရဲအရာရှိတစ်ယောက်ကိုလည်းကောင်း၊ နောက်မှ လိုက်ပါလာသော ဆရာဝန်နှင့် သဏ္ဍာန်တူသည့်ကုလားကပြားတစ်ယောက်ကိုလည်းကောင်းအခန်းတွင်းသို့ မသန်းသန်းအေးက ခေါ်းဆောင်ခေါ်သွားသည်ကို မြင်လိုက်ရပြန်၏။

နောက် (၁၀)မိနစ်ခန့်အကြာ၌ ရဲအရာရှိများသည် ဦးဘဦး၏အခန်းထဲတွင် အလောင်းနှင့် သံသေတ္တာကြီးကို ဓာတ်ပုံရိုက်ခြင်း၊ ပေကြိုးများဆွဲ၍ ကြည့်ရှုရှာဖွေခြင်းများ ပြုလုပ်နေသည်ဟု စာရေးတစ်ယောက်က ခပ်တိုးတိုး လှမ်း၍ပြောသဖြင့် သိရ၏။ အခြားစားပွဲမှ စာရေးများသည်လည်း နီးရာ စားပွဲသို့လှမ်း၍ထိုအကြောင်းများကို ပြောဆိုကာ တစ်ယောက်နှင့်တစ်ယောက် အချီအချ ထင်မြင်ချက်ပေးလျက် ရှိကြကုန်၏။

ကြာမီသန်းသန်းအေးသည်အခန်းကလေးထဲမှထွက်လာ၍ခန်းမကြီးထဲတွင်ရှိနေသော လက်နှိပ်စက် စာရေးမတစ်ဦး စားပွဲသို့ သွားရောက်ကာ စကားပြောနေသည်ကို မြင်ရသဖြင့် ကိုသက်ညွန့်လည်း ဂနာမငြိမ်တော့ဘဲ



အကျိုးအကြောင်းမေးမြန်းရန် စားပွဲသို့သွား၍မသန်းသန်းအေးအား ၎င်းတို့၏အခန်းကလေးထဲသို့ခေါ်သွားလေ၏။ အခန်းတွင်းသို့ရောက်သောအခါ မသန်းသန်းအေး၏မျက်နှာမှာ ညှိုးငယ်သင့်သလောက် မညှိုးငယ်ဘဲ ရှိနေသည်ကို ကိုသက်ညွန့်က အကဲခတ်မိရာ မသန်းသန်းအေးကလည်း ကိုသက်ညွန့်၏မျက်နှာတွင် တစ်စုံတစ်ရာ စိုးရိမ်ထိတ်လန့်နေသည့်အမူအရာ ရှိနေသည်ဟု မှတ်ချက်ချလိုက်မိ၏။

ညွန့် - "ကျုပ်တော့ - သိပ်စိတ်မကောင်းတာပဲ - မသန်းသန်းအေးရယ်၊ ဘယ်လိုများဖြစ်ရတာလဲမပြောတတ်ဘူး၊ ကျုပ်နဲ့မနေ့က (၄) နာရီခွဲလောက်မှာတောင် ငွေစာရင်းတွေအပ်ရင်း စကားပြောနေသေးတယ်"

အေး - "(၄) နာရီခွဲမဟုတ်ဘူးရှင့်၊ (၄) နာရီနဲ့မိနစ် (၄၀) ရှိပြီ၊ ဒီတုန်းက ကျွန်မ နာရီကြည့်လိုက်လို့ မှတ်မိတယ်"

"အေးလေ - ထားပါတော့၊ ဒါထက် - စုံထောက်တွေက ဘာပြောသလဲ၊ ဘာမျှခြေရာလက်ရာ မတွေ့ဘူးတဲ့လား"

"မပြောတတ်ပါဘူးရှင်၊ အလောင်းကိုဓာတ်ပုံရိုက်၊ သေတ္တာကြီးဖွင့်ပိတ်ကြည့်၊ သေတ္တာထဲမှာရော အပြင်ဘက်မှာရော အမှိုက်ကလေးတွေ၊ ဖုန်ကလေးတွေမကျန် မှန်ဘီလူးနဲ့ကြည့်၊ ပေကြိုးနဲ့လျှောက်တိုင်း ဒါတွေလျှောက်လုပ်နေတာပဲ၊ ဘာမျှတော့ မသိရသေးဘူး"

"အရပ်ထောင်ထောင်မောင်းမောင်းနဲ့လူက ခေါင်းဆောင်နဲ့တူတယ်"

"ဟုတ်တယ် ရှင့်၊ စုံထောက် အင်စပိတ်တော် ဦးအုန်းဘူးဆိုတာပဲတဲ့၊ ရဲသားကလေးတစ်ယောက်က ပြောပြလို့ ကျွန်မ သိပါတယ်၊ ဒီလူက အမှုစုံထောက်တဲ့နေရာမှာ အင်မတန် သေချာပြီး အထူးသဖြင့် လူသတ်မှု လက်သည်ရှာတဲ့နေရာမှာ အင်မတန်တော်သတဲ့ - ကိုသက်ညွန့်ရဲ့"

ကိုသက်ညွန့်မှာ ရင်ထဲတွင် တထိတ်ထိတ်ဖြစ်၍နေသော်လည်း အပေါ်ယံတွင် ဖုံးမြှေမပျက်စေဘဲ မိမိမျက်နှာကို အခြားသူများ အကဲမခတ်နိုင်အောင် စီးကရက်တစ်လိပ်ကို ကပျာကယာ မီးညှိ၍ သောက်လိုက်လေ၏

www.burmeseclassic.com

ညွန့် – "ဒီလိုဆိုရင် – မြန်မြန်ပေါ်မှာပဲ။ ပေါ်ပါစေလို့ဆုတောင်းပါတယ်ဗျာ။ ဗြော် – ဒါထက် – ဦးလှမောင်ကို တော်တော်စစ်တယ်ဆို"

"ဟုတ်တယ်ရှင့်။ ဦးလှမောင်တွင်မကဘူး။ ကျွန်မကိုလည်း မေးခွန်းတွေ အတော်ထုတ်တယ်"

"ဘာတွေမေးတာလဲ – မသန်းအေးရဲ့"

"စုံလို့ပါပဲရှင်။ မနေ့ညက ညနေပိုင်းအစ်ကိုကြီးအခန်းထဲအထွက်အဝင် တွေမေးတာပေါ့။ စောစောပိုင်းကငွေစာရင်းအရာရှိဦးလှမောင်လာတာရော။ ဒီနောက် – မောင်ညိုဆိုတဲ့ စာရေးကလေးတစ်ယောက်နဲ့ မင်းစေဖိုးစွားလာ တာရော။ ဒီနောက် – ညနေ (၄)နာရီထိုးအပြီးမှာ ကျွန်မကိုယ်တိုင် အထဲကို ဘယ်နှခေါက် ဝင်မိတယ်ဆိုတာရော။ ပြီးတော့ – (၄)နာရီ မိနစ်(၄၀)မှာ ကိုသက်ညွန့် လာတာရော။ နောက် – အခန်းထဲမှာ ၄၊ ၅ မိနစ်လောက် ကိုသက်ညွန့်နေပြီး ကျွန်မအခန်းထဲ ပြန်ဝင်လာတာရော၊ စုံနေတာပါပဲရှင်။ အားလုံး စာနဲ့ ရေးမှတ်ထားတယ်"

"ကျုပ်အကြောင်း ဘာပြောလို့လဲ"

"ဘယ်သူ့အကြောင်းမျှထူးထူးခြားခြားမပြောပါဘူး။ အစ်ကိုကြီးရဲ့အခန်း ထဲက ရှင်ထွက်လာတော့ လက်ထဲမှာ ဘာပါလာသလဲလို့မေးတော့ သူ့လက် ထဲမှာ စာရင်းစာအုပ်ပဲ ကိုင်လာတာမြင်ရတယ်လို့ပြောလိုက်တယ်။ ရှင့်လက် ထဲမှာလည်း ဒါပဲ မြင်လိုက်တာပဲ"

"ဟုတ်လည်း ဟုတ်သားပဲ – မသန်းအေးရဲ့။ ကျုပ်လည်း စာရင်းစာအုပ် ပိုက်ပြီး အကိုကြီးအခန်းထဲက ထွက်လာတာပဲ။ ပြီးတော့ – ကျုပ်ရင်ဘတ်မှာ ထိုးထားတဲ့ နှင်းဆီပွင့်ကြီးတောင် မသန်းအေးစားပွဲပေါ်မှာ စိုက်ဖို့ ပေးခဲ့သေး တယ်လေ"

"ဗြော် – ဒါထက် – နှင်းဆီပွင့်ဆိုလို့ ပြောရဦးမယ်။ ရှင်ပေးခဲ့တဲ့ နှင်းဆီ ပွင့်အကြောင်းတောင် ကျွန်မကို မေးနေတယ်။ အဲဒီနှင်းဆီပွင့်ဟာ အင်မတန် ကြီးပြီး အနံ့ကလည်း သင်းသင်းကလေးမွှေးတဲ့အကြောင်း သူတို့အချင်းချင်း ပြောနေကြတယ် – ကိုသက်ညွန့်ရဲ့"



"ဟုတ်လား"

"ဟုတ်တယ် ရှင့်။ သူတို့က နှင်းဆီပန်း အတော်ဝါသနာပါတယ် ထင် တယ်"

"ကဲလေ – ပြန်တုံ့မယ်။ ဒီကနေ့ – စာရင်းလုပ်စရာတွေ အများကြီး ရှိသေး တယ်"

ထို့နောက် ကိုသက်ညွန့်လည်း သူ၏ အလုပ်စားပွဲရှိရာသို့ ပြန်သွားလေ သည်။ ထိုအချိန်၌ အလောင်းအနေအထားနှင့် အခန်းပုံစံကို ဓာတ်ပုံရိုက်ခြင်း၊ တိုင်းတွာခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ပြီးပြီဖြစ်၍ အလောင်းကို ဆေးရုံသို့ပို့ရန် ဦးဘဦး၏ အိမ်သားများပါ ရဲအရာရှိများနှင့်အတူ စီစဉ်လျက် ရှိနေကြလေ၏။

ဦးဘဦးအလောင်းကို ဆေးရုံသို့ပို့ပြီးနောက် စုံထောက် ဦးအုန်းဘူးနှင့် အခြားရဲအရာရှိတစ်ယောက်တို့သည် ဦးဘဦးအခန်းထဲ၌ပင် နေရစ်ခဲ့ကြ သည်ကို တွေ့ရလေသည်။

(၁၀)မိနစ်ခန့်ကြာသောအခါ စုံထောက် ဦးအုန်းဘူးသည် ကိုသက်ညွန့် အား ခေါ်ယူစစ်ဆေးလေသည်။

ဦးအုန်းဘူးသည် သေသူဦးဘဦး၏ အလုပ်စားပွဲ၌ ထိုင်နေပြီးလျှင် ကိုသက်ညွန့် ဝင်လာသည်ကိုမြင်သောအခါ စားပွဲရှေ့ရှိကုလားထိုင်တစ်လုံး ကို ညွှန်ပြကာ နေရာထိုင်ခင်းများ ပေးလေ၏။

"ထိုင်ပါ – ကိုသက်ညွန့်၊ ခင်ဗျားတို့ ဆရာကြီးရဲ့ကိစ္စကို စစ်ရအောင်လာ ရင်း မသန်းသန်းအေးကို မနေ့က ခင်ဗျားပေးခဲ့တဲ့ နှင်းဆီပွင့်ကြီးအကြောင်း ကျုပ်တို့ ပြောနေမိကြသေးတယ်ဗျ"

"ဟုတ်ကဲ့ – အင်မတန်လှတဲ့ နှင်းဆီပွင့်ဗျာ၊ လှလည်းလှ၊ မွှေးလည်းမွှေး အိမ်မှာစိုက်တာနဲ့တူတယ်"

"ဟုတ်ကဲ့ – အိမ်မှာ စိုက်တာပါ"

"ဘာမျိုးလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"လာဖရန့်မျိုးခင်ဗျာ"

"သင်းသင်းလေး မွှေးတယ်နော်"

"ဟုတ်ကဲ့ - မွှေးပါတယ်"

"မနေ့က မသန်းအေးကိုပေးခဲ့တာက ဘာရောင်ခေါ်မလဲ၊ ကြက်သွေးရောင်ခေါ်မလား"

"ဟုတ်ကဲ့ - ကြက်သွေးရောင်ပါ"

"ကိုသက်ညွှန့်က တော်တော် အလှအပကြိုက်တယ်ထင်တယ်၊ အကျႌမှာ နေ့တိုင်း ပန်းပွင့်တစ်ပွင့် ထိုးထိုးလာတတ်တယ် ပြောတယ်"

(ကိုသက်ညွှန့်က အတန်ငယ်ပြုံးလျက်) "ဟုတ်ပါတယ် ခင်ဗျာ၊ ဒါကတော့ - ကျွန်တော် ကျောင်းသားဘဝတည်းက ဝါသနာပါ"

"ကဲ - ကဲ - မေးခွန်းလေးတစ်ခွန်းနှစ်ခွန်းလောက် မေးပါရစေဗျာ၊ ကျုပ်တို့နားလည်ထားတာက မနေ့ညနေက (၄)နာရီမိနစ်(၄၀) နဲ့ (၄)နာရီ (၄၃) မိနစ် (၄)မိနစ်လောက်ကြားမှာ ဟောဒီ ဦးဘဦးသေတဲ့အခန်းထဲမှာ ရှိနေတယ်လို့ သိရတယ်"

"မှန်ပါတယ်ဗျာ"

"ဒီအချင် - ဘယ်အချိန်ကမျှဒီနေ့မှာဦးဘဦးအခန်းထဲမရောက်ဘူးလား"

"မရောက်ပါဘူးခင်ဗျာ၊ မသန်းသန်းအေးက ကျွန်တော့်ဘက်က ရဲရဲကြီး သက်သေခံနိုင်ပါတယ်"

"ပြီးတော့ - ကိုသက်ညွှန့်က ဒီမီးခံသေတ္တာကြီးကို ဘယ်တုံးကမျှ ဖွင့်ဘူးတာ တုတ်တယ် မဟုတ်လား"

"တုတ်ပါတယ်"

"ဖွင့်လည်း ဖွင့်နိုင်ဘူးဆိုပါတော့ ..."

"မှန်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ ဆရာကြီး ဦးဘဦး ကိုယ်တိုင်ကလွဲပြီး ဘယ်သူမျှ မဖွင့်နိုင်ပါဘူး ခင်ဗျာ"



"ဟုတ်တာပေ့ါ၊ ကျုပ်တို့လည်း ဒီအတိုင်းပဲ ယူဆတယ်၊ ကိုင်း - တစ်ခုတော့ ပြောစမ်းပါဦး၊ ဦးဘဦးကိုယ်တိုင်ကော - ကိုသက်ညွှန့်ကို အကျႌရင်ဘတ်မှာ နှင်းဆီပွင့်တွေဘာတွေ ထိုးလေ့ရှိသလား"

"မရှိပါဘူး ခင်ဗျာ၊ တစ်ခါမျှ ကျွန်တော်တို့ မမြင်ဖူးပါဘူး"

ထိုအချိန်၌ စုံထောက်အင်စပိတ်တော်ဦးအုန်းဘူးသည် သူ၏လက်ယာဘက်တွင် ရှိနေသော စာအိတ်အဖြူကလေးတစ်လုံးကို ကိုသက်ညွှန့်၏လက်သို့ လှမ်းပေးလိုက်ပြီးနောက် -

"ကဲ - ဒီစာအိတ်ထဲ ဘာပါသလဲကြည့်စမ်းပါဦး" ဟုပြောသဖြင့် ကိုသက်ညွှန့်လည်း တုန်ယင်သောလက်များဖြင့် စာအိတ်အဖုံးကို တဖြည်းဖြည်းဖွင့်လိုက်လေ၏။

စာအိတ်အတွင်း၌ကား၊ ကြက်သွေးရောင် နှင်းဆီပွင့်မှ ကြွေကျသည့် ပွင့်ဖတ်ကလေးနှစ်ခု ပါရှိလေသည်။

"ကြည့်ရှုသာကြည့်နော်၊ ကိုသက်ညွှန့်လက်နဲ့ မကိုင်နဲ့၊ ကြွေသွားမယ်၊ ဒီပွင့်ဖတ်ကလေး နှစ်ဖတ်ဟာ မနေ့က ကိုသက်ညွှန့်အကျႌမှာထိုးလာပြီး ဦးဘဦးအခန်းထဲက ထွက်အလာမှာ မသန်းအေးကို ပေးလိုက်တဲ့ နှင်းဆီပွင့်က ကြွေကျကျန်ရစ်ခဲ့တဲ့ ပွင့်ဖတ်ကလေးနှစ်ခု၊ မသန်းအေးကို ပေးခဲ့တဲ့ နှင်းဆီပွင့် ကြီးမှာ အဖတ်ကလေးနှစ်ဖတ် အရင်းက ကြွေကျသွားတဲ့ အရာနှစ်ခုကို တွေ့ရတယ်၊ ဒါကြောင့် - ဒီနှင်းဆီပွင့်ကြီးက ကြွေကျတဲ့ ပွင့်ဖတ်ကလေးနှစ်ခု ဖြစ်ကြောင်း ထင်ရှားတယ်၊ အဲဒီနှင်းဆီပွင့်ဖတ်ကလေးနှစ်ခု ဘယ်နေရာက တွေ့ရတယ်ထင်သလဲ၊ သံသေတ္တာကြီးထဲက တွေ့ရတယ် ကိုသက်ညွှန့်ရဲ့၊ ကိုင်း - ဒီတော့ - ဒီပွင့်ဖတ်ကလေးနှစ်ဖတ် ဘာကြောင့် သံသေတ္တာထဲ ရောက် နေတယ်ဆိုတာ ပြောနိုင်သလား၊ ပြောနိုင်ရင် ကျုပ်တို့ နားရှင်းအောင် ပြောပြပါ"

ကိုသက်ညွှန့်သည် စကားပြန်၍ မပြောနိုင်တော့ဘဲ ဦးခေါင်းကိုငုံ့ကာ မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ရှိနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

စုံထောက် ဦးအုန်းဘူးက ဆက်လက်၍ – "ဘယ့်နယ်လဲ မပြောနိုင်ဘူးတော့တ်လား"

ကိုသက်ညွှန့်ထံမှ စကားပြန် မရတော့ချေ။

ထိုအခါ ဦးအုန်းဘူးက ခက်ထန်သောအသံဖြင့် –

"ကဲ – ထ – တခြားရုံးစာရေးတွေရှေ့မှာ အရှက်မရချင်ရင် ကျုပ်နောက်က အေးအေးသာ လိုက်ခဲ့၊ ဒီလိုမဟုတ်ရင်တော့ လက်ထိတ်ခတ်ပြီး ခေါ်ရလိမ့်မယ်"

"ကျွန်တော် – လိုက်ခဲ့ပါမယ်ဗျာ"

**ဒဂုန်ရွှေမျှား**


စာမူများ

ပေးပို့လိုပါက


# မယုံပမယ့်ဖြစ်ခဲ့သည် စဍ္ဍလာသား



www.burmeseclassic.com

www.burmeseclassic.com

## သားကောင်ပစ်တိုင်း မရှုံးသေချာတော်သော မုဆိုးတစ်ယောက်သည် သည်တစ်ချိန်တွင်တော့ သိက္ခာကျမှု ယောင်အပြစ်နှင့် ဆုံရလေရာ..

**ကျွန်တော်တို့** မုဆိုးတစ်တွေမှာ ... ဆယ်ကျော်သက် တက်သစ်စ မုဆိုးဝါနုကလေးများ မဟုတ်ကြ။ အသက်(၅၀)ကျော်၊ (၆၀)၊ (၇၀)တွေ ဖြစ်ကြသည်။ မုဆိုးလောကတွင် ကျင်လည်ခဲ့ကြသည်ပင် အနှစ်(၃၀)၊ (၄၀)ထက်အောက်သူမပါ။ ဒီတော့လည်း ဝါရင့်၊ သဘာရင့်မုဆိုးကြီးများဟုဆိုကလည်း မှားအံ့မထင်။ တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ အနယ်နယ်၊ အရပ်ရပ်တွင် မြေကို သင်ဖြူး၊ ဆူးကို မွေ့ရာ ကျောခင်းလာကြသူများသာဖြစ်သည်။

သားကောင်အတွေ့အကြုံအနေနှင့် ပြောရပါလျှင်လည်း အတောင်နှင့်လေမှာပျံခဲ့ကြကြက်၊ ငှက်၊ ဘဲအရုပ်င် မြေမှာပြေးလွှား မြေလေးချောင်းသတ္တဝါများတွင် ယုန်၊ ကြောင်၊ ခွေးအ၊ ဖွတ်၊ ပုတတ်တာအစ မျောက်မောင်းမ,မကျန် အနွှရာယ်သားကောင်

စိုင်၊ ပြောင်၊ ဆင်၊ ကျား၊ ဝက်၊ ဝက်ဝံ၊ ကျားသစ် အကြိမ်ကြိမ်ပစ်ခဲ့ဖူး၊ ရခဲ့ဖူးသူ မုဆိုးကြီးများသာဖြစ်သည်။

နယ်မြေအတွေ့အကြုံကို အတိုချုံးတင်ပြရပါလျှင် မြန်မြည်တစ်လွှား တစ်နံတစ်လျား တောတောင်များအပြင် နယ်ခြားသတ်မှတ်အိန္ဒိယနယ်စပ် နှင့် အမေရိကားထိန်းသိမ်းရေးတောများသို့ပင် ရောက်ဖူး၊ ပစ်ဖူးသူများပင်။

ဤသို့၊ ဤနယ် အနယ်နယ် အရပ်ရပ်က အတွေ့အကြုံကြွယ်၊ ရင့်ကျက်ကြသော မုဆိုးကြီးများပင်ဖြစ်စေကာမူ တစ်ကြိမ်တစ်ခါ မယုံချင်စရာ ဖြစ်ပျက်ကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်ကလေးကတော့ ရှိသည်။

အဲဒီအဖြစ်အပျက်ကလေးကိုမယုံပေမဲ့အမှန်တကယ်ကြုံတွေ့ခဲ့ရတာမို့ ပရိသတ်ကြီးသိအောင် တင်ပြလိုက်ချင်ပါသည်။

နံနက်ခင်း(၁၀)နာရီမျှသာ ရှိသေးပေမယ့် နွေမိုးသမယ၊ တန်ခူးလမှာဖြစ် သဖြင့် နေက စူးစူးရှရှ ပူပြင်းလှသည်။ ကားအတွင်းမှနေရောင်အဟ်ကိုတိုက်ရိုက်မခံကြရသော်လည်း နေအရှိန်အဝါနှင့်ပင် ချွေးပြိုက်ပြိုက်ကျလျက် ရှိကြသည်။

ကားက ပါဂျဲရိုး(PAJERO)ကားမို့ ကားမောင်းသူက အလိုက်သိစွာမှန်တွေအကုန်အလုံတင်ပြီးအဲယားကွန်းခလုတ်ကို ဖွင့်လိုက်သည်။ ပထမအစတွင် ပူရှိန်းရှိန်း စပ်ဖိန်းဖိန်း အထိအတွေ့သာ ရသော်လည်း တဖြည်းဖြည်းနှင့် နေကောင်းရုံ လေအေးလေးက ရလာသည်။ ဒီတော့မှ ကားပေါ်ပါလာသော မုဆိုးကြီးများ နေသာထိုင်သာ ရှိလာသည်။


www.burmeseclassic.com

www.burmeseclassic.com

"အင်း - အခုမှ နေသာထိုင်သာ ရှိသွားတော့တယ်။ စောစောကလိုသာ ဖြင့် မရှောင်ဘူး"

ပါလာသူ (၅)ဦးအနက် အသက်အကြီးဆုံး မုဆိုးကြီးက စကားဆိုလိုက် သည်။

"ဟုတ်ပါ့ - အစ်ကိုကြီးရာ။ အညာဒီမြေ၊ ဒီနေက ကျုပ်တို့အောက်သား တွေအတွက်တော့ တော်တော်အနုရစက်တယ်နော်"

ရန်ကုန်သား မုဆိုးကျော်က မုဆိုးကြီးအဆိုကို ထောက်ခံလိုက်သည်။

"အညာသား မုဆိုးအိုကြီးနဲ့ မုဆိုးပျိုလေးတွေအတွက်တော့ မဆန်း တော့ဘူးထင်တယ်"

ကျွန်တော်နှင့် ကျန်မုဆိုး ရှမ်းကြီးနှင့် တရုတ်ကြီးတို့ဘက်လှည့်၍ မုဆိုး ကျော် ရန်ကုန်သားက ဆိုလိုက်ပြန်သည်။

"ဘယ့်နယ်ပြောပါလိမ့် - မုဆိုးဖိုကြီးရာ၊ အညာသားလည်း သွေးနဲ့သား နဲ့ လူတွေပဲ၊ ခံစားချက်ချင်းအတူတူ ပူတာပါပဲဗျာ"

မုဆိုးဖိုကြီးဆိုသည်မှာ စစ်မှုထမ်းဗိုလ်ကြီး မဟုတ်ပါ၊ နာမည်အဖျားလုံး ဆွတ်ခေါ်သော "ဖို" သာ ဖြစ်ပါသည်။

ရှမ်းကြီးက မုဆိုး "ဖို" စကားကို ချေပရှင်းပြလိုက်သည်။

"ငါတို့အသွေးအသားတွေကို ပလတ်စတစ်နဲ့ လုပ်ထားတယ်လို့များ ထင်နေရော့လား - ဆရာကြီးရာ"

တရုတ်ကြီးက ကားကို အရှိန်လျှော့လိုက်ရင်း ဝင်ပြောလိုက်သည်၊ နောက်ပြီး တစ်ဆက်တည်း -

"ကိုင်း - ဘယ်စခန်း၊ ဘယ်လမ်းကို ဆက်မောင်းရမလဲ - ဆရာတို့၊ လင်းတသိုက် အောင်စိုးမြင့်(အုန်းရှည်)တို့စခန်းပဲလား"

ကားတလေးမှာမိုင်တိုင်(၃၁)ကျော်လာပြီး လမ်းခွဲတစ်ခုသို့ရောက်လာ သဖြင့် ကားမောင်းသူ တရုတ်ကြီးက ကျန်လူများကို အမေးပြုလိုက်သည်။

"ဘယ်တွေ့ - ဘယ်လမ်းခွဲထဲ ကွေ့ဝင်၊ ဒီတစ်ခေါက် - လင်းတသိုက်ကို မသွားတော့ဘူး၊ "ဘုရားလေးကုန်း" ရွာဘက် သွားကြမယ်"



မုဆိုး "ဖို" ကပင်ကပျာကရာ အပြေးမောင်းနိုင်းလိုက်သည်။ ကားကလေး က လမ်းမကြီးမှ ဘယ်ဘက်လမ်းခွဲထဲ ချိုးကွေ့မောင်းလိုက်တော့သည်၊ မှန် ပါသည်၊ ကျွန်တော်တို့မုဆိုးများအဖွဲ့ ဒီတစ်ခေါက် ရွှေဘိုခရိုင်၊ ဝက်လက် မြို့နယ်မှ ရေချိုအိုင်စခန်းသို့ တောပစ်ထွက်ခဲ့ကြခြင်းဖြစ်သည်၊

လင်းတသိုက်စခန်းမှာ ရေချိုးအိုင်စခန်းအလွန် (၅)မိုင်မျှ ဝေးသေး၍ ၎င်းစခန်းကို မသွားတော့ဘဲ အလယ်ဗဟိုကျသော ဘုရားလေးကုန်းစခန်း ကိုသာ ဦးတည်လာခဲ့ကြခြင်းဖြစ်သည်၊

ကားပေါ်တွင်တော့ ရန်ကုန်မှ မုဆိုးကြီးများဖြစ်ကြသော ဦးစိန်ထွန်း၊ ကျော်စိုးဗိုလ်တို့အပြင် မန္တလေးမှ ကျွန်တော် ခင်မောင်စိန်(ရှမ်းကြီး)နှင့် လှရွှေ(တရုတ်ကြီး)တို့ ဖြစ်ကြသည်၊

အောက်ပိုင်း(အကြေ)မုဆိုးများ၊ အထက်ပိုင်း(အညာ)မြေရောက်နိုက် ကြုံတုန်းဆုံတုန်း ငယ်ငယ်ကရောက်ခဲ့၊ ပစ်ခဲ့ကြဖူးသော ရေချိုအိုင်(မုဆိုးကြီး ဦးကျော်စိန်(ကွယ်လွန်)) စခန်းသို့ အမှတ်တရ အလွမ်းပြေ စုပေါင်းထွက်ခဲ့ ကြခြင်းသာ၊

ကားကလေးက ဘုရားလေးကုန်းရွာကို ကျော်ဖြတ်လျက် ရွာစွန်တော စပ်မှ အောင်သိန်း၏တဲစခန်းသို့ ကွေ့ဝင်ရပ်နားလိုက်ကြသည်၊

"ဟာ - အဘတို့၊ ဆရာတို့ပါလား၊ လာကြ - လာကြ၊ ရောက်လာတော့ လည်း ဆိုင်းမဆင့်၊ ဗုံမဆင့်ပါလား"

"အေးကွာ - မင်းတို့နဲ့မတွေ့တာလည်း ကြာပြီဆိုတော့ သတိရလို့ တွေ့ ချင်တာနဲ့ လာခဲ့ကြတာပဲ"

"တစ်လောကတောင် ယောက်ဖ ကျော်အောင်နဲ့တွေ့လို့ ပြောနေမိကြ သေးတယ်၊ ဒီနှစ် သားကောင်တွေပေါမှ ဆရာတို့၊ အဘတို့အဖွဲ့တွေ ပေါ်မလာ ကြတော့ဘူးလို့ ..."

"ဟုတ်လား - ကျော်အောင်တို့ညီအစ်ကိုတစ်တွေရော နေကောင်းကြ ရဲ့မဟုတ်လား၊ အခု - ငါတို့ ရောက်လာကြပြီလေကွာ၊ မင်းတို့ပြောသလို သားကောင်ရော တကယ်ပေါရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com

"သားကောင်ကဖြင့် ဒီနှစ် ပေါမှပေါ၊ မနေ့ကတောင် (၇)ကောင်အုပ် တွေ့တဲ့လူနဲ့ (၃)ကောင်အုပ် (၂)ကောင်တွဲ၊ တစ်ကောင်တည်း ချိုကြီးနဲ့ တွေ့တဲ့သူတွေ လာလာပြောကြတာ စုံလို့ပဲ"

"အေး - ဒါဖြင့် - ဒီညလည်နိုင်အောင် မင်းယောက်ဖ ကျော်အောင်တို့၊ ကျော်တင်တို့နဲ့ အောင်စိုးမြင့်တို့တစ်တွေ အခေါ်လွှတ်လိုက်ဦး။ နောက်ပြီး တောခြောက်တောမောင်းနိုင်အောင်လည်း ကိုရှိန်းအောင်သား ဇော်ထွန်း၊ ကျော်ဦးတို့ပါ လှမ်းအကြောင်းကြားလိုက်ကွာ"

"စိတ်ချ - စိတ်ချ - အခုချက်ချင်း အကြောင်းကြား၊ အခေါ်လွှတ်လိုက် မယ် - အဘ"

ကျွန်တော်တို့မုဆိုးအဖွဲ့ နံနက်စာ ထမင်းစားနေစဉ်မှာပင် ကျော်တင့်၊ ကျော်အောင်၊ အောင်စိုးမြင့်၊ ဇော်ထွန်းနှင့် ကျော်ဦးတို့အပြင် အခြားသော ဝါသနာပါသော လူ(၅)ယောက်လည်း အသီးသီး ရောက်လာကြသည်။

"ဒီနေ့ - ဒီလူအားကောင်းကောင်းနဲ့ မနေ့က တွေ့ခဲ့တဲ့ (၇)ကောင်အုပ် သွားမောင်းလိုက်လို့ကတော့ တဒိုင်းဒိုင်းပစ်ရပြီး ဟင်းစားတော့ ဖောချင်း သောချင်းဖြစ်မှာပဲ"

ရောက်ရှိလာသော နောက်လူများထဲမှ တစ်ယောက်က စကားစလိုက် သည်။

"အေး - ငါတွေ့ခဲ့တဲ့ (၃)ကောင်အုပ်ကလည်း ပေါက်ကြီးက ချိုကြီးက ကြီးမှကြီး - မောင်ရေ၊ အမကလည်း ချောမှချော၊ ကလေးကလည်း မိတ္တူသား တူဖြစ်နေပြီကွ"

"နေ့တော့ မှုပါတယ် - ပင်ပန်းပါတယ်ကွာ၊ ညတော့အတွက်သာ လှည်း (၃)စီးလောက်ပြင်ထား၊ အရံသင့်လုပ်ထားကြစမ်းပါ"

ဦးစိန်ထွန်းက အညာနွေနေအကြောင်းကို လက်တွေ့ခံစားဖူးသူပီပီ ပြောလိုက်ခြင်းဖြစ်သည်။

"ကိုင်း - ဆရာတို့ကတော့ လိုက်နိုင်ကြမှာပါ၊ ဒီအနီးအနားက အပိုင် တောတစ်တော၊ နှစ်တောလောက်မောင်းလိုက်ရင်ကိုပစ်ရမှာသေချာတယ်။ မပင်ပန်းလှပါဘူး။ ပြင်ကြ - ပြင်ကြ - သွားရအောင်"

ကျော်အောင် စကားဝမ်းပါးပြီး ကျော်စိုးဗိုလ်၊ ခင်မောင်စိန်နှင့် ကျွန်တော် တို့က နေရာမှ အသီးသီးထ၍ အဝတ်အစား သေနတ်များကို ပြင်ဆင်ကြရ တော့သည်။

"မုဆိုးအိုကြီး ဦးဘမင်းရော လိုက်နိုင်ပါ့မလား။ မလိုက်နိုင်ရင်လည်း အစ်ကိုကြီးတို့၊ ကိုလှရွှေတို့နဲ့ နေရစ်ပြီး ချိုးကလေး၊ ငှတ်ကလေးလောက်ပစ် ပြီး ညနေအတွက် အမြည်းရှာထားပေါ့"

ဘောင်းဘီရှည်ဝတ်ပြီး ခြေနင်းစီးနေရင်းက ကျွန်တော့်ကို ကျော်စိုးဗိုလ် က ပြောလိုက်ခြင်းပင်။

"အထင်သေးရန်ကော - ကိုကျော်စိုးရာ၊ ချိုးငှက်လောက် ပစ်မယ့်မုဆိုး များမှတ်နေလို့လား။ အတော်ကြာ - မုဆိုးအိုကြီးပစ်ကျွေးလို့သာ အသားစား ရတယ်မပြောနဲ့နော်"

"ဟုတ်တယ် - ကိုကျော်စိုးဗိုလ်ရေ၊ သူ့သွားအထင်မသေးလိုက်နဲ့ဗျ၊ ကျုပ်က သူနဲ့ အမြဲသွားနေ လာနေကျမို့ အကြောင်းသိ။ အသက်ကြီးပေမယ့် မပျက်စီးသေးဘူးဆိုတဲ့စကားအတိုင်း သူက အသက်သာ (၇၀)ရှိနေတာ သွားနိုင်လာနိုင်၊ လုပ်နိုင်ကိုင်နိုင်၊ ပစ်နိုင်ခတ်နိုင်တာတော့ ကျုပ်တို့အသက် (၅၀)ကျော်တွေနဲ့ တန်းတူယှဉ်နိုင်သေးတယ်ဗျ"

ဘောင်းဘီ၊ အင်္ကျီ၊ တောစီးဘွတ်ဖိနပ်ကို ကျကျနန "ရမ်ဘို" မင်းသား ဝတားလုံးရှုံးအောင် ပြင်ဆင်ဝတ်ဆင်ထားသော ရှမ်းကြီး ခင်မောင်စိန်က ကျွန်တော့်အကြောင်းသိမို့ ရှေ့နေလိုက်ပေးလိုက်သည်။

"ဆောရီးဗျာ၊ ကျုပ်က အထင်သေးပေါက်နဲ့ ပြောတာမဟုတ်ပါဘူး။ အသက်က အစ်ကိုကြီး ဦးစိန်ထွန်းနဲ့ မတိမ်းမယိမ်းဆိုတော့ အစ်ကိုကြီး သက်သောင့်သက်သာနေချင်မလားလို့ပါ။ ကိုင်း - ပြီးရင် သွားကြမယ်"

www.burmeseclassic.com

ကျော်စိုးဗိုလ်က ပခုံးတွင် (.၂၂)မဂ္ဂနမ်နှင့် (.၄၁၀)အထက်အောက်တွဲလျက် သေနတ်ကိုလွယ်ပြီး ကျန်တစ်ဖက်က နစ်လုံးပြူးကိုကိုင်ရင်း တဲအတွင်းက တဲအပြင်ထွက်လိုက်သည်။ ခင်မောင်စိန်ကလည်း ခါးတွင် ရေဘူးနှင့် အမဲလိုက်ဓားမြှောင်ကို ရှိုးကျကျပတ်လျက် သူ့လက်စွဲတော် (.၂၂)မဂ္ဂနမ်ကိုကိုင်ပြီး ထွက်သွားပြန်သည်။ ကျွန်တော်ကတော့ ခေါင်းတွင် (JUNGLE HAT) တောဆောင်းဦးထုပ်ကိုဆောင်း၊ စစ်ရေဘူးကို စလွယ်သိုင်းလွယ်၊ နစ်လုံးပြူး ကျည်ခါးပတ်နှင့် ဓားမြှောင်ကိုပတ်၊ ခြေထောက်တွင် ဘွတ်ဖိနပ်မပါ၊ ကြက်ပေါင်ရာဘာဖိနပ်နှင့်သာ ...။

"ဟာ - ဆရာတို့ - ဒီအဝတ်အစား ဘောင်းဘီရှည် ခြေနင်းတွေနဲ့ ဖြစ်ပါ့မလားဗျို့"

နောက်ခြောက်သားများထဲမှ အသက်ခပ်ကြီးကြီးတစ်ယောက်က ကျွန်တော်တို့ အဝတ်အစားခြေနင်းတွေကိုကြည့်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

"ဖြစ်ပါတယ်ဗျ။ ကျုပ်တို့အဝတ်အစားအရောင်တွေက အဖြူ၊ အနီ၊ အဝါ၊ အပြာ အရောင်တောက်ကြီးတွေမှမဟုတ်ဘဲ၊ စစ်ရောင်၊ ကာကီရောင်၊ အရောင်မှိန်တွေပဲ - ရပါတယ်"

ခင်မောင်စိန် - ကဲ - ဖြစ်ပါ့မလားလို့ပြောလာသော ခြောက်သားကြီးအား ဖြစ်ကြောင်းရကြောင်း ရှင်းပြလိုက်သည်။

"အရောင်ကြောင့် မဟုတ်ဘူး - ဆရာရေ့ သူပြောလိုတာက ဘောင်းဘီရှည်ဝတ်၊ ခြေနင်းစီးတာ၊ ရည်ရွယ်ပြောတာ ခင်ဗျ"

"လုပ်စမ်းပါဦး - ဘောင်းဘီရှည်ဝတ်၊ ခြေနင်းစီးတော့ ဘာပြုလို့တုံး"

ကျော်စိုးဗိုလ်က သူ့လက်ထဲမှနစ်လုံးပြူးကိုကျော်အောင်လက်ထဲ လှမ်းပေးရင်း အမေးပြုလိုက်သည်။

"ဘောင်းဘီရှည်ဝတ်၊ ခြေနင်းစီးရင် ဒီနယ်တောစောင့်၊ တောင်စောင့်တွေက မကြိုက်ဘူး - ဆရာရ။ လုပ်သမျှ အဆင်မပြေ၊ သားကောင်မရဖြစ်တတ်တယ်"

"တိုးတက်တဲ့ဒီခေတ်ကြီးမှာ ဒါတွေ အယူမသည်းကြပါနဲ့တော့ကွာ။ ဒီအယူအဆတွေက ခေတ်ဟောင်းမှာ ကျန်ခဲ့ပါပြီ။ မင်းတို့သာ သားကောင်တွေ့အောင်ထွက်အောင် မောင်းပေးကြပါ၊ ငါတို့ ဒီအဝတ်အစားတွေနဲ့မှန်အောင်ရအောင် ပစ်ပြပါ့မယ် - ဟုတ်လား"

ကျော်စိုးဗိုလ်က သူတို့တင်ပြလာသောအယူအဆတွေကို လက်သင့်မခံ၊ မှန်အောင်၊ ရအောင် ပစ်ပြပါမည်ဟူသောအာမခံချက်ပေး၍ အားလုံးထွက်ခဲ့ကြသည်။

ပထမဦးဆုံး မောင်းမည့်တောမှာ မနေ့က (၇)ကောင်တွေ့ခဲ့သည်ဆိုသည့်တောကိုပင်ဖြစ်သည်။ အောင်သိန်းတို့တဲစခန်း၏ အရှေ့တောင်ယွန်းယွန်း တစ်မိုင်မျှသာဝေးသည့်တော ဖြစ်သည်။ တောမှာ အပင်ကြီး၊ အပင်ကောင်း၊ အရိပ်ရသော သစ်ပင်ကြီးများမရှိ။ ချုံတော၊ ဗျိုက်တော၊ ထနောင်း၊ ကြောင်ခြစ်၊ ဆူးရစ်ပင်များနှင့် ခံပင်၊ ဆူးဖြူပင်၊ ကန္တာရပင်၊ ရှားပင်များသာ ပေါက်ပြီး သန်း၊ ဒဟတ်ပင်အနည်းငယ်လောက်သာရှိသည်။ ချုပ်ရိုး၊ ကုန်းကမူတန်းများသာဖြစ်သည်။

သေနတ်သမား၊ လေးခင်သမားများကို အကွက်အကွင်း အနေအထားသိသော ကျော်အောင်က စည်းလိုက်ချပေးသည်။ ပထမဦးဆုံး နေရာကုန်းထိပ်တွင် ခင်မောင်စိန်၊ ဒုတိယနေရာတွင် ကျွန်တော်နှင့် နောက်ဆုံး ချုပ်ကြားထိပ်လျှိုဝတွင် ကျော်စိုးဗိုလ်နှင့် ကျော်အောင်တို့က နေရာယူထားလိုက်ပြီး နောက် ခြောက်သားများဆီသို့ လက်ခေါက်မှုတ် အချက်ပေးလိုက်သည်။

မကြာပါ။ ကျွန်တော်တို့မျက်နှာမူရာ ဗျိုက်တောများဆီမှ နောက်ခြောက်သားများ၏ "ဟိုးဟ- ဟိုးဟ - ဟေး - ဟေး" ဟူသောအသံများကိုစတင်ကြားလိုက်ရသည်။ သစ်တောကြီးမဟုတ်။ ကွင်းပြင်၊ ခင်တန်း၊ ကုန်းကမူများသာဖြစ်သောကြောင့် ကိုက်(၅၀၀)လောက်အကွာမှာပင် ခြောက်သားများ လှုပ်ရှားတက်လာသည်ကို ညီးညီးပြောင်ပြောင် နေ၏အရောင်အောက်တွင် လှမ်းမြင်နေကြရသည်။

ခြောက်သားများကို လှမ်းမြင်နေရသလို သူတို့ပြောသော သားကောင်



www.burmeseclassic.com

www.burmeseclassic.com

(၇)ကောင်အုပ်လည်း ဘယ်ချောင်၊ ချပ်ကြားက ဘွားခနဲများ ပေါ်လာမလား လို့ မျှော်မှန်းရမ်းဆကြည့်နေရသည်ကလည်း မျက်လုံးများပင် ပြာဝေ၊ ကျိန်းစပ်၍လာသည်။ သို့သော် လိုလားသော မြွေလေးချောင်းသားကောင်က တော့ပေါ်မလာ။ ကမျှောသောပါးကြောက်အားလန့်အားနှင့်ပျံသန်းလာသော ရှိုးလင်းပြာ၊ ရှိုးလည်ပြောက်များသာ အခါခါတွေ့နေရသည်။

နောက်မြောက်သားများ လေးခင်းနားသို့သာ ရောက်လာကြသည်၊ သားကောင်ကတော့အရိပ်အယောင်တောင် မတွေ့ရ။ ဒါကြောင့် လူအားလုံး ကို ရှားရှားပါးပါး အရိပ်ရသော သစ်ပင်တစ်ပင် ထနောင်းပင်အောက်ခေါ်၍ စုရုံးပြောဆို တိုင်ပင်ကြသည်၊

"မင်းတို့ သေရာပေါက်ပစ်ရမယ်ဆိုတဲ့ (၇)ကောင်အုပ်က ဘယ်မှာလဲ၊ ငါတို့က သေရာပေါက်ဆိုလို့ ဘယ်နားက ပေါ်လာမလဲလို့ မျှော်လိုက်ရတာ မောလို့ ..."

ခင်မောင်စိန်က အရိပ်ကို ရောက်မဆိုက် မေးချလိုက်သည်၊

"ဟုတ်ပါ့ - ဆရာ၊ မြွေရာတွေကဖြင့် ဖုံလို့၊ အကောင်သာ မတွေ့ရတာ၊ ဘယ်လိုဖြစ်တယ်မသိပါဘူး။ ခါတိုင်းဆို ဒီအဝက သေရာပေါက် ထွက်ကို ထွက်တာ"

"မရှိလို့မထွက်တာပေါ့ - ငါ့လူရာ - ဘယ်လိုဖြစ်ရမှာလဲ"

ကျော်စိုးမိုလ်ကလည်း ရေဘူးမော့သောက်ရာက ဝင်ထောက်လိုက် သည်။

"တိုင်း - ငါ့လူတို့ရာ - သေရာရေရာမယ့်နေရာ လုပ်ကြစမ်းပါ၊ ဒါမှ ငါတို့ လည်း လတ်ဆွမ်းပြုပစ်ချင်တာ ပစ်ရ၊ မင်းတို့လည်း ဟင်းစားမြိန်ရအောင်..."

ရာဘာညှပ်ဖိနပ်တွင် စူးဝင်နေသော ဆူးဖြူဆူး၊ ကန္တာရဆူးနှင့် မြေထောက်ဘေးဖိနပ်လွတ်သောနေရာတွင် စူးဝင်နေသော မြေဘုတ်ခရမ်း ဆူးများကို ပြန်နုတ်ပစ်နေရင်း ကျွန်တော်က ပြောလိုက်ခြင်းဖြစ်သည်၊

"ဦးဘမင်းက ကျုပ်တို့လိုမြေနင်းမစီးခဲ့တော့ ခံရပြီမို့လား။ တောသွားရင် ဘွတ်ဖိနပ်၊ ဘောင်းဘီရှည်က ဆူးစူး၊ ဆူးခြစ်အက်ကို ကာကွယ်ပေးတယ်။ ဒါကြောင့်လည်း ကျုပ်တို့က ဘောင်းဘီရှည်ဝတ်၊ မြေနင်းစီးကြတာပေါ့"

"အဲဒီဘောင်းဘီ၊ မြေနင်းတွေ စီးလာလို့ အခုလိုမတွေ့တာလည်း ထည့် ပြောဦးလေ"

တစ်ယောက်က မကြားတကြား ပြောလိုက်သည်၊

"ကိုင်း - ကိုင်း - ဒီတစ်ခါ သေရာပေါက် အတွဲလိုက်ပစ်ရမယ့်အဝ မြောက်ကြမယ်၊ ဆရာတို့သာ ပိုင်အောင်ပစ်ကြပေတော့"

သူ့လူပြောစကား ကျွန်တော်တို့မကြားအောင် အသံကျယ်ကျယ်နှင့် အာရုံပြောင်းသွားစေရန် အောင်သိန်းက စကားဖြတ်ကာ ဆိုလိုက်သည်၊

"ကောင်းပါပြီဗျာ - လုပ်လိုက်ကြစမ်းပါ၊ ဒီဘဝ ပစ်ချင်ပစ်ရ၊ မပစ်ရလို့ ကတော့ စခန်းတန်းပြန်ပြီသာ မှတ်ပေတော့"

ကျွန်တော့်စကားဆုံးသည်နှင့် အားလုံးနေရာကထလျက် ထွက်လာခဲ့ ကြသည်၊ အချိန်မှာ နေ့နှစ်ချက် (၃)နာရီမို့ နေရှိန်ကပြင်းလှသည်၊ သို့သော် သေရာပေါက် အတွဲလိုက် ပစ်ရမည်ဆိုသောကြောင့် ဖွဲ့ကောင်းကောင်းနှင့် လျှောက်လှမ်းနေကြတော့သည်၊ နာရီဝက်ခန့် လျှောက်ပြီးမှ မြောက်ရမည့် တောကို ရောက်သဖြင့် နေရာယူလိုက်ကြသည်၊

မြောက်သောသူများက သေရာပေါက်ဆိုပြီး အားကြိုးမာန်တက်၊ မရို မကာပ် ညီညီညာညာ မြောက်နေကြသလို သေနတ်သမား ကျွန်တော်တို့မှာ လည်း ထွက်လာလျှင် အပိအရ အပိုင်ပစ်ပြီး ဘောင်းဘီမြေနင်းနှင့်ပစ်ရင် မရဘူးဟူသောအစွဲကိုချွတ်ရန် နေပူကျဲကျဲတွင် မလှုပ်မယှက် သေနတ် ကိုင်လျက် စောင့်နေကြတော့သည်။

ဒါပေမဲ့ - "ထင်သာထင် မဝင်ဘူး - အစ်မရေ" ဟူသောစကားလို မျှော် လင့်စောင့်စားချက်တွေက သဲထဲရေသွန်သလို အရာပင်မထင်ခဲ့၊ ဒါကြောင့် ကျွန်တော်တို့အားလုံးအဖွဲ့မှာ တစ်ယောက်တစ်ပေါက် ပြောကြဆိုကြရင်း စခန်းသို့ အနီးဆုံးဖြတ်လမ်းက ပြန်ခဲ့ကြတော့သည်၊

www.burmeseclassic.com

ဟ–ကျော်အောင်ရေ–'မုဆိုးလသာ၊ တံငါလမိုက်' ဆိုတဲ့စကား မကြားဖူးဘူးလား။ ငါ့(LED)လက်နှိပ်မီးက ပါချိပါချက်မဟုတ်ဘူး။ နိုင်ငံခြားက အသေအချာ ရွေးဝယ်လာတာ။ လင်းအားကောင်းတော့ တော်ရုံတန်ရုံအမှောင်ကိုတော့ ဖောက်ထွင်းလွှမ်းမိုးနိုင်ပါတယ်ကွ။ စိတ်အားမကျစမ်းပါနဲ့၊ ရှာသာရှာပါ ...။



ခင်မောင်စိန်နှင့် ကျော်စိုးဗိုလ်တို့မှာ ရှေ့ဆုံးက သွက်သွက်လှမ်းနေကြ သလောက် ကျွန်တော်ကတော့ မြေဘုတ်ရေမ်းဆူးဒဏ်ကို ရှောင်ကွင်းနင်း နေရသဖြင့် ခြောက်သားအရှိန့်နှင့် နောက်ကျန်ခဲ့သည်။

"ဒီနေ့ အထင်ဆုံး အပိုင်နေရာတွေခြောက်တာတောင် တစ်ကောင်မှ မတွေ့ဘူးကွာ၊ ဘယ်လိုဖြစ်တာလဲ – ခါတိုင်းဆို ဒီအဝတွေခြောက်တိုင်း အနည်းဆုံး တစ်ကောင်နှစ်ကောင်တော့ ထွက်တာပါ"



ခြောက်သားတစ်ယောက်က မကျေမနပ် ခံပြင်းစွာနှင့် ပြောလိုက် သည်။

"ဘယ်တွေ့မှာလဲကွာ – ငါပြောသားပဲ။ ဒီတော ဒီတောင်က သူတို့ မကြိုက်တာလုပ်ရင် မရပါဘူးလို့။ သူတို့က အယုံအကြည်မရှိတော့ ပြောမရ လက်သင့်မခံတော့ အခက်သားလား"

"အေး – မင်းပြောတာ ဖြစ်နိုင်တယ်ကွ။ ခါတိုင်းတွေ့နေကျ၊ တဒိုင်းဒိုင်း ပစ်နေကျ၊ ဒီနေ့မှ တစ်ကောင်ဆို တစ်ကောင်မှ မမြင်ရ၊ မတွေ့ခဲ့ရဘူးဆို တော့"

"ငါတော့ – ဒီအတိုင်းဆိုရင် ညတောလည်ဖို့ခေါ်ရင် မလိုက်တော့ဘူး ကွာ။ မင်းရော ဘယ်လိုသဘောရလဲ"

"အင်း – ငါလည်း မင်းလိုပဲပေါ့"

သူတို့အချင်းချင်း ပြောစကားတွေကို ကျွန်တော်က နားစွန်နားဖျား ကြားလိုက်ရသော်လည်း ဘာမှပြင်းရျက်ပြန်မထုတ်ဘဲ ဒီည သူတို့မလိုက်မှ သားကောင်ရအောင် ပစ်ပြလိုက်ဦးမယ်ဟု စိတ်ထဲမှာ တေးမှတ်ထားလိုက် သည်။

"တစ်တီတူး – ခါး ခါ"

"တစ်တီတူး – ခါးခါး"

ကျွန်တော်တို့ အပြန်လမ်း၊ မလှမ်းမကမ်းက ခါငှက်တစ်ကောင်၏ စူးစူး ရှရှတွန်ကျူးသံက ကျွန်တော်တို့မုဆိုးတစ်တွေကို လှောင်ပြောင်ပြက်ရယ် ပြုနေသယောင်ယောင်။

ညတောလည်ရန်အတွက်လှည်း(၃)စီးရမည်ဟုပြောထားသော်လည်း တကယ်တမ်းကျတော့ လှည်းနှစ်စီးသာရသည်။ ရသောလှည်းနှစ်စီးနှင့်သာ နှစ်ဖွဲ့တည်းလည်ဖို့ ပြင်ဆင်ရတော့သည်။ တစ်ဖွဲ့တွင် ကျွန်တော်နှင့်

www.burmeseclassic.com

ကျော်စိုးဗိုလ်တို့က တစ်တွဲ၊ ကျွန်တစ်စီးတွင် ခင်မောင်စိန်တစ်ယောက်တည်းက တစ်ဖွဲ့သက်သက်လည်မည်ဖြစ်သည်။

ကျွန်တော်နှင့် ကျော်စိုးဗိုလ်တို့အဖွဲ့တွင် လှည်းမောင်းက အောင်သိန်း၊ မီးရှာက ကျော်အောင်၊ ပစ်ခတ်မည့်သူများက ကျော်စိုးဗိုလ်နှင့် ကျွန်တော်၊ သွားလည်မည့်နေရာက စခန်း၏အနောက်ဘက်နှင့် မြောက်ဘက်တော၊

ခင်မောင်စိန်အဖွဲ့တွင်တော့ လှည်းမောင်းက ကျော်ဦး၊ မီးရှာက ဖော်ထွန်း သွားလည်ကြမည့်နေရာက အရှေ့မြစ်နှင့် တောင်ဘက်မြစ်။

စားသောက်ပြီးသည်နှင့် ဘောင်းဘီ ခြေနင်းတို့ကို ဝတ်ဆင်ပြီး ကိုယ့်လှူကိုယ့်လှည်း အတွဲလိုက်ထွက်ခဲ့ကြသည်။ ကျွန်တော်တို့လှည်းတွင် ကျွန်တော်က (DB) နှစ်လုံးပြူးကိုင်ပြီး ကျော်စိုးဗိုလ်က (.၂၂) မဂ္ဂနမ်နှင့် (.၄၁၀) တွဲလျက်သေနတ်ကို ကိုင်ထားသည်။ (.၂၂) မဂ္ဂနမ်တွင် အဝေးပစ်နိုင်ရန် အတွက်မှန်ပြောင်း(Telescope)တပ်ထားသဖြင့် မထိခိုက်၊ ရွေ့မသွားအောင် အထူးဂရုစိုက်ထိုင်နေရသည်။

တန်ခူးလပြည့်ညဖြစ်သဖြင့် အရှေ့ဘက်မှ လိမ္မော်ရောင် လမင်းဝိုင်းဝိုင်း စက်စက်ကြီးက ပေါ်ထွက်လာခဲ့သည်။ မိုးရိပ်မိုးသားများရှိ၍ ထိန်ထိန်မသာ၊ မှုန်ပျပျကလေးသာလင်းသဖြင့် တော်ပေသေးသည်။

"တောက လည်လို့သာ လည်ရမှာ - အားမရှိလိုက်တာ။ လပြည့်ညဆိုတော့ လထိန်ထိန်သာလာရင် မီးထိုးရမှာမဟုတ်တော့ဘူး"

မီးသမား ကျော်အောင်က စိတ်ပျက်လက်ပျက် ညည်းတွားလျက် ဆိုလိုက်သည်။

"ဟ - ကျော်အောင်ရေ - "မုဆိုးလသာ၊ တံငါလမိုက်" ဆိုတဲ့ စကားမကြားဖူးဘူးလား။ ငါ့(LED)လက်နှိပ်မီးက ပါရိုပါချက်မဟုတ်ဘူး။ နိုင်ငံခြားက အသေအချာ ရွေးဝယ်လာတာ။ လင်းအားတောင်းတော့ တော်ရုံတန်ရုံ အမှောင်ကိုတော့ ဖောက်ထွင်းလှမ်းမိုးနိုင်ပါတယ်ကွ၊ စိတ်အားမကျစမ်းပါနဲ့၊ ရှာသာရှာပါ"

ကျော်စိုးဗိုလ်က သူ့(LED)မီးလင်းအားကောင်းကြောင်းနှင့် စိတ်ဓာတ်မကျဘဲ ဖွဲရှိရှိ ရှာစေရန် အားပေးလိုက်သည်။

"လပြည့်ညဖြစ်ပေမယ့် လသာမှာ တွေးပူမနေနဲ့၊ မိုးလေဝသဌာနက ကြေညာချက်မှာ ဒီနေ့ တစ်ပြည်လုံး မိုးရွာရန် ရှိသည်တဲ့၊ ရွာရန်ရာနှုန်းပြည့်တဲ့ကွ၊ ဒီတော့ - လသာလည်း မိုးရိပ်မိုးငွေ့နဲ့ မှုန်ပျပျလောက် သာမှာပါ"

ကျွန်တော်ကလည်း ကျော်အောင်ကိုစိတ်ဓာတ်မကျစေရန် မိုးလေဝသအခြေအနေကို တင်ပြပေးလိုက်သည်။

လှည်းက ကွင်းတွေကိုကျော်ပြီး တောင်ကုန်းခင်တန်းတွေနား ရောက်ခဲ့ကြသည်။ တောင်ကုန်းအခြေကိုက် (၂၀၀) လောက်တွင် မျက်လုံးဝင်းဝင်း တစ်စုံကိုတွေ့သဖြင့် မီးသမားက လှည်းသမားကို ရပ်ခိုင်းပြီး မီးကစားကြည့်နေပြီး -

"အကောင်တော့ အကောင်ပဲ။ ဝေးတော့ ဘာကောင်လို့ အသေအချာ ပြောလို့မရဘူး"

ကျော်စိုးဗိုလ်က နေရာမှထပြီး သူ့သေနတ်မှ မှန်ပြောင်းနှင့် လှမ်းကြည့်လိုက်သည်။

"ဟုတ်တယ် - သားကောင်ကွ၊ လှည်းနဲ့ မောင်းကပ်ပေးကွာ"

"လှည်းနဲ့ ကပ်လို့မရဘူး၊ ချုံကြားတွေရှိနေတယ်၊ အောက်ဆင်းလိုက်ဝစ်ရအောင် - ဆရာ - လာ"

ကျော်အောင်က ကျော်စိုးဗိုလ်ကိုခေါ်လျက် လှည်းထက်မှ ဆင်းသွားကြသည်၊ လှည်းပေါ်တွင်တော့ လှည်းသမားနှင့် ကျွန်တော်သာ ကျန်ခဲ့ကြသည်။

ကျော်အောင်တို့ မီးအခြေအနေ ကြည့်ရသည်က သားကောင်ကို တွေ့ရတော့ဟန်မတူ၊ ကျွန်တော်တို့လှည်းဆီသို့သာ ရှေ့ဆက်မောင်းပြီး ရှေ့ကနေလိုက်ရန် အချက်ပြနေပြန်သဖြင့် လှည်းကို လမ်းကြောင်းအတိုင်း ဆက်မောင်းခဲ့ကြသည်၊ ကျွန်တော်က ထိုင်ရာမှထလျက် လမ်းဘေးသို့ကို မီးထိုးပြီး တိုက်(၁၀၀) ခန့် ရောက်လာသည်၊ မမျှော်လင့်ဘဲ လှည်းလမ်းကို ဖြတ်



www.burmeseclassic.com

www.burmeseclassic.com

ကူးလာသောသားကောင်ကို တွေ့လိုက်ရသဖြင့် လှည်းရပ်ပေးရန် ဒူးနှင့်တို့ အချက်ပေးလိုက်မှ လှည်းက မရပ်ဘဲ ပိုမြန်မြန်မောင်းလိုက်သည်။

လှည်းက မရပ်ဘဲ မြန်သွားသဖြင့် ပစ်ဖို့ရန် အခွင့်ရေးကောင်းတစ်ခု လက်လွှတ်သွားရသည်။

"ဟ – သားကောင်ကွ – လှည်းရပ်ပါဆို"

ကျွန်တော်က ပါးစပ်မှ အလောသုံးဆယ်လေသံနှင့်ပြောလိုက်မှ လှည်းက ရပ်ပေးလိုက်သည်။ သားကောင်မှာ ခေါးတိုက်တွေ့ရာမှ ကျောနိုင်း၍ ခင်တန်းကို တက်လိုက်တုန်း ကျွန်တော်က အမြန်ဆုံး နောက်သို့လှည့်ပစ်လိုက်သည်။ နှစ်လုံးပြူးသေနတ်သံက ညယံတွင် ဒိုင်းခနဲ မြည်ဟည်းသွားသလို သားကောင်မှာလည်း တွန့်ခနဲ ဖြစ်သွားသည်ကို မြင်လိုက်ရသည်။

ကျော်စိုးဗိုလ်နှင့် ကျော်အောင်ကိုလည်း ပစ်ပြီး မကြာခင် လှည်းဆီ ရောက်လာကြပြီး အခြေအနေ ဘယ်လိုလဲဟု မေးတော့သည်။

"ပစ်တော့ ပစ်လိုက်တာပဲ၊ သားကောင်ကတော့ မလဲဘူး။ ထိတော့ ထိတာတော့ သေချာတယ်"

"နေရာတင်မလဲတာ ဘယ်နေရာပစ်လိုက်လို့လဲ"

"ပစ်တာတော့ လက်နောက်ရိုးပစ်တာပဲ။ နောက်ခိုင်းဘေးတစ်စောင်း လှမ်းအတက် ပစ်လိုက်တော့ ဝမ်းဗိုက်ပိုင်း ထိသွားတဲ့ပုံပဲ"

"ဒါဆို – ဒီခင်ကျောဟိုဘက်က ပတ်ဆီးရင် ပြန်တွေ့နိုင်တယ်၊ လှည်းခေါ်မြန်မြန်တက်ကြ – သွားရအောင်"

လှည်းခေါ်ပြန်ရောက်ကြသည်နှင့် လှည်းကို ခင်ခံကျောပတ်၍ ခပ်မြန်မြန် မောင်းနေသည်။ မီးသမားတလည်း နေရာကွက်လပ်မကျန်အောင် မီးကိုခင်း လျက်ရှာနေသည်။ ခင်ကျောကုန်းတန်း ဟိုဘက်ရောက်သည်အထိ ဘာမှ ထူးခြားမှုမရှိ။

"အဘပြောသလို ဗိုက်ကိုထိသွားတာမှန်ရင် ဒီအကောင် မကြာခင် ဝပ်ကိုဝပ်မှာ သေချာတယ်"

"အေး – ဝမ်းဗိုက်မှန်တာ သေချာလောက်တယ်ကွ။ အဲဒါပစ်တဲ့နေရာ ဆင်းကြည့်တော့ သွေးလည်း မကျဘူး။ အစာအိမ်မှန်တဲ့သားကောင်ဟာ သွေးကျခဲတယ်"

တစ်ဦးနှင့်တစ်ဦး မေးမြန်းပြောဆို ဆွေးနွေးနေစဉ်မှာပင် ကိုရွှေမိုးက ဖြိုးဖြိုးဖြောက်ဖြောက် ကျလာသည်။

"ဒုက္ခပါပဲဗျာ – ဒီမိုးကလည်း သားကောင်ရှာကောင်းနေတုန်းမှ ရွာရ တယ်လို့ ..." လှည်းသမားအောင်သိန်းက မိုးအခြေအနေကို မော့ကြည့်ပြီး ညည်းညည်းတွားတွားပြောလိုက်သည်။

"မိုးရွာလည်း ဒီအကောင်တော့ တွေ့အောင်ရှာရမှာပဲကွ၊ လှည်းသာ စိတ်ရှည်ရှည်ထားမောင်းစမ်းပါ"

ကျော်အောင်က စိတ်အားတက်ကြွစွာနှင့် ကုန်းထိပ်၊ ခင်တန်း၊ ချပ်ရိုး တစ်လျှောက် လက်လှမ်းမီသလောက် မီးကို အသေအချာ ပိုက်စိပ်တိုက်ရှာ ရင်း တစ်နေရာအရောက် လှည်းရပ်ခိုင်းလိုက်သည်။

"လှည်းရပ်စမ်း – ရပ်စမ်း၊ ဟိုရှိုးထိပ်ကုန်းစောင်းအနိမ့်ထဲမှာ မျက်လုံး လား၊ ပိုးစုန်းကြူးလား မသိဘူး။ မသဲကွဲစရာ လက်ခနဲ တွေ့လိုက်မိတယ်"

"ကဲ – ဆရာစိုး – လိုက်ခဲ့မလား"

"မင်းဘာသာ အရင်သွားလိုက်ပါ၊ တွေ့ရင်တော့ မီးရိုက်ခေါ်လိုက်၊ ငါလာခဲ့မယ်"

ကျော်စိုးဗိုလ်က သူ့မှန်ပြောင်း မိုးစိုပြီး ကြည့်မကောင်းမှာစိုးသဖြင့် ဦးထုပ်နှင့်ဖုံးကွယ်ကိုင်ထားရင်း ပြောလိုက်သည်။ ကျွန်တော်ကလည်း နှစ်လုံးပြူးကျည်ခါးပတ်နှင့် ပြောင်းရင်းမှ ကျည်တွေ မိုးမစိုစေရန် ကြံဖန်ကာ ကွယ်နေရသည်။

ဒီအချိန်ကလေးမှာပင် ဆင်းသွားသော ကျော်အောင်ဆီမှ မီးအချက်ပြ ခေါ်နေသဖြင့် ကျော်စိုးဗိုလ်ရော၊ ကျွန်တော်ပါ အမြန်ဆုံး ဆင်းလိုက်သွားကြ သည်။ အနားရောက်သွားသည်နှင့် မြေကြီးစိုက်ထိုးထားသောမီးအို ချုံပုတ် တစ်ခုဆီသို့ ထိုးပြလိုက်သည်။ အကွာအဝေးမှာ(၁၀)ကိုက်လောက်မပိုပါချေ။

www.burmeseclassic.com

www.burmeseclassic.com

ကျော်စိုးဗိုလ်တော့ မပြောတတ်၊ ကျွန်တော့်ဆီကတော့ ဘာဆိုဘာမှ မမြင်၊ မီးစိုက်ထိုးထားရာသို့ ကျော်စိုးဗိုလ်က သူ့သေနတ်နှင့် ထိုးချိန်လိုက်သည်၊ ပစ်တော့မှာပဲဟု ထင်လိုက်သဖြင့် နောက်မှာ အသာလေး ငြိမ်ပေးလိုက်သည်၊ သေနတ်ပစ်သံက ပေါ်မလာ၊ ကြားရသည်က – "ပစ် – ပစ် – ဦးဘမင်း – ပစ်" ဟုပင်၊

ကျော်စိုးဗိုလ်မှာလည်း နီးလွန်းသဖြင့် သူ့စတုတ်မှန်ပြောင်းထဲက ကြည့်၍မြင်ရဟန်မတူ၊

ဒီတော့မှ ကျွန်တော်ကမီးထိုးထားရာသို့သေနတ်ဖြောင့်တန်းပြီးကြည့်လိုက်သော်လည်း ဘာဆိုဘာမှ မမြင်ရသဖြင့် –

"ဘယ်မှာလဲ – ငါ ဘာမှမမြင်ရဘူး" ဟု လေသံနှင့် ပြောလိုက်ရသည်၊ ဒီတော့မှ ကျော်အောင်က သူ့ဘယ်ဘက်ဘေး ကျွန်တော့်အား ဆွဲကပ်ပြီး မီးကစားပြလိုက်သည်၊ သားကောင်မှာ အစုမှ ဝပ်နေရာ ချုံပုတ်ကွယ်က ခေါင်းထောင်ထလိုက်သဖြင့် ချိုနှင့် ဦးခေါင်းကြီးက အထင်းသားပေါ်လာသည်၊

အားရဝမ်းသာ အပိုင်ပဲဟု စိတ်မှာထားလျက် အမြန်ဆုံး မောင်းခလုတ်ကို ဖြုတ်ချလိုက်တော့သည်၊ ကျည်ဆန်တ ဒိုင်းခနဲ မထွက်၊ ချောက်ခနဲသာ မြည်သွားတော့သည်၊ ကျွန်တော် နောက်တစ်မောင်း ထပ်ဆွဲမည်အလုပ်၊ ကျော်စိုးဗိုလ်ဆီက ဖောင်းခနဲ ကြားလိုက်ရပြီး သားကောင်မှာ နေရာရွှေ့သွားပါတော့သည်၊ သားကောင်ရွေ့လျားရာသို့သေနတ်ကိုထိုးချိန်လျက် နောက်တစ်မောင်း ဖြုတ်လိုက်ရာ ဒိုင်းခနဲ မြည်ဟည်းသွားသလို သားကောင်မှာလည်း တွန့်ခနဲဖြစ်ပြီး မပြေးနိုင်၊ ပြေးနိုင် တုန်တုန်ရင်ရင်နှင့် လေးဖက်ကျ လေးသာ လှမ်းနိုင်ရှာတော့သည်၊

ကျည်လဲ၍ နောက်တစ်ချက်ပစ်မည်ဟု မီးဖွင့်သေနတ်ပြောင်း တန်းလိုက်သော်လည်း ရပ်ထားသောလှည်းနှင့် တန်းနေ၍ မပစ်သာ၊ ဒီကြားထဲ ကျော်အောင်က – "လိုက်ကြပါ – ပစ်ကြပါ" ဟုအော်ရင်း ရှေ့က အပြေးလိုက်



သွားသဖြင့် နောက်ထပ် ကျွန်တော်က ပစ်မရ၊ ကျော်စိုးဗိုလ်နေရာက ပစ်သာသဖြင့် နောက်တစ်ချက် ထပ်ပစ်လိုက်ပြန်သည်၊ သေနတ်သံ လေတိုးသွားသံ ရှိခနဲ ကြားလိုက်ရသဖြင့် ကျော်အောင်လည်း လန့်ပြီး အလိုက်ရပ်သွားတော့သည်၊

ဒီအချိန်မှာ မိုးကလည်း ဖွဲရာမှ သဲသဲမဲမဲ ရွာချလိုက်သဖြင့် သားကောင်မှာ မိုးထဲတွင် ဝိုးတိုးဝါးတားနှင့် မြင်ကွင်းမှ ပျောက်သွားပါတော့သည်၊ လဲနေတာ တွေ့ရလိမ့်နိုးဖြင့် လူမြန်ရှာကြည့်ကြသော်လည်း အနီးအနားတွင်တော့ မတွေ့ရ၊ မမြင်ရ၊ လောလောဆယ် လက်လျှော့လိုက်ရမည့်ကိန်း ဆိုက်နေသည်၊ မိုးမှာလည်း သည်းသည်ထက် သည်းလာသဖြင့် လူတွေလည်း ကြွက်စုတ်ရေမွန်း ဖြစ်ကုန်ကြသည်၊

"ကိုင်း – ဘယ်လိုလုပ်ကြမလဲ – ဆရာတို့"

ကျော်အောင်က ကျွန်တော်နှင့် ကျော်စိုးဗိုလ်တို့အား မေးလိုက်သည်၊

"ဒီအကောင်က အရည ပရပေမဲ့ မနက်ကျ ရမှာပါ"

ကျော်စိုးဗိုလ်ရဲ့စကား –

"ဟုတ်တယ် – မနက်စောစောမှ လာကြစို့၊ အခုတော့ – အအေးမိလို့ ဖျားကုန်ကြမယ်၊ စခန်းပြန်ကြစို့"

ကျွန်တော့်စကားကြောင့် အားလုံး လှည်းရပ်ထားရာဆီသို့ လှမ်းလာခဲ့ကြသည်၊

"မနက်ကျ ကောက်တင်ရုံဖြစ်မှာဆိုတော့ လှည်းပါတစ်ခါတည်း ယူခဲ့မှ ထင်တယ်နော် – ဆရာတို့"

"အေး – ဟုတ်တာပေါ့ – ကျော်အောင်ရာ"

တဲစခန်းသို့ ည(၁၂)နာရီကျော်ကျော်လောက် ပြန်ရောက်ကြသည်၊

"ဘယ့်နယ်လဲ – ဘာကောင်တွေ ရခဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com

တဲအတွင်းဝင် အဝတ်လဲလိုက်သည်နှင့် အိပ်ပျော်ဟန် မတူသေးသော လုရှေ့က မေးလိုက်ခြင်းဖြစ်သည်။

"ဘာကောင်မှတော့ အခုမရခဲ့သေးဘူး။ မနက်ကျရင်တော့ သေချာပေါက် ရလာမှာပါ"

"ဘယ်လို - ဘယ်လို - စကားကလည်းမရှင်းလိုက်တာ၊ မရခဲ့ဘူးလဲဆိုသေး၊ မနက်ကျ သေချာပေါက် ပါလာမှာလည်းပြောတယ်"

"အဲဒါက ဒီလို - ကိုလုရှေ့ရေ"

ဟု ကျော်စိုးဗိုလ်က ဇာတ်ကြောင်းစုံ ဖြစ်ပုံကို ရှင်းပြလိုက်သည်။

"ဒါဖြင့် - မနပ်ခပ်စောစော လင်းလင်းချင်းသွားကြ၊ နောက်ကျရင် သူများ တွေ့သွားလို့ ငတ်နေဦးမယ်။ အကောင်က တော်တော်ကြီးလား၊ ပေါက်လား၊ အမလား"

အခုမှ နိုးလာဟန်ရှိသော ဦးစိန်ထွန်းက အိပ်ရာမှမထဘဲ မေးလိုက်၊ မြန်းလိုက်၊ အကြံပြုလိုက်သည်။

"ဟုတ်တယ် - အစ်ကိုကြီးရ၊ စောစောသွားရမယ်။ အကောင်က ပေါက်ကြီးဗျ၊ ချိုကားကြီးနဲ့ မရလိုက်ရင်တော့ နာမှာ"

ကျော်စိုးဗိုလ်က ဦးစိန်ထွန်းရဲ့အကြံပြုချက်ကို ထောက်ခံရင်း အားရပါးရ ပြောချလိုက်သည်။

"ခင်မောင်စိန်တို့အဖွဲ့လည်း ပြန်မရောက်ကြသေးပါလား"

"ဘယ်ရောက်မှာလဲ - မိုးအေးအေးနဲ့ ဘယ်ထဲ ဝင်ကွေးနေကြမှန်းမှ မသိ"

ကျွန်တော့်အမေးကို လုရှေ့က ဝင်ရောက်ထင်မြင်ကြေးပေး ပြောလိုက်သည်။

"တိုင်းပါ - သူများကွေးသလို၊ တို့လည်း မနက်စောစော ထနိုင်အောင် တစ်မှေးလောက် မှေးလိုက်ကြဦးစို့ရဲ့"

ကျွန်တော်က ပြောပြောဆိုဆို မီးပိတ်၍ အိပ်ရာထဲ ဝင်ကွေးလိုက်သည်။ မှေးရင်း တွေးရင်းနှင့်ပင် မေ့ခနဲ အိပ်ပျော်သွားတော့သည်။

"မှဆိုးအိုကြီး - ထ - ထ၊ မိုးလင်းနေညာပီ - မျက်နှာသစ်ချေ"

ကျော်စိုးဗိုလ်က ဝီရိယကောင်းစွာ ကျွန်တော့်ကို နိုးလိုက်သည်။ သူက တစ်ညလုံး အိပ်လို့မှ ပျော်ပါလေစ။

ကျွန်တော်တို့အဖွဲ့ ကော်ဖီနှင့် ထမင်းဆီဆမ်းကို မြန်မြန်လေးစားပြီး လှည်းနဲ့ ထွက်ခဲ့ကြသည်။ နောက်မှ ခြေကျင်လိုက်လာသူ ဒူးရှည်တို့အဖွဲ့တွင် ခွေးများလည်း ပါလာကြသဖြင့် အားရှိစရာပင်။

"ကျုပ်တို့အကောင်က ဒီလူအုပ်နဲ့ ခွေးတောင်လိုမယ် မထင်ပါဘူး၊ တွေ့တွေ့ချင်း ကောက်တင်ခဲ့ကြမှာပါ။ မှန်ချက်က DBနဲ့ နစ်ချက် (.၂၂) မဂ္ဂနမ် နစ်ချက်ဆိုတော့ နည်းတာမဟုတ်ဘူး"

ကျော်စိုးဗိုလ်က နောက်မှလိုက်လာသော လူအုပ်နဲ့ ခွေးအုပ်ကိုကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် တကယ်တမ်းကျတော့ အထင်နဲ့အမြင်က ကွာခြားလှသည်။ ညက လက်လွှတ်ထားခဲ့သောနေရာနှင့် ထင်သောနေရာတွေကို ရှာပါသော်လည်း သားကောင်က မတွေ့ရ၊ အကောင်မတွေ့ရုံတင်မက ညကမိုးကြောင့် ခြေရာနဲ့ သွေးအမှတ်လည်း ရှာမရအောင် ဖြစ်ကြရသည်။

သို့လော - သို့လော ဖြစ်နေကြစဉ် ခွေးနစ်ကောင်၏ဟောင်သံ၊ အစ်ထိုးသံများ ကြားလိုက်မှ ဒါ အကောင်တွေ့လို့ဟုဆိုကာ အပြေးလိုက်သွားမိကြသည်။ ခွေးဟောင်သံမှာ ကျွန်တော်တို့ရှာနေသောနေရာ၏ ရှေ့ကိုက် (၃၀၀) လောက်မှဖြစ်သဖြင့် တော်တော်လေး ပြေးလိုက်ကြရသည်။ သားကောင်က အရိပ်အယောင်တောင် မမြင်ရ၊ ခွေးများအသံကလည်း ပျောက်သွားသဖြင့် ခြေရာကောက်ရှာကြရပြန်သည်။ တစ်နေရာတွင် ခွာရာအသစ်ပြုပြု တွေ့ရသဖြင့် ဒီအကောင်မှာပဲဟု ဆုံးဖြတ်ကာ ခြေရာရင်းအတိုင်း ဆက်လိုက်ခဲ့ကြသည်။ သေနတ်သမား ကျွန်တော်တို့က ရှေ့ကြိုကြည့်၊ အကောင်တွေ ရှာသလို ခြေရာမပျောက်အောင် ကောက်သူက ကောက်ခဲ့ကြသည်။

သားကောင်ကတော့ အရိပ်အခြည်တောင် မမြင်ရ၊ ခွေးများသာ သခင်များဆီသို့ ပြန်ရောက်လာကြပြီး ဟောဟဲခတ်မောနေကြသည်။ ခွေးများမှာ သားကောင်ကို မျက်ခြေပြတ်သွားကြဟန်တူသည်။

www.burmeseclassic.com

နေကတဖြည်းဖြည်းရင့်လာသဖြင့် လူများလည်း ရွှေးပြန်နေကြသည်။

"ဆရာတို့၊ အဘတို့ - အကောင်က မှန်ရော မှန်ထားတာ ဟုတ်ရဲ့လား"

ညက တောလည်ရာတွင် မပါသော အောင်စိုးမြင့်(ဒူးရှည်)က သံသယ အမေးဖြင့် မေးလိုက်သည်။

"အောင်စိုးမြင့်ရာ - အကွာအဝေး (၁၀)ကိုက်၊ (၁၅)ကိုက်လောက်ကို DB နစ်ချက် (.၂၂)မဂ္ဂနမ်နဲ့ နစ်ချက်ပစ်တာမှ မမှန်ရင်လည်း တို့လက်တွေ ဖြတ်ပစ်ဖို့ ကောင်းတော့တာပဲ။ မှန်လို့မှ နာပြီးဝပ်နေတာ၊ ပြေးတော့လည်း နန်လွှားပြေးတတ်တဲ့အကောင်ဟာ အခုဘောက်ဆွ၊ ဘောက်ဘွနဲ့ လေးဖက် ကျလေးသာ ပြေးနိုင်တော့တာကွ။ ကျော်အောင်တို့၊ အောင်သိန်းတို့က မေးကြည့်တော့ ..."

"ဟုတ်တယ် - အောင်စိုးမြင့်ရ၊ မှန်တာ၊ နာတာတော့ သေချာတယ်။ ဆရာတို့ပြောသလို အကောင်က မပြေးနိုင်ဘဲ ဘောက်ဆွ၊ ဘောက်ဆွနဲ့ ငါ့ရှေ့လက်တစ်ကမ်းမှာ ငါ့လက်ထဲ မားပါရင်တောင် ခုတ်လို့ရတယ်၊ အခု တော့ ချုံကြီးနဲ့မို့ ငါဝင်မဆွဲရဲလို့ လက်လွှတ်လိုက်ရတာဟ"

"အေး - ဒီလောက်နာနေလျက်နဲ့အခုတော့သွေးလည်းမကျ၊အကောင် လည်းမတွေ့ရတော့ စဉ်းစားရကြပ်နေတာ။ အခု - ငါတို့အဖွဲ့လိုက်ခဲ့တာ မနီး တော့ဘူးဟ၊ (၅)မိုင်အနည်းဆုံးရှိနေပြီ၊ လျှို ... မြောင်အထပ်ထပ် ကမ်းပါး ချပ်တွေကို ကျော်ဖြတ်ပြီး ရှေ့ဆိုရင် "မုတင်တောင်"ခြေ ရောက်တော့မယ်"

"အဲ - အဲဒီတော့"

"အချိန်ကလည်း နေ့ဝက်ကျော်နေပြီ၊ နေကလည်းပူ၊ လူကလည်းပန်း၊ အူထဲကလည်း တကျွတ်ကျွတ်နဲ့ အရမ်းဆာနေပြီဆိုတော့ စခန်းကို အမြန် အရောက်လှမ်းလိုက်ကြတာ ကောင်းမယ် - ငါ့လူတို့"

အားလုံးအဖွဲ့များမှာ ဗိုက်ကလည်းဆာ၊ သားကောင်ကလည်း မတွေ့ရ တော့ အားပျော့ပြီး ပြန်ခဲ့ရတော့သည်။ စခန်းရောက်ကြတော့ နေ့တစ်နာရီ ကျော်နေပေပြီ၊ မျှော်လင့်တကြီး မျှော်နေသော ဦးစိန်ထွန်း၊ ကိုလှရွှေတို့မှာ လက်ကြီးဗလာ ပြန်လာကြသော ကျွန်တော်တို့အဖွဲ့ကိုကြည့်ပြီး -

"ဘယ်လိုဖြစ်လာကြတာလဲ၊ မနက်သေချာပေါက်ပါလာမှာဆို ...၊ အခု သားကောင်လည်း မမြင်ပါလား"

"ပြော - မပြောချင်တော့ပါဘူး - အစ်ကိုကြီးရာ၊ ဒီလောက်ထိအပင်ပန်း ခံပြီး လိုက်တာတောင် အကောင်မတွေ့ရတော့ဘဲ ခြေရာက "မုတင်တောင်" ခြေရောက်သွားလို့ လက်လျှော့အားလျှော့ ပြန်ခဲ့ကြတာ"

"ဒါဆို - တစ်ခုခုတော့ မှားနေပြီထင်တယ်၊ ဒီလောက် ဒဏ်ရာဒဏ်ချက် တွေနဲ့ ညက ပြေးတောင်မပြေးနိုင်တဲ့အကောင်ကို မတွေ့ခဲ့ရဘူးဆိုတာ အကောင်မှားလိုက်သွားကြတာလားကွာ"

ဦးစိန်ထွန်းက သူ့ထင်မြင်ယူဆချက်ကို တင်ပြလိုက်သည်၊

"မပြောတတ်တော့ပါဘူး - အစ်ကိုကြီးရာ၊ ခွေးဟောင်လို့ တွေ့ပြီဆိုပြီး လိုက်ကြတာ အကောင်တော့ မတွေ့ရဘဲ ခြေရာနဲ့ အဆုံးသတ်ခဲ့ကြရတာ"

"ဒါဖြင့် - အဲဒီနေရာ တစ်ကြောပြန်ရှာရင် ကောင်းမယ်ထင်တယ်"

"ရှာမယ်ဆိုရင်လည်း ညနေပိုင်းလောက်မှဖြစ်မှာ၊ အခုတော့ - လူတွေ က ဆာလည်းဆာ၊ပန်းလည်းပန်းလို့လမ်းတောင်ကောင်းကောင်းမလျှောက် နိုင်တော့ဘူး၊ ဒါနဲ့ - ကိုခင်မောင်စိန်တို့အဖွဲ့ကရော ဘယ်လိုလဲ"

"အဲဒါလည်း မပြောချင်တော့ပါဘူး၊ ညက (၃)ကောင်တွဲတွေ့လို့ တစ်ကောင် အပိုင်ပစ်ရတာ နေရာတင်မလဲတော့ မနက်မှ ရှာမယ်ဆိုပြီး ထားခဲ့တယ်၊ အခု - မနက်သွားရှာတာ နေမြင့် နောက်ကျနေတော့ သူများ တွေသွားလို့ ရောင်းတောင်စားပြီးကြပြီတဲ့၊ သွားရှာရင် နောက်တစ်ကောင် ပစ်ရတာလည်း မှန်ပြီးမရခဲ့ကြပြန်ဘူးတဲ့"

"ဒါဖြင့် - သူတို့ဘက်ကလည်း ဟင်းစားတောင် မရခဲ့ဘူးပေါ့ - ဟုတ် လား"

"ဟုတ်ပ - ဒီတစ်ပတ်ကတော့ ဟင်းစားတောင် ငတ်တဲ့အပတ်ပဲကွာ"

လှရွှေက ကျော်စိုးဗိုလ်အမေးကိုဖြေရင်း ညည်းညည်းတွားတွား ပြော ကြားလိုက်သည်၊

www.burmeseclassic.com

"ဟင်းစားငတ်တယ်လို့တော့ မပြောနဲ့ - ကိုလှရွှေရာ၊ စခန်းမှာနေပြီး ချိုးလင်းပြာနဲ့ ချိုးလည်ပြောက်တော့ ကျုပ်ရထားတာ ကျွေးတာ စားရတယ် မို့လား - ဟဲ - ဟဲ - ဟဲ"

ချိုးရေသောက်တုန်းထိုင်စောင့်ပစ်တာ (၉)ကောင်ရခဲ့သော ဦးစိန်ထွန်းက ဝင့်ဝင့်ကြွားကြွား စကားဆိုလိုက်သည်။

"ဟုတ်တယ် - ဦးစိန်ထွန်းရေ၊ ခင်ဗျားနဲ့ ကျုပ်ပါလို့ ဒီအဖွဲ့တွေ ဟင်း မငတ်တာ၊ သူတို့အတိုင်းသာဆိုရင် ဒီတစ်ခေါက် ပါးစပ်၊ ယင်ခြောက်နေရမှ သေချာတယ်"

"အကောင်တွေ့ရလျက် ပစ်ရလျက်နဲ့ မရကြတာ မှဆိုးရာလို့ပေါ့ဗျာ"

ဦးစိန်ထွန်းက အချင်းချင်း မစံချင်အောင် ကျွန်တော်တို့မျက်နှာတွေ ကြည့်ရင်း ရယ်ကျဲကျဲနှင့် ခနဲ့လိုက်သည်။

ကျွန်တော်နှင့် ကျော်စိုးဗိုလ်တို့က ဘာမှပြန်မပြောဘဲ ပြုံးတုံ့တုံ့လုပ်နေ သော်လည်း ခင်မောင်စိန်ကတော့ -

"အဲဒီလိုတော့မပြောပါနဲ့ဗျာ၊ ရာတဲ့အထဲမှာ ကျုပ်မပါဘူး။ကျုပ်ပစ်တဲ့ အကောင်က ရသားပဲဥစ္စာ"

"ရတယ်သာဆိုတာ တို့မှမစားရတာ၊ သူများတွေသာ စားရတာ၊ ဘာထူး မှာလဲ"

"ဒါဆို - စားရအောင် - ဒီည ကျုပ် အပြတ်ချလိုက်မယ်"

"ချလိုက် - ချလိုက်"

"အပြတ်သာ ချဲလိုက်တော့ပေါ့၊ ဒါမှ နာမည်အဖတ် ဆယ်နိုင်မှာ ခင်မောင်စိန်ရေ"

ဒီည ပုံစံပြောင်းပြီး လှည့်လိုက်ကြသည်။ မမောင်မီကပင် အကောင်ပေါ် ပါ၊ ရှာလည်ရန် စခန်းက ထွက်ခဲ့ကြသည်။ ကျွန်တော်တို့အဖွဲ့တွင် မနေ့ည



အတွဲ ကျွန်တော်၊ ကျော်စိုးဗိုလ်၊ ကျော်အောင်နှင့် အောင်သိန်းတို့ပင် ဖြစ် သည်။

ခင်မောင်စိန်တို့အဖွဲ့တွင်လည်း မနေ့ညက အတွဲ၊ ကိုရှိန်းအောင်ရဲ့သား ဖော်ထွန်းနှင့် ကျော်ဦးတို့ပင် ဖြစ်သည်။

ဒီညက မကျေပွဲနွဲကြရမည်ဖြစ်သဖြင့် လူတွေက တက်ကြွနေကြသည်။ အထူးသဖြင့် ခင်မောင်စိန်က မှဆိုးညံ့လို့၊ ချာလို့ဟုပြောတာ မခံနိုင်။ ဒါကြောင့် မုဆိုးမညံ့ကြောင်း၊ မချာကြောင်း လက်တွေ့သက်သေပြရန် ကိုင် နေကျ သူ့လက်စွဲတော် (.၂၂)မဂ္ဂနမ်သေနတ်သာမဟုတ်၊ ဦးစိန်ထွန်းဆီမှ DB နှစ်လုံးပြူးပါ ယူသွားသည်။ သားကောင် အနီးကပ်တွေ့ပါက DB နှစ် လုံးပြူးနှင့် အဝိုင်မလွတ်တမ်းပစ်၍ အဝေးတွေ့မကပ်သာလျှင် (.၂၂)မဂ္ဂနမ် နှင့် ပစ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ကျွန်တော်တို့အဖွဲ့နေရောင်မပျောက်ခင် အကောင်ပေါ်ရှာသော်လည်း တစ်ကောင်မှမတွေ့ရ၊ နေရောင်ပျောက်၍မှောင်လာပြန်တော့ မီးဖွင့်၍ရှာကြ ပြန်သည်။ ခွေးအတစ်ကောင်မှလွဲ၍ ဘာဆိုဘာကောင်မှ မတွေ့သေး။

ဒီညတော့ မိုးရိပ်တိမ် ကင်းစင်၍လမင်းကြီးက အရှေ့အရပ်မှ ထွက်ပြူစ ဖြစ်လာသည်။ လရောင်ကလင်း၊ မြူတိမ်ကလင်း၊ မီးတဝင်းဝင်းနှင့်မြင်ကွင်း အားလုံးက နေ့ခင်းလို့ ထင်းနေသည်။ မနေ့က ခြောက်ခဲ့သော တောအဝ တောင်ခြေအစတွင် မျက်လုံးဝင်းဝင်းများကို တွေ့လိုက်ရသဖြင့် မီးအသေ အချာ ကစားကြည့်ပြီး သေချာမှ ကျော်အောင်က -

"ကျုပ်တို့ပြောတဲ့ (၇)ကောင်အုပ် တွေ့ပြီဗျို့၊ နှစ်ယောက်စလုံး တစ်ပြိုင်တည်း နေရာတင်လဲအောင် အပိုင်သာ ချဲလိုက်ကြပေတော့"

အကွာအဝေးမှာ ကိုက်(၃၀၀)လောက် ရှိမည်ထင်သည်။ ကျော်စိုးဗိုလ် က သူ့သေနတ်မှန်ပြောင်းမှ ချောင်းကြည့်ပြီး ဝေးသေးသဖြင့် လှည်းကို ဆက် မောင်းကပ်ခိုင်းနေသည်။ ကျွန်တော်ကတော့ ကျွန်တော့်သေနတ်နှင့် အလှမ်း ကွာလွန်းသဖြင့် နေရာမှပင်မထ၊ ထိုင်မြဲထိုင်နေပြီး သူတို့လုပ်သည်ကိုကြည့်နေ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

လှည်းက သားကောင်များရှိရာသို့ တဖြည်းဖြည်း တိုးကပ်သွားသည်၊ ပစ်ကွင်းမီလောက်သောနေရာရောက်တော့ သားကောင်များကို မတွေ့ကြရတော့၊ မီးသမားက နေရာကွက်လပ်မကျန်အောင် စေ့စေ့စပ်စပ် အနှံ့ရှာပါသော်လည်း သားကောင်များကို အစအနပင်မတွေ့၊ မြေလျှိုး၍ မိုးပျံသွားကြလေပြီလား။

အပိုင်လုပ်မည်လို့ အားခဲထားကြပေမယ့် အရှေ့က လပြည့်ဝန်းက တစ်စတစ်စ ပေါ်ထွန်းဝင်းပလာသဖြင့် မီးမတိုးတော့ဖြစ်ကာ လက်လျှော့ပြန်ခဲ့ရတော့သည်၊

ဒီတစ်ပတ် ကျွန်တော်နှင့် ကျော်စိုးဗိုလ်တို့မုဆိုးကြီးနှစ်ယောက်အတွဲကတော့ မုဆိုးသိက္ခာကို အဖတ်မဆယ်နိုင်၊ လက်မှိုင်ချရတော့သည်၊

ခင်မောင်စိန်တို့အဖွဲ့မှာလည်း (၅)ကောင်အုပ် အတွဲကြီး တွေ့ပြီး လည်ချင်းယှက်နေသော (၃)ကောင်တွဲကိုကိုက်(၃၀)လောက်မှ တစ်ချက်တည်းနှင့် သုံးကောင်စလုံး ရချင်ဇောလောဘနှင့် DB နှစ်လုံးပြူး ကိုးလုံးခဲနှင့် ပစ်လိုက်ရာ တစ်ကောင်မှ နေရာတင် မရလိုက်ကြ၊ ထုံးစံအတိုင်း သွေးကျမွေးကျနှင့် လက်လွှတ်လိုက်ရပြန်တော့သည်၊

ဒီအဖြစ်တွေကို ဆန်းစစ်လိုက်မည်ဆိုပါက ထူးဆန်းအံ့သြစရာ မယုံနိုင်စရာပင်၊

ကျွန်တော်နှင့်တကွ ယခုပစ်ကြ၊ ခတ်ကြသော မုဆိုးများမှာ လူတော်တွေဟု မသတ်မှတ်ရင်တောင် လူညံ့တွေတော့ မဟုတ်ကြ၊ အနယ်နယ်၊ အရပ်ရပ်တွင် နာမည်ကောင်း တွင်ကျန်ရစ်အောင် လက်စွမ်းပြ ပစ်ခတ်နိုင်ခဲ့ကြသော မုဆိုးဝါရင့်ကြီးများပင်၊

သို့သော် ဒီတစ်ရိုး ဒီတစ်ပွဲတွင်တော့ သူတို့သူတို့ ရှာခံမုဆိုးခြောက်သားများပြောသလို ဘောင်းဘီရှည်ဝတ်၊ ခြေနင်းစီး တောလည်မိခြင်းကြောင့်ပေလားတော့ မပြောတတ်၊ သေချာပေါက် အပိုင်းပစ်ရသော သားကောင်များပင် မရကြ၊ အံ့သြလောက်ပေစွ၊

တစ်ကြိမ်တစ်ခါ တစ်ယောက်တည်း တစ်ဖွဲ့တည်းသာ မရတာဆိုလျှင် တစ်မျိုး၊ အခုတော့ နှစ်ဖွဲ့ သုံးယောက်စလုံး အပိုင်ပစ်ကြပြီး တစ်ကောင်တောင်မှ လက်ဝယ်မရကြသည်က အံ့သြရသည်၊ ထူးဆန်းလှသည်၊ ကွဲ့ရဆန်းသည်ဟု ပြောရပါမည်လား၊

ဒီကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့တစ်ဖွဲ့သားလုံးက ရွာသားများပြောတာ လက်သင့်မခံ၊ အယုံအကြည်မရှိကြ၊ သို့ပင်သို့ငြား သူတို့ပြောသလို အဆင်မချော၊ အကောင်မရသည်ကတော့ အမှန်လက်တွေ့ပင်၊ ဒီတော့ မပြေးသော်လည်းကန်ရာရှိရေသည်မို့ ကျွန်တော်တို့တစ်တွေမှာ "မယုံသော်လည်း ကြုံခဲ့သည်" ဟုသာ ဝန်ခံပြောရမည်ဖြစ်ပါတော့သည်တကား၊

စာကြွင်း

ကျွန်တော်တို့ပစ်ခဲ့သော သားကောင်များ၊ ကျွန်တော်တို့လက်ဝယ်တစ်ကောင်မှ မရသော်လည်း ရွာသားများ အကုန်ရသွားကြကြောင်းကို နောက်မှ သတင်းကြားရပါတော့သည်၊

မန္တလာသား

www.burmeseclassic.com

# ယာဉ်ပေါင်းများ ဆုံကြသောအခါ

ထောင်မှူးကြီး သိန်းဝင်း



ဝန်ထမ်းများ
ဆုံကြုံလေသောအခါ အရက်သောက်တတ်သည့်
လူများပါဝင်လာသည့်အတိုင်း အရက်ဝိုင်ကြ
ဒိုင်ကိုဖော်ရမည်..

**ကျိုက်ထော** ဝက်မွေးမြူရေးစခန်းဆိုတာ ... ပဲခူးရိုးမ တောင်ခြေ၊ ရန်ကုန် – မန္တလေးလမ်းဟောင်းအတွင်းပိုင်းမှာ ရှိပါတယ်။ ရန်ကုန် – မန္တလေးလမ်းဟောင်းကဝင်ရင် သစ်ထုတ်လုပ်ရေးလမ်း၊ စစ်တပ်အဝင်လမ်းနဲ့ အချိုမှုန့်စက်ရုံလမ်းဆိုပြီး လမ်းသုံးသွယ် ရှိတယ်။ သစ်ထုတ်လုပ်ရေးလမ်းက အစွန်လမ်း၊ မြေလမ်းကြမ်းကြီး၊ သစ်ထုတ်ကားကြီးတွေ သွားထားတော့ လမ်းကျယ်ပေမယ့် ချိုင့်တွေ၊ ကမူတွေနဲ့ အတော်ပျက်စီးနေပြီ၊ ကားအသေးလေးတွေ သွားလို့မရဘူး။ အလယ်လမ်း၊ စစ်တပ်အဝင်လမ်းက ဂဝံခင်းမြေနီလမ်း၊ လမ်းဖြောင့်ပြီးသင့်တယ်၊ အချိုမှုန့်စက်ရုံလမ်းကတော့ လမ်းချော၊ အကွေ့အဝိုက်တွေရှိတယ်၊ ကျွန်တော်တို့သွားရင် စစ်တပ်အဝင်လမ်းကပဲ သွားတာများတယ်။

www.burmeseclassic.com

ကျိုက်စကောဝက်မွေးမြူရေးစခန်းဟာ ဒိုက်ဦးမြို့နဲ့ ပျဉ်ပုံကြီးကြားမှာ ရှိပါတယ်။ နိုင်ငံခြားဝက်မြူမျိုးတွေမွေးပြီး အောင်မြင်နေတဲ့ဝက်စခန်းတစ်ခုပါ။ ကျွန်တော်တို့ကလည်း အင်းစိန်ထောင်မှာ ဝက်မွေးမြူရေးလုပ်တော့ (၉) မိုင်အစိုးရဝက်မွေးမြူရေးခြံ၊ ရွာသာကြီး၊ မော်ဘီ စသဖြင့် ဝက်ခြံတွေက သားခွဲဝက်တွေကို လိုက်လံစုဆောင်းဝယ်ယူရပါတယ်။ အဲ - တစ်နေ့တော့ ကျိုက်စကောခြံက မှာထားတဲ့ဝက်ပေါက်ရပြီဆိုတာနဲ့ ကျွန်တော်တို့အဖွဲ့ HINO(RANGER)ကားနဲ့ တက်ခဲ့ကြပါတယ်။ မနက်စောစောတက်ခဲ့ကြတာမို့ ပဲခူးမှာ အဆာပြေစား၊ လိုအပ်တဲ့အရက်နဲ့ အမြည်းတွေကိုဝယ်ပြီး ကျိုက်စကောစခန်းကို ထွက်ခဲ့ကြတယ်။ ပဲခူးကျော်တော့ ဘုရားကြီးလမ်းဆုံ၊ အဲ့ဒီက မန္တလေး၊ မုတ္တမ(မော်လမြိုင်)လမ်းခွဲတာ၊ ဘုရားကြီးကျော်တော့ ပျဉ်ပုံကြီး ဝါးခြောက်ရောင်းတဲ့ရွာ၊ အဲဒီရွာကျော်တော့ လက်ဝဲဘက် ရထားလမ်းကူးကနေ အထဲကို မြေနီလမ်းအတိုင်း သုံးလေးမိုင် ဝင်ရတယ်။

မြေနီလမ်းဆုံးခါနီး လက်ျာဘက်ကိုချိုးပြီး မြေလမ်းအတိုင်းဝင်ရင် တစ်မိုင်လောက် မောင်းရတယ်။ လယ်ကွင်းပြင်ထဲမှာ သွပ်မိုးပြောင်ပြောင်နဲ့ ဝက်ခြံတွေကို တွေ့ရလိမ့်မယ်။ အဲ့ဒါ ကျိုက်စကောဝက်မွေးမြူရေးစခန်းပဲ။ စခန်းအတွင်းမှာ သစ်ပင်ကြီးကြီး မရှိဘူး။ ဝါးရုံပင်တွေလောက်သာရှိတယ်။ စခန်းက အခိုင်အခံ့မဟုတ်ပေမဲ့ သစ်ပေါ၊ ဝါးပေါ၊ ရိုးမတောင်ခြေဒေသဖြစ်လို့ စခန်းကို သစ်တွေနဲ့ ဆောက်ထားပါတယ်။ အမိုးကသွပ်၊ အကာက ဝါးထရံ ဝက်ခြံတွေတော့ အမိုးကသွပ်၊ အခင်းက အင်္ဂတေ၊ လေဝင်လေထွက် ကောင်း အတာတော့ မရှိပါဘူး။ ရေလည်း အလွန်ပေါပါတယ်။

ကျွန်တော်တို့ ဝက်ပေါက်ဝယ်ဖို့ အခေါက်ခေါက် အခါခါ ကျိုက်စကောစခန်းကို လာဖူးပါတယ်။ ဒီတစ်ခါ စခန်းတာဝန်ခံက ကရင်ထောင်ပိုင်ကြီးဗျ။ စစ်တပ်က ဗိုလ်ကြီးအဆင့်နဲ့ ပြောင်းလာတာ။ ဗိုလ်ကြီး ကျော်သင်းပေါ့။ ကရင် လူမျိုးပီပီ ပွင့်လင်းတယ်။ သဘောအရမ်းကောင်းတယ်။ အရက်တော့ အလွန်ကြိုက်သဗျ။ သူ့ဇနီးက ကုလားမကြီး။ သူနဲ့က မတည့်အတူနေပဲ၊

ကျွန်တော်တို့အဖွဲ့ရောက်တော့ ဝက်ကိစ္စ စကားပြောကြပြီး ကျွန်တော့်တပည့်တွေနဲ့ သူ့တပည့်တွေ ဝက်ခြံထဲက ဝက်ကလေးတွေ ရွေးဖမ်းနေကြတုန်း၊ သူနဲ့ကျွန်တော် စကားပြောရင်း အရက်သောက်ဖြစ်ကြတယ်။

"ကိုသိန်းဝင်း - ဘာအရက်ပါသလဲဗျ။ ဒီမှာတော့ ချက်အရက်တွေပဲ ရှိတယ်။ အမြည်းကတော့ လယ်ထဲက ငါးပေါက်ကလေးတွေ ကြော်ထားတာ ရှိတယ်"

"ဗိုလ်ကြီးရယ် - ကျွန်တော်ပဲခူးက ဝယ်လာတာ MANDALAY RUM နဲ့ အမြည်းတွေ အစုံပါ.ပါတယ်ဗျာ။ အဲ - ကျွန်တော်ကတော့ လယ်ငါးကလေးတွေ ကြော်ထားတာကို အမြည်းလုပ်ရတာ အကြိုက်ဆုံးပဲဗျ"

"ဒီမှာ - အဲ့ဒါတွေ ပေါပါတယ်ဗျာ။ ကဲ - စိတ်ကြိုက်သောက်စမ်း၊ စားစမ်းပါဗျာ၊ အခုမှ ကျွန်တော်က လွတ်လပ်ရေးရတာ"

"ဘာကြောင့်လဲ - ဗိုလ်ကြီးရဲ့၊ ဗိုလ်ကြီးက စခန်းတာဝန်ခံပဲဟာ၊ ဘယ်သူ့ကို ကြောက်နေရသေးလို့လဲ"

"ကုလားမကြီးလေဗျာ၊ ကျွန်တော့်ဇနီးပေါ့"

"အခု - သူက ဘယ်သွားနေလို့ ဗိုလ်ကြီး လွတ်လပ်ရေး ရနေတာလဲ"

"အော် - ကိုသိန်းဝင်း မသိသေးဘူးကိုး၊ သူက မပြန်လမ်း၊ မြန်းသွားရှာ[illegible] နှစ်လသုံးလ ရှိရော့ပေါ့"

"အော် - ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော်လည်း ဝက်မွေးမြူရေးလုပ်ငန်းနဲ့ ဒီစခန်းဘက် မရောက်တာကြာပြီလေ"

"ဝမ်းမနည်းပါနဲ့ ဝမ်းသာစမ်းပါဗျာ၊ ကျွန်တော့်မိန်းမက နေရာတကာ ချုပ်ချယ်တယ်ဗျ၊ အရင်က ဒီလိုမဟုတ်ပါဘူး၊ စေတနာကောင်းပါတယ်၊ စခန်းရောက်မှ စုန်းပူး၊ နတ်ပူး၊ ပယောဂတွေဖြစ်ပြီး စိတ်မနှံ့တော့တာ"

www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး - ဗိုလ်ကြီးရယ်၊ အရင်တစ်ခေါက်ကျွန်တော်လာပါသေးတယ်၊ ဗိုလ်ကြီး - ဒီစခန်းကို ပြောင်းလာခါစကလေ အစ်မကြီးက ဖော်ရွေပါတယ်၊ ကျွန်တော်တို့အဖွဲ့ကိုတောင် ထမင်းအတင်းကျွေးတာလေ"

"ဟုတ်တယ် - ကိုသိန်းဝင်းရဲ့၊ ဒီစခန်းရောက်ခါစက အကောင်းပဲဗျ၊ တစ်လလောက်ကြာမှ ဖောက်လာတာ၊ ပယောဂဝင်တယ်လို့ပြောကြတယ်၊ ကျွန်တော်ကလည်း ခရစ်ယန်ဘာသာဝင်ဆိုတော့ အယုံအကြည် မရှိပါဘူးဗျာ၊ အဲ - ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ - ဗိုလ်ကြီး"

"ဇနီးသုံးပြီး တစ်လလောက်ကြာတော့ ကျွန်တော် ငှက်ဖျားဖြစ်တယ်ဗျ၊ ဒီစခန်းကလည်း ပဲခူးရိုးမနဲ့နီးတော့ ငှက်ဖျားရှိပုံရပါတယ်၊ ကျွန်တော်တို့ကလည်း စစ်သားတွေဆိုတော့ ငှက်ဖျားရောဂါက အခံရှိတာပေါ့၊ ဒီစခန်းရောက်မှ ငှက်ဖျားပြန်ထတာပါ၊ အဲ့ဒါ ပထမကတော့ ကျွန်တော်လည်း စစ်သားပီပီ ပေါ့ပေါ့တန်တန်ပဲ သဘောထားပြီး သာမန်အဖျားကျဆေးကလေး၊ ဘာလေးပဲ သောက်တာပေါ့၊ သက်သာလိုက်၊ ပြန်ဖြစ်လိုက်ပေါ့ဗျာ၊ အဲ့ - တစ်နေ့မှာတော့ ညဥ့်သန်းခေါင်လောက်ကြီး အသည်းအသန်ဖြစ်ပြီး စခန်းဆေးမှူးလည်း မတတ်နိုင်ဘဲ ကျွန်တော် သတိမေ့သွားတာ တစ်ညလုံးပဲ၊ သူတို့လည်း စခန်းက ကားကြီးနဲ့ ပဲခူးဆေးရုံကြီးကို ပို့ကြတာပေါ့၊ အဲ့ဒီအချိန်မှာ ကျွန်တော် မေ့မြောသွားပြီး ကျွန်တော့်ဝိညာဉ်က ဘယ်ရောက်သွားသလဲ သိသလား"

"ပြောပါဦး - ဗိုလ်ကြီးရယ်၊ ဗိုလ်ကြီးဝိညာဉ်က ဘယ်ကိုရောက်သွားတာလဲ"

"ပဲခူးနယ်ထဲတော့ အမှန်ပဲဗျ၊ ဘယ်နေရာလဲတော့ မမှတ်မိဘူး၊ ဘုရားစေတီတွေအနီးက သချိုင်းကုန်းတစ်ခုပဲ၊ အုတ်ဂူဖြူဖြူလေးတွေနဲ့ မှတ်တိုင်တွေရှိတယ်၊ သချိုင်းက အကျယ်ကြီး သစ်ပင်ကြီးတစ်ပင်မှ မရှိဘူး၊ မြက်ခင်းပြင်ကျယ်ကြီးပဲ"

"ကျွန်တော်တို့ကို လာခေါ်တာ လူကြီးနှစ်ဦးပဲဗျ၊ ဗလကောင်းကောင်းနဲ့ ဦးခေါင်းမှာလည်း ချိုကြီးတွေနဲ့လူကြီးတွေပါပဲ၊ ကြောက်စရာတော့ မကောင်းပါဘူး၊ အဲ့ဒီသချိုင်းကျယ်ကြီးအထဲကိုရောက်တော့ လူလေးငါးဆယ်အုပ်ကြီးက သချိုင်းအထဲမှာ သန့်ရှင်းရေးလုပ်နေကြတာဗျ၊ ဦးချိုကြီးတွေနဲ့ သုံးခွမိုန်းကြီးတွေကိုင်ထားတဲ့အစောင့်တွေလည်း အများကြီးပါတယ်၊ မိန်းမတွေရော၊ ယောကျ်ားတွေရောပေါ့၊ အဲ့ဒီအထဲမှာ မကြာခင်က ကွယ်လွန်သွားခဲ့တဲ့ ကျွန်တော့်မိန်းမ ကုလားမကြီးလည်း ပါသဗျ၊ အံ့မယ် - အဲ့ဒီအချိန်က ကျွန်တော့်ဇနီးသည်က ရှိရှိကျိုးကျိုး သိမ်သိမ်မွေ့မွေ့ကလေးဗျ၊ ကျွန်တော့်ကို မြင်တာတောင် ဟက်ဟက်ပက်ပက် မရှိလှရှာဘူး၊ မပွင့်တပွင့်ကလေးပဲ ပြုံးပြီး နှုတ်ဆက်တယ်၊ အစောင့်တွေကို ကြောက်လို့ထင်ပါရဲ့"

"အဲ - ခဏကြာတော့ ကျွန်တော်တို့အဖွဲ့ (၁၅)ဦးလောက်ကို ယမမင်းကြီးဆီ ခေါ်သွားတယ်၊ ယမမင်းကြီးက သချိုင်းဇရပ်အထဲမှာ ရုံးထိုင်နေတာ၊ အစောင့်တွေကလည်း အများကြီးပဲ၊ ကျွန်တော်တို့လည်း အဲ့ဒီယမမင်းကြီးရှေ့မှာ အကျဉ်းသားတွေလို တင်ပျဉ်ခွေပြီး ပုံစံထိုင်ရတယ်၊ အဝတ်အစားတွေတော့ မချွတ်ရပါဘူး၊ တစ်ယောက်စီ နာမည်ခေါ်ပြီး ယမမင်းကြီးရှေ့မှာ ပုံစံရပ်ရတယ်၊ ဝင်္ဂလည်တာပေါ့ဗျာ၊ လူတစ်ဦးစီကို လူ့ဘဝတုန်းက လုပ်ဆောင်ခဲ့တဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေကိုမေးပြီး သူ့ရှေ့မှာ ရှထားတဲ့ စာအုပ်အထူကြီးနဲ့ တိုက်ဆိုင်စစ်ဆေးတယ်၊ ဘယ်သူမှ လိမ်မပြောရဲကြဘူး၊ ကျွန်တော့်အလှည့်ရောက်တော့လည်း မေးတာပဲ၊ အမှန်အတိုင်းဖြေရတာပေါ့"

အားလုံးကို မေးမြန်းပြီးတော့မှ - "မင်းတို့အားလုံး လေလာရင် သေကြရမယ်" တဲ့၊ "ကိုယ်လုပ်ခဲ့တဲ့ကောင်းမှုလေးတွေကို အာရုံပြုထား" လို့ပြောပြီး ပုံစံမပျက် ထိုင်ခိုင်းထားတယ်၊

မကြာပါဘူး၊ တဝေါဝေါ လေတိုက်လာပြီး အားလုံး အတုံးအရုံးလဲပြီး သေကြတယ်၊ ကျွန်တော်လည်း လဲကျသွားတာပဲ၊ ဒါပေမဲ့ - မသေဘူးဗျ

www.burmeseclassic.com

အိပ်ပျော်သွားသလိုပဲ အိပ်ရာကနိုးတော့ ကျွန်တော် ငုတ်တုတ်ထထိုင်မိတယ်။ ပတ်ဝန်းကျင်က အားလုံးကတော့ ပြန်မထတော့ဘဲ သေကုန်ကြပြီ။ အဲ့ဒီအချိန်မှာ ယမမင်းကြီးက ဟိုအကောင် မသေသေးဘူး၊ သူ့ကုသိုလ်ကံကလေး ရှိသေးတယ်၊ လူ့ပြည် ပြန်ပို့လိုက်''တဲ့၊ အဲ့ဒါနဲ့ ကျွန်တော်လည်း သတိပြန်ရလာပြီး ဆေးရုံပေါ်ကို ရောက်နေမှန်း သိရတယ်၊ ဆေးရုံပေါ်မှာ တစ်ပတ်လောက်နေ၊ DRIP တွေချိတ်၊ ဆေးတွေစား၊ ဆေးတွေထိုးပြီး ပြန်ဆင်းလာရတာလေ၊ စစ်သားပဲဗျာ၊ ဒီလို သေကောင်ပေါင်းလဲဖြစ်ခဲ့တာ မဆန်းပါဘူး၊ ဒါပေမဲ့ - အရင်တုန်းက ဝေဒနာအမျိုးမျိုး ခံစားခဲ့ရဖူးပါတယ်၊ သတိလည်း မေ့ဖူးပါတယ်၊ ဒါပေမဲ့ - ယမမင်းကြီးနဲ့ မတွေ့ဖူးခဲ့ပါဘူး''

နောက်တစ်ကြိမ်လည်းဖြစ်ဖူးတယ်ဗျ၊ ကျွန်တော့်ကိုအရင်တစ်ခါ လာခေါ်ဖူးတဲ့၊ ဦးချိုပါတဲ့လူကြီးနှစ်ဦးပဲ လာခေါ်တာ၊ ဒုတိယအကြိမ်လည်း အဲ့ဒီယမမင်းကြီးနဲ့ တွေ့တာပဲ၊ ဒုတိယအကြိမ်မှာတော့ အရင်နေရာ သချိုင်းကုန်းမှာမဟုတ်တော့ဘူး၊ ငရဲခံစားနေရတဲ့နေရာမှာဗျ၊ အဲ့ဒီမှာလည်း ယမမင်းကြီးက ကျွန်တော့်ကိုကြည့်ပြီး -

''မင်း လာပြန်ပြီလား''တဲ့၊

ဒီတစ်ခါလည်း ယမမင်းကြီးက မင်း သေခန်းမစေ့သေးဘူး၊ လူ့ပြည်ပြန်ဦးတဲ့၊ ကောင်းမှုကုသိုလ် များများလုပ်၊ မင်းက တံတိုင်ပေါ်မှာတဲ့၊ ချော်ကျရင်တော့ ငရဲပြည်ပဲ၊ ကောင်းမှုကုသိုလ် များများလုပ်ရင် ကောင်းတဲ့ဘုံဘဝရောက်မယ်လို့ သတိပေးပြန်တယ်၊ အဲ့ဒါကြောင့် ကျွန်တော်လည်း တတ်နိုင်သမျှ အလှူအတန်း လုပ်တယ်၊ ဘာသာရေးကိစ္စတွေကိုလည်း အလေးအနက်ထားလာပါတယ်၊ နောက်တစ်ခါဆိုရင်တော့ မလွယ်ဘူးထင်တယ်''

''ဒါပေါ့ - ဗိုလ်ကြီးရယ်၊ ဘယ်ဘာသာဝင်ဖြစ်ဖြစ် သူများအသက်သတ်တာ၊ သူများပစ္စည်းခိုးတာ၊ လိမ်ပြောတာ၊ သူများသားမယား ပြစ်မှားတာ၊ အရက်သေစာ သောက်စားတာ မကောင်းမှန်း သိကြပါတယ်၊ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေအနေနဲ့တော့ ငါးပါးသီလလို့ ခေါ်ပါတယ်၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလဆိုပြီး ကိုယ်ကျင့်တရားအဆင့်မြင့်အောင် စောင့်ထိန်းကြတာကို သူတော်စင်လို့ခေါ်ပါတယ်၊ သာမန်ပုထုဇဉ်တွေအနေနဲ့တော့ ငါးပါးသီလစောင့်ထိန်းနိုင်ရင်ပဲ ငရဲမကျနိုင်ပါဘူး''

''အေးဗျ - ကျုပ်တို့ဘာသာမှာကတော့ အပြစ်တစ်ခုခု ကျူးလွန်မိရင် ဘုရားကျောင်းသွားပြီး သိက္ခာတော်ရ တရားဟောဆရာတော်ဆီမှာ အပြစ်ဝန်ချတောင်းပန်ရင် ခရစ်တော်က ခွင့်လွှတ်တယ်လို့ ဆိုပါတယ်''

''အခုမျက်မှောက်ခေတ် တရားစီရင်ရေးမှာတောင် ပြစ်မှုကျူးလွန်ပြီးရင် ဖမ်းမိလို့ တရားသူကြီးရှေ့မှာ တရားရင်ဆိုင်ရရင် ဝန်ခံရင်တော့ တရားသူကြီးက သက်ညှာစွာ စဉ်း စားပြီး လျှော့ပေါ့ထောင်ဒဏ်တော့ ချရတာပဲမဟုတ်လား၊ ကျွန်တော်တို့မြန်မာထုံးတမ်းလေ့၊ တရားစီရင်ရေးမှာတောင် ''ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှု ပပျောက်အောင် စီရင်ရတယ်လို့တော့ ကြားဖူးပါတယ်''

''အေးဗျာ - ဘာသာရေးကိစ္စနဲ့ ပတ်သက်နေတော့ အငြင်းမပွားလိုပါဘူး၊ မကောင်းမှုလုပ်ရင် ကံ,ကံ၏ အကျိုးပေးအရ မကောင်းတာ ပြန်ခံစားရမှာကိုတော့ ကျွန်တော်လည်း လက်ခံယုံကြည်ပါတယ်၊ ကြုံလို့ပြောရဦးမယ်၊ ကျွန်တော် ပထမအကြိမ် ယမမင်းကြီးရှေ့ရောက်တုန်းက သူတို့မှတ်တမ်းထဲက မှတ်တမ်းတင်ထားတဲ့ ကျွန်တော့်ရဲ့ ကောင်းမှု၊ မကောင်းမှုတွေကို မှတ်တမ်းတင်ထားတာကို ဖတ်ပြတယ်၊ ကွန်ပျူတာထဲ ထည့်မှတ်ထားတဲ့အတိုင်းပဲဗျာ၊ အတိအကျမှန်တယ်၊ တချို့ကိစ္စတွေဆိုရင် ကျွန်တော်တောင် မမှတ်မိတော့ဘူး၊ အံ့သြစရာ အလွန်ကောင်းတယ်''

''ဟုတ်ပါတယ် - ဗိုလ်ကြီး၊ အဲ့ဒါကိုတော့ ကျွန်တော်တို့ဗုဒ္ဓဘာသာမှာ ''မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ'' လို့ ဟောကြားထားပါတယ်''

www.burmeseclassic.com

"ဟုတ်ပါ့ဗျာ၊ အဲ့ဒီအချက်ကို ကျွန်တော်လည်း လက်ခံပါတယ်၊ အခု ကျွန်တော်တို့အကျဉ်းထောင်ဝန်ထမ်းတွေတောင် ယမမင်းတွေလို အကျဉ်းသားတွေအပေါ်မှာ အုပ်ချုပ်ရတာဝဲမဟုတ်လား"

"ဟုတ်ပါတယ် - ဗိုလ်ကြီးရယ်၊ ကျွန်တော်တို့လည်း ယမမင်းတွေအတိုင်းပါပဲ၊ အကျဉ်းသားတွေနဲ့အတူ နေပူမိုးရွာမရှောင် တပူးတွဲတွဲ ကြီးကြပ်ပြီး လုပ်ကိုင်ကြရတာပါပဲ၊ ရန်ကုန် - မန္တလေးအမြန်လမ်း ဖောက်တုန်းကဆိုရင် ပိုဆိုးပါတယ်၊ အရိပ်၊ အပင်မရှိတဲ့ ပေ(၆၀၀)အကျယ် ကွင်းပြောင်ပြောင်မြေလမ်းမကြီးအပေါ်မှာ တံလျှပ်တွေနဲ့အတူ ကျောပြောင်ပြောင်နဲ့ မြေသယ်ကပ်ဆွဲ၊ မြေပေါက်၊ တောင်ဖြိုရတာ၊ အကျဉ်းသားနဲ့ ဝန်ထမ်း မထူးပါဘူးဗျာ၊ လောကငရဲပါပဲ"

"ဟုတ်ပါ့ဗျာ၊ အဲ့ဒီတုန်းက ကိုသိန်းဝင်းတို့ (MAN POWER)နဲ့ မိသွားထယ်ထင်ပါရဲ့ စက်အင်အား သုံးနိုင်ပါလျက်နဲ့ မြန်မာနည်း မြန်မာ့ဟန်၊ လူအင်အားသုံးပြီး အကျဉ်းသားတွေကို နှိပ်စက်ခဲ့တာပဲနော်၊ အုပ်ချုပ်သူတွေရဲ့ ခေတ်မမီတဲ့ အတွေးမှားတွေပေါ့ဗျာ၊ ၁၉၈၀ - ခုနှစ်လောက်က ထင်ပါရဲ့၊ ကျွန်တော်က အဲ့ဒီအချိန်တုန်းက တပ်သားအဆင့်နဲ့ ရှေ့တန်းမှာ တိုက်ခိုက်နေရတဲ့အချိန် ဖြစ်မှာပေါ့၊ အဲ့ဒီ(MAN POWER) အမြန်လမ်းမကြီးလည်း ဦးစိန်လွင်လက်ထက်က မအောင်မြင်လို့ နောက်ပိုင်းစက်ကိရိယာတွေနဲ့ လုပ်ရတာပဲမဟုတ်လား။ သက်သက်မဲ့ လူအင်အားဖြုန်းတီးသလို၊ ပဲခူးရိုးမတောကြီးလည်း ပျက်စီးခဲ့တာပေါ့၊ အမြန်လမ်းမကြီး ပြီးသွားတော့လည်း တိုင်းပြည်တိုးတက်လာတာမှမဟုတ်ဘဲ - ခုံရင်းပါပဲဗျာ"

"အဲ - ကျွန်တော်တို့အရက်ဝိုင်းက ဘာသာရေးကနေ နိုင်ငံရေးနွယ်လာပြန်ပြီ၊ အရက်သမားစကားဆိုတာ ဟိုရောက်ဒီရောက် စိတ်ဦးတည့်ရာ ပြောကြတာပဲနော်၊ ဒါကြောင့်လည်း အခြားဘာသာတစ်ခုက ဘာသာဝင်တွေက သူတို့ဘာသာရေးမှာ တံခါးကြီးလေးပေါက် ရှိသတဲ့၊ နောက်ဆုံးတံခါးပေါက်က အရက်သောက်ခြင်းပဲ၊ အရက်သေစာ သောက်မိရင် စိတ်မထိန်းနိုင်တော့ဘဲ ကျန်တဲ့တံခါး သုံးပေါက်ကိုလည်း မိုက်မိုက်ကန်းကန်း ကျူးလွန်တော့တာပဲလို့ အယူရှိကြပါတယ်"

"အင်း - - ကိုသိန်းဝင်းရေ - လူ့ဘောင်အဖွဲ့အစည်းမှာ အရက်ယဉ်ကျေးမှုဆိုတာ ရှိတယ်ဗျ၊ တန်ဆေး၊ လွန်ဘေးဆိုတဲ့စကားလည်း ရှိတယ်၊ ကမ္ဘာပေါ်မှာ ရှိကြတဲ့လူမျိုးတိုင်းနီးနီး အရက်သောက်ကြတာချည်းပဲဗျ၊ ကျွန်တော့်မိတ်ဆွေ ဆရာဝန်တစ်ယောက်ကတော့ အရက်လည်းသောက်တယ်၊ ကွမ်းယာလည်း ဝါးတယ်၊ ဆေးလိပ်လည်း သောက်တယ်၊ ဒါပေမဲ့ - သူက ကျန်းမာရေးအသိနဲ့ သောက်တာ၊ စားတာ၊ ဘာတဲ့ - သုဓောင်ပုဒ်တအဲ - သေရည်သေရက် လူကိုဖျက်ဟု မိန့်မြွက်စကား ရှိသော်ငြားလည်း



ကျွန်တော် လက်ခံပါတယ်
ကိုသိန်းဝင်း။ ကျွန်တော့်ကိုလည်း
ယမမင်းကြီးက သတိပေးပါတယ်။
ဒါပေမဲ့ဗျာ - ခင်ဗျားတို့ဘာသာအရ
(၃၁)ဘုံဖြစ်တဲ့ ဗြဟ္မာ့ဘုံ၊ နတ်ဘုံ၊
လူ့ဘုံ၊ တိရစ္ဆာန်ဘုံတွေမှာ
အရက်သေစာဆိုတာ လူ့ဘုံ
တစ်ဘုံတည်းမှာပဲရှိတာကြောင့်
အကျွတ်တရားမရခင် ဝန်ထမ်းဘဝ
တောတောင်ထဲမှာ
တာဝန်ထမ်းဆောင်နေရစဉ်မှာ
သောက်စမ်းပါရစေဗျာ။

www.burmeseclassic.com

သောက်စားတိုင်းသာ ပျက်ရပါမူ ဘယ်မှာလူကောင်းရှိအံ့နည်း" တဲ့လေ၊ တိုင်းပြည်ခေါင်းဆောင်တွေ၊ နာမည်ကျော် သူဌေးကြီးတွေတောင် ဧည့်ခံပွဲ၊ ဂုဏ်ပြုပွဲ၊ ညစာစားပွဲတွေမှာ အရက်နဲ့ ဧည့်ခံရတာ၊ မပါလို့မှမဖြစ်တာ၊ ကျွန်တော်တို့ တပ်မတော်မှာလည်း တပ်မတော်သားတွေ၊ တောထဲ တောင်ထဲ တာဝန် ထမ်းဆောင်ရတာမို့ (ARMY RUM) ဆိုတဲ့အရက်ကို "ကိုတာ" နဲ့တရားဝင်ထုတ်ပေးထားရတာပဲ၊ ကျွန်တော်တို့အဲဒီအရက်သောက်လာလို့ တပ်ထဲတုန်းက ငှက်ဖျားမဖြစ်တာ၊ အခု ဒီစခန်းရောက်မှ ကြုံရာအရက် သောက်လို့ ငှက်ဖျားဖြစ်တာဗျို့"

"ကျန်းမာရေးအရဒါလည်းဟုတ်ပါတယ် – ဗိုလ်ကြီးရယ်၊ ဒါပေမဲ့ – ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာတော့ ငါးပါးသီလအထဲမှာ ပါဝင်တာမို့ ကြိုက်လို့ သောက်သောက်၊ ကျန်းမာရေးအရသောက်သောက် ငါးပါးသီလ ချိုးဖောက်တာမို့ ငရဲကြီးသတဲ့ဗျ၊ ဒါကြောင့် – ကျွန်တော်တို့အသက်ကြီးလာတာနဲ့အမျှ ဆင်ခြင်ရလိမ့်မယ်"

"ကျွန်တော် လက်ခံပါတယ် – ကိုသိန်းဝင်း၊ ကျွန်တော့်ကိုလည်း ယမမင်းကြီးက သတိပေးပါတယ်၊ ဒါပေမဲ့ဗျာ – ခင်ဗျားတို့ဘာသာအရ (၃၀)ဘုံဖြစ်တဲ့ ပြိတ္တာဘုံ၊ နတ်ဘုံ၊ လူ့ဘုံ၊ တိရစ္ဆာန်ဘုံတွေမှာ အရက်သေစာဆိုတာ လူ့ဘုံတစ်ဘုံတည်းမှာပဲရှိတာကြောင့် အကျွတ်တရားမရခင် ဝန်ထမ်းဘဝ၊ တော တောင်ထဲမှာ တာဝန်ထမ်းဆောင်နေရစဉ်မှာ သောက်စမ်းပါရစေဗျာ၊ အလွန်အကျွံလည်း မဟုတ်ပါဘူး၊ ကြိုက်လို့သောက်တာပါ၊ ကျွန်တော့် ဘဝမှာ အရက်သောက်ပြီး သောင်းကျန်းရမ်းကားတာလည်း မရှိခဲ့ပါဘူး၊ ကြိုက်လို့သောက်တယ်၊ ကျန်းမာရေးအရဆိုလည်း မမှားပါဘူးဗျာ"

"တဲ – လာစမ်းပါ – ကိုသိန်းဝင်းရယ်၊ နောင်ခါလာ၊ နောင်ခါချေးပေါ့၊ အခုလည်း အရက်သောက်ရင်း ဆွေးနွေးကြလို့ အတွေးအမြင်သစ်တွေ တောင် ရကြပြီ၊ အနောက်တိုင်းစကားပုံတစ်ခုမှာ "ယခုလုပ်နေရတဲ့အလုပ် ရယ်၊ အချိန်ရယ်၊ လူပုဂ္ဂိုလ်ရယ်သာ အရေးအကြီးဆုံးတဲ့ဗျ၊ အဲ့ဒီတော့ သောက်လိုက်ကြစို့ – သူငယ်ချင်း"



ဒါက ကျွန်တော်တို့ ငယ်ရွယ်စဉ်ဝန်ထမ်းဘဝက အဖြစ်အပျက်ကလေး တွေပါ၊

ဟော အခုတော့ – ဝန်ထမ်းဘဝက အငြိမ်းစားလည်း ယူခဲ့ကြပြီးပြီ၊ အသက်(၆၀)လည်း ကျော်ခဲ့ပြီးပြီ၊ တောထဲ တောင်ထဲမှာလည်းမဟုတ်တော့၊ ရန်ကုန်မြို့ကြီးပေါ်တွင် တင့်တင့်တယ်တယ် နေထိုင်နေကြပြီး ဘာသာရေး၊ လူမှုရေး အလှူအတန်းများလည်း လွတ်လွတ်လပ်လပ်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လုပ်ကိုင်နိုင်နေကြပြီးသောအချိန်သို့ ရောက်နေကြပါပြီ၊ အရက်သေစာကိုလည်း မေ့လျော့နေကြပါပြီ၊ သို့သော် ငယ်ပေါင်းများ ဆုံကြသောအခါတွင် ...၊

(၆.၁၂.၂၀၁၄)ရက်နေ့တွင်ကျွန်တော်တို့ထောင်မှူးအပတ်စဉ်(၆)အဖွဲ့ များ၊ နှစ်ပတ်လည် မိတ်ဆုံစားပွဲ ကျင်းပရန် အကြိုအစည်းအဝေးပွဲကလေး လုပ်ဖြစ်ကြပါသည်၊ နေရာက အင်းစိန်ဗဟိုအကျဉ်းထောင်ဝင်းရှေ့(အင်းစိန် ကမ်းနားလမ်းအနီးရှိ) ထောင်ဆရာဝန် ဦးထွန်းလွင်ဖွင့်လှစ်ထားသော "လင်း"လက်ဖက်ရည်ဆိုင်၊ အချိန်ကမနက်(၉)နာရီ၊ ကျွန်တော်ရောက်သွားတော့ လက်ဖက်ရည်ဆိုင်တွင် ပဲခူးမြို့မှ ရောက်နေသော ဘာဂျာကြီးခေါ် ထောင်ပိုင်(အငြိမ်းစား) ဦးတင်အောင်က ဦးဆောင်ပြီး စကားဝိုင်းကိုစနေပြီ ဖြစ်သည်၊ တက်ရောက်နားထောင်နေသူများကတော့ ထောင်ပိုင်(အငြိမ်းစား) ဦးမြသိန်း၊ စာရေးဆရာစိုးဝေ၊ ညွှန်မှူး(ငြိမ်း) ဦးသန်းစိုးတို့ဖြစ်ကြသည်၊ မကြာမီ ထောင်မှူးကြီး ဦးအောင်ကျော်ဌေးနှင့် ဦးတင်ထွန်း၊ ကျွန်တော်တို့ ရောက်ရှိသွားရာပွဲကပိုစည်သွားသည်၊ လက်ဖက်ရည်သောက်ခြင်းမဆုံတာကြာပြီဖြစ်သောကြောင့် ထွေရာလေးပါး စကားပြောကြသည်၊



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ညွှန်မှူး(ငြိမ်း) ဦးတင်ထွန်းက ဖိတ်ကြားသဖြင့် နေ့လယ်စာ စားရင်း ဦးတင်ထွန်းအိမ်တွင် အစည်းအဝေးလုပ်ကြရန် ဦးတင်ထွန်း၏ကား ကြီးဖြင့် ကြို့ကုန်းအိမ်သို့ ရောက်ကြသည်။ မြဲထဲရောက်၍ နေရာယူပြီးသည် နှင့် အစည်းအဝေး စသည် အားလုံးအားမည့်ရက်ကို ညှိနှိုင်းကြရာ နှစ်ပတ် လည်မိတ်ဆုံစားပွဲကို (၂၁.၁၂.၂၀၁၄)ရက်နေ့တွင် အင်းစိန် - ညောင်ပင်သာ ဘုန်းတော်ကြီးကျောင်းတွင် အကျွေးအမွေးဖြင့်လုပ်ရန် ဆုံးဖြတ်ကြသည်။

ယာယီအနေဖြင့်လည်း အပတ်စဉ်(၆) အကျိုးဆောင်အဖွဲ့ကိုပြန်လည် ဖွဲ့စည်းပါသည်။ အစည်းအဝေးပြီးတော့ စားသောက်ဝိုင်း စကြသည်။ အိမ်ရှင် ဦးတင်ထွန်းက အသက်(၆၀)ကျော် ပင်စင်စားများ ဖြစ်လာကြသဖြင့် ဘာ သာရေး ဦးစားပေးလုပ်ရန်နှင့် အရက်မသောက်ကြရန် ဆုံးမစကား ပြောရာ မှ ရွဲ့၍လုပ်ကြခြင်းဖြစ်ပါသည်။ ငယ်ပေါင်းရောင်းရင်းများဖြစ်ကြသော ကြောင့် ပြောရေ ဆိုရေကြပါ။

ဦးတင်အောင်က စတင်၍ - "ငါက ဒီနေ့ ပဲခူးကတောင် လာရတာ၊ ငယ် ပေါင်းတွေဆုံတုန်း အရက်သောက်တာ ဘာဖြစ်သလဲ၊ တစ်နှစ်တစ်ခါပဲ ဆုံ ကြရတာ၊ တင်ထွန်းကြီးက အလျှင် ဦးဆောင်နေကျ၊ အခုမှ ဘာဖောက်ပြန် တာလဲ၊ ငါဆိုရင် အဘိဓမ္မာစာမေးပွဲ နှစ်ပိုင်းကို တစ်ကြိမ်တည်းဖြေတာ၊ အဆင့်မြင့်မြင့်အောင်လို့ ဂုဏ်ထူးအောင်ဆုငွေ တစ်သိန်းခွဲတောင် ရခဲ့ သေး"

ထိုအခါ ဦးမြသိန်းက "ကျွန်တော်ကလည်း ကိုတင်အောင်လိုပဲ အောင် ပြီးပါပြီဗျာ၊ အဆိုးအကောင်း အကျိုးအကြောင်းကိုသိပြီး ဆင်ခြင်တုံတရား ရှိဖို့ပဲ အရေးကြီးပါတယ်၊ ငယ်ပေါင်းတွေ ဆုံကြတုန်း စကားပြောကောင်း အောင် အရည်ကလေးပါတော့ အာဝဇ္ဇန်းရွှင်တာပေါ့၊ လာဗျာ - ကိုစိုးသိန်း သွားဝယ်ကြမယ်"

သို့နှင့် ဦးတင်ထွန်းအိမ်တွင် အရက်ဝိုင်းဖြစ်ကြသည်၊ ပြီးနောက် နေ့လယ်ဆရာထမင်းဝိုင်း၊ ပြီးနောက် - ဦးစိုးသိန်းအိမ်၊ မဟာမြိုင်အိမ်ရာသို့ လိုက်ကြပြီး စားသောက်ဆိုင်၌ အရက်ဝိုင်းဖွဲ့ကြပြန်သည်၊ ဒုတိယဝိုင်းပြီး တော့ ကျွန်တော့်အိမ် မြောက်ဒဂုံသို့ လိုက်ပို့ကြပြီး အိမ်မှ ဆောင်ထားသော အရက်ပုလင်းကို မျှကြပြန်သည်။

သောက်ဖော်စားဖက်၊ ငယ်ပေါင်းများ ဖြစ်ကြပြီး အသက်(၆၀)ကျော် ပင်စင်စား၍ ဘာသာရေးလုပ်နေကြပြီဖြစ်သော်လည်း အဖွဲ့ဆုံတော့ ငယ်မူပြန် ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် ကျိုက်စကောဝက်စခန်းမှ စခန်း တာဝန်ခံ ဗိုလ်ကြီး၏အဆိုအမိန့်ကို ပြန်လည်သတိရမိပြန်ပါသည်။

"သေရည်သေရက်၊ လူကိုဖျက်ဟု၊ မိန့်မြွက်စကား၊ ရှိသော်ငြားလည်း၊ သောက်စားတိုင်းသာ၊ ပျက်ရပါမူ၊ ဘယ်မှာလူကောင်းရှိအံ့နည်း"

**ထောင်မှူးကြီး သိန်းဝင်း**

**စာမူရှင်များသို့**

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့ မည်မဟုတ်ပါ၍ **မိတ္တူ** ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

တောထဲအမဲလိုက်ရာမှ
ထမင်းချက်ပြုတ်ရန် အခက်အခဲရှိသဖြင့်
ဆန်ရေဆေးပြီး ဝါးပတ်စားသောကြွေပုံကို
ရေထွဲထားခြင်းဖြစ်..

**တောတောင်**ဆိုသည်က နေရာဒေသအလိုက်ကွဲပြားမှုတွေ ရှိနေတာကို နေရာဒေသအနှံ့ ရောက်ဖူးခဲ့ဖူးတော့ ကိုယ်တိုင် ကြုံတွေ့ရတာတွေက မျိုးစုံပါပဲ။ ပဲခူးရိုးမတောထဲကို ရောက်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုဟာ မမေ့စရာဖြစ်နေပါတယ်။ ကိုသန်းရွှေ၊ ကိုသန်းကြွယ်တို့နှင့်ကျွန်ုပ်၏တပည့်လေးနစ်ယောက်ဖြစ်သည့် ထော်မဲခမ်း၊ ထန်မိုလျှန်တို့နှင့် ကျွန်ုပ်အပါအဝင် ငါးယောက်၊ ပဲခူးရိုးမထဲကို အတော်ခရီးပေါက်ပြီး ရောက်သွားတဲ့အခါကပါ။ အနီးအပါးတွင် တောလိုက်ကြတုန်းက ထမင်းထုပ် ဒါမှမဟုတ် အိုးခွက်တို့ကို ယူဆောင်သွားရောက်သည့်နေရာတွင် ရေရှာပြီး ထမင်းချက်၊ ပစ်၍ရသမျှအကောင်အသားတို့က ချက်ပြုတ်ကင်ပြီး စားခဲ့ကြတာတွေဟာလည်း မမေ့စရာပါ။

ဖောင်းချောက်၊ လက်ပံချေးဆိုသည့်ရွာများက ပဲခူးရိုးမ၏ တောစပ်တောင်ခြေအနား ကပ်လွန်းသောရွာများ ဖြစ်သည်။ တောကောင်များဝင်ရောက်၍ အနှောင့်အယှက်ပေးမှုများကြောင့် ခြေတံရှည်အိမ်များ တည်ဆောက်ကြပြီး နွား၊ ကျွဲ၊ ဆိတ်၊ ဝက်တို့ကို လည်ပင်းတွင် ခလောက်များ၊ ခြူများကို ဆွဲပေးထားကြသည်။ ထို့ကြောင့် ညအချိန်ဆိုပါလျှင် ပိုးပုရစ်တို့၏ အော်မြည်သံနှင့် ခြူသံ၊ ခလောက်သံတို့ကပါ အသံထွက်နေကြသည်။

ဟင်းကောင်နှင့် ဝံနီကြီးတစ်ကောင်တို့၏ရန်ကြောင့် ကိုသန်းရွှေက လူကြုံပါး၍ မှာလိုက်ရာ ကျွန်ုပ်နှင့် တပည့်လေးနစ်ယောက်က ခရီးထွက်ပြီး အပြန်တွင် ခကာဝင်ရောက်သည်နှင့် ကြုံသွားလေသည်။

"ဟာ – အစ်ကိုရာမင်းရေ – အတော်ပဲဗျာ၊ ကျွန်တော် လူကြုံမှာလိုက်တယ်၊ တော်ပါသေးရဲ့ ရွာကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလို့"

"ဘာတွေများဖြစ်နေလို့လဲ – ကိုသန်းရွှေရေ"

ဝံနီတစ်ကောင်နှင့် ဟင်းကောင်ကြီးတို့ ည,ည ရွာနားကပ်ပြီး ဒုက္ခပေးမှုကြောင့် ကိုသန်းကြွယ်၏ညီဖြစ်သူ ဖိုးပိန်တစ်ယောက် အလောင်းကို တစ်ပိုင်းတစ်စပဲ ပြန်ရကြောင်းကို ကိုသန်းကြွယ်ကိုယ်တိုင်ရော၊ ကိုသန်းရွှေကပါ ပြောပြသည်။ ဖိုးပိန်၏မိန်းမ ခင်ပုကလည်း –

"ဆရာရယ် – ဆရာ့တပည့်အဖြစ်က သေတာတောင် အဂါမစုံပဲ သင်္ဂြိုဟ်လိုက်ရတယ် – ဆရာရဲ့"

ပြောလည်းပြော၊ ငိုလည်းငိုလေသည်။

"ကဲ – ကဲ – မခင်ပု – စိတ်ကို ဖြေပါဟာ၊ ရွာအတွက် ဖိုးပိန် အတွက် ဆရာ ကြွေးကျေအောင် လုပ်ပေးခဲ့ပါ့မယ်၊ အားလုံးတော့ အကောင်းအတိုင်းပြန်ဖြစ်လာမှာတော့ဟုတ်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ပွဲခွေးတမ်းတာ၊ နမြောကြသူတို့ကို ကျွန်ုပ်တာ တတ်သလောက်၊ မှတ်သလောက်နှင့်ပဲ ဖျောင်းဖျလိုက်သည်။

စကားပြောကြ၊ ညစာစားကြပြီး အစီအစဉ်ဆွဲ၍ အိပ်ရာဝင်လိုက်ကြသည်။

နောက်တစ်နေ့နံနက်လင်းသည်နှင့် ကိုကြွက်၊ ဖိုးထီးကော်၊ ကျွန်ုပ်နှင့် ထော်မဲခမ်း၊ ထန်မိုလျှန်တို့ ငါးယောက်သား ပစ္စည်းကိရိယာအစုံအလင်နှင့် ခရီးထွက်ခဲ့ကြသည်၊ ရွာမှထွက်ပြီး နေ့လယ်(၁၂)နာရီတွင် အတော်ပင် ခရီးပေါက်ခဲ့သည်၊ တစ်နာရီလိုးပြီးမှ နားကြပြီး မနက်စာကို စားကြသည်၊




ကျွန်ုပ်တို့ထမင်းစားကြသောနေရာ၏အနီးတွင် ဇွေးချဉ်ပင်ကြီးတစ်ပင်က အကိုင်းအခက် အုံ့ဆိုင်း၍ အသီးများ ပြွတ်သိပ်စွာ ပေါက်နေသည်ကို အပင်ကြီးပေါ်တွင် မျောက်တစ်အုပ်က ရှုပ်ယှက်ခတ်စွာ အသီးများ စုံးစားနေရင်းမှ ကျွန်ုပ်တို့ကိုလည်း အထူးအဆန်းအဖြစ် ကြည့်ကြသည်။

"ကွိ–ကွိ–ကွတ်–ဝေါဖရော–ကွစ်–ကွိ–ကွိ" ဟု အော်ဟစ်၍မျောက်တွေမှာ ပြေးလွှားမျောက်ကွယ်သွားကြသည်၊

ထော်မဲခမ်းနှင့် ထန်မိုလျှန်တို့က ဒူးလေးများကို အသင့်ပြင်ပြီး ရှေ့ခပ်လှမ်းလှမ်းမှ ချုံနားကို ကပ်လိုက်ကြသည်၊ ကျွန်ုပ်ကလည်း လက်စွဲတော်(၀၃.၃၀)စပရိမ်ဖီး(လ်)သေနတ်ကိုမောင်းတင်၍အသင့်ကိုင်ပြီး ဇွေးချဉ်ပင်ကြီးအနားမှာ ကိုကြွက်နှင့် ဖိုးတီးကော်ကို ကပ်နေရန် လက်ပြလိုက်သည်၊ ချထားသော အထုပ်အပိုးများကို ထားခဲ့ရန်ပါ လက်ပြလိုက်သည်၊ ချုံ၏တစ်ဖက်ကို ကျွန်ုပ် ဖြည်းညင်းစွာကပ်၍ ကြည့်လိုက်ရာ အမွေးအမှင် ညိုမည်းမည်းနှင့် ခြေကားယား၊ လက်ကားယားနှင့် ပိန္နဲပင်ကြီးပေါ်မှာ ပျားအုံကြီးကို မော့ကြည့်ပြီး သွားနှင့်အစွယ်ဖွေးဖွေးကြီးများပေါ်အောင် ပါးစပ်ကြီး ဖြဲထားသည်၊

ပစ်ကွင်းကောင်း၊ အနေအထားကောင်းဖြစ်သည်၊ ကျွန်ုပ်နှင့် ထော်မဲခမ်း၊ ထန်မိုလျှန်တို့သုံးယောက်က အသင့်၊

"ဖရော–ကွိ–ကွစ်–ကွစ်"

"ခရော–ငွစ်–ဖြောင်း–ဖြောင်း"

"ဟာ–ထောက်"

ကျွန်ုပ်တို့သုံးယောက်၏နှုတ်မှ တစ်ပြိုင်တည်း အသံပါ ထွက်သွားကြရသည်၊ ဇွေးချဉ်ပင်ပေါ်မှ မျောက်သားအမိသုံးကောင်က ပုန်းနိုနေသော သစ်ပင်ကိုင်းမှ တစ်ဖက်အကိုင်းကို လှမ်းတူလိုက်ရာ ဇွေးချဉ်သီးတချို့ကြွေ၍ ဝံနီကြီးအပေါ်ကို ကျသွားသည်၊ ဝံနီကြီးက လန့်၍ ခုန်ပြီးပြေးထွက်သွားသောကြောင့်ပင်ဖြစ်သည်။

"အေး–ကွာ–ဒီမျောက်သားအမိတလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဆရာရေ - ကျွန်တော်တို့ဆက်လိုက်မယ်၊ ဆရာတို့နေခဲ့မလား၊ ဖြည်းဖြည်းလိုက်ခဲ့မလား"

"တောထဲရောက်မှတော့ လိုက်ခဲ့မှာပေါ့ကွာ၊ တဲ - ကိုကြွက်နဲ့ ဖိုးတီးကော်တို့ အထုပ်အပိုးတွေယူ - သွားမယ်"

"ဟုတ်ကဲ့ - ဆရာ"

ရှေ့မှ ထော်မဲခမ်းနှင့် ထန်မိုလျှန်တို့ ထွက်သွားရာကို မျက်ခြည်မပြတ်ကြည့်၍ လိုက်ခဲ့ကြသည်။ ဝံနီကြီးက အတော်ဝေးဝေးရောက်သွားပြီဖြစ်သည်၊ ညနေပင် စောင်းသွားပြီဖြစ်သည်။ တောကြောင့် အမှောင်က မြန်သည်၊

"ဟေ့ - ဟေ့ - တို့ - ဒီမှာပဲ စခန်းချမယ်ကွာ၊ ညစာအတွက်လည်း လုပ်ကြ၊ ဒီကောင်ကြီးက အတော်နပ်တယ် - ကိုကြွက်၊ ရွာနားကိုကပ်တာ ဒီကောင်ကြီးလား"

ကျွန်ုပ်က ဒေးဒယ်ညာကိုကြည့်ပြီး ကိုကြွက်ကို မေးလိုက်သည်၊

"ဟုတ်နိုင်တယ် - ဆရာရာမင်းရေ၊ ကျွန်တော်တို့ တုတ်၊ ကျစ်စာခဲ၊ လေးခွနဲ့ ဝိုင်းပစ်ကြ၊ အော်ဟစ်ကြ၊ ဝါးဆစ်ခေါက်၊ သံပုံးတီးသံပေးမှ ထွက်ပြေးသွားတယ်၊ ဟင်းကောင်ကြီးက ပထမနေ့က ဖိုးပိန် နွားစာရိတ်နေတုန်းမှာ ဝင်ဆွဲတာ၊ ကိုတွက်က ထင်းစီးနဲ့အပြန်တွေ့ပြီး ထင်းစီးချပြီး ပြေးလာပြောလို့ ရွာသားတွေစုပြီး ထွက်လိုက်လို့ တစ်ဝက်တစ်ပျက်ပြန်ရတာ၊ နောက်တစ်နေ့ကျတော့ ဒီဝံနီကောင်ကြီးက ရွာနားကပ်လာတာပဲ - ဆရာရေ"

"အင်း - အင်း"

ကျွန်ုပ်ပြောသည့်နေရာမှာပင် ချည်နှောင်ထုပ်ပိုးထားသည့်အထဲမှ ရွက်ဖျဉ်များ ထုတ်ယူကြပြီး ဝါးခုတ်သစ်ခုတ်ကြပြီး ယာယီတဲ ထိုးလိုက်ကြသည်၊

"မီးဖိုအတွက် လုပ်ဦးကွာ"

"ဟုတ်ကဲ့ - ဆရာ"



ကိုကြွက်နှင့် ဖိုးတီးကော်တို့ ထင်းရှာကြပြီး မီးပုံလုပ်ကိုင်ကြစဉ် ထော်မဲခမ်းက ဖိုးတီးကော်ကိုခေါ်၍ ရေသွားရှာကြသည်၊ အပြန်တွင် တောကြက်တစ်ကောင်၊ ရှဉ့်နီတစ်ကောင် ပါလာသည်၊

"ဟ - မီးပုံကို တောကြက်နဲ့ ဖွင့်တာပေါ့ - ဟုတ်လား"

ကိုကြွက်၏စကားကြောင့် ထန်မိုလျှန်နဲ့ ဖိုးတီးကော်၊ ထော်မဲခမ်းတို့က သဘောကျပြီး ပြုံးကြသည်၊ ညစာစားပြီး နားလိုက်ကြသည်၊

နံနက်မိုးလင်းသည်တွင် ယာယီတဲကိုဖြုတ်၍ ခရီးဆက်ကြသည်၊ ထော်မဲခမ်းက -

"ဆရာ - ဝံနီကောင် - ဟိုပျားအုံနေရာကို ပြန်လာမလား - ဆရာ"

ဟုတ်ပါသည်၊ ဝံတို့က ပျားအုံတွေ့လျှင် ရအောင်လုပ်တတ်ကြသည်၊ ပျားရည်နှင့် ပျားသလက်ကို အလွန်မှကြိုက်ကြသည်၊

"အေး - ကွ - ထော်မဲခမ်း၊ အဲဒီဘက်ကို ပြန်လှည့်မယ်"

ကျွန်ုပ်တို့အားလုံးပြန်လှည့်လိုက်ကြစဉ် - "ဖျော - ဖရော - ဖရာ - ဟမ်း" အနောက်ချုံ၏အလွန်မှ ဟင်းကောင်၏အသံ၊ ကျွန်ုပ်တို့အားလုံး နေရာတွင် ငြိမ်ပြီး ထော်မဲခမ်းနှင့် ထန်မိုလျှန်တို့က ဒေးနစ်ဖက်ကို လှည့်ကြည့်၍ သတိထားနေကြသည်၊ အတန်ကြာသည်၊ မထူးခြားပဲ ငြိမ်နေ၍ ကျွန်ုပ်နှင့် ထော်မဲခမ်းနှင့် ထန်မိုလျှန်တို့က သတိနှင့် ရှေ့ကို တိုးပြီးလျှောက်လိုက်ကြသည်၊ ငွေးချဉ်ပင်အောက်ကို ပြန်ရောက်ကြပြီး -

"တို့ - တဲမထိုးနဲ့ကွာ၊ ဒီငွေးချဉ်ပင်မှာပဲ လင့်ထိုးမယ်၊ မီးပုံကြီးကြီးဖို၊ အခုန ဟင်းကောင်က အစာရှောင်းတာ၊ အစာပျောက်သွားလို့ အသံပေးပြီး ထွက်သွားတာ၊ ဒီဝန်းကျင်မှာပဲရှိမယ်၊ ဝံနီကလည်း ဒီကိုပြန်လာမယ်"

"ဟုတ်ကဲ့ - ဆရာ"

ကျွန်ုပ်က ပစ္စည်းများနှင့်နေပြီး ဒေးကို သတိထား၍ ကြည့်မိသည်၊ အတော်ကြာမှ လင့်စင်ပြီးသွားသည်၊ မီးပုံလည်း ပြီးကြ၍ ကိုကြွက်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ဖိုးတီးကော်ကို ထားခဲ့ပြီး ကျွန်ုပ်တို့ဆရာတပည့်သုံးယောက် ထွက်လာခဲ့သည်။ သိပ်ဝေးဝေးမသွားကြပဲတောဝက်ပေါက်တစ်ကောင်အချိန်တစ်ဆယ်မပြည့်သေးသည်ကိုရလိုက်၍ပြန်လှည့်လိုက်ကြပြီး စခန်းတွင် နေလိုက်၏။ ကိုကြွက်နှင့် ဖိုးတီးကော်က တောဝက်ကိုဖျက်၍ တံစို့ထိုးပြီး ကင်လိုက်ကြသည်။ ဒန်ချိုင့်ကြီးနှင့် ထမင်းချက်ပြီး ပြန်လှယ်၍ ဝက်ဝမ်းတွင်းသားများကို ချက်ကြသည်။ တောချက်ဟင်းနှင့် တောတွင်းမနက်စာ ပြီးသွားကြသည်။

တောတွင်း၌ လူအုပ်နှင့် စခန်းချပြီး လူအင်အားများလျှင် အိုးခွက်သယ်ယူမှ ထမင်းချက်စားနိုင်သည်။ ဒါမှမဟုတ် ဝါးခုတ်ဝါး ကျည်တောက်ထမင်း ခဲတံကျည်တောက်၊ ကောက်ညှင်းကျည်တောက် ချက်ရသည်။ ကျွန်ုပ်တို့က လူနည်း၊ ရေနွေးအတွက် ဒန်ချိုင့်ပါလာသဖြင့် ရေနွေးတည်၊ ထမင်းချက်၍ ရသည်၊

တစ်နေ့လုံးပင် ဝံနီနှင့် ဟင်းကောင်ကို စောင့်၍ချောင်းကြသော်လည်း တစ်ကောင်မှ အရိပ်အရောင်ပင် မမြင်ရပေ။ ဂျီ(ချေ)တစ်ကောင် ထပ်၍ရသဖြင့် တောဝက်နှင့်ဝမ်းတွင်းသားဟင်း၊ ဂျီ(ချေ)သားကင်နှင့် ဝမ်းတွင်းသားပြုတ်များက ထမင်းစားကောင်းခဲ့သည်။

လင့်စင်ထိုးထားပေမယ့် အောက်တွင် မီးဖိုနှစ်ဖို ပုံလိုက်သည်။ ဝံနီကို ဂရုစိုက်ရပေမည်။ ဝံနီ(ဝက်ဝံ)တို့က သစ်ပင်တက်နိုင်ကြသည်။ တစ်ခါက ဥဩဆုံမှ ကိုတွန်းရှင်ဆိုသော ပျားဖွပ်သူကို ဝံနီတစ်ကောင်က သစ်ပင်ပေါ်တက်၍ နပန်းလုံးခဲ့သည်။ လင့်စင်ထိုးထားသော ငွေးရှည်ပင်ပေါ်တွင် ပျားအုံကြီးကလည်း ရှိနေသည်၊ ညစာစားပြီး ဓားအကြာတွင် ကင်ထားသော မီးဖိုဘေးမှ အသားများကို လင့်စင်ပေါ်တင်ပြီး အဝတ်နှင့် အုပ်ထားခိုင်း၍ အားလုံးနားလိုက်ကြသည်။ ပုရစ်အော်သံ၊ မျောက်သံ၊ ရှဉ့်နီကလေးများ၏ သံစုံဖြင့်၊ တောကြွက်တွန်သံက ညကို အဆုံးသတ်ပေးလိုက်သည်။

အိပ်ရာမှနိုးသည့်တွင် အောက်ကို ဆင်းကြပြီး ရေနွေးတည်၊ ကော်ဖီနှင့် မုန့်များ စားကြသည်။ ကိုကြွက်က တံစို့ထိုးထားသော ဂျီ(ချေ)နှင့် တောဝက်သားတို့ကို ယူချပေးရာ ဖိုးတီးကော်က မီးပုံတွင် ပြန်တင်လိုက်သည်။ ထို



အချိန်တွင်မှာ အနောက်ချုံစပ်မှ သစ်ကိုင်းကျိုးသံ၊ ချုံတိုးသံတို့ကို ကြားလိုက်ရသည်။ ကျွန်ုပ်နှင့် ထော်မဲခမ်း၊ ထန်မိုလျှန်တို့က လက်ထဲတွင်ရှိကြသော (ဝ၃.ဝ၃)စပရိမ်ဖီး(လ်)နှင့် ဒူးလေးနစ်လက်က အသင့်ချိန်ပြီးသားဖြစ်သွားသည်၊ ထန်မိုလျှန်ကို မီးပုံနားတွင်နေခိုင်းလိုက်ပြီး ကျွန်ုပ်နှင့် ထော်မဲခမ်းတို့က ချုံကို ဘေးနှစ်ဖက်မှ ပတ်ကြည့်လိုက်သည်။

"ဟမ်း - ဂျစ် - ဂျစ် - ဇရော - ဇရော"

ဟု အသံမြည်၍ ချုံစပ်များက လှုပ်ပြီးကျန်ခဲ့သည်။ ဟင်းကောင်ကြီးက လှစ်ခနဲဆို ပျောက်သွားသည်။ ကျွန်ုပ်နှင့် ထော်မဲခမ်းတို့က ဆက်၍လိုက်သွားပေမယ့် ဟင်းကောင်ကြီးကို အစအနပင် မတွေ့လိုက်ရပါ။ နောက်ကြောင်းပြန်လှည့်ပြီး ချုံကို သေချာစွာကြည့်ရာ ဟင်းကောင်ကြီးက ကျွန်ုပ်တို့ကို အလစ်ချောင်းခြင်းဖြစ်သည်၊ ရှေ့ကို လောကြီးလိုက်သဖြင့် သစ်ကိုင်းကျိုးသံ ပေါ်ထွက်လာခြင်းဖြစ်၍သာ ကျွန်ုပ်တို့ သိလိုက်ရခြင်းဖြစ်သည်။ လူသားစားဖူးထားသော ဟင်းကောင်က အစာကို မက်မောလိုက်၍ပဲဖြစ်သည်။ ကျွန်ုပ်တို့ပြန်ရောက်တော့ မီးပုံတစ်ပုံက ဖရိုဖရဲဖြစ်ပြီး ရေနွေးတည်သော ဒန်ချိုင့်မှာ ပိန်လိမ်ပေါက်ပြဲ၍ ထန်မိုလျှန်နှင့် ကိုကြွက်ရော၊ ဖိုးတီးကော်ကိုပါ မတွေ့ရပါ။

ကျွန်ုပ်နှင့် ထော်မဲခမ်းက စိုးရိမ်စွာဖြင့် သေချာကြည့်ရာ တောကောင်တစ်ကောင် ဝင်ရောက်မွှေနှောက်သည့်ပုံမျိုး။

"ဆရာ - မိုလျှန်နဲ့ ရွာသားနှစ်ယောက် - ဘာဖြစ်လဲမသိဘူး"

"တို့လူတွေ - ဘာမှမဖြစ်ဘူး။ ဟင်းကောင်နောက်ကို တို့လိုက်နေတုန်းမှာ ဒီကိုအကောင်ကြီးကြီးတစ်ကောင် ဝင်မွှေလို့၊ အဲဒီနောက်ကို လိုက်နေကြတာဖြစ်မယ်၊ ဘာအန္တရာယ်မှတော့မရှိဘူးတွ"

ကျွန်ုပ်က စိတ်ပူပင်တတ်သော ထော်မဲခမ်းကို ရှင်းပြလိုက်သည်။ မီးဖိုကို ပြန်စု၍ အောက်ကျနေသော အသားတံစို့များကိုပါ ပြန်တင်လိုက်သည်။ ထော်မဲခမ်းက ကျွန်ုပ်ဘက်ကိုလှည့်ပြီး သတိထားဟု ဟန်ပြလိုက်သည်။ ဘေးတွင်ချထားသော သေနတ်ကို ကောက်၍ရင်ဘတ်နှင့် ကပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒူးလေးကိုကိုင်၍ အသင့်ပြင်လိုက်သော ထော်မဲခမ်း၊ အနောက်ဘက်ကို ဂရုစိုက်၍ကြည့်နေသည်။

ထန်မိုလျှန်နှင့် ကိုကြွက်၊ ဖိုးတီးကော်တို့သုံးယောက်သား အနောက်ဘက်ချုံစပ်မှ ထွက်လာကြသည်ကိုမြင်လိုက်ရသည်။ လက်ထဲမှအသင့်ကိုင်ထားသောဒူးလေးကို ထော်မဲခမ်းက ပြန်ချလိုက်ပြီး -

"ဗူး - တော့်သေးတာပေါ့ - ဘာလဲလို့ကွ"

"အေးပ - ထော်မဲရာ၊ နင်နဲ့ဆရာ ထွက်သွားပြီး တို့မှာကွာ - ဟိုကောင်ကြီး ရောက်လာလို့ကွ"

ဟု ထန်မိုလျှန်က ဝင်ထိုင်ရင်းမှ ဆက်ပြောပြသည်။ ကိုကြွက်နှင့် ဖိုးတီးကော်တို့ကလည်း လက်ထဲမှ လှံတိုနှင့် ဓားရှည်ကိုချပြီး ဝင်ထိုင်လိုက်ကြသည်၊

ကျွန်ုပ်နှင့် ထော်မဲခမ်းတို့ ဟင်းကောင်ကြီး၏နောက်ကို လိုက်သွားစဉ် ထန်မိုလျှန်က တစ်ဖက်ချုံတွင်း အလေးသွားရာ ဝံနီကြီးရောက်လာပြီး ကိုကြွက်နှင့် ဖိုးတီးကော်တို့ကို တိုက်ခိုက်ရာ လှံတိုနှင့် ဓားတို့က တစ်နေရာဖြစ်နေ၍ တစ်ယောက်က မီးဖိုမှ ထင်းစများနှင့်ပစ်ပြီး ကျန်တစ်ယောက်က ရေနွေးတည်ထားသော ဒန်ချိုင့်နှင့်ပစ်ပေါက်သဖြင့် ဝံနီမှာအော်ပြီး ထွက်ပြေးရာ ထန်မိုလျှန်ကပါ ချုံစပ်မှထွက်၍ဒူးလေးနှင့်ပစ်၍ပစ်လိုက်ခြင်းဖြစ်သည်၊ အထိမနာသော ဝံနီက အပူရှိန်ကြောင့် တစ်ချိုးတည်းပြေးသွားရာ လိုက်မမီဘဲ ပြန်ခဲ့ရသည်ဟု ပြောပြသည်။

"ဟ - ဒါဆိုရင် - မိုလျှန် - မင်းတောထိုင်ပြီးဒီအတိုင်းပဲ ဝံနီကိုလိုက်တာ ညစ်ပတ်ပါလေကွာ"

"ဟား - ဟား - ဟား"

ကိုကြွက်နှင့် ဖိုးတီးကော်တို့က သဘောကျစွာ ရယ်ကြပြီး ထော်မဲခမ်းကပါ သူ့စကားကို သူ့ဟာသူ သဘောကျပြီး ရယ်လိုက်သည်၊ ကျွန်ုပ်က ပြုံး၍ ကြည့်နေလိုက်သည်၊ ထန်မိုလျှန်က -



"ရှီး - ထော်မဲ - နင်ပြောမှပဲ ငါလူညစ်ပတ်ဖြစ်ရတယ် - ကွ"

အလွန်ရိုးသား၍ ချစ်စရာကောင်းသော တိုင်းရင်းသားများဖြစ်သည်၊ ကျွန်ုပ်၏တပည့်နှစ်ယောက်ကိုကြည့်ပြီး ကျွန်ုပ်မှာ သဘောကျမိသည်။

"ကဲ - ကဲ - ထားပါတော့ကွာ။ အခု - တို့ ညစာကို မုန့်နဲ့အသားကင်နဲ့ပဲ ပြီးရတော့မှာပေါ့"

"ဟာ - ဆရာ - အေး - ဟုတ်ပါ့ကွာ။ မိုလျှန် - ငါတို့ထမင်းချက်တဲ့ဒန်ချိုင့်က သုံးမရတော့ - ဘာနဲ့ချက်မလဲကွာ"

ငြိမ်နေသော ကိုကြွက်က -

"အဲ - ဝါး - ဝါးနဲ့ ဟိုးခဲလံတချည်တောက် (ကောက်ညှင်းကျည်တောက်) လုပ်သလို ချက်မယ်လေ"

"ဟာ - ကိုကြွက်ရယ် - ဒီမှာက ဝါးလုံးကြီးမရှိဘူး။ ဒီဝါးလုံးသေးသေးလေးဆိုရင် အများကြီးချက်ရမယ်"

ကိုကြွက်တို့၊ ဖိုးတီးကော်တို့ပြောတာကို နားထောင်ပြီး ကျွန်ုပ်က -

"ကဲပါကွာ - ဆန်ကို အဝတ်ထဲထည့်၊ ရေဆေး၊ အဲဒီအဝတ်နဲ့ပဲ ပြန်ထုပ်ယူခဲ့၊ တစ်ယောက်က မြေကျင်းတူးလိုက်၊ မီးပုံနားမှာပဲတူးကွာ"

ကျွန်ုပ် စကားဆုံးသည်နှင့် ကိုကြွက်က ဓားမတိုနှင့် မြေကြီးကို တူးရွသည်၊ ဖိုးတီးကော်က အဝတ်ထဲကို ဆန်များထည့်ပြီး ရေဆေးရန်ယူသည်၊ မြေကျင်းတူးပြီးတော့ ဖိုးတီးကော် ပြန်ရောက်လာသည်၊ ရေစိုနေသော အဝတ်ထဲမှ ဆန်ကိုပင် အဝတ်ကို အစထုံး၍ ကျင်းထဲထည့်လိုက်ပြီး မြေဖိုနိုင်း၍အပေါ်မှ သစ်ကိုင်းခြောက်များ တင်နိုင်းပြီး မီးဖိုဖြစ်အောင် လုပ်လိုက်သည်၊

တော်တော်ကြာမှ မီးကို ဖယ်ပစ်နိုင်းလိုက်သည်၊ ခဏနေမှ မြေကြီးများကိုပါတူး၍ ဖယ်နိုင်းလိုက်ရာ အငွေ့ထွက်နေသော အဝတ်ထုပ် ပေါ်လာပြီး အဖြင်ကို ထုတ်ယူနိုင်းလိုက်သည်။ အငွေ့အနည်းငယ် သေသွားမှ ဖက်ရွက်များပေါ်ကို အဝတ်ထုပ်ကိုဖြေ၍ ထည့်လိုက်သည်၊ အငွေ့ရှိနေသော ထမင်းတစ်များပေါ်တွင် အိုးနှင့် ချက်၍ ခူးခပ်ထည့်လိုက်သော ထမင်းအတိုင်း ဖြစ်

www.burmeseclassic.com

နေသည့်အပြင် မြေသင်းနံ့ သင်းနေသည်။ ထော်မဲခမ်းနှင့် ထန်မိုလျန်အပါအဝင်၊ ကိုကြွက်၊ ဖိုးတီးကော်ပါ တအံ့တသြကြည့်နေကြသည်။

"ဆရာ - ဟို - အဲဒါ"

ထော်မဲခမ်းက မေးရန် စကားစလိုက်သည့်အတွက် ကျွန်ုပ်ကပင် -

"အေး - ဒီလိုကွာ - တောထဲတောင်ပေါ်မှာ အိုးခွက်မပါပဲ ဆန်ပါရင် ထမင်းချက်စားလို့ရနည်းက ဝါးပိုးဝါးကို အဆစ်ပိတ်ဖြတ်ပြီး ဆန်ဆေးပြီး ထည့်ချက်တာရယ် (ကောက်ညှင်းကျည်တောက်) ဝါးဆစ်ပိတ်ထဲကို ဆန်ကို ရေဆေးပြီး ထည့်အပေါ်က အစို့ပိတ်နဲ့ မီးထဲမှာ ထည့်ဖုတ်တဲ့နည်းရယ်၊ ဆန်ကို ရေဆေးပြီး အဝတ်ကိုပါ ရေစွပ်ပြီး မြေကျင်းတူးပြီး အပေါ်က မီးပုံလုပ်ချက်တဲ့နည်းနဲ့ ချက်လို့ရတယ်။ အခုက အဲဒီနည်းပဲပေါ့ကွာ"

ကျွန်ုပ်က ရှင်းပြလိုက်သဖြင့် အားလုံးသဘောပေါက်သွားသည်၊ ညစာကို မြေတူးမီးဖုတ်ထမင်းနှင့် မြိန်ရှက်စွာ စားလိုက်ကြသည်။ စားနားပြီး မီးပုံများထဲကို ထင်းများထည့်ပြီး အားလုံးအပေါ်ကို တက်လိုက်ကြသည်၊

ညအမှောင်လို တောထဲမှ သစ်ပင်သစ်ရိပ်ကြောင့် ပို၍အမှောင်သိပ်သည်းစေသည်၊

ညဏ်အေးစိမ့်မှု၊ ခြင်ရိုင်းများ၊ ဆူညံနေသော ပိုးပုရစ်တို့ကြောင့် ရုတ်တရက် အိပ်မပျော်ကြပေ။ စကားပြော၍မရသဖြင့် ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။ ကျွန်ုပ်ဆိုပါလျှင် တောတွင်းကိုရောက်သည့်အချိန်မှစပြီး ယခုအချိန်ထိ စီးကရက်မသောက်ရသဖြင့် ပါးစပ်ထဲတွင် အမည်မဖော်နိုင်သော ဝေဒနာတစ်မျိုး ခံစားနေရသည်။ (တချို့က ခံတွင်းချဉ်သည်ဟု ပြောကြသည်။)

"ဖရော - ရှုပ်ရှုပ် - ဖရွး - ဖတ် - ဖတ် - ဝေါ - ဝေါ - ဟီး" ဆိုသည့် လှုပ်ရှားသံများကြောင့် အားလုံးမှာ ခေါင်းထောင်၍ကြည့်မိကြသည်။ မီးအရှိန်ရပြီး တောက်နေသောမီးပုံကြောင့် အနည်းငယ် အလင်းဝေးသည့်နေရာကို မြင်ရသည်၊ သစ်ပင်ပေါ်မှ ငှက်ကလေးများ၊ ချုံထဲမှ တောကြက်များ လန့်၍ပျံထွက်သံနှင့် ကျွန်ုပ်တို့ရှိရာကို ချဉ်းကပ်လာသံများပဲဖြစ်သည်၊ အပင်ငယ်ကို တိုးဝှေ့နင်းလာသံက ပို၍နီးကပ်လာသည်။ အတော်ပင် နီးလာသည်၊ လှုပ်ဟန်၊ ယိမ်းယိမ်းယိုင်ယိုင်လျှောက်လာသူ၊ မီးပုံနှင့် နှစ်လံကျော်အကွာလောက်တွင်ရပ်၍ ကျွန်ုပ်တို့ရှိရာ လင့်စင်ပေါ်ကို မော့၍ကြည့်ပြီး -

"ဟေ့ - ကြွက် - ဖိုးတီးကော် - ငါပါကွ၊ ဖိုးပိန်လေ - ရွာပြန်ချင်လို့၊ ငါ့မှာ မပြန်ရဲဘူးကွာ၊ မင်းတို့နဲ့လိုက်ပါရစေ"

"ဟင် - ဖိုးပိန် - ဟာ - ဒီကောင်က ရွာနားမှာ သေပြီပဲ"

အောက်မှ ဖိုးပိန်ဟုပြောသူကိုကြည့်ပြီး ကိုကြွက်နှင့် ဖိုးတီးကော်က အသံကျယ်ကျယ်ပြောလိုက်ရာ အောက်မှ ဖိုးပိန်ဟုပြောသူက -

"ငါ - ဖိုးပိန်ပါကွာ - ဖိုးပိန်ပါ။ ခင်ပုန့်ကလေးကို အောက်မေ့လို့ပါ၊ ငါ့ကို ခေါ်ပါကွာ"

ဖိုးပိန်ဟုပြောသူကိုကြည့်ပြီး ကိုကြွက်နှင့် ဖိုးတီးကော်တို့က ခေါင်းခါပြီး -

"မဟုတ်ဘူးကွာ - ဖိုးပိန်က သေပြီ"

အောက်မှရပ်၍ပြောနေသူက သည်အချိန်၊ သည်နေရာတွင် ဘာကြောင့်ရှိနေသည်၊ ဘာကြောင့်ရောက်နေရသည်တို့ကိုမပြောပဲ ကျွန်ုပ်တို့ကိုသာ စူးစူးစိုက်စိုက်ကြည့်၍ပြောနေပြီး ယိမ်းယိုင်ခြင်း၊ ခြေလှမ်းပျက်ခြင်းမရှိပဲ စုံရပ်၍ပြောနေသည်၊ သူ့နောက်မှ မည်းမည်းထွားထွားကျိုင်းကျိုင်း တောင့်တောင့်ကြီးနှင့် လက်နှစ်ဖက်ကို ဆန့်တန်းလျှောက်လာသည်ကို အားလုံးက မြင်ကြရာ -

"ဟာ - မည်းမည်းကြီး - ဘာကြီးလဲ - ဆရာ။ ပစ် - ပစ် - ပါ"

ကိုကြွက်က ကြောက်လန့်သံနှင့်ပြောရာ ကျွန်ုပ်က ပခုံးကိုကိုင်၍ငြိမ်ရန် ထိန်းလိုက်သည်၊ ထန်မိုလျန်ကလည်း ဖိုးတီးကော်ကိုပခုံးကိုင်ပြီး ထိန်းသွားသည်၊ နောက်မှရောက်လာသော မည်းမည်းထွားထွားကြီးက ရှေ့မှရပ်နေသော ဖိုးပိန်ဟုပြောသူကို ပြေးဝင်ဖက်လိုက်သည်။

www.burmeseclassic.com

"ဂီး - ဂရား - ဂျစ် - ဂျစ် - ဝေါင်း - ဟမ်း - ဖုန်း - ဖုန်း - အမ်း - ဖရော - ဖရော" ဗိုးပိန်နှင့် မည်းမည်းကြီးတို့လုံးထွေးသွားပြီး ဟင်းကောင်ကြီး၏အသံနှင့် ဝံနီ(ဝက်ဝံသံ)တို့ထွက်ပေါ်လာသည်။ ထော်မဲခမ်းက ဖြည်းညင်းစွာ အိတ်ထဲမှနှိုင်ယူပေးသော တောစလိုက်ကို ကျွန်ုပ်၏ခေါင်းတွင်စွပ်၍ မျက်လုံးကြည့်ရာကို တည့်မတ်စွာထားပြီး မီးခလုတ်ကို ဖွင့်လိုက်သည်။ တစ်ပြိုင်တည်းပင် လက်ထဲမှ (၀၃.၀၃)စပရိမ်ဖီးလ်သေနတ်မှ ကျည်ဆန်က ထွက်သွားပြီး နစ်ချက်ဆင့်၍မြည်သွားသည်။ ဒူးလေးနှစ်လက်မှလည်း မြားတံနှစ်ချောင်း ပြေးထွက်သွားသည်။

"ဂရား - ဂီး - ဂစ်"

"အမ် - အစ်"

ဟင်းကောင်နှင့် ဝံနီတို့မှ ထိခိုက်နာကျင်သံများ ထွက်ပေါ်လာပြီး လဲပြိုကျသံပါ ပေါ်လာသည်။ မီးရောင်နှင့် ကျွန်ုပ် သေနတ်ကို ခလုတ်ထပ်ဆွဲလိုက်ရာ -

"ဒိုင်း - ဒိုင်း - ဝုစ် - ဝုစ်"

"ဖရော - ဖရာ - ဝေါ"

ဆိုသည့်အသံများနှင့်အကောင်ငယ်ကလေးများ ပြေးလွှားသံများကြားရပြီး ပြန်၍ငြိမ်သက်သွားသည်မှာ တောနှင့်လည်းတူ၏၊ ညနှင့်လည်း တူ၏။ ကျွန်ုပ်က အကျီအိတ်ထဲမှ မီးခြစ်နှင့် စီးကရက်ဘူးကို ထုတ်ပြီး စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။

❀❀❀

တောကြက်တို့၏တွန်သံနှင့် ငှက်ကလေးများ၏အော်သံက အလင်းရောင်ရေးရေးတို့သည် ညက ဘာမှမဖြစ်သည့်အတိုင်း တော၏သဘာဝကို ပြနေသည်။ ကျွန်ုပ်တို့အားလုံး လင့်စင်ပေါ်မှ ဆင်းကြပြီး အတော်လှမ်းလှမ်းတွင် လဲပြိုနေသော တောကောင်နှစ်ကောင်ကိုကြည့်ကြရာ ဟင်းကောင်ကြီးနှင့် ဝံနီကြီးကို ငြိမ်သက်၍ လုံးဝမလှုပ်နိုင်တော့သည်ကို မြင်ရသည်။



"ဆရာ - ဗိုးပိန်ဆိုပြီး ဘယ်နယ့် ဟင်းကောင်ကြီးဖြစ်နေတာလဲ။ ဝက်ဝံကြီးကလည်း မည်းမည်းကြီးဆိုတော့ ကျွန်တော်တို့က မကောင်းဆိုးဝါးတွေမှတ်ပြီး လန့်နေတာပေါ့"

ဟု ကိုကြွက်နှင့် ဗိုးတီးကော်တို့က တစ်ပြိုင်တည်းမေးရာ -

"အေး - ကိုကြွက်ရာ - ဗိုးတီးကော်ရောမှတ် - တောဆိုတာက ပရိယာယ်များတယ်၊ အန္တရာယ်လည်းကြီးတယ်။ စိတ်ကိုနိုင်မှ - ဗိုးပိန်သေတာကို ကိုကြွက်နဲ့ ဗိုးတီးကော်တို့က သိနေလို့ပေါ့။ မသိတဲ့သူဆိုရင် ဗိုးပိန်ကို ဆင်းခေါ်ရင် ..."

"ဟုတ်တယ် - ဆရာ၊ ဟင်းကောင်ကြီးရဲ့အစာ ဖြစ်သွားမှာပေါ့"

"အင်း - ဆရာရယ် - ကျွန်တော်တို့အတွက်က မြေတူးမီးဖုတ်ထမင်းနဲ့ ဟင်းကောင်ကြီးရော၊ ဝံနီကြီးကိုပါ မမေ့နိုင်အောင် ဖြစ်နေမှာပါ"

ကျည်ဆန်ရာနှစ်ချက်၊ ဒူးလေးမြားနှစ်ချောင်းစီ စိုက်နေသော ဟင်းကောင်ကြီးနှင့် ဝံနီကြီးတို့ကို ထော်မဲခမ်း၊ ထန်မိုလျှန်နှင့် ကိုကြွက်၊ ဗိုးတီးကော်တို့ ရွာကို ရောက်အောင် ထမ်းကြရပေဦးမည်။

ဖောင်းချောက်နှင့် လက်ပံချေရွာနှစ်ရွာက ဝံနီ(ဝက်ဝံနှင့် ကျားတစ်ကောင်) ဟင်းကောင်တို့ကို မြင်ကြလျှင် ဝမ်းသာသူနှင့် ကြောက်ရွံ့သူများ တအံ့တသြဖြစ်ကြပေလိမ့်မည်ဖြစ်သည်ကို တွေးလိုက်မိတော့သည်။

⤷ **စိုးယဉ်ထွန်း**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အားလုံးလန့်နိုးသွားတယ်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ လက်နှိပ်မီး ရောင် လေးငါးလက်နဲ့ အိမ်ထဲကို ဝိုင်းထိုးထားကြလို့။

"ပေါ်တာ လာဆွဲပြီနဲ့တူရဲ့-မိန်းမရေ"

မိသားစုအားလုံးခြင်ထောင်စုတ်ထဲကနေ အိပ်မှုန်စုံမွှားထပြီး တံခါးချက် ကိုဖွင့်ပေးလိုက်တော့၊ အလိုလေး-ယူနီဖောင်းဝတ်လက်နက်ကိုင်တွေရယ်။ အိမ်ရှေ့မှာရော အိမ်ဝမှာရော အများကြီးပဲဗျာ၊

နောင်အခါ အမေနဲ့ ခြေရင်းအိမ်က ပြောလို့သိရတာက ကျွန်တော့်အိမ် ရှေ့နောက်ဝဲယာ နောက်ဖေးလမ်းကြားတွေမှာ စစ်သားတွေလား၊ ရဲတွေလား မပြောတတ်၊

လက်နက်ကိုင်တွေ ပြေးလို့မလွတ်အောင် အိမ်ပတ်ပတ်လည် ဝိုင်းထား တာတဲ့၊

(ကျွန်တော့်ကို ရှေ[illegible]ပုန်ကြီးလို့များ ထင်ကြလို့ တူပါရဲ့ဗျာ၊ နောက် ဝိုင်းမှာ အဲဒီလိုစွပ်စွဲတာမျိုး ကြုံခဲ့ရတာပါပဲဗျာ၊)

ကျွန်တော် ဒီဖယ်မီးခွက်ကို မီးညှိထွန်းလိုက်တယ်ဗျာ၊ အိမ်မှာ လျှပ်စစ် မီး မရှိဘူးလေ၊

အိမ်ပေါ်မှာ ဂျိုဗိုး၊ ဂျီးသရီး၊ ခြောက်လုံးပြူးကိုင် ရဲတွေ စစ်သားလိုလို ရဲဘော်တွေနဲ့အတူ အရပ်ဝတ်လွယ်အိတ်လွယ်ထားတဲ့ လူတွေ မိသားစုကို ဝိုင်းထားကြတယ်၊

မိုးရိုးဝိုင်းထားတာ မဟုတ်ဘူး၊

သေနတ်တွေနဲ့ ချိန်ထားကြတာ၊

ဝိုင်းသနဲ့ကလေးတွေက ကြောက်လို့ ခေါင်းတွေ ငုံ့ထားကြ၊ အမေလုပ် သူကို တအားဖက်ထားကြ၊

ပေါ်တာလာဆွဲတာနဲ့ တူပါရဲ့၊

ပေါ်တာလာဆွဲကြတာဆိုရင်တော့ ဘဝပျက်ပြီ၊

ကံအလွန်ကောင်းမှ၊ မသေမှ မိသားစုနဲ့ ပြန်ဆုံရမှာ၊





စာအုပ်တွေမှန်သမျှ
ပွလရောင်းခတ်ပြန့်ကျဲ တစ်ရွက်ချင်း
လှန်ရှာကြ။ ထရံကြားမှာ ရှာကြ။
အိမ်အမိုးဓနိကို လှန်ပြီးရှာကြ။
ဆန်တောင်း၊ ကြက်သွန်တောင်း၊
ထမင်းအိုး၊ ဟင်းအိုး၊ ထမီအကျႌ
သေတ္တာမကျန် ရှာကြ။ ခေါင်းအုံးကို
ဖွင့်ပြီးရှာကြ။ အိမ်သာအိမ်အောက်၊
အမှိုက်ပုံးထဲပါမကျန် ရှာကြသတဲ့။
အိမ်မှာ ရှိက်[illegible]းတဲ့ဓာတ်ပုံမှန်ပေါင်ပါ
ရှာရာသေးတယ်။

၁၉၈၈ - ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံကြီးကို စစ်တပ်က ဖြိုခွဲအာဏာ သိမ်းပြီး လပိုင်းမှာပဲ စစ်အုပ်ရေးတပ်မတော်အစိုးရနဲ့ ကရင်လက်နက်ကိုင် အဖွဲ့တွေ မဲသဓေါမှာ အကြီးအကျယ် တိုက်ပွဲဖြစ်နေချိန်လေ၊

အမြို့မြို့ အနယ်နယ်မှာ စစ်ကြောင်းအထမ်းသမားလိုလို့ ပေါ်တာလိုက် ဆွဲနေတာ၊ အလုပ်မရှိတဲ့လူ၊ အရွယ်ကောင်းသန်မာတဲ့လူ တွေ့သမျှ အဓမ္မ ဆွဲခေါ်နေကြတာ၊

ဒါကြောင့် -နေဝင်ပြီဆိုတာနဲ့ အရွယ်ကောင်း ယောကျ်ားသားမှန်သမျှ တောထဲ၊ ကွင်းထဲ၊ ကျင်းထဲ၊ တိုက်ပျက် အိမ်ပျက်တွေထဲ ပြေးရှောင်ပုန်းနေ ကြရတယ်၊



www.burmeseclassic.com

www.burmeseclassic.com

မိုးလင်းမှ ကိုယ့်အိမ် ပြန်လာလုပ်ကိုင် ရှာဖွေစားသောက်ကြရတာ၊ ညရောက်ရင် မိသားစုတွေ ရင်တထိတ်ထိတ်ပဲ၊

မဲသဖေါ်တိုက်ပွဲမှာ ပေါ်တာအထမ်းသမားအဖြစ်လိုက်ရရင် ရှင်လမ်းနဲ့ သေလမ်း၊ သေလမ်းက များတယ်၊

ပြေးမလွတ်လို့ပေါ်တာလိုက်ရသူတွေလည်းတောထဲတောင်ထဲရောက်ရင် ငှက်ဖျားရောဂါက ဝင်၊ ထမ်းရတဲ့ဝန်ကြောင့် ပင်ပန်းဆင်းရဲပြီး အတော်များများ လမ်းမှာတင် အမောဆို့ လဲကျသေခဲ့ရတာလည်းရှိသလို၊

အချို့ကျတော့လည်း စစ်သားတွေအလစ်မှာ တိတ်တဆိတ်ထွက်ပြေးကြ၊ ပြန်ဖမ်းမိသွားရင် ထုထောင်းခံရ၊

ဂျပန်ခေတ်က ပေါ်တာလိုက်ရတဲ့ ချွေးတပ်သားအတိုင်းပဲလို့ ပြောကြ၊

ဒါကြောင့် ကျွန်တော်လည်း (၈၈)အရေးအပြီးမှာ ည,ညရောက်ရင်ပုန်းရှောင်နေရတယ်၊

ညမှောင်လို့တားဆိုက်သံကြားရင်ထမင်းစားရင်း၊အိပ်ရင်းတန်းလန်းက ထပြေးပုန်းရှောင်ရတယ်၊

ဒီညတော့ အေးချမ်းပါတယ်လေ၊

ရပ်ကွက်ထဲ ပေါ်တာဆွဲဝင်ပြီးသွားပြီမို့ နောက်တစ်ကြိမ် မဝင်နိုင်တော့ပါဘူး၊ ရဲနှင့်စစ်သားတွေ ဝင်ချင်လည်း မြို့မတောင်၊ ပဲခူးစု ဝင်ကြမှာပါ၊

ဒီည စိတ်အေးလက်အေး အိပ်မယ်ဟေ့၊

မိသားစုနှင့်အတူ ကျွန်တော် ကြည်ကြည်နူးနူး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျချိန်မှာ သူတို့ မီးရောင်တွေ၊ သေနတ်တွေ၊ စစ်ဖိနပ်တွေနဲ့ အိမ်ပေါ်ကို တရကြမ်းတက်လာခဲ့ကြတာ၊

နှစ်ပွင့်နဲ့ ရဲအုပ်ပါတယ်၊

လွယ်အိတ်ကိုယ်စီနဲ့လူများ၊

ပြီး – မောင်းတင်ထားတဲ့သေနတ်များ၊

လွယ်အိတ်နဲ့ ဝဝလူက ကျွန်တော့်ကို စ,မေးတယ်၊

"စာရေးဆရာ မောင်ညိုမှိုင်းက ခင်ဗျားလား"

"ဟုတ်ပါတယ်"

"ကိုရွှေတင်လို့လည်း ခေါ်တယ်နော်"

"ဟုတ်ကဲ့"

"အဘအမည် ဦးသာဟန်"

"ဟုတ်ကဲ့"

"ဇနီး မခင်စန်းမြင့်က ..."

"ဒါ – ကျွန်တော့်ဇနီးပါ – သူပါ"

"ကျွန်တော်တို့ ရှာစရာရှိလို့ပါ – ကိုညိုမှိုင်း၊ အောက်ကို ဆင်းပေးပါ"

ကျွန်တော့်ကို အိမ်ရှေ့လမ်းမပေါ်ခေါ်သွားပြီး ငုတ်တုတ်ထိုင်ခိုင်းတယ်၊ ပြီး – ကြောက်စရာကောင်းတဲ့လက်နက်တွေနဲ့ပတ်ပတ်လည်ဝိုင်းပြီးချိန်ထားကြတယ်၊

လမ်းထဲက အိမ်တွေ တံခါး ဖွင့်မကြည့်ရဲကြဘူး၊

အဲဒီ့အချိန်ကာလကညမထွက်ရအမိန့်ထုတ်ထားတဲ့ကာလ၊ ခေါင်းရင်းမှာ အမေအရင်းခေါက်ခေါက်၊ ညီအရင်းခေါက်ခေါက်တွေ ရှိတယ်၊

အိမ်ရှေ့မထွက်ရဲကြဘူး၊

ကျွန်မသားပါရှင်၊ ဘာဖြစ်လို့လည်း ထွက်မမေးရဲကြဘူး၊

သူတို့ ကျွန်တော့်ရဲ့ခနီးမိုးထရံကာအိမ်လေးကို ပိုက်စိပ်တိုက် ရှာကြသတဲ့လေ၊ ဘုရားသောက်တော်ရေအိုးတွေ သွန်ပြီးရှာတယ်၊ အိပ်တဲ့ဖျာကို ဓားနဲ့ ခွဲပြီးရှာတယ်၊

စာအုပ်တွေမှန်သမျှ ပွလရောင်းခတ်ပြန့်ကျဲ တစ်ရွက်ချင်း လှန်ရှာကြ၊ ထရံကြားမှာ ရှာကြ၊ အိမ်အမိုးခနီးကို လှန်ပြီးရှာကြ၊

ဆန်တောင်း၊ ကြက်သွန်တောင်း၊ ထမင်းအိုး၊ ဟင်းအိုး၊ ထမီ အင်္ကျီ သေတ္တာမကျန် ရှာကြ၊ ခေါင်းအုံးကို ဖွင့်ပြီးရှာကြ၊ အိမ်သာအိမ်အောက် အမှိုက်ပုံးထဲပါမကျန် ရှာကြသတဲ့၊

www.burmeseclassic.com

www.burmeseclassic.com

"အိမ်မှာ ရိုက်ထားတဲ့ဓာတ်ပုံမှန်ပေါင်ပါ ခွာရှာသေးတယ်၊

နွှရ[redacted]ရးအိုးထဲ မီးထိုးရှာကြတယ်၊

[redacted]လုံး မွှေနှောက် စိတ်တိုင်းကျ ပိုက်စိပ်တိုက်ရှာလို့ဝတော့ -

"ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ - ကိုညိုမှိုင်း"

"ကျွန်တော် ဘယ်ကိုလိုက်ရမှာတုံး"

"ခဏလေးပါ - မကြာပါဘူး၊ ခြော် - ညီမလေး - မင်းအမျိုးသားကို ခဏလေးခေါ်သွားမယ်နော်၊ စိတ်မပူနဲ့နော် - ညီမလေး"

ကျွန်တော် ဘာမှန်းမသိရပဲ၊ အဲဒီညက အချုပ်ထဲကို ရောက်ခဲ့ရတယ်၊ နောင်သိရသည်မှာ လာခေါ်တဲ့သူတွေက ရဲသတင်းတပ်ဖွဲ့နှင့် ထောက်လှမ်းရေးကတဲ့၊

"အခန်းလူကြီး"

"ရှိ"

"ခဏလေး"

ထောက်လှမ်းရေးက အချုပ်ခန်းထဲက အခန်းလူကြီးကို အပြင်ကနေ လှမ်းခေါ်ပြီး စကားတိုးတိုးပြောလိုက်တယ်၊

မကြာဘူး၊ ကျားခေါင်း တံခါးဖွင့်ပြီး ကျွန်တော် အချုပ်ခန်းထဲ ပင်နီဖျင် ကြွမ်းတိုက်ပုံဝတ်နဲ့ ရောက်သွားခဲ့တယ်၊

ဒီမှာနုတ်ခမ်းမွေးကားကား၊ ခေါင်းတုံးနဲ့ အခန်းလူကြီးဖြစ်ဟန်တူသူက သူ့ရှေ့မှာ ထိုင်ဖို့ပြောလိုက်တယ်ဗျာ၊

ကျွန်တော် တင်ပျဉ်ခွေထိုင်လိုက်တော့ အခန်းလူကြီးရဲ့ လူလေးငါး ယောက်က ကျွန်တော့် ဘေးဘယ်ညာ နောက်ကနေ ခါးထောက်ပြီး ဝိုင်းထား ကြပါရော၊ သူတို့မျက်နှာတွေပေါ်မှာ ကြမ်းကြုတ်ခက်ထန်တဲ့လက္ခဏာတွေ က အထင်းသားပဲ၊

ကျွန်တော့်ကို ပုံစံထိုင်မခိုင်းသေးဘူး၊

နှုတ်ခမ်းမွေးကားတား ဝလတောင်းတောင်းခန္ဓာကိုယ်ပေါ်မှာ နဂါးရုပ်၊ ဘီလူးရုပ်ဆေးမင်ကြောင်ထိုးထားတဲ့ အခန်းလူကြီးက စပြီးမေးတော့တယ်၊

"နာမည် ဘယ်လိုခေါ်လဲ"

"ကိုညိုမှိုင်းလို့ ခေါ်ပါတယ်"

"စာရေးဆရာ မောင်ညိုမှိုင်း မဟုတ်လား"

"ဟုတ်ကဲ့"

"ဘတ်(စ်)ကားမောင်းတဲ့ ကိုတရုတ်ကြီးအစ်ကို မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျွန်တော် - ကိုညိုမှိုင်း ကတဲ့ပြဇာတ်တွေကို ကြည့်ဖူးပါတယ်"

"ဟုတ်ကဲ့"

"ကျွန်တော့်ကို မကြောက်ပါနဲ့"

"ကျေးဇူးပါပဲဗျာ"

တော်ပါသေးရဲ့ဗျာ၊ အခန်းလူကြီးလုပ်သူက ကျွန်တော့်ရဲ့ စင်တင် ပြဇာတ်တွေကို ကြည့်ဖူးပြီး ကျွန်တော့်ကို သိရှိလေးစားနေသူဖြစ်ပေလို့၊ နို့မို့ မလွယ်ဘူးဗျ၊

ဘာလို့လဲဆိုတော့၊

ကျွန်တော် အခုရောက်နေတဲ့မျက်နှာချင်းဆိုင်အခန်းမှာ ကျွန်တော်နှင့် ရှေ့ဆင့်နောက်ဆင့်ရောက်လာတဲ့ အချုပ်သားလူသစ်တွေကို တအုန်းအုန်း တဖျောင်းဖျောင်းနဲ့ ပုံစံထိုင် ပုံစံပေးနေသံကို ကြားနေရလို့ပါပဲ၊

"ကိုညိုမှိုင်း - အလျင်တုန်းက ဒီအချုပ်ထဲကို ရောက်ဖူးသလား"

"မရောက်ဖူးပါဘူး"

"ထုံးစံကတော့ အချုပ်ထဲရောက်ရင် အချုပ်ပုံစံထိုင်ရတယ်၊ ထောင်ကို ရောက်ရင် ထောင်ပုံစံ ထိုင်ရတယ်၊ ကိုင်း - ပုံစံထိုင်တာ ပြပေးမယ်၊ တင်ပျဉ် ခွေထိုင်၊ ခါးကို မတ်မတ်ထားပြီး ရှေ့ကို တည့်တည့်ကြည့်၊ လက်သီးဆုပ်ကို ဒူးနှစ်ဖက်ပေါ်မှောက်လျက်တင်၊ လက်နှစ်ဖက် ဆန့်ထား၊ ကိုင်း - လုပ်ကြည့် ဦး"

ကျွန်တော် သူပြောတဲ့အတိုင်း လုပ်ပြ(ထိုင်ပြ)လိုက်တယ်၊

www.burmeseclassic.com

အခန်းလူကြီးလုပ်သူက ကျွန်တော့်ကို ကောင်းမွန်စွာ ဆက်ဆံနေတော့ သူ့တပည့်တွေလည်း ကျွန်တော့်ကို မထိမတို့ကြပဲ စိုက်ကြည့်နေကြတယ်။

"နာမည်မေးရင် အမည်ပြော "ကို" တို့၊ "မောင်" တို့ထည့်မပြောနဲ့။ အဖေ နာမည်မေးရင် "ဦး" ထည့်ပြော - ဟုတ်လား"

"ဟုတ်ကဲ့"

"နာမည်"

"ညိုမှိုင်း"

"အဖအမည်"

"ဦးသာဟန်"

"နေရပ်"

"ထန်းသင်တုန်းရပ်ကွက်"

"ဘာမှုလဲ"

"မသိ"

"ဘာဖြစ်လို့ ကိုယ့်အမှုကိုယ် မသိရတာလဲ"

ဒီပြင့် အချုပ်သားအသစ်ဆိုရင် စုလိုအချိန်မှာ အုန်းဒိုင်းနဲ့ အမလေး အော်နေရပြီပေါ့ဗျာ။ ကိုယ်က ကံကောင်းလို့ အဝတီးမခံရတာ ခင်ဗျ။ အဲဒီမှာ အသက်ကြီးကြီး လူကြီးတစ်ဦးက ကျွန်တော့်ကို စိုက်ကြည့်နေတယ် ခင်ဗျ။ အလိုလေး - ကျောချမ်းလိုက်ပါဘိသနဲ့ဗျာ။

ကျွန်တော့်အိမ်ကို ရဲတွေ၊ စစ်သားတွေနဲ့ အရပ်ဝတ်လူတွေ ရောက်လာ နိုးပြီး ခေါ်လိုက်ခဲ့ပါခေါ်လို့ လိုက်ခဲ့တာပါ။ ဘာမှုနဲ့ဖမ်းမှန်း မသိပါဘူးခင်ဗျာ။

"ကိုညိုမှိုင်း - (၈၈) အရေးအခင်းမှာ ပါဝင်လှုပ်ရှားဖူးလား"

"ဟုတ်ကဲ့"

"သေချာပြီပေါ့ဗျာ။ ထားဗျာ - ဖြစ်လာသမျှ ရဲရဲရင်ဆိုင်ကြစို့လို့ပဲ မှတ်ထားပါ။ အချုပ်ရဲ့စည်းကမ်း ပြောပြမယ်။ အချုပ်ထဲမှာ ရန်မဖြစ်ရဘူး။ ရေချိုးရင် ရေခွက်ငါးခွက်ပဲချိုး၊ အိမ်သာတက်ရင် ရေတစ်ခွက်ပဲသုံး၊ စက္ကူ၊ အဝတ်စ မသုံးရဘူး။ ညဘက်အိပ်ရင် အလှည့်ကျ ကင်းစောင့်ရမယ်။ ညဘက် ချေးပါ ရင် ညကင်းကျသူကို ချေးပါ လို့အော်ပြော၊ ကင်းသမားက "ပါ" လို့ပြောမှ အိမ်သာတက်ရမယ်။ သေးပေါက်ချင်ရင် သေးပေါက်လို့အော်၊ ကင်းသမား က ပေါက်ဆိုမှ သေးပေါက်။ မပြောပဲသွားရင် အပြစ်ပေးခံရမယ်။ ဒီထဲမှာရှိစဉ် ဆေးလိပ်မသောက်ရဘူး မရှိပါက ... မိုးရေ မဝက်ရဘူး။ ယောကျ်ားချင်း အတွာမပြုရဘူး။ အပြင်က အမှုထမ်းတွေ ခေါ်ရင် ရှိုလို့အော်ပြီး ဘာယာတန်းနားမှာ လက်နှစ်ဖက် ရှေ့မှာယှက်ပြီး ရပ်ရ မယ်။ အိပ်ချိန်လို့အော်ရင်အိပ်တော့၊ စကားလုံးဝမပြောရဘူး မှတ်မိလား၊

"မှတ်မိပါတယ်"

"မှတ်မိရင် ပြန်ပြောပြပါ"

ကျွန်တော် အချုပ်စည်းကမ်းတွေကို အစဉ်အတိုင်းမဟုတ်တောင် စုံလင်အောင် ပြန်ပြောပြလိုက်တယ်။

ပုံစံနင့် စည်းကမ်းကိုစွပြီးတော့မှ ကျွန်တော့်ကို နေရာချပေးတယ်၊ အခန်းလူကြီးကပဲ ဂုန်နီအိတ်တစ်လုံး ထုတ်ပေးလို့၊ ဂုန်နီအိတ်လေးဖြန့်ပြီး ထိုင်နေတုန်းမှာ၊

ကျွန်တော် ပုံစံထိုင်နေတုန်း ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေတဲ့ အသားမည်းမည်း၊ နှာခေါင်းပွပွ၊ တုတ်တုတ်ခိုင်ခိုင်လူကြီး ကျွန်တော့်အနီးကို ရောက်လာပြီး စကားလာပြောတော့တယ်။

"ငါ့တူက စာရေးဆရာ မောင်ညိုမှိုင်းနော်"

"ဟုတ်ပါတယ် - ဦးကြီး"

"မောင်ညိုမှိုင်းရဲ့အဖေနာမည်က ဦးသာဟန်နော်"

"ဟုတ်ပါတယ် ခင်ဗျာ"

"မောင်ညိုမှိုင်းတို့ဇာတိက ဘယ်ဒေသတုံး"

"ဆေးလုံးကြီးကျေးရွာဇာတိပါ - ဦးကြီး"

"ဟေ - မင်းအမေ နာမည်ကရော"

"ဒေါ်မြရီပါ ခင်ဗျ"

www.burmeseclassic.com

"အမလေး - ဖြစ်ရလေခြင်းတွယ်"

လူကြီးဟာ ရင်ထုသံမျိုးနှင့် အမလေးတပြီး ကျွန်တော့်လက်ကို ဆုပ်ကိုင်လိုက်ပါရောဗျာ။

"ဦးကြီး - ဘာ - ဘာဖြစ်လို့လဲ ဟင်"

"မောင်ညီမှိုင်း - မင်းက အစ်ကို သာဟန်နဲ့ အစ်မ မြရီရဲ့သား၊ မင်း - ငါ့တူပဲ - လူလေးရ၊ ဖြစ်ရလေကွာ"

"ဗျာ - ဦးကြီးကရော - ဘယ်သူတုံး ဟင်"

"ငါ့နာမည် မုတ်ကြီးတဲ့၊ မင်းအဖေနဲ့ ငါနဲ့က ညီအစ်ကိုဝမ်းကွဲကွ၊ ငါလည်း ဆေးလုံးကြီးသားပဲဟ - ငါ့တူရ"

ဘုရားရေ ...၊

ဦးမုတ်ကြီး - ဆေးလုံးကြီးသား မုတ်ကြီး။

အဖေတို့၊ အမေတို့ မကြာခဏ ပြော့ပြောနေတဲ့ နာမည်ကျော် ဓားပြကြီး၊ လူသတ်သမားကြီး ဦးမုတ်ကြီး။

ကျွန်တော့်ဦးလေးဝမ်းကွဲ ဦးမုတ်ကြီး။

ဝမ်းသာလိုက်တာဗျာ။

"ဟေ့ - ကျော်သန်း - လာဦး"

ဦးလေး ဦးမုတ်ကြီးက အသံကျယ်ကျယ်မာမာနဲ့ လှမ်းခေါ်လိုက်လို့ အခန်းလူကြီး ကျော်သန်းဆိုသူ အနီးကို ရောက်လာတယ်။

"ဦးမုတ်ကြီး - ဘာဖြစ်လို့တုံး"

"ဟောဒီစာရေးဆရာဟာ ဘယ်သူ့အမျိုးလဲ - သိလား"

"ကားမောင်းတဲ့ ကိုတရုတ်ကြီး အစ်ကိုလေဗျာ"

"မုတ်ထား - ဟေ့ကောင်၊ ဒါ - ငါ့တူ - ဆေးလုံးကြီးသားကွ၊ မုတ်ကြီးတူ ဆေးလုံးကြီးသား"

"ဟင် - ဟုတ်လား"

ဒီအချိန်ကစပြီး အချုပ်ထဲမှာ ကျွန်တော့်ကို စာရေးဆရာအနေနဲ့ရော၊ ဇာတ်ဆရာအနေနဲ့ရော၊ ဓားပြလူသတ်သမား ဦးမုတ်ကြီး တူအနေနဲ့ပါ အားလုံးက လေးလေးစားစား ဆက်ဆံကြလေရဲ့ခင်ဗျာ။

အမှန်က ဒီအချုပ်ခန်းထဲမှာ ဦးမုတ်ကြီးက အခန်းလူကြီးပဲလို့ ...၊ ကိုအောင်သန်းက လက်ထောက်အခန်းလူကြီးတဲ့၊ ဦးမုတ်ကြီးက လိုအပ်မှ ဝင်ပါဆိုပဲ၊

"အခန်းလူကြီး ..."

အပြင်က ဝန်ထမ်းရဲ့ခေါ်သံဗျ၊

"ရှိ"

"လူသစ်ဝင်မယ်"

"ဟုတ် ..."

ကျားခေါင်းတံခါးဖွင့်ပြီး ထော့နင်းထော့နင်းနဲ့လူတစ်ယောက်ဝင်လာပါရောဗျာ၊ ဒီအချိန်မှာပဲ မျက်နှာချင်းဆိုင်အခန်းက ထုသံ၊ ရိုက်သံ၊ အော်ဟစ်ညည်းတွား ပုံစံပေးပါတဲ့အသံတွေ ကြားနေရရဲ့ခင်ဗျ။

"ဟေ့လူ - ဒီကိုလာခဲ့"

လက်ထောက်အခန်းလူကြီး ကျော်သန်းက လှမ်းခေါ်လိုက်လို့ အရပ်ပုပုလူ ထော့နင်း ထော့နင်းနဲ့ လာနေတယ်၊

"ဟင် - ဒါ - ဒါ - ကိုခင်မောင်လေးပါလား"

ကိုခင်မောင်လေး ...၊ သူက ချိန်ဘာဆင်းနေတဲ့ ရွှေနေလောင်းခင်ဗျ၊ ဪ - သူ - သူက (၈၈)အရေးတော်ပုံ၊ ကျွန်တော်တို့မြို့ရဲ့သပိတ်ခေါင်းဆောင်အဖွဲ့ဝင်တစ်ဦး၊

သူက ခန္ဓာကိုယ် မသန်ရှာဘူးဗျာ၊

ပိုလီယိုရောဂါဒဏ်ကြောင့် ဘယ်လက်နှင့် ညာခြေသေနေတဲ့သူ ရောက်သွားခဲ့ရသူပါဗျာ၊

သူ့များ ပုံစံပေး လွှန်သွားရင် ဒုက္ခပဲဗျာ။

www.burmeseclassic.com

ဒါနဲ့ – အခန်းလူကြီး ကိုကျော်သန်းကို မေတ္တာရပ်ခံရတယ်။

"ကိုကျော်သန်း – အဲဒါ – ကျွန်တော်တို့လူ ရှေ့နေပါဗျာ။ ကြည့်ပါဗျာ"

ကိုကျော်သန်းကလည်း သူ့ကိုမြင်ဖူးတော့ အဆင်ပြေသွားခဲ့ပါတယ်ဗျာ။

ကျန်းမာရေးမကောင်းလို့ ပုံစံကိုသက်သာသလိုထိုင်စေပြီး စည်းကမ်းတွေကို သင်ပြပေးတယ်။

"နာမည်"

"ခင်မောင်လေး"

"အဘအမည်"

"... ... ..."

"နေရပ်"

"ထန်းပင်ကုန်းရပ်ကွက်"

"ဘာမှုလဲ"

"မသိပါဘူး ခင်ဗျာ။ အိပ်ပျော်နေတုန်း ခဏလေးဆိုပြီး ခေါ်လာတာပါ"

"ဟုတ်ပါပြီ – စာရေးဆရာ ကိုညိုမှိုင်းလိုပဲပေါ့။ ကိုညိုမှိုင်းကို သိလား"

"သိပါတယ် – သူငယ်ချင်းပါ"

"ကိုခင်မောင်လေး – သပိတ်စခန်းမှာ နေ့တိုင်း တရားဟောဒါပဲလေ။ အရေးအခင်းကိုစွပ်ပဲ နေမှာပေါ့"

အမလေးဗျာ။

ပြောနေတုန်းရှိသေးတယ်။ ကျားခေါင်းကနေ အဘိုးကြီးတစ်ဦး ဝင်လာပါရော။ ကြည့်လိုက်တော့ စာရေးဆရာကြီး (ဦး) ချစ်သန်းမြင့်။

နောက်ဆုံးတော့ အချုပ်ထဲမှာ ဇာတ်ပေါင်းသွားတော့တယ်ဗျာ။ စာရေးဆရာ ဦးချစ်သန်းမြင့် ပြီးတော့ ... ကိုလှမြင့်ဦး အချုပ်ထဲ ရောက်လာတယ်။

ပြီး – ကိုလှမြင့်ဦး။

ရှေ့ဆင့် နောက်ဆင့်ပဲ။

မျက်နှာချင်းဆိုင်အခန်းမှာ ဂီတသမဂ္ဂဖွဲ့ခဲ့တဲ့ ကိုကျော်မြင့်နှင့် ကိုအေးသိန်း။

အားလုံးကို ခဏလေးပါ။ မေးစရာရှိလို့ပါဆိုပြီး ခေါ်လာကြတာ။ သဘောပေါက်ပါပြီဗျာ။ ကျွန်တော်တို့(၆)ဦးက ၁၉၈၈ – ခုနှစ် အရေးတော်ပုံ သပိတ်စခန်းမှာ တရားဟောခြင်း၊ သမဂ္ဂဖွဲ့ခြင်းတွေမှာ ပါဝင်လှုပ်ရှားခဲ့သူတွေ။

ဆရာဦးချစ်သန်းမြင့် မှလွဲ၍ ကျွန်တော်တို့ ငါးဦးက အစိုးရဝန်ထမ်းတွေပါ။

တပ်မတော်က (၈၈) အရေးအခင်းကို ဖြိုခွင်းလိုက်တော့ ကျောင်းသားတွေ၊ အရပ်သားတွေ အရေးတော်ပုံမှာ ပါဝင်သူတွေ တောခိုကုန်ကြတယ်။

အချို့ကို ရက်ရက်စက်စက် လုပ်ပစ်လိုက်ကြတာကိုး။

သန်လျင်မြို့မှာရှိတဲ့ စက်ရုံတွေက အစိုးရဆန့်ကျင်ဆန္ဒပြသူတွေလည်း အလုပ်ပြန်မဆင်းရဲကြဘူး။

အလုပ်ဆင်းရင် ဂိတ်ဝကနေ ဖမ်းမှာ စိုးရိမ်နေကြတယ်။

သို့သော် စစ်တပ်အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး စောမောင်က အလုပ်သမားတွေ လုပ်ငန်းခွင်ကို ပြန်ဝင်ကြပါ။ မည်သူ့မှ အရေးမယူပါဘူးလို့ ရေဒီယိုကပြောတော့။

လူကြီးစကားမို့ ယုံတာပေါ့ဗျာ။

ကျွန်တော်တို့ အလုပ်ပြန်ဆင်းကြတာပေါ့။

အလုပ်ဆင်းလို့ ရက်ပိုင်းရှိသေးတယ်။ ညဥ့်သန်းခေါင်ဝန်းကျင် လာဖမ်းကြပါရော။

ကျွန်တော်တို့ချင်းလည်း သိကြပြီ။ ကျွန်တော်တို့အားလုံးကို ဒီည တစ်ပြိုင်နက်တည်း စုဖမ်းတာသည် (၈၈)အရေးအခင်းမှာ အစိုးရကို ဆန့်ကျင်လှုပ်ရှားလို့ ...။ အချုပ်သားတွေကလည်း နိုင်ငံရေးလုပ်တဲ့ စာရေးဆရာတွေမှန်းသိပြီး ရှိတာလေးတွေ ချကျွေး၊ အားပေးစကား ပြောကြပေါ့။ ပညာတတ်တွေမို့ လေးလေးစားစားလည်း ပါတာပေါ့ဗျာ။

ကိုကျော်မြင့်နဲ့ ကိုအေးသိန်းတို့က ဟိုဘက်အခန်းမှာ ကံဆိုးရှာသယ်ဗျာ။ အခန်းလူကြီး(ကလေးသတ်တဲ့ လူသတ်သမား)က ပုံစံပေးပိုက်တာ မနည်းထိုင်ယူရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါတောင် - ဦးမှတ်ကြီးတို့က သာယာတန်းတစ်ဖက်ကနေ မေတ္တာရပ်ခံလို့ သက်သာသွားတာ။

အိုးဗျာ ...။

ဒီညကတော့ လူဖမ်းပွဲညပဲဗျို့။

ညဉ့် (၁၂) နာရီလောက်မှာ ဟိုဘက်အခန်းမှာ ကြိုးတုပ်ခေါ်လာတဲ့ လူသစ်တွေ မနည်းဘူးပဲဗျာ။

မရှိဘူးဆို - လူအယောက် နှစ်ဆယ်ခန့်ပဲ။

ကျောက်တန်းဘက်နေ ဖမ်းလာတာတဲ့။ အရွယ်ကောင်းတွေပဲဗျာ။ လူအုပ်များတော့ ဟိုဘက်အခန်းက အခန်းလူကြီး ဘာမှမလုပ်ရဲ၊ မထိရဲဘူး။ ပေါ်တာဆွဲခဲ့ရတာတဲ့။

ဩော် - မီးများ မီးနိုင်၊ ရေများ ရေနိုင်ပါလား။

သည့်နောက် - ကျွန်တော်တို့လေးဦး ဂုန်နီအိတ် ခင်းထားတဲ့ သံမံတလင်းပေါ်မှာ လှဲချလိုက်ကြတယ်။

ပါတို့ကို ဘာလုပ်ကြမှာလဲ။

အပြင်မှာ အစေးအခင်းတုန်းက ပါဝင်လှုပ်ရှားခဲ့သူတွေကို ညဘက် ရောက်ရင် ခေါ်ပြီးသတ်ပစ်သတဲ့။

ပြောသံတွေ ကြားနေရတယ်။

လူတိုင်း ကြောက်နေရတဲ့အချိန်။

ညမထွက်ရ ပုဒ်မ (၁၄၄)။

လူငါးယောက်ထက် ပိုမစုရ။ အမိန့်။

ကျွန်တော်တို့ကိုရော ကြားရသလိုများ ခေါ်ထုတ်သတ်ကြမှာလား။ အိမ်မှာ ဇနီးနဲ့ကလေးသုံးယောက် မျက်စိသူငယ်၊ နားသူငယ် ကျန်ရစ်ခဲ့ကြရဲ့။

ကလေးပါလို့ သူတို့ပြောတာပဲ။

တစ်ရက်၊ နှစ်ရက်ဆို ပြန်လွှတ်ပေးလိမ့်မယ်တုပါရဲ့။ အမေလည်း ဝမ်းနည်းပြီးလဲသွားလေမလား။ ဇနီးသည်မခင်စန်းမြင့်ရော ကလေးသုံးယောက်နဲ့ ဘယ်လိုချက်ပြုတ်လုပ်ကိုင်နေနိုင်မှာလိမ့် ... ဟူး ...။

ဒီလိုနဲ့ မပျော်တစ်ချက်၊ ပျော်တစ်ချက်ရှိပြီး မှေးခနဲ အိပ်ပျော်သလို ဖြစ်သွားချိန် -

"ပုံစံထိုင် ..."

အခန်းလူကြီး ဦးမှတ်ကြီးရဲ့ ရုတ်တရက်အော်လိုက်သံကြောင့် အိပ်ပျော်နေသူ အချုပ်သားတွေအားလုံး ဝုန်းခနဲ ထ.ထိုင်ပြီး ပုံစံထိုင်လိုက်ကြတယ်။ အားလုံး အိပ်မှုန်စုံမွှား။

"ရင်ကော့ - ခေါင်းမော့ထား - အသံမထွက်နဲ့"

ဘာဖြစ်လို့ပါလိမ့်။

မိုးလည်း မလင်းသေးဘူး။ အေးလေ - အချုပ်ပဲဥစ္စာ။ စစ်ချင်တဲ့အချိန် ဝင်စစ်မှာပေါ့။

အားလုံး အချုပ်ခန်းနှစ်ခန်းက လူတစ်ရာနီးပါးခန့်ရဲ့ ပုံစံထိုင် ငြိမ်သက်နေပုံက ကြောက်စရာကောင်းအောင် တိတ်နေတာပဲ။

ဒီမှာ - အချုပ်သာယာတန်းအပြင်က အသံတစ်သံညဉ့်ဦးယံကို ဖောက်ပြီး ထွက်ပေါ်လာတယ်။

"ညိုမှိုင်း"

"ရှိ"

"ထ"

ကျွန်တော့်နာမည် ခေါ်လိုက်သံကြောင့် ကျွန်တော် ထပြီးပုံစံရပ်နေရှိန်။

"ညိုမှိုင်း - ထွက်မယ်"

နောက်ထပ် ဘယ်သူ့ကိုမှ မခေါ်တော့ဘူး။

ကျွန်တော့်ကို ကျားခေါင်းတံခါးဖွင့်ပြီး လက်နက်ကိုင်တွေက လက်ထိတ်ခတ်လိုက်တယ်။ ရှေ့မှာ တိုယိုတာချက်ပလက်လို ကားတစ်စီး နောက်တံခါးဖွင့်ထားတာကို မီးရောင်နှင့် မြင်ရတယ်။

လက်နက်ကိုင်တွေ အများကြီးပဲ။

ဒီမှာ - တစ်ဦးက ကျွန်တော့်ခေါင်းပေါ်ကို အနက်ရောင် အဝတ်အိတ်တစ်ခု စွပ်ချလိုက်တယ်။

www.burmeseclassic.com

ကျွန်တော် ဘာမှမမြင်ရတော့ဘူး။

ဒီအချိန်မှာ အခန်းလူကြီးဦးမှတ်ကြီးအပါအဝင် အချုပ်သားတွေ မျက်စိမျက်နှာပျက်ပြီး စိုးရိမ်သွားကြတယ်လို့ သိရပြီး အချို့က မျက်ရည်စို့ဝဲကုန်ကြသတဲ့လေ။ ဒီမြင်ကွင်းက ကြိုးစင်ပေါ် တင်တဲ့၊ လုပ်တဲ့မြင်ကွင်း။ သုတ်သင်ခါနီးလုပ်တဲ့အပြုအမူ။

ပြီး - လက်နက်ကိုင်တွေက ကျွန်တော့်ကို ကားလေးပေါ် ဆွဲတင်ပြီး ကားနောက်တံခါးကို ပိတ်လိုက်ကြတယ်။ ကားပေါ်ရောက်တော့ လက်နက်ကိုင်ရဲဘော်တွေက ကားခြေနင်းကြမ်းခင်းပေါ်မှာ ကျွန်တော့်ကို လေးဖက်ထောက်ဝပ်နိုင်းလို့ ငြင်းမရတာနဲ့ လေးဖက်ထောက်ပြီး ဝပ်လိုက်ရတယ်ဗျာ။

ဒီမှာ - ဘယ်ညာထိုင်ခုံပေါ်မှာ ထိုင်နေကြတဲ့ လက်နက်ကိုင်တွေက ကျွန်တော့်ကျောကုန်းကို ဒူးတွေနဲ့ ဖိုင်းဖိထားကြသလို၊ အချို့က စစ်ဖိနပ်တွေနဲ့ နင်းထားကြတယ်။

ကြာတော့ - ကျွန်တော့်နဖူးက ခြေရာစွာစာ၊ သဲတွေ၊ ရွှံ့တွေ ပေကျံနေတဲ့ ကားခြေနင်းသံပြားနဲ့ သွားထိနေတော့တယ်။

ပြီးနောက် - ကားကို အချုပ်ခန်းရှေ့ကနေ မောင်းပြီး အဝေးကို မောင်းသွားကြတော့တယ်။

အချိန်ကြာမြင့်စွာ မောင်းနေတာဗျ။

ဘာမှလည်းမမြင်ရ၊ သူတို့ကလည်း ဖိနင်းထားပြီး စကားမပြောကြ။ အသက်ရှူကျပ်လာတယ်။

မဟုတ်မှလွဲရော၊

အပြင်မှာ ကြားနေရသလို ကျွန်တော့်ကို သတ်ပစ်ဖို့ မြို့ပြင်လူမမြင်ရာ ပင်လယ်စပ်ကို ခေါ်သွားကြရော့လား။

သေချာပါပြီဗျာ၊

သူတို့ ကျွန်တော် တစ်ယောက်တည်းကို သတ်ပစ်ဖို့ ကားနဲ့ အဝေးကို ခေါ်သွားနေတာ ဖြစ်မှာဗျ။

လူလည်း သူတို့ရဲ့ဒူးတွေနဲ့ ခြေထောက်ကြားမှာ ကြာတော့ ပြားကျသွားပြီ။ ဖောရွှေးတွေနဲ့ စိုရွှဲနေတယ်။

ကျွန်တော်များ အသတ်ခံရလို့ သေသွားခဲ့ရင် ...

ကျွန်တော့်ဇနီးနှင့် သားသမီးသုံးယောက် ဘယ်လိုများ စားဝတ်နေရေးအတွက် ရုန်းကန်ကြပါ့မလဲ။

ကျွန်တော့်ကလေးတွေ ကျောင်းမှ နေနိုင်ပါ့မလား။

အဖေမရှိတဲ့ကလေးတွေလို့ အရပ်က ဆိုကြလေမလား။

ဇနီးသည် မုဆိုးမအရွယ်ကောင်းကို ဘယ်လိုလူစားတွေကများ စော်ကားကြလေမလဲ။

ကျွန်တော့်ကို ဘာအမှုနဲ့ဖမ်းတယ်၊ သူတို့မပြောဘူးဆိုကတည်းက ကောင်းတဲ့နိမိတ် မဟုတ်မှန်း ကျွန်တော် သဘောပေါက်နေပြီဗျာ။

တစ်နာရီကျော်ကျော် နှစ်နာရီနီးပါး လမ်းပေါင်းများစွာကို ဝင်ထွက်နေသလို၊ ကွေ့ပတ်မောင်းပြီးနောက် ကားက တစ်နေရာမှာ ရပ်သွားတယ်။

ကားပေါ်က ခုန်ဆင်းတဲ့အသံတွေနှင့် သေနတ်ချင်းထိတဲ့အသံတွေနဲ့ အတူ သေနတ်မောင်းတင်တဲ့အသံမျိုးလည်း မမြင်ပေမယ့် နားက ကြားနေရတယ်ဗျာ။

သူတို့ မှောက်နေတဲ့ ကျွန်တော့်ကို ဆွဲထူပြီး ကားပေါ်က ဆင်းစေတယ်။ ပြီး - ကျွန်တော့်ကို လေ့ကားထစ်တွေ နင်းတက်ရတဲ့နေရာ ခေါ်သွားပြီး ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်ခိုင်းတယ်။

သည့်နောက် မျက်နှာခေါင်းစွပ် စွပ်ထားတဲ့ ကျွန်တော့်ကို တစ်ယောက်က စပြီးမေးခွန်းတွေ မေးတော့တယ်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

"ကိုရွှေတင်လို့ ခေါ်ပါတယ်"

"အဘအမည်"

"ဦးသာဟန်ပါ"

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားက စာရေးဆရာနော်"

"ဟုတ်ကဲ့"

"ကလောင်နာမည်ကရော ..."

"မောင်ညီမှိုင်းပါ"

"ဝန်ထမ်းရော လုပ်နေတယ် မဟုတ်လား"

"ဟုတ်ကဲ့ - ရေနံချက်စက်ရုံမှာ လုပ်ပါတယ်"

"ဇနီးနာမည် ..."

"မခင်စန်းမြင့်"

"သားသမီး ဘယ်နှယောက်ရှိလဲ"

"သုံးယောက်"

"လက်ရှိနေတဲ့လိပ်စာကရော ..."

"သန်လျင်ထန်းပင်တုန်းရပ်ကွက်၊ အမှတ်(၁၀)၊ (၅)လမ်းပါ"

"ညီအစ်ကိုမောင်နှမ ဘယ်နှယောက်ရှိလဲ။ မှန်မှန်ဖြေပါ။ ကျုပ်တို့ကို ညာဖို့လုံးဝမကြိုးစားနဲ့"

"အားလုံး ခြောက်ယောက်ရှိပါတယ်"

"နာမည်နဲ့ နေရပ်လိပ်စာတွေ ပြောပါ"

ကျွန်တော်က ညီအစ်ကို မောင်နှမ (၆)ဦးရဲ့နာမည်နဲ့ နေရပ်လိပ်စာတွေကို ပြောပြလိုက်တယ်။

"ကိုညီမှိုင်း - ပြီးခဲ့တဲ့အရေးအခင်းမှာ ဘာတွေလုပ်ခဲ့လဲ"

"ဆန္ဒပြတာကို သွားကြည့်ပါတယ်"

"ဘယ်သူတွေပြတာတုံး"

"ကျောင်းသားနဲ့ အလုပ်သမား အရပ်သားတွေကို မြင်ရပါတယ်"

"ဘယ်သူ့ကို ဆန္ဒပြကြတာတုံးဗျာ"

"အစိုးရကို ကြားရပါတယ်"

"ဆန္ဒပြတဲ့ကျောင်းသားတွေကို သိလား"

"မသိပါဘူး"



ကျွန်တော်က ညာပြီးဖြေလိုက်တယ်။

"ဘာလို့မသိတာတုံး"

"ဦးခေါင်းမှာ ခေါင်းစွပ်တွေ စွပ်ထားလို့ပါ"

"ဆန္ဒပြတာ ဘယ်နှရက်ကြာသလဲ"

"တစ်လခန့်မျှ ရှိမယ်ထင်ပါတယ်"

"ကိုညီမှိုင်းရော - ဆန္ဒပြတဲ့ထဲ ပါတယ်မဟုတ်လား"

သိပြီဗျာ၊ ကျွန်တော့်ကို (၈၈)အရေးတော်ပုံကိစ္စ တဖြည်းဖြည်း စစ်မေးနေတာဗျ၊ ကျွန်တော် ရွှေးစို့လာပြီ။

"မပါဘူး"

"ခင်ဗျားက ကျုပ်တို့ကို လိမ်ညာနေတာပဲ၊ ခင်ဗျားပါတယ်ဆိုတာ မျက်မြင်သက်သေရှိတယ်၊ ဘာပြောချင်သလဲ"

"အစကနဦးမှာ မပါဘူး"

"ဟုတ်ပြီ - နောက်ပိုင်းပါတယ်ပေါ့"

"ဟုတ်ကဲ့"

ငြင်းလို့မရဘူးလေ။ ကျွန်တော့်ကို ထောက်လှမ်းရေးက စစ်မေးနေမှန်း ကျွန်တော် သိလိုက်ပြီပဲဗျာ။

"ဘယ်နှရက်ပါဝင်ဆန္ဒပြသလဲ"

"... ... ..."

"ကိုညီမှိုင်းတို့ အလုပ်ဌာနက ဘယ်သူတွေပါလဲ"

"အမှုထမ်းရော၊ အရာထမ်းရော အများကြီးပဲ"

"သပိတ်စခန်းမှာ ခင်ဗျား အစိုးရဆန့်ကျင်ရေးတရား ဟောခဲ့တယ် မဟုတ်လား"

"မဟောပါဘူး"

"မညာချင်ပါနဲ့ - ကိုညီမှိုင်း။ ခင်ဗျား သပိတ်စခန်းတရားဟော ခဲ့မြင့်ရေ့ကာ ပရိသတ်ထဲမှာ ကျုပ်တို့လူတွေအသွင်သဏ္ဍာန်အမျိုးမျိုးနဲ့ ရှိနေတယ်။ အမှန်အတိုင်းပြောပါ"

www.burmeseclassic.com

ကျွန်တော်က အဟုတ်မှတ်ပြီး ဝမ်းသာနေတာပေါ့ဗျာ။ ဘယ်ဟုတ်မှာလဲ။ နောင်အခါ အဲဒီသံချပ်ရေးခဲ့ဖူးတဲ့ကိစ္စက ကျွန်တော့်လည်ပင်းကို ကြိုးကွင်းစွပ်လုနီးပါးဖြစ်ခဲ့ရတာကိုး။ (၈၈)အရေးတော်ပုံတုန်းက အိမ်ရှင်မများအဖွဲ့ ဆန္ဒပြသူတွေက သံချပ်တွေထိုးပြီး လှည့်တာကိုး။ သံချပ်စာသားတွေက ပြောင်မြောက်ထိမိလွန်းတော့ အဲဒီသံချပ်တွေ ကျွန်တော် ရေးပေးတာလို့ မှတ်ယူပြီး စစ်ကြောရေးကနေ တရားရုံးရောက်သည့်တိုင် အစိုးရရှေ့နေက မေးခွန်းတွေ မေး...ပါ့ဗျာ။



"အစိုးရဆန့်ကျင်ရေးတရား မဟောပါဘူး"

"အခြင့် – ဘာဟောခဲ့တုံး"

"အလုပ်သမားတွေဆင်းရဲလွန်းလို့စားရေးဝတ်ရေးကုန်ဈေးနှုန်းကြီးမြင့်မှုကြားမှာ ဒုက္ခရောက်တဲ့အကြောင်း ဟောခဲ့ပါတယ်"

"ပြီးတော့ရော ..."

"ဒါပါပဲ ..."

"ခင်ဗျား နှစ်ရက် ဟောခဲ့တယ်လို့ မျက်မြင်သက်သေတွေပြောတယ်။ ငြင်းချင်သေးလား"

"မငြင်းပါဘူး"

"နောက်နေ့ ဘာဟောခဲ့လဲ"

" ရှင်ဘုရင်ဆိုတာ လောဘကြီးတဲ့လူစားဖြစ်တဲ့အကြောင်း ပုံပြင်တစ်ပုဒ် ဟောခဲ့ပါတယ်"

"ပြောပြပါ"

ကျွန်တော်တော့ သူတို့ဆင်တဲ့ကျော့ထဲက ဝင်တိုးနေပြီဗျာ၊ လွတ်လမ်းကတော့ မမြင်ပါဘူး။ ဒါနဲ့ – ရှင်ဘုရင်တစ်ပါးရယ်၊ ဘာသနာပိုင်ဆရာတော်ရယ်၊ အရူးတစ်ယောက်ရယ် ပါဝင်တဲ့ ရှင်ဘုရင်လောဘပုံပြင်ကို ပြောပြလိုက်တော့ သူက ရယ်တယ်၊

"စာရေးဆရာဆိုတော့ အပြောကောင်းတာပေါ့ဗျာ၊ ဒါနဲ့ – ခင်ဗျားဆေးလိပ်သောက်တတ်သလား"

"ဟုတ်ကဲ့"

"သောက်ချင်လား"

"ဟုတ်ကဲ့"

စစ်မေးနေတဲ့ ထောက်လှမ်းရေးထဲက စီးကရက်သောက်တဲ့အနံ့ရလို့ ကျွန်တော် ခံတွင်းချဉ်နေပြီဗျ၊ ကျွန်တော်က ဆေးလိပ်အလွန်ကြိုက်သူဆိုတော့ ဟုတ်ကဲ့လို့ ပြောလိုက်တာပေါ့။

"ခဏလေးစောင့်"

သူ – ကျွန်တော့်ရှေ့က ထသွားတဲ့အသံ ကြားရတယ်၊ အင်း – ထောက်လှမ်းရေးတွေ ဆိုးတယ်၊ လက်သံပြောင်တယ်၊ စစ်ကြောရေးမှာ ရက်စက်ကြမ်းကြုတ်တယ်လို့ ပြောနေကြတာ ဟုတ်ရဲ့လားဗျာ၊

အခု – သူ – ကျွန်တော့်ကို ဆေးလိပ်တိုက်ဖို့ သွားယူနေပြီဗျာ၊ ကျေးဇူး...ပဲ – ဆရာကြီးရယ်၊

မကြာဘူး၊ ကျွန်တော့်ရှေ့က ကုလားထိုင်မှာ ထိုင်တဲ့အသံ ကြားရတယ်။

"ကိုညိုမှိုင်း – နေသာထိုင်သာ ရှိရဲ့လား"

www.burmeseclassic.com

ဟင် – စောစောက ကျွန်တော့်ကို စစ်မေးနေတဲ့လူ မဟုတ်ဘူးဗျာ။ ဒါက နောက်စစ်မေးသူတစ်ယောက်ပါကလား။

"မျက်နှာစွပ်ထားတဲ့ခေါင်းစွပ် ချွတ်ပေးပါဗျာ"

"ခဏလေးပါဗျာ။ ကျွန်တော် သိချင်တာ မေးပြီးရင် ချွတ်ပေးပါ့မယ်။ ဖြေပေးပါဦးနော်"

သည့်နောက် ရှေ့ကလူမေးတဲ့အတိုင်း မေးခွန်းတွေမေးတယ်။ ကျွန်တော်က ဖြေရတယ်၊ ထပ်တူနီးပါးပဲ၊

မေးခွန်းရဲ့မတူတာ နည်းနည်းပါတယ်၊

"ကိုညီမှိုင်းက သံချပ်တွေ ရေးဖူးတယ်ဆို ..."

"ဟုတ်ကဲ့"

"ဘယ်တုန်းက ဘယ်မှာရေးတာလဲ"

"ရန်ကုန် မဟာသင်္ကြန်မှာ ပြိုင်ပွဲဝင်သင်္ကြန်အလှကားတွေ ထွက်တုန်းက ရေးတာပါ"

"သံချပ်တွေ အရေးကောင်းပဲ"

(ကျွန်တော်က အဟုတ်မှတ်ပြီး ဝမ်းသာနေတာပေါ့ဗျာ။ ဘယ်ဟုတ်မှာလဲ၊ နောင်အခါ အဲဒီသံချပ်ရေးခဲ့ဖူးတဲ့ကိစ္စက ကျွန်တော့်လည်ပင်းကို ကြိုးတွင်းစွပ်လုနီးပါးဖြစ်ခဲ့ရတာကိုး။ (၈၈)အရေးတော်ပုံတုန်းက အိမ်ရှင်မများအဖွဲ့ ဆန္ဒပြသူတွေက သံချပ်တွေထိုးပြီး လှည့်တာကိုး၊ သံချပ်စာသားတွေက ပြောင်ပြောက်ထိမိလွန်းတော့ အဲဒီသံချပ်တွေ ကျွန်တော် ရေးပေးတာလို့ မှတ်ယူပြီး စစ်ကြောရေးကနေ တရားရုံးရောက်သည့်တိုင် အစိုးရရှေ့နေက မေးခွန်းတွေ မေးခဲ့ပေါ့ဗျာ။)

"စာရေးဆရာ သမဂ္ဂဖွဲ့တုန်းက ပါသေးလား"

"မပါ,ပါဘူး"

"စာရေးဆရာသမဂ္ဂဥက္ကဋ္ဌက ဘယ်သူလဲ"

"မသိပါဘူး"

"ကျုပ်တို့သိတယ်"

"သိရင် – ဆရာကြီးတို့ ဆက်လုပ်ပါ"

"စာရေးဆရာသမဂ္ဂက စီစဉ်တဲ့ နံရံကပ်စာစောင်မှာ ဝင်ရေးတာ ဘယ်သူတွေလဲ"

"မသိပါဘူး"

"ခင်ဗျားက "ဘူး" ခံနေတာလား။ နာချင်လို့လား"

"ကျွန်တော် သွားမဖတ်လို့ပါ"

(အမှန်က စာရေးဆရာသမဂ္ဂဥက္ကဋ္ဌကိုလည်း သူတို့ ခေါ်စစ်ဆေးပြီး ထွက်ချက်တွေ ယူပြီးပြီဗျ။ တပ်မတော်က အာဏာသိမ်းပြီလို့ ကြေညာတဲ့ည မှာပဲ၊ သမဂ္ဂနံရံကပ်စာစောင်၊ ဆောင်းပါး၊ ကဗျာတွေကို သမဂ္ဂစာရေးဆရာ တွေက ဆွဲဖြုတ်မီးရှို့ပစ်လိုက်တော့ သက်သေခံ မရတော့ဘူးပေါ့ဗျာ။ ခုတော့ (၈၈)အရေးတော်ပုံ စာရေးဆရာသမဂ္ဂဥက္ကဋ္ဌလည်း ကွယ်လွန်သွားခဲ့ပါပြီ။)

"ရေဆာလား"

"ဆာတယ် – ကျွန်တော် အာခေါင်တွေ ခြောက်ကပ်နေပြီ"

မနက်မိုးမလင်းကနေ သူတို့ စစ်မေးနေတာ အတော့်ကို ကြာနေပြီဗျာ၊ တစ်ယောက်မေးရင် တစ်နာရီမက ကြာတယ်။

"ခဏလေးနော် – နည်းနည်းမေးပြီးရင် – သောက်ရေ – ကျွန်တော် ခပ်ပေးမယ်"

ထောက်လှမ်းရေးက ဆက်မေးတယ်။ အတန်ကြာတော့ စောင့်နေနော်၊ ကျွန်တော် သောက်ရေ သွားခပ်လိုက်ဦးမယ်လို့ ပြောပြီး ထွက်သွားတယ်၊ စီးကရက်မသောက်ရရင် နေပါစေဗျာ၊ ရေတစ်ခွက် သောက်ရရင် ကျေနပ် ပါပြီ၊ ရင်တွေပူပြီး အာခေါင်ကွဲမလို ဖြစ်နေပြီကိုး။

မကြာဘူး၊ ရှေ့မှာ တစ်ယောက်ရောက်လာတယ်၊

သောက်ရေမပါဘူး၊

နောက်ထပ် စစ်ကြောရေး လူသစ်တစ်ဦး၊

www.burmeseclassic.com

သူကလည်း ရှေ့က လူတွေလိုပဲ မေးခွန်းတွေ ပြန်မေးတယ်၊ ကွဲလွဲနေတာကို ပြန်မေးတယ်၊ အတော့်ကို စေ့စပ်တဲ့သူတွေပဲဗျာ၊ ကျွန်တော့်သားချင်းတွေရဲ့အလုပ်အကိုင်အကြောင်း မေးမြန်းရောဗျ၊

"သပိတ်ကို ဘယ်သူဦးဆောင်တာလဲ"

"မသိဘူး"

"သပိတ်စခန်းမှာ ဘယ်သူတွေ တရားဟောသလဲ"

"အများကြီးပဲ"

"သိသလောက် ပြောပါ"

"ရှေ့နေတွေ ပါတယ်၊ စစ်သားအချို့ပါတယ်၊ စက်ရုံမှူးအချို့ပါတယ်၊ လယ်သမား၊ အလုပ်သမားတွေ ပါတယ်၊ အကျဉ်းသားတွေလည်းပါတယ်"

"စာရေးဆရာတွေ ပါတယ်မဟုတ်လား"

"မသိဘူး"

"ဘာလို့မသိဘူး ပြောရတာလဲ"

"ကျွန်တော် ဟောပြောပွဲလုပ်တဲ့ သပိတ်စခန်းကို နေ့တိုင်းမသွားလို့ မသိတာပါ"

"ကြားရော ကြားလား"

"စားဖို့ကြံ့ရာအလုပ် လုပ်နေတာနဲ့ မကြားမိဘူး"

အမှန်က ကျွန်တော် သိတယ်၊ သို့သော် ဘယ်သူဟောတယ်၊ ဘယ်စာရေးဆရာ ဟောပါတယ်လို့ ပြောလိုက်ရင် ကျွန်တော် အကြောက်သမား၊ တစ်ကိုယ်ကောင်းသမား၊ သစ္စာမရှိတဲ့လူဖြစ်သွားမှာပေါ့၊ ကိုယ်ဖြစ်ရင် ကိုယ်ပဲခံလိုက်မယ်၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူးဗျာ၊ ဒါ - ယုံကြည်ချက်အခိုင်အမာပဲ၊

ဒီလိုနဲ့ အချိန်တစ်နာရီကျော် နှစ်နာရီကြာသွားပြန်ရော၊ လူလည်း ထိုင်နေရလို့ ညောင်းချိနေသလို၊ ဆီးကလည်း အောင့်လာပါရော၊

ညတုန်းက သောက်တဲ့ရေဟာ ခုမှဒုက္ခပေးတာ၊



"ကျွန်တော် ဆီးသွားချင်တယ်"

"ခဏလေး စောင့်ပါ၊ နည်းနည်းလေး မေးစရာရှိပါတယ်"

သူ ဆက်ပြီး အတန်ကြာမေးနေတယ်၊

"ကျွန်တော် ဆီးအရမ်းအောင့်နေပြီဗျာ"

"ခဏလေးပါ - ခဏလေးပါ"

"ကျွန်တော် မအောင့်နိုင်တော့ဘူး၊ ဒီနေရာမှာပဲ ပေါက်ချလိုက်တော့မယ် - အာ - အာ"

"ဟေ့ - လူ - ဟေ့လူ - ဒီနေရာမှာ မပေါက်နဲ့၊ ပြဿနာပါပဲကွာ၊ ဟေ့ လာကြစမ်း၊ သူ့ကို အိမ်သာလိုက်ပို့ပေးလိုက် - မကြာစေနဲ့"

လူနှစ်ယောက် လက်ထိတ်ခတ် ခေါင်းစွပ်အုပ်ထားတဲ့ ကျွန်တော့်ကို ညှပ်ကိုင်ပြီး အိမ်သာရှိရာကို ခေါ်သွားကြတယ်၊ ဒီမှာ ပြင်ပလေရဲ့ထိတွေ့တဲ့ အရသာကို ရပြီး လူလန်းဆန်းသွားတယ်ဗျာ၊ သည့်နောက် - ဆီးကို အားရပါးရ ပေါက်ချလိုက်တော့မှ လူက ပိုပေါ့ပါးပြီး နေရတာ ကောင်းသွားတော့တယ်၊

သူတို့ကျွန်တော့်ကိုစစ်ကြောရေးနေရာပြန်ခေါ်သွားပြီး တစ်ယောက်ပြီး တစ်ယောက် လာစစ်ကြတယ်၊

နောက်ထောက်လှမ်းရေးတစ်ယောက်က ပြောသေးတယ်၊

"ကိုညိုမှိုင်းညီက ကျွန်တော်နဲ့ သူငယ်ချင်းပါ" တဲ့၊

အမျိုးမျိုး လှည့်ပတ်စစ်မေးကြတာ၊ ကြာတော့ - ဒီမေးခွန်းတွေပဲ ထပ်တလဲလဲ မေးဖြေနေရတော့ စိတ်ညစ်လာပါရောဗျာ၊

ဒီအချိန်မှာ အပေါ်ထပ်ကနေ ဝုန်းဒိုင်းပြုံလဲကျတဲ့အသံ၊ ဖန်ခွက်ပန်းကန်ကွဲသံတွေကို ကြားရပါရောဗျို့၊

ထောက်လှမ်းရေးက အစောင့်ကို လှမ်းမေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com

*"အပေါ်မှာ ဘာတွေဖြစ်နေတာတုံးဟေ့"*

"ထုံးစံအတိုင်းပဲပေါ့ - ဆရာ။ ခေါင်းကြောမာတဲ့ကောင်တွေကိုစစ်ကြော နေတာပေါ့"

အလို - အပေါ်ထပ်မှာလည်း စစ်ကြောနေတာပါလား။

ဘယ်သူ့များ စစ်နေလဲ။

ဆရာ ဦးချစ်သန်းမြင့်လား။

ရှေ့နေ ကိုခင်မောင်လေးလား။

ဆရာချစ်က အသက်ကြီးရှာပြီ၊ ကိုခင်မောင်လေးက ခြေတစ်ဖက်၊ လက်တစ်ဖက် မသန်၊ သူတို့များ ရိုက်နှက်စစ်ဆေးနေရော့လား။

ခေါင်းကြောမာတဲ့ကောင်တွေကို စစ်ကြောနေတာပါတဲ့။

ဘုရား - ဘုရား။

ဒီလိုနဲ့ - အချိန်တွေ တရွေ့ရွေ့ကုန်သွားတယ်။

စစ်မေးနေတဲ့လူ ဘယ်နယောက်ရှိသွားပြီလဲ ကျွန်တော် မမှတ်မိတော့။

"ကိုညီမှိုင်း - အစမြေဆိုခဲ့တာ အမှန်အကန်ပဲနော်"

"ဟုတ်ပါတယ်"

"ဝမ်းသာတယ်ဗျာ၊ ကိုညီမှိုင်းက ကိုယ်လုပ်ခဲ့တာကို အမှန်အတိုင်း ပြောရဲတယ်၊ ကြိုက်တယ်ဗျာ။ ဒီလိုလုပ်ပါဗျာ၊ ကိုညီမှိုင်းလည်း အားနာလှ ပါပြီ၊ အခု - ခင်ဗျားထွက်ဆိုခဲ့တာတွေကို ခင်ဗျားလက်ရေးနဲ့ စာရွက်ပေါ်မှာ ပြန်ရေးပေးပါ၊ ဘယ်နှယ်လဲ"

"ဒီလိုရေးပြီးရင် ပြီးပြီလား"

"ပြီးပါပြီဗျာ"

"ရေးပေးမယ် - ခေါင်းစွပ်ချွတ်ပေးပါ"

ဒါနဲ့ - စစ်ကြောသူက ကျွန်တော့်ခေါင်းပေါ်က ခေါင်းစွပ်ကို ချွတ်ပေး လိုက်တယ်ဗျာ။ လက်ထိတ်ဖြုတ်ပေးတယ်။ မျက်စိက တစ်နေကုန် အုပ်ကွယ် ထားခံရလို့ ဘာမှမမြင်ရဘူး။

မျက်လုံးကို ပြန်မှိတ်ထားရတယ်။

ပြီးမှ - တဖြည်းဖြည်း ပြန်ဖွင့်ရတယ်။

အလို - ဖြူဖွေးနေတာပါလား။ အင်း - လျှပ်စစ်မီးရောင်ကိုး။ ဒါဆို ညဘက်တောင် ရောက်နေပြီပေါ့။

ကျွန်တော့်ရှေ့မှာ စီးကရက်ခဲနေတဲ့ ထောက်လှမ်းရေးကြီးကို မြင်ရ တယ်၊ ကျွန်တော်နဲ့ သူ နှစ်ယောက်တည်း အခန်းထဲမှာ ရှိနေတာကိုး။

သူက စာရွက်တွေနဲ့ ဘောလ်ပင်တစ်ချောင်းပေးတယ်။

"စိတ်ကြိုက်သာ ရေးပါ"

ပြီး - သူ - ကျွန်တော့်အနီးက ထွက်သွားတယ်။ ကျွန်တော်က (၁၉၈၈) အရေးအခင်းမှာ ကျွန်တော် ပါဝင်လှုပ်ရှားခဲ့သမျှကို မကျဉ်းမကျယ် ရေးလိုက် တယ်။

ပြီး - ပြန်ဖတ်လိုက်တယ်။

"ပြီးပြီလား - ကိုညီမှိုင်း"

"ဟုတ်ကဲ့ - ဒီမှာပါ"

ထောက်လှမ်းရေးကြီးက ကျွန်တော် ထွက်ဆိုရေးသားချက်ကို အသေး စိတ်ဖတ်ပြီးနောက် -

"ထပ်ဖြည့်ဦးမလား - ကိုညီမှိုင်း"

"မဖြည့်တော့ပါဘူး"

"ဖြုတ်ပယ်ချင်တာ ရှိသေးလား"

"မရှိပါဘူး"

"ဒါဆိုရင် - ဟောဒီအောက်ခြေမှာ ကိုညီမှိုင်း လက်မှတ်ထိုးပေးပါ"

ကျွန်တော်ရေးထားတဲ့ ထွက်ဆိုချက်အောက်မှာ ကျွန်တော့်လက်မှတ် ကို ရေးထိုးပြီး သူ့ကို ပြန်ပေးလိုက်တယ်။

"ကျေးဇူးပါပဲ၊ ကိုင်း - ကျွန်တော်တို့ ခန်းမထဲ သွားကြစို့"

ကျွန်တော့်မှာ လက်ထိတ်မရှိတော့ပါဘူး။ သူနှင့်အတူ စည်းဝေးခန်းမထဲ ဝင်လိုက်ရော။

www.burmeseclassic.com

www.burmeseclassic.com

အလို ...

စားပွဲရှည်ကြီးပေါ်မှာ စားစရာဟင်းထမင်း၊ ခေါက်ဆွဲကြော်နှင့်စီးကရက်ဘူးတွေ၊ လက်ဖက်ရည်ပန်းကန်တွေ စုံလို့၊ စီလို့ပါလား။

ကုလားထိုင်တွေပေါ်မှာ ...

အဘချစ်သန်းမြင့်၊ ကိုခင်မောင်လေး၊ ကိုလှမြင့်ဦး၊ ကိုကျော်မြင့်၊ ကိုအေးသိန်းတို့ကို အသင့်တွေ့လိုက်ရပါရောဗျာ။

သူတို့မျက်နှာတွေမှာ ဒဏ်ရာဒဏ်ချက် လုံးဝမရှိကြပဲ၊ ပြုံးလို့ရွှင်လို့ဗျာ။ ခေါင်းရင်းမှာရဲသတင်းတပ်ဖွဲ့က လူတွေနဲ့ ထောက်လှမ်းရေးက လူတွေလည်း နေရာယူကြလို့။

အားလုံးရဲ့မျက်နှာတွေက ပြုံးပြုံးရွှင်ရွှင်ပဲဗျ။

ဒီမှာ တာဝန်ရှိသူတစ်ဦးက -

"ကျွန်တော်တို့ကို စုလို ကူညီဖြေကြားပေးကြတာ ကျေးဇူးတင်ပါတယ် ဆရာတို့ရယ်။ ကျွန်တော်တို့လည်း ဆရာတို့ကို ဖမ်းချင်လို့ ဖမ်းတာမဟုတ်ပါဘူး။ တိုင်တဲ့သူရှိလို့ အရေးယူ၊ ခေါ်ယူမေးမြန်းရတာပါ။ တပ်မတော်ကလည်း အာဏာလွှဲပြောင်းရယူရတာက ဆန္ဒပြလူထုကြားထဲကို (ဗကပ)တွေ ဝင်ရောက်လာပြီဖြစ်လို့ အခြေအနေထိထက် မဆိုးရအောင် ဝင်ရောက်ထိန်းသိမ်းလိုက်ရတာပါ။ ဆရာတို့ကိစ္စလည်း ပြီးသွားမှာပါ။ ခဏလေးပါ - မေးချင်တာရှိရင်လည်း မေးလို့ရပါတယ်"

"ဒီမှာ - ကျွန်တော်တို့က မေးရတာပေါ့ဗျာ။ စောစောက ဆရာပြောသွားတဲ့အထဲမှာ ကျွန်တော်တို့ကို တိုင်တဲ့သူရှိလို့ အရေးယူရတာပါဆိုတော့ တစ်မြို့လုံး အုန်းအုန်းကျက်ကျက် ဆန္ဒပြ၊ တရားဟောလုပ်ကြတဲ့သူတွေကျတော့ တိုင်တဲ့သူမရှိလို့၊ အရေးမယူဘူးလို့ ဆိုချင်တာလား။ ဒါဆိုရင် - နောင်ဒီလိုမျိုး ဆန္ဒပြပွဲတွေဖြစ်လာရင် တိုင်တဲ့သူမရှိပါက ဆရာတို့ - ဒီတိုင်းလက်ပိုက်ကြည့်နေမှာပဲလို့ ဆိုလိုချင်တာပါလား"

ဒီလိုမေးလိုက်တော့ တာဝန်ရှိသူအရာရှိက ပြန်ဖြေတယ်။



"တဖြည်းဖြည်း လာပါလိမ့်မယ် - ဆရာတို့ရယ်။ ဆရာတို့ကျတော့ စာရေးဆရာတွေ၊ ရှေ့နေတွေ ဖြစ်နေတော့ ဆရာတို့ဟောပြောတာဟာ သာမန်အရပ်သားဟောတာထက် လူထုနားထဲကို စိမ့်ဝင်စည်းရုံးသလိုဖြစ်သွားတာကြောင့် အခုလို ခေါ်ယူမေးမြန်းရတာပါ။ မစိုးရိမ်ကြပါနဲ့ - ပြီးသွားမှာပါ။ ခဏလေးပါ။ ကဲ - ကျွန်တော်တို့ ညှော်ဝတ်ပြုတာလေးတွေကို ကျွန်တော်တို့နဲ့ အားရပါးရ သုံးဆောင်ပါလို့"

သည်နောက်ကျွန်တော်တို့အားလုံးလည်းမိုးလင်းကမိုးချုပ်ည(၈)နာရီထိုးသည့်တိုင် ဘာမှမစားမသောက်ရပဲ စစ်ကြောခံနေရခြင်းကြောင့် အလွန်ဆာလောင်နေကြပြီဗျာ၊ ဒါကြောင့် မရှက်နိုင်တော့ဘူး၊ အားရပါးရ စားပစ်လိုက်ကြတော့တယ်၊ စားသောက်လို့လည်း ပြီးရော အိမ်ပြန်ပို့ပေးမယ်မှတ်တာ။

ဘယ်ဟုတ်မှာလဲဗျာ၊ ကျွန်တော်တို့အားလုံးကို အချုပ်ခန်းကျားခေါင်းဝကားဖင်ထိုးပြီး အချုပ်ထဲ ပြန်ပို့လိုက်ပါရောဗျာ။ ဒါလားဟဲ့ - ခဏလေး၊ ဖွို့ - လုပ်ရက်ပါပေ့။

ကျွန်တော်တို့ခြောက်ဦး စိတ်ညစ်ဝမ်းနည်းနဲ့ အချုပ်ခန်းနှစ်ခန်းထဲ မျှဝင်လိုက်ရော။ ဦးစွာ - အချုပ်ခန်းလူကြီး ဦးမှတ်ကြီးနှင့် ကျော်သန်းတို့ တန်းစီးများက ကျွန်တော်တို့ကို ဝမ်းသာအားရ ပွေ့ဖက်ပြီး မျက်ရည်ကျသူကျ၊ ငိုတဲ့အချုပ်သားကငို ဖြစ်ကုန်ကြပါရောဗျာ။


"မောင်ညိုမှိုင်းတို့၊ အဘချစ်တို့ရယ်၊ မနက်မိုးမလင်းခင် မင်းတို့၊ ခင်ဗျားတို့ကို ခေါင်းစွပ်စွပ်၊ လက်ထိတ်ခတ်ပြီး ကားနဲ့ ခေါ်သွားတာ မြင်ရတော့ အားလုံးကို သတ်ဖို့ခေါ်သွားတယ်မှတ်ပြီး ကျုပ်တို့အချုပ်သားတွေ မျက်ရည်ကျဝမ်းနည်းစိတ်မကောင်းဖြစ်ကြတာပေါ့ဗျာ။ ခင်ဗျားတို့က လူဆိုးလူမိုက်တွေ မဟုတ်ဘူးလေ။ ဒီမိုကရေစီ ရရှိရေးအတွက် ဘဝကိုစွန့်လွှတ်ခဲ့ကြတဲ့သူတွေဆိုတော့ နမြောတသ ဝမ်းနည်းပြီး ငိုကြတာပေါ့။ အခုလို မပွန်းမပဲ့ပဲ ပြန်ရောက်လာတာကို မြင်ရတော့ ကျုပ်တို့အားလုံး ဝမ်းသာပြီး မျက်ရည်ထပ်ကျရတာပေါ့ - ဆရာတို့ရယ်"

www.burmeseclassic.com

www.burmeseclassic.com

ဪ - ကျွန်တော်တို့အားလုံးကို ပွေ့ဖက်ပြီး ဝမ်းနည်းဝမ်းသာ မျက်ရည်ကျနေကြတဲ့သူတွေဟာ လူဆိုးလူမိုက်ကြီးတွေပါဗျာ။ သို့သော် ကျွန်တော်တို့ဘဝကို နားလည်စာနာနိုင်တဲ့ သူတို့အားလုံးရဲ့ကရုဏာ၊ မေတ္တာ မျက်ရည်စက်တွေကိုတော့ ကျွန်တော်တို့အားလုံး ဘဝဆက်တိုင်း မမေ့နိုင်တော့ပါဘူးဗျာ။

မောင်ညီမှိုင်း(သန်လျင်)






www.burmeseclassic.com

နေ့အိမ်တွင်
ရောက်ပေါ်တာကိုခံယူရန်ကြွမယ်သူကို
ချောင်းမြောင်းပစ်မည့်နေရာ...

**အမှန်တော့...**

ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလိုဖြစ်နေသော သည်အတ်လမ်းကို မရေးချင်ပါ။

ဒါပေမဲ့ ...

အများအတွက် အများအကျိုးကို မျှော်၍ သင်ခန်းစာတစ်စုံတစ်ရာ ရစေလောက်သည်ဟု ယူဆ၍ တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

၁၂၃

လွန်ခဲ့သောသုံးနှစ်ခန့်ကဆိုပါတော့ ...။

ကျွန်တော်သည် လက်ရှိနေသောအိမ်ကလေးကိုရောင်းဖို့ကြံမိသည်။



ရောင်းရငွေနှင့် တစ်နေရာတွင် ခေတ္တငှားနေပြီး ဝတ္တုရေးခငွေများ စုဆောင်းထပ်ပေါင်းကာ မြို့လယ်တိုက်ခန်းတစ်ခုကို ဆွဲဖို့ပင် ဖြစ်ပါသည်။

အိမ်ငှားစုံစမ်းရင်း ဦးလေး ဦးနေလွင်နှင့် ဆုံစည်းမိကြ၏။

ဦးနေလွင်က ကျွန်တော့်ဦးလေးအရင်း။

အမေ့မောင် တော်၏။

ဦးလေးနှင့်တူသာဆိုသည် ကျွန်တော်တို့အရျင်းရျင်းအနေ စိမ်းကြပါသည်။

သူကလည်း သူ့ကိစ္စနှင့်သူ၊ ကျွန်တော်ကလည်း ကျွန်တော့်အလုပ်နှင့် ကျွန်တော်မို့ ...။

တစ်ခါတစ်ရံ ခရီးသွားဟန်လွှဲဆိုသလိုသာ တွေ့ဖူးတာလေ့ရှိသည်။

ဦးလေးနေလွင်သည် ဝန်ကြီးဌာနတစ်ခုမှ အငြိမ်းစားယူခဲ့သော အရာရှိငယ်လေးတစ်ဦး။

အမေရိကန်၊ ပြင်သစ်၊ တရုတ်၊ ဂျပန် စသည့်နိုင်ငံမျိုးစုံသို့ အလုပ်တာဝန်အရ ရောက်ခဲ့ဖူးသူလည်းဖြစ်၏။

အငြိမ်းစားမယူခင် မိန်းမရတုန်းက တစ်ခါ အိမ်လာလည်ဖူးသည်။

နောက် - သူတို့လင်မယားနိုင်ငံခြားသွားနေပြီး သားကလေးတစ်ယောက် မွေးခဲ့၏။

မြန်မာပြည်ပြန်ရောက်လို့ မကြာမီ အငြိမ်းစားယူကာ ပြည်လမ်းမကြီး တစ်နေရာတွင် တိုက်နှင့်ခြံနှင့်ကားနှင့် အထက်တန်းကျကျ နေခဲ့ကြသည်။

အခေါ်ဖြစ်သူကလည်း ကြေးရတာတ်အနွယ်ဝင် သူဌေးသမီးဖြစ်သလို၊ အမှုအပင် အကြောင့်အကြမရှိ၊ သာယာစိုပြေသော အိမ်ထောင်တစ်ခုဆိုလည်း မမှား။

www.burmeseclassic.com

သည်ကြားထဲတွင်သူတို့အိမ်သို့တစ်ခေါက်ရောက်သွားဖူး၏။ ဒါကလည်း ဦးလေး ဦးနေလွင်နှင့် လမ်းပေါ်မှာ ဆုံကြပြီး ခေါ်၍ လိုက်သွားခြင်းဖြစ်၏။

သူတို့၏ တစ်ဦးတည်းသောသားလေး မစ်ကီပင် ဆယ့်သုံးလေးနှစ်အရွယ် ရှိနေပါပြီ။

တစ်ညအိပ်ပြီး မနက်ပြန်ခဲ့သည်။

ထို့နောက် (၂)နှစ်၊ (၃)နှစ် အဆက်ပြတ်သွားပြန်သည်။

သူ့အထက်က အစ်ကို ကျွန်တော့်ဦးလေးကြီး ဆုံးသည်။

အသုဘတွင် သူနှင့် ဆုံရပြန်သည်။ သူ့ဇနီး လည်ချောင်းကင်ဆာဖြင့် ဆေးရုံတက်နေကြောင်း သိရသည်။

(၅)လလောက်အကြာတွင် အဒေါ်ဆုံးသည် ကြားလိုက်ရ၏။

နှစ်နှစ်နီးပါးလောက် ဦးလေးနေလွင်နှင့် မတွေ့ခဲ့။

တော – အခု တွေ့မယ့်တွေ့တော့ ယစ်ထုတ်ကြီး ဖြစ်နေပါပေ့။

ကျွန်တော်တလည်း ယနေ့လို အရက်မဖြတ်သေးသဖြင့် မြို့လယ် ဘားတွေတွင် လှည့်သောက်နေရှိန်။

တူနှင့်ဦးလေး တစ်စားပွဲတည်း ဝိုင်းမိသည်။

သူက မှာလိုက်၊ ကျွန်တော်က မှာလိုက်နှင့် လီမစ်တွေ တက်လာသည်။

တွေ့ရာလေးပါး ပြောကြရင်း ကျွန်တော် အိမ်ရှာနေသည့်အကြောင်း ရောက်သွား၏။

"မင်းက ဘယ်လောက်တတ်နိုင်လို့လဲ"

"လက်ထဲမှာတော့ နှစ်ခွဲ၊ သုံးလောက် ရှိလိမ့်မယ်။ စပေါ်တစ်သောင်းလောက်နဲ့ အိမ်လခ တစ်ရာတန်ပေါ့"

ဦးလေးနှင့်အတူ အပေါင်းအသင်းတွေလည်း ပါသည်။

ထိုအထဲမှ တစ်ယောက်က –

"သုဝဏ္ဏမှာ ကိုယ့်တိုက်ခန်းရှိတယ်။ ရှစ်ထောင်နဲ့ အပြတ်ယူပါလား"

"ဟာဗျာ – အဲဒါတော့ မယူရဲဘူး။ မရှင်းရှင်းနဲ့ပြဿနာတက်မှာကြောက်တယ်။ ကိုယ်က ဘက်ဂရောင်းရှိလို့က အကြောင်းမဟုတ်ဘူး"

"အေးလေ – ဒါဖြင့်လည်း ငါရှာပေးပါ့မယ်။ ငါကိုင်တာက ခြံတွေ၊ တိုက်တွေကွ။ သိန်းချီနေတာတွေချည်းပဲ"

"ဦးလေးကြည့်ရှာပေးလေ။ ဒီကြားထဲ ကျွန်တော် လာလာမေးနေမယ်"

သို့ဖြင့် ဝိုင်းသိမ်းကြသည်။

ဦးလေးနေလွင်တပည့်ကျော် ဇော်ကြီးသူ့မိတ်ဆွေဦးဒေဝကုလားလေး တစ်ယောက်နှင့်အတူ ကျွန်တော် ရောယောင်ပါလာသည်။

ဦးလေးတို့အုပ်စုကိုထိန်းရင်း လိုက်ပို့မိခြင်းဖြစ်ပါသည်။

ကျွန်တော်ကလည်း အုတ်ကျင်းမှာဆိုတော့ ဦးလေးတို့နှင့် လမ်းကြုံသည် မဟုတ်လား။

အားလုံးပေါက်နေကြပြီ။

ညကလည်း (၁၀)နာရီနီးပါး။

စားစရာ၊ သောက်စရာတွေ တစ်ထုပ်တစ်ပိုးကြီးနှင့် ကားငှားကြသည်။ လှည်းတန်းဆင်းပြီး လမ်းပန်းခရီးဆက်ဖို့ကြံလာသော ကျွန်တော့်ကိုဦးလေးက ခေါ်သည်။

"မောင်ရဲမြင့် – မင်း အိမ်မပြန်လို့ဖြစ်တယ်ဆိုရင် ငါ့အိမ် လိုက်အိပ်ကွာ။ ပျော်ပျော်ပါးပါးပေါ့။ ဘယ်သူမှမရှိဘူး"

"နု – ဦးလေး – နုနစ်မိုင်မှာမဟုတ်လား"

"ခုနစ်မိုင်ကတိုက်ရောင်းလိုက်ပြီးပြီကွ။ ခု – အင်းလျားစောင်းမှာနေတာ။ ဟိုရောက်တော့ မင်း တွေ့ပါလိမ့်မယ်"

"ဒါထက် – မစ်ကီရော"

"မစ်ကီအကြောင်း ပြောမနေနဲ့။ မိန်းမရလို့ ယောက္ခမအိမ်မှာ သွားနေတာ"

ကျွန်တော်တို့ကြားထဲတွင် ဇော်ကြီး ကြားဝင်လာသည်။

"ကိုရဲ – ခင်ဗျား – ဘာမှအတွေးများမနေနဲ့။ ခု – ခင်ဗျားဦးလေးတာ တစ်ယောက်တည်း လူပျိုကြီးလုပ်နေတာ။ ရှိတာတွေလည်း ထိန်းမယ့်သိမ်းမယ့်

www.burmeseclassic.com

လူမရှိပဲ အလကားဖြစ်နေပြီ။ ဒီတော့ - ခင်ဗျားဦးလေးနဲ့ပဲ လာပေါင်းနေချည်ပေါ့"

"ဟာ - သိပ်ကောင်းတယ်ဗျော့"

"ဒါဆို - အဆင်ပြေသွားမှာပဲ"

အားလုံးက ဝိုင်းထောက်ခံကြသည်။

သည်လိုနှင့် ဦးလေး၏တိုက်ရှိရာသို့ ရောက်လာကြတော့သည်၊

အိုး - ကျယ်လိုက်တဲ့ခြံကြီး၊

လှလိုက်တဲ့တိုက်ကလေး။

လှာချင်းလေးဖြစ်ပေမယ့် ခေတ်မီလှပ၍ ရုပ်ရှင်တွေထဲမှာ ပါတတ်တဲ့ ပုံစံမျိုးနဲ့ အပျံစား။

မြက်ခင်းစပ်ကွန်ကရစ်လမ်း၊ ကား၊ ဝိုဒေါင်တွေနှင့်အပြည့်အစုံ၊

အဝေးက မြင်ရုံနှင့် ကျွန်တော် ကြိုက်သွားသည်၊

အထဲရောက်တော့ကော - ဘာပြောစရာရှိတော့မလဲ၊

ဧည့်ခန်းကြီးက အပြတ်သားနားသည်၊

ထမင်းစားခန်းနှင့် ဘားကောင်တာနှင့်၊

အိပ်ခန်းလည်း (၂)ခန်းတောင်၊

လေအေးစက်တွေ၊ ပန်ကာတွေ၊ အခန်းတိုင်းမှာအပြည့်၊

"ကဲ - ဘယ့်နယ်လဲ"

"ဟာ - ဦးလေးက ခေါ်ထားမယ်ဆိုရင်တော့ ဘာငြင်းစရာရှိမှာလဲဗျာ"

"ဝ့ါမှာလည်း အဖော်မှမရှိပဲ၊ လခ ဘာညာ ဘာမှပေးစရာလည်းမလိုပါဘူးကွ"

"ဒါပေမဲ့ - မစ်ကို့သဘောက ရှိသေးတယ်"

"ဝ့ါသားက ငါပြောရင် ပြီးပါတယ်"

"ဒါဆိုရင်တော့ - ကျွန်တော် လာနေမယ်လေ၊ အဲ - တစ်သက်လုံး မဟုတ်ပါဘူး၊ တစ်နှစ်၊ နှစ်နှစ်ပေါ့၊ ဒီကြားထဲ ငွေစုပြီး ကျွန်တော်တစ်နေရာရာ ပြန်ဝယ်နေမှာပါ"

"ရတယ်လေ - မင်းကြိုက်သလိုလုပ်၊ ဝ့ါမှာလည်း [illegible] မင်းတစ်ယောက်တည်းရှိတော့တာ၊ မစ်ကီကလည်းသား၊ မင်းကလည်းသား ပဲ၊ ဝ့ါရှိသမျှ မင်းတို့ဖို့ပဲပေါ့"

ထိုညက ဦးလေးတိုက်တွင် သောက်စားကြ၊ ကကြ ခုန်ကြနှင့် အပျော်ကြီး ပျော်ခဲ့ကြရပါသည်။

သန်းခေါင်ကျော်မှ အိပ်ဖြစ်ကြသည်၊

မနက်မိုးလင်းမှ အိမ်ပြန်ခဲ့၏၊

အိမ်သူ့အတွက် မင်္ဂလာသတင်းလေး ရင်ခွင်ပိုက်လို့ အပြေးအလွှားပေါ့လေ၊

ကျွန်တော်တို့မိသားစုမှာ သားသုံးယောက်၊ အထွေးဆုံးသမီးလေးတစ်ယောက် အားလုံးပေါင်း (၆)ယောက် ရှိပါ၏၊

နောက်တစ်ပတ်လောက်အကြာတွင် ကျွန်တော်တို့ အင်းလျားလမ်း တိုက်ကို ပြောင်းခဲ့ကြပါပြီ၊

ကလေးတွေလည်း ပျော်လို့၊

ကျွန်တော့်မိန်းမ ဆိုတာလည်း တပြုံးပြုံး၊

စိတ်ကူးယဉ်အိပ်မက်တွေ မက်ခဲ့ရသော ဗိမာန်ပေါ်ကို မမျှော်လင့်ဘဲ ရောက်ခဲ့ကြရသည်မဟုတ်လား၊

ဘေးဘီဆိုလျှင်လည်း တကယ့်ဂရိတ်တွေချည်း၊

တစ်ဖက်က ဒုဝန်ကြီးဆိုလား၊ နှစ်ထပ်တိုက်နီကြီး၊ တစ်ဖက်ကလည်း ဆောက်လုပ်ဆဲ ဗိုလ်မှူးအိမ်၊

ကျွန်တော့်မှာ ကလေးနှင့် မိန်းမတွေကို အမြဲသတိပေးနေရသည်၊

သိပ်မဆူနဲ့နော်၊ ဘေးမှာက လူကြီးတွေနေကြတာ၊ ပြီးတော့ - သန့်သန့် ရှင်းရှင်းနေကြ၊ ဦးလေးက သိပ်ဗိုလ်ဆန်တာ၊

ဘာညာ စသဖြင့် တစ်နေ့တစ်နေ့ မမောတမ်း၊

ပြောမယ့်သာ ပြောရပါသည်၊

www.burmeseclassic.com

www.burmeseclassic.com

ဦးလေးက မနက်ကထွက်၊ ညနေ မိုးစုပ်စုပ်ချုပ်မှ ပြန်ရောက်သည်။

အိမ်မှာ ကျွန်တော်တို့မိသားစုချည်းပဲ ကျန်ခဲ့၍ သဘောရှိသလောက် လွတ်လွတ်လပ်လပ်ကြီး ဖြစ်ပါသည်။

ရေ၊ မီး ဘာမှမပူရ။

ချက်တာတောင်မှ နိုင်ငံခြားက ဝယ်လာသော လျှပ်စစ်မီးဖိုနစ်ဖိုတွဲနှင့်။

တစ်ခါတစ်ရံကျမှ အပြန်ထမင်းလောက် ဦးလေး စားသည်။

ခြေတို့လက်တို့သဘောသာ ရှိ၏။

"ငါက အစားနည်းလို့ပါကွာ။ မင်းမိန်းမ တကယ်အချက်ကောင်းပဲကွ။ ငါးပိရည်ဖျော် မစားရတာ ကြာပြီ၊ ငရုတ်သီးစပ်စပ်ကလေးဆို သိပ်ကြိုက်တာ"

ကျွန်တော့်မိန်းမကို ဦးလေးက ချီးမွမ်းတော့ ကျွန်တော် သိပ်ဘဝင်ခိုက်သွားရပြန်သည်။

ကျွန်တော့်သားသမီးတွေကိုလည်း ဦးလေးက ချစ်၏။

"လူချောတွေပဲကွ၊ လာပါဦး - ဘိုးဘိုးဆီကို"

ဆိုပြီး တယုတယ ရှိုလား ဖွဲ့လား လုပ်တတ်သည်၊

အစစ အရာရာ အားလုံးအဆင်ပြေခဲ့ပါသည်၊

"ဒါထက် - မစ်ကီ - မလာဘူးလားကွ"

"မလာဘူး - ဦးလေး"

"အေး - ငါနဲ့မနေ့ကတွေ့လို့ပြောလိုက်သေးတယ်၊ အိမ်မှာ မင်းတို့ကိုကိုတွေ လာနေကြတယ်လို့၊ သွားတွေ့လိုက်ဦးလို့ ..."

"သူက အခု ဘယ်မှာနေတာလဲ"

"စမ်းချောင်းမှာလေ - သူ့ယောက္ခမတွေကလည်း အရောရှိဆိုတော့ မပူရပါဘူးကွာ၊ သူတို့လင်မယားနှစ်ယောက်စလုံးကို ကျွေးထားရုံမက ကျောင်းတောင် ထားပေးသေးတာ"

"ဘာဖြစ်လို့ သူတို့က ဒီမှာမနေကြတာပါလိမ့်"

"ကောင်မလေးက နည်းနည်းဆိုရှယ်ကျတယ်လေ၊ အိမ်မှာ ပါတီတွေ ဘာတွေလုပ်၊ တစ်ညလုံး မိုးလင်းခုန်ပေါက်ပြီး ဆူညံနေကြတာကလား။ တစ်ခါကလည်း ငါ့ကားကို အမောင်းသင်မယ်ဆိုပြီး ယူသွားပြီး တိုက်ခဲ့ကြသေးတယ်၊ ခုဆို - ဝပ်ရှော့မှာ ပြင်လို့မပြီးသေးဘူး၊ ဒါတွေဆူတာနဲ့ စိတ်ကောက်ပြီး ဆင်းသွားကြတာ"

သည့်အပြင် မစ်ကီတို့လင်မယားနှစ်ယောက်စလုံး ကွန်မာသာဇင်း သောက်တတ်ကြောင်း၊ မူးယစ်ဆေးပြား သုံးတတ်ကြောင်းတွေလည်း ပါလာသည်၊

သည်တော့မှ မစ်ကီ့အခြေအနေကို တစ်စွန်းတစ်စ ရိပ်မိလိုက်ရပါသည်၊

မစ်ကီ၏ ငယ်ငယ်ရွယ်ရွယ်နှင့် ပျက်စီးပြီးအိမ်ထောင်ကျ၍ အညွန့်ကျိုးရသည့်ဘဝ။

နောက်တစ်ခါ ဦးလေး၏အပေါင်းအသင်းတွေထံမှ မစ်ကီ့အကြောင်း ထပ်ကြားရပြန်သည်၊

"မင်းဦးလေးကလည်း မင်းဦးလေးပါပဲကွာ၊ သူ့သားကို သိပ်အလိုလိုက်တာ၊ ကက်ဆက်ငါးထောင်တန်ဆိုလည်း ရော့၊ ပြိုင်ဘီးလိုချင်တယ်၊ သုံးထောင်ဆိုလည်း မငြင်းဘူး။ ဒါကြောင့် - ဒီကောင် - ဒီလိုဖြစ်တာ၊ ရှိသမျှ သူပဲ ထိုင်ဖြုန်းပစ်ခဲ့တာပဲ"

"ဒါတော့ - တစ်ယောက်တည်းသားလေးကိုး၊ ပြီးတော့ - မအေကလည်း ဆုံးသွားလို့ပါ၊ ကျွန်တော်သိသလောက် သူ့အမေက သိပ်စည်းကမ်းကြီးတာ၊ သူနေခဲ့ရတာကလည်း အင်္ဂလိပ်မက်သဒစ်၊ ငယ်ငယ်တုန်းက ဒီကောင် သိပ်လိမ္မာတာ၊ ရိုးရိုးအေးအေးလေးရယ်၊ မအေမရှိတဲ့နောက် ဖအေကလည်း စိတ်ညစ်မူးနေတာနဲ့ ဒီကောင်ဖြစ်ချင်တိုင်းဖြစ်ရတာ၊ လေးငါးနှစ်အတွင်း ပြောင်းလဲသွားတာများဗျာ၊ ယုံတောင် မယုံနိုင်အောင်"

ကျွန်တော့်အမျိုးသမီးနှင့်တွေ့တော့ အကြောင်းစုံ ပြန်ပြောပြမိသည်။

"ဒါဆို - ခု - တို့လာနေတာ သူ ကျေနပ်ပါ့မလား"

www.burmeseclassic.com

"ဟာ - ဒါတော့ - သူ့အဖေက ထားတာပဲ၊ တို့ကလည်း ခဏယာယီသာ နေမယ့်ဥစ္စာ၊ ငါ့ကိုလည်း မစ်ကီ ချစ်ပါတယ်၊ တွေ့တော့မှ နည်းနည်းပါးပါး ဆုံးမစကားလေး ပြောရမှာပေါ့ကွာ"

(၁၅)ရက်လောက် ကြာသွားပါပြီ၊

မစ်ကီကား တော်တော်နှင့်ပေါ်မလာ၊

ဦးလေးတိုက်မှာ အဝီစိတွင်းကြီးရှိသည်၊

(၁၂)ကောင်အား မော်တာကြီးနှင့် ရေစုပ်တင်ရသည်၊

မော်တာနှင့် ပါဝါမီတာခလုတ်ကို တိုက်ခေါင်းရင်းထောင့်မှာ ရုံကလေး ဆောက်ထားရသည်၊

**အဝီစိတွင်း**က ခြံထဲ ဘယ်ဘက်အစပ်မှာ ရှိသည်၊

**ပထမ အဝီစိတွင်း**ထဲမှ ရေကို ရေလှောင်ကန်သို့ စုပ်တင်သည်၊ နောက် ခလုတ်တစ်ခုဖြင့် ရေလှောင်ကန်မှရေကို တိုက်ထဲရှိတိုင်ကီသို့ မောင်းတင် ရပြန်သည်၊

ရေလှောင်ကန်မှာလည်း ဈေးမအုတ်ကန်ကြီးဖြစ်၍အုတ်လှေကားတွေ ဘာတွေနှင့် တက်ရသည်၊

ကန်ကို သံပြားကြီး သုံးလေးထပ် ဖုံးထားပြီး အလယ်မှာ ရေပိုက်ထောင် ထားရာမှ ရေတင်ချိန်တွင် ရေပန်းကြီးလို တဖွားဖွား လျှံကျနေတတ်သည်၊ ရေလှောင်ကန်ထဲ ရေပြည့်မှတ်ကို ရောက်မှ ခလုတ်ပိတ်၊ တိုက်ထဲမောင်း သည့်ခလုတ်များ၊ အလုပ်တော့ အရှုပ်သား၊

သည်ရေစက်မောင်းသည့်အလုပ်ကို ဦးလေးက သင်ပြပေးထားသဖြင့် နေ့စဉ် ကျွန်တော့်တာဝန် ဖြစ်လာသည်၊

နေ့ခင်း(၂)နာရီလောက်အချိန်ရောက်တိုင်း ရေစုပ်ရေတင်လုပ်ရသည်၊ ရေမစုပ်ခင် လေထုတ်ပိုက်က လေထုတ်ရသေးသည်၊ ပါဝါမီတာကြီးနစ်လုံး



အဖွင့်မှာ မမှားရအောင် ဂရုစိုက်ရသေးသည်၊ သို့နှင့် ဖနီးကို မနိုင်းဘဲ ကျွန်တော်ကိုယ်တိုင် အလုပ်လုပ်သွား၏၊

ထိုနေ့က ...

ရေစက်ထားရာရုံကလေးသို့ သံပြားတံခါးသော့ ဖွင့်၍ ဝင်လိုက်သည်၊

သည်တွင် သော့က အလွယ်တကူ ပွင့်သွားသည်၊ ဖွင့်ပြီးသားလို ဖြစ် နေသည်၊

အထဲကျတော့ အံ့အားပိုသင့်သွားရ၏၊

ရေစက်ခန်းထောင့်တစ်နေရာမှာ ဂလက်ဒီရေးတားရောမစစ်သားခေါင်း တံဆိပ်နှင့် ခရီးဆောင်အိတ် အကြီးစားကြီးတစ်လုံး၊

ဖြုန်းခနဲ ကျွန်တော် နားမလည်လိုက်ပါ၊

ဘယ်သူ့အိတ်များပါလိမ့်၊

ဘာလုပ်ဖို့ ဒီအထဲ ရောက်နေရတာလဲ၊

ကေနတော့ ရေစက်ပြင်သမား လာသွားလို့များလား၊

ရေစက်ကို ကြည့်လိုက်တော့ ပကတိအကောင်းအတိုင်း နေရာမယွင်း၊

ကိစ္စမရှိပါဘူးလေ၊

အမှတ်တမဲ့ သဘောနှင့်ပင် ကျွန်တော်က ရေစက်ရုံကို ပြန်ပိတ်၊ သေသေချာချာ သော့ပြန်ခတ်ထားလိုက်သည်၊

ဖနီးဖြစ်သူကိုတော့ အသိပေးမိသည်၊

"ဦးလေးကိုပြရင်တော့ သိမှာပဲ၊ သူကလည်း ပြန်မလာသေးဘူး"

"အေး - ငါကလည်း မြို့ထဲ သွားစရာ ရှိသေးတယ်၊ မင်းသာ ဂရုစိုက်နေ ခဲ့၊ တို့ရှိနေတုန်း တစ်ခုခုဖြစ်သွားရင် မကောင်းဘူး"

ကျွန်တော် မှာခဲ့ပြီး အလုပ်ကိစ္စတွေ လိုက်လုပ်ခဲ့သည်၊

ညနေမှ ပြန်လာသည်၊

အိတ်ကို ဘယ်သူမှ လာမယူသေး၊

မိုးချုပ်ပြီ၊ ကလေးတွေ သိပ်လိုက်ကြသည်၊

www.burmeseclassic.com

www.burmeseclassic.com

(၇)နာရီ၊

(၈)နာရီ၊

ကျွန်တော်တို့ အိပ်ရာထဲ ရောက်သွားကြပါပြီ၊

ဦးလေးကား ပြန်မလာသေး။

လက်မယားနစ်ယောက် တွေ့ရာလေးပါး ဟိုပြော သည်ပြောနှင့် (၉) နာရီလောက်မှာတော့ -

"ဟော - ရှူး - တိတ်တိတ်နေစမ်း။ ခေါင်းရင်းက အသံကြားတယ်"

ကျွန်တော့်မိန်းမက နစ်ကိုယ်ကြား သတိပေးလိုက်သည်၊

သည်တွင်ပင် ...

ကျွန်တော် အတွေးပေါက်သွားပါပြီ၊

"ဒါဆို - ဟို - ရေစက်"

စကားတစ်ဝက်တစ်ပျက်နှင့် ကျွန်တော် လူးလဲထလိုက်မိသည်၊

အိပ်ခန်းထဲက ခုန်းဆိုင်းထွက်သည်၊

ဟိုရှာ၊ ဒီရှာနှင့် တစ်ကျပ်လုံးလောက်တုတ်ကြီးတစ်ချောင်း ယူလိုက် သည်၊

ကျွန်တော့်မိန်းမက နောက်က ပါလာ၏၊

"အရမ်းမသွားနဲ့ဦးလေ"

"ရပါတယ် - မင်း - ဒီကသာ စောင့်နေ"

ပြောပြောဆိုဆိုနှင့်ကျွန်တော် အိမ်ရှေ့ဝရန်တာ ပန်းတင်အုတ်ခုံလေးကို ကျော်ချသွားပြီး ရေစက်ကြီးနား အပြေးရောက်သွား၏၊

"ဟေ့ - ဘယ်သူလဲ"

အသံပေးလိုက်သည်နှင့် တဖုတ်ဖုတ်ခြေသံ၊

မည်းမည်းသဏ္ဍာန်၊

ခေါင်းရင်းဘက်မှ အိမ်နောက်ပိုင်းသို့ ပြေးသွားတာ မြင်လိုက်သည်၊

မှောင်ထဲမှာ လူလုံးမကွဲ၊



ရေစက်တံခါးကတော့ ပွင့်လို့၊

ခရီးဆောင်အိတ်ကြီးကလည်း ဟာလျက်၊

ဘေးမှာ ဝက်အူလှည့်၊ ပလိုင်ယာ၊ မူလီခေါင်းတွေ ပြန့်ကျဲလျက်၊

ရေစက်ကြီး ရှိနေဆဲ၊

သည်အချိက်မှာပင် မိန်းမက လှမ်းမေသည်၊

"ဘယ်သူလဲ - မောင်"

"မသိဘူးကွ၊ လူတစ်ယောက်ပဲ - သူခိုးနဲ့တူတယ်"

ကျွန်တော်က နောက်က ဝင်လိုက်သွားဖို့ ပြင်သည်၊

မိန်းမက တားသည်၊

"အရမ်းမလိုက်နဲ့လေ၊ တစ်ယောက်တည်း ဟုတ်ချင်မှဟုတ်မှာ"

ကျွန်တော့်စိတ်ထဲ ဘယ်လိုကဘယ်လို အတွေးပေါ်သွားသည်မသိ၊

"မစ်ကီများလားမသိဘူး"

လို့ ရေရွတ်လိုက်မိသေးသည်၊ တစ်ဆက်တည်း အော်ဟစ်လိုက်မိ သည်၊

"မစ်ကီ - မစ်ကီလား။ မပြေးနဲ့လေ - ငါပါကွ - ရဲမြင့်"

"ဘာပဲဖြစ်ဖြစ် - ဒီအတိုင်းဆို - ဟိုဘက်ခန်းကို အကူအညီတောင်းမှပဲ"

ကျွန်တော့်မိန်းမက ပြောပြောဆိုဆို -

"ဦးလေး - ဟိုဘက်ခြံက ဦးလေးတို့ရေ - လာကြပါဦး။ ကျွန်မတို့အိမ်မှာ သူခိုးဝင်လို့"

အော်ခေါ်လိုက်သည်၊

ကျွန်တော်ကလည်း ကူခေါ်မိသည်၊

(၁)မိနစ်၊ (၂)မိနစ်အတွင်းမှာပင် တစ်ဖက်ခြံက ခြံစောင့်ဦးလေးကြီးနှင့် ဒရိုင်ဘာ၊ လူပျိုနစ်ယောက် အပြေးအလွှား ရောက်လာကြသည်၊

သူတို့လက်ထဲမှာလည်း တုတ်ကိုယ်စီနှင့်၊

ခြံစောင့်ဦးလေးကြီးက အကျိုးအကြောင်းမေးပြီး -

www.burmeseclassic.com

"ကဲ - ဒါဆို - တောဇာတို့က မြေရင်းကဝင်၊ တို့ ခေါင်းရင်းက သွားမယ်၊ ဒီကောင်တွေ ဒီမြဲထဲက ဘယ်မှထွက်မပြေးနိုင်ဘူး"

ကျွန်တော်က မျက်မှန်သမားဖြစ်၍ တုတ်တယမ်းယမ်းနှင့် မြဲနော ဘက် ချုံတိုးရှာနေသော ဦးလေးကြီးနောက်က လိုက်ရသည်။

ဦးလေးကြီးက ကားဂိုဒေါင်နှင့် အိမ်သာဟောင်းကြားထဲ ဝင်သွားပြီ သည်။

ပြန်ထွက်လာတော့ သူ့လက်ထဲမှာ ပြိုင်ဘီးအဝါလေးတစ်စင်း။

ရှေ့ဘီး ပါမလာပါ။

နောက်တစ်ခေါက် ပြန်ဝင်မှ ဖြုတ်ထားသောဘီး ပါလာပြန်သည်။

"ခင်ဗျား - ဒါ - ဘယ်သူ့ဘီးလဲ - သိလား"

"ဟင့်အင်း - မသိဘူးလေ"

ဦးလေးကြီး ဘာမှမပြော။ မြဲဘေးမှာ စက်ဘီးကို ပစ်ထားလိုက်သည်။

ဗိုလ်မှူးသားလေးတွေပါ ရောက်လာပြီး လူရှင်းဆုံမိကြသည်။

"ဒါဆို - တခြားလူ မဖြစ်နိုင်ဘူး။ ပြီးတော့ - မြဲနောက်မှာ အုတ်တံတိုင်း အမြင့်ကြီးနဲ့ ကျော်မသွားနိုင်ဘူး။ ဒီနားမှာပဲ ခိုပုန်းနေတာ ဖြစ်ရမယ်"

"ဂိုဒေါင်ထဲမှာလား - ဝင်ကြည့်ကွာ"

"အမိုးပေါ်မှာလည်း ဖြစ်နိုင်ပါတယ်"

ကျွန်တော်ကလည်း ကြားဝင်မိသည်။

"နေကြပါဦး - တော်တော်ကြာ နာကျင်ကြဦးမယ်၊ မစ်ကီဆိုရင် ကျွန် တော် ခေါ်ကြည့်ပါဦးမယ်၊ ကျွန်တော့်ညီပါ၊ ကျွန်တော့်စကား သူ နားထော ပါတယ်"

ဆိုပြီး ကျွန်တော်က အသံပြုလိုက်ရပါသည်။

"မစ်ကီ - ငါ့ညီထွက်ခဲ့ကွာ၊ ဘာမှမဖြစ်စေရဘူး၊ အစ်ကိုတစ်ယောက်ပဲ ရှိတယ်"

အော်ခေါ်နေဆဲ၊ ဗိုလ်မှူးသားတစ်ယောက်က ကားဂိုဒေါင်ပေါ် ထော ကြည့်သည်။

"ဟော - တွေ့ပြီ၊ ဒီကောင်တွေ - ဂိုဒေါင်ပေါ် တက်ကပ်နေကြတာကိုး၊ ဆင်းခဲ့ကြကွာ"

"မဆင်းဘူး - မင်းတို့ တက်ရဲတက်ကြည့်"

"မစ်ကီ - ငါ - မင်းအစ်ကိုပါကွ၊ အေးအေးဆေးဆေးဆင်းလာခဲ့၊ မင်း အတွက် ငါ တာဝန်ယူတယ်"

ကျွန်တော်က အမျိုးမျိုး ချော့ခေါ်သည်။

နောက်ဆုံးတော့ - ကားဂိုဒေါင်ပေါ်မှ ဆင်းလာကြသူက မစ်ကီရယ်၊ သူ့အပေါင်းအသင်းတစ်ယောက်ရယ်။

မစ်ကီကို ကျွန်တော်တွေ့ပြီး အံ့အားသင့်သွားရပါသည်။

ခုနစ်နှစ်လောက်ကွဲကွာခဲ့ရပြီး ခုမှပြန်တွေ့ရခြင်းဖြစ်သလို အသားဖြူဖြူ၊ မျက်လုံးပြူးပြူးလေး၊ အရပ်ရှည်ရှည်၊ ကျွန်တော့်ထက် ခေါင်းတစ်လုံးလောက် မြင့်နေပြီ။

ဂျင်းအဖြူနှင့် စပို့ရှပ်ဝတ်လို့။

သူ့အဖော်ကတော့ အရပ်ခပ်ပျပ်ပျပ်၊ ဖလကောင်းကောင်း၊ မည်းကြုတ် ကြုတ်ကလေး။

နှစ်ယောက်စလုံး (၁၈၊ ၁၉၊ ၂၀) အရွယ်တွေ။

"ဒီကောင်ပေါ့ - မစ်ကီ့ဆရာ၊ မစ်ကီ့ကို ဖျက်ဆီးနေတာ"

"သိပ်ထောင်တဲ့အကောင် - ဆော်ကွာ"

ဗိုလ်မှူးသားနှစ်ယောက်က မစ်ကီ့ဘော်ဒါကို နှစ်ယောက်ညှပ် ထိုးကြ သည်။

မစ်ကီ့ကိုတော့ ဘာမှမလုပ်။

ကျွန်တော်လည်း မနေသာသဖြင့် ဝင်ဆွဲရသည်။

"မလုပ်ပါနဲ့ဗျာ၊ နောက်တော့မှ ကြည့်ရှင်းကြပါ"

"ပေါ့သေးသေးတော့ မဟုတ်ဘူးကွ"

"ကျွန်တော် သိပါတယ်၊ အဲဒါ - ဦးလေးတို့ပဲ ဆက်ကူညီပြီး စီစဉ်"

"ကောင်စီကိုတော့ အသိပေးမှဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် - လက်ပူးလက်ကြပ်မိနေမှ - သဘောပဲ"

တစ်စုတစ်ဝေးကြီး ကျွန်တော်တို့ညှိခန်းထဲ ရောက်ကြသည်။

အပျက်အပျက်နှင့် နာခေါင်းသွေး ထွက်ခဲ့ရပါပြီ။

မစ်ကီနှင့် သူ့အဖော် ရေစုပ်စက် လာခိုးတာ ထင်ရှားသည်။

မကြာမီ ရပ်ကွက်ကောင်စီတွေ ရောက်လာသည်။

အကျိုးအကြောင်း စစ်မေးသည်။

ကျွန်တော်က နေ့ခင်းဘက်က ရေစက်ခန်းထဲ အိတ်တွေ့ရာ သတိထားခဲ့တဲ့အကြောင်းက စချီပြီး အဖြစ်အပျက်တွေ ရှင်းပြသည်။

"တော်သေးတာပေါ့ဗျာ။ နောက်မို့ဆို - ခင်ဗျားတို့ ခေါင်းပုံကျမှာ"

တစ်ယောက်က မှတ်ချက်ချသည်။

"ဘာပဲဖြစ်ဖြစ် - ရဲစခန်းကိုတော့ အကြောင်းကြားမှပေါ့"

"ခုန - ဖုန်းဆက်နိုင်းလိုက်ပါပြီ"

"နေပါဦး - ဒီက ညီမောင်သဘောကရော"

"လူကြီးတွေ ပါလာမှာပဲ၊ သင့်တော်သလိုသာ လုပ်ကြပါ"

ရဲစခန်းက နယ်ထိန်းနှင့် ရဲသားတစ်ယောက် ရောက်လာကြသည်။

စစ်ချက်ယူသည်။

သည်ကြားထဲမှာ နောက်ထပ်ရောက်လာသော ဗိုလ်မှူးကတော်နှင့် အန်တီကြီးတစ်ယောက်က မစ်ကီတို့ဆေးစွဲပြီး ပျက်စီးနေတဲ့အကြောင်းတွေ ကျွန်တော့်ဖနီးကို ပြောပြနေသည်။

မစ်ကီတို့နှစ်ယောက်သားကတော့ညှိခန်းထောင့်မှာ ကုပ်ကုပ်ကလေး တွေထိုင်လျက်။

အချိန်က (၁၁)နာရီနီးပါး ရှိခဲ့ပါပြီ။

"ကဲ - ဘယ်လိုဆက်လုပ်ကြမလဲ"

"ကျွန်တော့်ဦးလေးကို စောင့်ပါဦးဗျာ။ သူလာတော့မှ လိုအပ်သလို စီစဉ်ပါ။ သူမသိဘဲ၊ မရှိဘဲ လုပ်လို့မကောင်းပါဘူး"

"ဟုတ်တယ်။ ဦးနေလွင်မျက်နှာကလည်း ရှိသေးတယ်"

ဒီလိုနှင့် ဦးလေးကို တစောင့်စောင့်နှင့် (၁၂)နာရီထိုးသွားပါသည်။

ဦးလေးက ခပ်ထွေထွေလေး ပြန်ရောက်လာသည်။

အိမ်ထဲသို့ ပျော်ပျော်ရွှင်ရွှင်ဝင်လာသော ဦးလေးဦးနေလွင်ခမျာ ... အရပ်ဝတ်ရဲတွေ၊ ကောင်စီလူကြီးတွေနှင့် မစ်ကီတို့ကို တွေ့ပြီး ကြောင်သွား၏။



မင်းကို အဖေ ဘယ်လောက်ချစ်တယ်ဆိုတာ
ငါ့သား သိတယ်မဟုတ်လားဟင်။ မင်းအမေ မရှိကတည်းက
သနားပါတယ်ဆိုပြီး အလိုလိုက်ခဲ့တာ။ အခုတော့ - ကြမ်းပိုးသူခိုး
တွေနဲ့ လူပေါင်းမှားပြီး အမိုက်စော်ကားပြီပေါ့လေ။ တို့အမျိုးမှာ
သူခိုးမရှိဘူးကွ။

www.burmeseclassic.com

"ဘာ - ဘယ်လိုဖြစ်ကြတာလဲ"

"ကျွန်တော်လည်း မသိဘူး၊ ခေါ်လို့လာရတာပဲ၊ ဦးနေလွင့်တူသာ မေးကြည့်ပါတော့ဗျာ"

ကျွန်တော်လည်း အဖြစ်အပျက်ကို အကျဉ်းချုံးပြောပြလိုက်ရပြန်သည်၊

ကျွန်တော့်စကားအဆုံးတွင် ဦးလေး ဦးနေလွင်မျက်နှာ နီရဲသွား၏၊ တက်တစ်ချက် ပြင်းပြင်းထန်ထန် ခေါက်လိုက်၏၊

"တောက် - မိုက်ရိုင်းလိုက်တဲ့သား၊ ငါ့ကို အမျိုးမျိုးဒုက္ခပေးပြီး အရှက်ခွဲတာပေါ့ - ဟုတ်လား၊ မော်တာက ဗျွန်ဆင်ဗျူ၊ ပေါက်ဈေး ရှစ်ထောင်တစ်သောင်းလောက်ရှိတာ၊ သွားရောင်းရင် လေးငါးခြောက်ထောင် ရတာပေါ့၊ ထော်သေးတာပေါ့၊ ကျွန်တော့်တူလင်မယားကောင်းလို့ ပါမသွားတာ၊ အားလုံးလည်း ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ - ဟော့ကောင် မစ်ကီ - လာစမ်း ခဲ့ဦးကွ"

တတွတ်တွတ်နှင့် မစ်ကီ့ကိုခေါ်ရင်း အနားရောက်သွားသည်၊

"မင်းကို အဖေ ဘယ်လောက်ချစ်တယ်ဆိုတာ ငါ့သား သိတယ်မဟုတ်လား ဟင်၊ မင်းအမေ မရှိကတည်းက သနားပါတယ်ဆိုပြီး အလိုလိုက်ခဲ့တာ၊ အခုတော့ - ကြမ်းပိုးသူခိုးတွေနဲ့ လူပေါင်းမှားပြီး အမိုက်စော်ကားပြီပေါ့လေ၊ တို့အမျိုးမှာ သူခိုးမရှိဘူးကွ"

ငိုသံပါနှင့် ပြောရင်း ဖြောင်းဖြောင်းသုံးလေးချက် နားရင်းအုပ်ပစ်လိုက်သည်၊

အနီးက လူကြီးတွေ လှမ်းဆွဲရသည်၊

"ကဲဗျာ - ဒီကောင့်မျက်နှာလည်း ကျွန်တော် မကြည့်ချင်တော့ဘူး၊ ခင်ဗျားတို့ဝတ္တရားရှိတဲ့အတိုင်းသာ လုပ်ကြပေတော့၊ အချုပ်မကဘူး၊ ထောင်ပဲပို့ပို့ နောက်တော့မှ တရားဥပဒေအရ လိုက်ရှင်းတန် ရှင်းမယ်"

"ဒါဆိုလည်း - ကျွန်တော်တို့ကို ခွင့်ပြုပါ - ဦးနေလွင်"



ရဲများက ဦးလေးကို ခွင့်ပန်ပြီး မစ်ကီနှင့် သူ့အပေါင်းအဖော် လင်းလင်းတို့ ဖမ်းသည်၊

မျက်နှာငယ်လေးတွေနှင့်ဖြစ်နေသော နှစ်ယောက်သားလက်ကိုတွဲပြီး ကြိုးနှင့်တုပ်သည်၊

မစ်ကီ မျက်ရည်တွေဝဲလို့ ...၊

လင်းလင်းဆိုလျှင် ချုံးပွဲချ ငိုနေပြီ၊

"မင်းခေါ်လို့ ငါလိုက်လာတာ၊ ခုတော့ - ရောဂါပဲ"

ကျွန်တော်လည်း သူတို့ကိုကြည့်ပြီး ရင်ထဲမှာ ဆို့သွားရပါသည်၊

"မစ်ကီရာ - စောစောစီးစီး - ငါလှမ်းခေါ်တုန်းကသာ ထူးလိုက်ရင် ခုလိုဖြစ်မှာမဟုတ်ဘူး၊ ခုတော့ - လူသိပြီး ရှုပ်ကုန်တာပေါ့"

ဝမ်းနည်းပက်လက် ယူကျုံးမရဖြင့် ကျွန်တော် မြည်တမ်းမိပါသည်၊

ကျွန်တော်တို့ မျက်စိအောက်မှာပင် မစ်ကီတို့ကို ကြိုးတန်းလန်းနှင့် ဖမ်းခေါ်သွားကြပါပြီ၊

မစ်ကီ ဆေးဖိုးလိုလို့ ရေစက်ကို အကြံအဖန် လာလုပ်တာလား၊

တစ်ဆက်တည်းမှာပင် ရေစက်ပျောက်သွားပြီး ကျွန်တော့်အပေါ်အပြစ်ပုံချလို့ သူ့တိုက်မှာ မနေနိုင်အောင် တစ်ချက်ခုတ် နှစ်ချက်ပြတ် အကွက်ဆင်တာလား၊

အတွေးတွေ ပွားရင်းက မျက်ရည်စို့လာရပြန်ပါသည်၊

ပြီးတော့ -

သည်ဖြစ်ရပ်မှာ အပေါင်းအသင်း မှားရာကအစ မူးယစ်ဆေး၏ သားကောင်ဘဝဖြင့် အမိုက်တြူးရလေခြင်းဟု မစ်ကီကိုပဲ အပြစ်ပြောရလေမလား၊

ဇနီးသည်ဆုံးပြီးစ အရက်သမားကြီးလုံးလုံးဘဝဖြင့် သားလေးတို့[illegible] သိမ်းစောင့်ရှောက်မှု ပေါ့လျော့မိခဲ့လေသော ဦးလေးဦးနေလွင်[illegible] ဆွဲချက်တင်ရမလား၊



www.burmeseclassic.com

www.burmeseclassic.com

သားလေးလူလားမမြောက်အရွယ်မရောက်ခင်မလိမ်မိုးမလိမ္မာဘဝနှင့် ပစ်ထားရက်ခဲ့လေသော သူ့မိခင်ကိုပဲ အသေစောလိုက်တာလို့ အဆိုးဆိုရမလား။

ဒါမှမဟုတ် ...

ကိုယ့်ညီကိုမှ ကိုယ်လက်ရဖမ်းပေးခဲ့သည့် ကျွန်တော့်ကိုယ်ကျွန်တော်ပဲ နာကြည်းရလေမလား။

မဝေခွဲနိုင်တော့ပါချေ။

လွန်ခဲ့တဲ့(၁၅)နှစ်လောက်က ရေလှိုင်းဇာခြယ်ဝယ် နေလှိုင်းအပြာအနီခြယ်အမည်ဖြင့် ဝတ္ထုတစ်ပုဒ် ရေးဖူးပါသည်။

အစ်ကိုက ရဲ၊ ညီက လူဆိုး၊ ညီမှန်းမသိဘဲ အစ်ကိုကို ပစ်ဖမ်းမိတဲ့ဇာတ်လမ်း။

ခုတော့ - တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်ကိုယ်တိုင် ဇာတ်ကောင်ဘဝဖြင့် ကိုယ်တွေ့ကြုံလိုက်ရပါပြီ။

တစ်နည်းအားဖြင့် ကျွန်တော့်အဖြစ်က ဝတ္ထုဆန်သွားပါပေါ့ကလား။

ဘာပဲဖြစ်ဖြစ် ...

ကိုယ့်ညီကို ကိုယ် အချုပ်ထဲသွင်းရာရောက်ခဲ့သည့်အတွက် ကျွန်တော်စိတ်မကောင်း ဝမ်းနည်းလို့မဆုံး။

တစ်သက်လုံးလည်း မေ့ရတော့မည် မဟုတ်ပါ။

ဒီအတွက် ...

"ခွင့်လွှတ်ပါ - ညီလေးရယ်" လို့သာ။

ညီညီနိုင်



www.burmeseclassic.com

ဖက်ဆစ်အုပ်စိုးသောခေတ်ဆိုးကြီးတွင်
အသက်ရှင်ရပ်တည်ရန်မသေချာသည့်
ချွေးတပ်သားတို့၏နေ့မြင်ညပျောက်ဘဝ..

## ၁၉၄၃ – ၁၉၄၅...။

မြန်မာနိုင်ငံမှာ ဂျပန်လက်အောက်သို့ ကျရောက်နေသော ကာလဖြစ်၏။ ဂျပန်တို့ မျက်ဖြူဆိုက်နေသောအချိန်။

မြန်မာ့မြေပေါ်၌ စစ်ရိပ်၊ စစ်ငွေ့များကလည်း ကောင်းကင်တစ်ခုလုံး မိုးလုံးအပြည့်။ မဟာမိတ်တို့၏ လေကြောင်းနှင့် ရေကြောင်းစိုးမိုးမှုကလည်း ကမ္ဘာ့စစ်မြေပြင်တိုင်းတွင် အောင်မြင်လျက် ရှိ၏။ ထို့ကြောင့် ဂျပန်တို့မှာ ပင်လယ်ရေလမ်းကို အားကိုးအားထားရန်အတွက် အခက်အခဲဖြစ်နေ၏။

မည်သို့ဆိုစေ၊ မြန်မာ့စစ်မြေပြင်အဖို့ အထူးအရေးကြီး၏။ ရက်သတ္တတစ်ပတ်လျှင် ကုန်တန်ချိန် တစ်သိန်းလေးသောင်း တင်ပို့နိုင်မှ မြန်မာ့စစ်မြေပြင်အတွက် အဆင်ပြေနိုင်မည်ဖြစ်၏။ ရေကြောင်းဆိုင်ရာ စိုးမိုးမှု အားနည်းလာသဖြင့် ကုန်းလမ်းဘက်မှ အစီအစဉ် ဆွဲကြ၏။ ဂျပန်တို့သည် စစ်ရေးအရ စိုးမိုးနိုင်ရန် ယိုးဒယား – မြန်မာ မီးရထားလမ်းကို အမြန်ဆုံး ဖောက်လုပ်ကြလေ၏။

သံဖြူဇရပ်နှင့် ဘန်ပေါင်ရထားလမ်း ...။

☠

မြေလတ်ပိုင်းမြို့ငယ်ကလေးတစ်မြို့...။

ဂျပန်တို့က အကြောင်းမရှိ အကြောင်းရှာပြီး အခမဲ့ရုပ်ရှင်ပြသနေ၏။ ယနေ့ညပါဆိုလျှင် ဆယ်ညတင်းတင်း ပြည့်လေပြီဖြစ်၏။ မြို့သူမြို့သားတို့သည် အပျော်ကြူးကြ၏။ စစ်ရိပ်၊ စစ်ငွေ့ အန္တရာယ်တို့ကိုလည်း မေ့နေကြ၏။ မိုးပြိုတော့မလား၊ လေနီကြမ်းပဲ တိုက်တော့မလား။ သူတို့ မတွေးကြ၊ ကြောက်ရ လန့်ရမှန်းလည်း မသိ၊ သူ့ထက်ငါ အလုအယက် တိုးဝှေ့ကာ လာကြည့်ကြ၏။ တိုးမောင်နှင့် ချစ်လှတို့ သူငယ်ချင်းနှစ်ဦးသည်လည်း ရုပ်ရှင်ကြည့်ရန် ထွက်ခဲ့ကြ၏။

သူတို့သည် ရန်ကုန် – မန္တလေး ကားလမ်းမကြီးအတိုင်း မြောက်ဘက်သို့ လျှောက်လာကြ၏။ တိုးမောင်ခြေလှမ်းများ ခ‌ေလးလံနေ၏။ သူ့ခြေလှမ်းတိုင်း တုံ့ဆိုင်းကာ ရှိ၏။ စိတ်ထဲမှာလည်း မသိုးမသန့်နှင့်၊ ထိုည ရုပ်ရှင်ကြည့်ရသည်မှာ စိတ်မပါချေ၊ စိတ်ထင့်လျက်ရှိ၏။ ဘာရယ်လို့မဟုတ်၊ စိတ်နောက်တို့နေသည်တော့ အမှန်၊ ချစ်လှက တိုးမောင်အဖြစ်ကို အကဲခတ်မိသဖြင့် လှမ်းမေး၏။

"နေထိုင်မကောင်းလို့လား – တိုးမောင်၊ လမ်းလျှောက်နေတာ မတုန်မလှုပ်နဲ့ကွာ"

"နေထိုင်ကောင်းပါတယ်၊ ဒါပေမဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ - ချစ်လှတို့ ငါ့ကိုစောင့်ပါဦးကွ။ ငါတစ်ယောက်တည်းဖြစ်နေလို့၊ မင်းတို့နဲ့ဆိုတော့ အဖော်ရတာပေါ့"

တိုးမောင်တို့က ရပ်စောင့်နေ၏၊ အနားရောက်သောအခါ သုံးဦး ရင်ပေါင်တန်း လျှောက်လာ၏၊ မောင်ပုက တောက်ကာင်ကာနှင့် -

"မင်းတို့ - ဟိုသတင်း ကြားပြီးပြီလား"

"ဆိုစမ်းပါဦး - ဘာသတင်းမို့ အလန့်တကြားပြောတာလဲ"

"ဒီလိုကွ - တိုးမောင်ရ - မအူပင်ဘက်က ငါ့အဒေါ်တစ်ယောက် ရောက်လာတယ်၊ သူတို့မြို့မှာ ဂျပန်တွေက ချွေးတပ်သားတွေ စုဆောင်းနေတယ်တဲ့"

"ဘာလုပ်ဖို့လဲ"

"အဲဒါတော့ တိတိကျကျ မပြောတတ်ဘူး၊ ရေကြောင်းနဲ့လေကြောင်း ဘက်မှာရန်တွေ အရေးနိမ့်စပြုနေပြီလို့ အဘတို့ပြောသံ ကြားတယ်၊ ဂျပန်တွေ ရန်ဖြစ်ကြိုတ်နေလို့ဖြစ်မှာပေါ့"

ချစ်လှတို့လူစု စကားပြတ်သွား၏၊ မကြာမီ မြို့လယ်ကောင်ရှိ ရုပ်ရှင်ရုံ ရှေ့သို့ရောက်လာ၏၊ ရုံရှေ့ရှိကွမ်းယာဆိုင်တွင်ကွမ်းဝယ်ကြ၏၊ လူများလည်း စုရုံးစုရုံး ရှိလေ၏၊ လူများကိုကြည့်ပြီး တိုးမောင် ရင်မောနေ၏၊ လူလတ်ပိုင်း၊ ယောကျ်ားများက မိန်းကလေးများထက် ပို၏၊ ထိုစဉ် ချစ်လှက -

"ဒါပေမဲ့ဆိုပြီး စောစောက စကားပြတ်သွားတယ်၊ မင်း ဘာပြော ချင်လို့လဲ"

"အေးကွာ - ဒီည ငါ့စိတ်ထဲ တစ်မျိုးကြီးပဲ"

"ဘာလဲ - ဂျပန်တွေ ချွေးတပ်ဆွဲမှာ ကြောက်လို့လား၊ မကြောက်ပါနဲ့ ကွာ၊ မိုးပြီးအများပေါ့၊ စိုးရိမ်စိတ်တွေ များနေလို့ပါ၊ ရုပ်ရှင်ပြချိန်နီးနေပြီ၊ ရုံထဲ ဝင်ကြမယ်"

ချစ်လှက ပြောပြောဆိုဆို ရုံထဲသို့ ဦးဆောင်ဝင်လေ၏၊ တိုးမောင်နှင့် မောင်ပုတို့လည်း ရှေ့ဆင့်နောက်ဆင့် ဝင်ခဲ့၏၊ ရုပ်ရှင်ရုံမှာ လေးဖက်စလုံး အုတ်နံရံကာထား၏၊ ဝင်ပေါက်၊ ထွက်ပေါက်ကလည်း ရုံဝတွင် တစ်ပေါက်တည်း၊ ထိုအချိန် ဝန်ထမ်းတို့က ဘေးပတ်လည်မှ တန့်လန့်ကာများကို ဆွဲချနေ၏၊ မီးကိုလည်း ပိတ်လိုက်၏၊ တစ်ရုံလုံး အမှောင်လွှမ်းသွား၏၊

သူတို့မှာ အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် ရုံရှေ့ပိုင်းပိတ်ကားအနီးသို့ သွားနေ၏၊ ပိတ်ကားရှေ့ခုံတန်းတွင်ဝင်ထိုင်ကြ၏၊ ထိုင်ခုံများကိုတော့ ဝါးလုံးများဖြင့် ခုံတန်းရှည်ပြုလုပ်ထား၏။ ရုပ်ရှင်စပြလေ၏၊ ဇာတ်လမ်းက အချစ်ကား၊ တိုးမောင်မှာ ဇာတ်လမ်းအား စိတ်ဝင်တစားမရှိချေ၊ ရုပ်ရှင်ရုံထဲမှ အမြန်ဆုံး ပြေးထွက်ချင်စိတ်ပေါက်နေ၏၊ သူ့ဘေးမှ ချစ်လှအား လေသံဖြင့် ပြော၏၊

"ပြန်ကြရင် ကောင်းမယ်"

"ဟာ - ကြည့်တဲ့လက်စနဲ့ ပြီးမှပဲ ပြန်ကြရအောင်ကွာ"

တိုးမောင် ငြိမ်ကျသွား၏၊ ပိတ်ကားဆီသို့ အာရုံရောက်သွားကြ၏၊ သို့ဖြင့် ဇာတ်ကားပြီးသွားလေ၏၊ တစ်ရုံလုံး မီးများ ပြန်လင်းလာ၏၊ ရုံထဲမှ အပြင်သို့ ထွက်ခဲ့ကြ၏၊ ရုံပေါက်ဝတွင် စုပြုံကာ ရှိ၏၊ ယောကျ်ားကလေးများ နောက်သို့ ပြန်ဆုတ်လာ၏၊ တစ်ယောက်တစ်ပေါက် ပြောဆိုသံ ကြားရ၏၊

"ရုံပေါက်ဝမှာ ဂျပန်တွေ စောင့်ပြီး ချွေးတပ်ဖမ်းနေတယ်"

"ဒါဆို - ငါတို့တော့ ဒုက္ခရောက်ပါပြီကွာ"

မောင်ပုက ညည်းညူလိုက်လေ၏၊ တိုးမောင်မှာမူ အယူဘားဖားယား ရုံပေါက်ဝသို့ တိုးထွက်နေ၏၊ တိုးမောင်နောက်သို့ ချစ်လှတို့က တိုးဝှေ့လိုက် ပါနေလျက်၊

"ဖြည်းဖြည်းတိုးစမ်းပါကွာ၊ ဂိတ်ပေါက်ဝမှာ စစ်ကားဆိုက်ထားပြီး ဂျပန်တွေက ချွေးတပ်ဖမ်းနေတယ်လေ"

"ဒီတစ်ပေါက်တည်းရှိတာ လွတ်ဖို့လမ်းမရှိဘူး။ ဖမ်းတော့လည်း အဖမ်းခံရုံပဲ ရှိတာပေါ့ကွာ".

သူတို့လူစု ရုံပေါက်ဝရောက်သောအခါ ချွေးတပ်ဆွဲခံလိုက်ရလေ၏

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်အနှံ့မှ ရွေးတပ်သားတို့အား မော်လမြိုင်သို့ ခေါ်ခဲ့ကြ၏။ ထို့မှ နောက်တစ်နေ့တွင် သံဖြူဇရပ် ရွေးတပ်စခန်းသို့ အပို့ခံရ၏။ ထိုစခန်းရောက်သောအခါ ရွေးတပ်သားတို့ ရာရှင်ရကြ၏။ ထမင်းစားခွက်တစ်ခွက် ရေဘူးတစ်ဘူး၊ မတ်ခွက်တစ်ခွက်၊ နံငယ်ပိုင်းတစ်ပိုင်းနှင့် ကြိုးပေါက်မပါသော ဘွတ်ဖိနပ်တစ်ရံ ရရှိလေ၏။

နောက်တစ်နေ့နံနက်တွင် မိုးစက်မိုးပေါက်တို့က တဖြောက်ဖြောက် ကျနေ၏။ လေကလည်း တဖြူးဖြူးနှင့်...။ ရုံးခန်းရှေ့မြေကွက်လပ်တွင်လည်း ဂျပန်အလံက လေထဲမှာ တဖျပ်ဖျပ်လွင့်နေ၏။ ရာသီဥတုဆိုးဝါးသည့်ကြားမှ ရွေးတပ်သားတို့အား ထိုမြေကွက်လပ်တွင် တန်းစီခိုင်းထား၏။

တိုးမောင်မှာ ရှေ့ဆုံးတန်း အစွန်ဆုံးတွင် ရပ်လျက်ရှိ၏။ သူ့ဘေးတွင် ချစ်လှနှင့် မောင်ပုတို့ ရှိကြ၏။ သူတို့နှင့် မလှမ်းမကမ်း ညာဘက်တွင် သုံ့ပန်းရွေးတပ်သားတို့လည်း ရှိလေ၏။ ထိပ်ဆုံးအစွန်လူမှာ အရာရှိဖြစ်ဟန်တူ၏။

မြေကွက်လပ်တွင် ရပ်စောင့်နေရသည်မှာ တစ်နာရီခန့် ကြာလေပြီ။ ဂျပန်အရာရှိက ယခုထက်ထိ ပေါ်မလာသေးချေ။ ရွေးတပ်သားနှင့် သုံ့ပန်းတို့မှာ ခြေလက်များ ကိုက်ခဲလာ၏။ တစ်ကိုယ်လုံး ညောင်းညာကာ မလှုပ်ရှားချင်တော့ပေ။ တစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုနေ၏။ သူတို့ပိုင်ဆိုင်ထားသမျှ ရာရှင်ပစ္စည်းများမှာ မြေပြင်တွင် ငုတ်တုတ်၊ မျက်နှာများပေါ်သို့ မိုးစက်တို့က ထိုးနက်နိပ်စက်ကာ ရှိ၏။ မောင်ပုက သူ့မျက်နှာပေါ်မှ မိုးရေများကို လက်နှင့် သပ်ချလိုက်၏။ ထို့နောက် -

"တောက် - ဒီဂျပန်ငပုတွေ တော်တော်မိုက်ရိုင်းလွန်းတယ်ကွာ။ ရှေ့လျှောက် ဘယ်လိုဒုက္ခတွေ ကြုံကြရဦးမလဲမသိဘူး"

"မောင်ပုရာ - ဒီလောက်လည်း စိတ်ဓာတ်မကျစမ်းပါနဲ့ကွာ၊ ဘယ်သူမပြု မိမိအမှုပဲလေ၊ အဲဒီ့ညက ရုပ်ရှင်သွားမကြည့်ရင် အခုလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံရမှာမဟုတ်ဘူး"

"ဟုတ်ပါတယ် - တိုးမောင်၊ အဲဒီ့ညက မင်းပြောခဲ့တဲ့စကားကို အလေးအနက်ထားခဲ့ရင်ရယ်၊ ဒါမှမဟုတ် မင်းဆန္ဒအတိုင်း ပြန်ခဲ့မယ်ဆိုရင် ဖြစ်ချင်မှ ဖြစ်မှာပါကွာ"



"ဒီလိုလည်းမဟုတ်သေးဘူး - ချစ်လှ၊ မင်းတို့မှာမှ အပြစ်ရှိတာမဟုတ်ဘူး၊ မင်းတို့ ဘယ်လောက်တားတား ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား မချနိုင်ခဲ့တာ ငါ့အမှားပဲမဟုတ်လား"

ရုံးခန်းထဲမှ တပ်ကြပ်ကြီးတစ်ဦး ထွက်လာပြီး သူတို့ စကားစပြတ်သွားလေ၏။ မိုးကလည်း တိတ်ဆိတ်စပြုလာပြီဖြစ်၏။ မီးကို ရေနှင့် ငြိမ်းသတ်လိုက်ဘိအလား၊ ရွေးတပ်သားအားလုံး တိတ်ဆိတ်ကုန်၏။ မကြာမီ ဂျပန်စစ်ဗိုလ်၊ စကားပြန်၊ စစ်သားအချို့ထွက်လာလေ၏။ ဂျပန်စစ်ဗိုလ်နှင့် စကားပြန်တို့က အလံတိုင်အနီးတွင် လာရပ်၏။ စစ်သားတို့က နေရာအသီးသီး ယူကြ၏။

ဂျပန်စစ်ဗိုလ်က စကားမပြောသေးပဲ ရှေ့ဆုံးတန်းမှလူများကို စူးစူးစိုက်စိုက်ကြည့်လေ၏။ မျက်နှာကြောကလည်း ခပ်ထန်ထန်၊ မျက်ဝန်းအိမ်ထဲတွင် စိုးရိမ်စိတ်တွေ လွှမ်းမိုးနေ၏။ ထို့နောက် အောင်မြင်စူးရှသောလေသံနှင့် စတင်ပြော၏။ စကားပြန်က မြန်မာလို ပြန်ပေး၏။

တိုးမောင်တို့မှာ တုတ်တုတ်မျှ မလှုပ်ဝံ့ပေ၊ ဂရုစိုက်နားထောင်နေရ၏။ စကားကြောကလည်း ရှည်၏။ တော်တော်နှင့် မပြီးနိုင်။ ထို့ကြောင့် ရွေးတပ်သားတို့မှာ အံကြိတ်၍ ဒေါသထွက်နေကြ၏။ မကျေနပ်မှုများ တဖွားဖွားဖြစ်လာ၏။ ပြောသမျှစကားကို နားထောင်နေရသော်လည်း စိတ်ဝင်တစားမရှိကြပေ၊ မတတ်သာ၍ နားထောင်နေရ၏။ ထိုစဉ် သူတို့နားထဲသို့ စကားတစ်ခွန်း တိုးဝင်လာ၏။

"သုံ့ပန်းတွေနဲ့ လုံးဝပြောဆိုမဆက်ဆံရဘူး၊ ဆားတို့၊ ဆေးလိပ်တို့ တောင်းရင်လည်း မပေးကြနဲ့၊ ပေးရင် သေပြီသာမှတ်ကြ၊ စည်းကမ်းမလိုက်နာလို့ကတော့ အပြစ်ပေးခံရမယ်"

ထိုစကားကြောင့် တိုးမောင်၏မျက်လုံးများသည် ဘေးအစွန် သုံ့ပန်းထံ သေမသာ ရောက်ရှိ၏။ ဂျပန်စစ်သားများ ရိပ်မိသွားမည်ကိုလည်း သတိထားရ၏။ ထိုသုံ့ပန်းကလည်း အနည်းငယ် ငုံ့စောင်းကာ ကြည့်၏။ တခဏချက်လုံး

www.burmeseclassic.com

www.burmeseclassic.com

ချင်းဆုံလိုက်၏။ သူတို့နှစ်ဦး၏ ရင်တွင်း၌ ပေါက်ကွဲမှုစကားလုံးများ ထွက်ပေါ်သွားကြ၏။

"ဒီကောင်တွေ - လူသားချင်း စာနာစိတ် တင်းမဲ့ကြတယ်ကွ"

* * *

တပ်ဒိန်းစခန်း ...။

တိုးမောင်တို့လူစုထိုစခန်းသို့အပို့ခံရ၏။ ထိုစခန်းမှာ ရထားလမ်းဖောက်သည့် စခန်းကြီးတစ်ခုဖြစ်၏။ စခန်းအတွင်း၌ ရိက္ခာဂိုဒေါင်များ၊ လုပ်ငန်းသုံး ဂိုဒေါင်များနှင့် အထွေထွေပစ္စည်းဂိုဒေါင်များ ရှိ၏။

အရပ်သားချွေးတပ်သားများ နေထိုင်ရန် တန်းလျားတဲကြီးဝါးလုံး ရှိ၏။ တောင်နှင့်မြောက် တန်းပြီးဆောက်ထား၏။ တောင်ဘက်အစွန်းဆုံးတဲနှင့် လှမ်းတော်တွင် စမ်းချောင်းတစ်ခု ရှိ၏။ စမ်းချောင်းတစ်ဖက်မှာတော့ စစ်သုံ့ပန်းချွေးတပ်သားများကို သီးခြားခွဲထား၏။ အရပ်သားချွေးတပ်သားတို့၏ တဲအနီး စမ်းချောင်းနံဘေးတွင် ဂျပန်အကြပ်၊ တပ်သားတို့ နေထိုင်ကြ၏။

စမ်းချောင်းကိုတော့ ချိန်နဲ့နဲ့ဝါးတံတားကလေး ထိုးထား၏။ စစ်သုံ့ပန်းတစ်ယောက်ချင်းသာ ထိုတံတားအား ဖြတ်ကူးနိုင်၏။ ထိုသူတို့မှာ အင်ဂျင်နီယာတပ်၊ ဆောက်လုပ်ရေးတပ်၊ ယန္တရားတပ်ဖွဲ့များက ဖြစ်၏။ ထိုအတွက်ကြောင့်တံတားတည်ဆောက်ခြင်း၊ ဇလီဖားခင်းခြင်း၊ သံလမ်းဆွဲခြင်းလုပ်ငန်းများကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်၏။

စခန်းတွင် စခန်းတာဝန်ခံ၊ ဘွန်တိုင်ချို ဟန်ချိုတို့ဖြင့် ချွေးတပ်သားများကို အုပ်ချုပ်စေ၏။ စစ်သုံ့ပန်းတို့ကိုတော့ စစ်သုံ့ပန်းဗိုလ်တစ်ဦးက အုပ်ချုပ်၏။ ဟန်ချိုတစ်ယောက်၏လက်အောက်တွင် ချွေးတပ်သားတစ်ရာ ရှိ၏။ ဟန်ချိုလေးဦးအား ဘွန်တိုင်ချိုတစ်ဦးက ဆင့်ကဲအုပ်ချုပ်၏။

ချစ်လှမှာ တိုးမောင်၏လက်အောက်မှ ဟန်ချိုဖြစ်လေ၏။ မောင်ပုက ချစ်လှ၏လက်အောက်တွင် ရှိ၏။ သူတို့လူစုမှာ မီးရထားဇလီဖားတုံးဖြတ်



ရ၏။ တစ်ခါတစ်ရံ တံတားပေါင်လုပ်ရန် သစ်ချောင်းရှည်များကို ဖြတ်ရ၏။ တိုးမောင်တို့စခန်းရောက်ချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး တောကြီးမျက်မည်းဖြစ်ပြီး သမင်ပေါက်သံ၊ ချေ(ဂျီ)ပေါက်သံ၊ ကျားဟိန်းသံတို့ကို အမြဲတစေ ကြားရ၏။

ထိုညက ကောင်းကင်တွင် ကြယ်မရှိ။ လရောင်ကလည်း ကင်းမဲ့လျက် ရှိ၏။ စမ်းချောင်းအနီး တဲအစွန်တွင်နေသော တိုးမောင်မှာ အိပ်မပျော်နိုင်ပဲ ရှိ၏။ သူ့အိမ်တွင် ကျန်ခဲ့သော ဖခင်ကြီးနှင့် ညီမမှာ မည်သို့လုပ်ကိုင်စားသောက်နေလိမ့်မလဲဟု တွေးတောနေ၏။ ဟိုလှည့်သည်လှည့်ဖြင့် အတွေးနက်ကာ ရှိ၏။ သူ့ဘေးက မောင်ပုမှာလည်း တိုးမောင်နည်းတူပင်။

အိပ်မပျော်သဖြင့် လမ်းထလျှောက်ရန်လည်း မဖြစ်ချေ။ အပေါက်ဝတွင် ဂျပန်ကင်းသမား ရှိ၏။ မထင်လျှင် မထင်သလို ပါးရိုက်ခံရမည်၊ စစ်ဖိနပ်နှင့် စိတ်တိုင်းကျ ကန်ကျောက်ပေရော့မည်ဖြစ်၏။

မောင်ပု အလုပ်ဒဏ်ကြောင့် အဖျားတက်နေ၏။ ငှက်ဖျားရောဂါဖြစ်နေပြီဖြစ်၏၊ တဟီးဟီး ညည်းညူလျက်ရှိ၏၊ သူ့ဘေးမှ တိုးမောင်က -

"မောင်ပု - ငှက်ဖျားတက်နေသလား။ ဟိုတလောက မွန်ချေးသည်တွေ လာတုန်းက တိုင်းရင်းဆေးတွေ ဝယ်ထားတယ်၊ အဲဒီမှာ ငန်းဆေးပါတယ်၊ သောက်လိုက်ပါလား"

"အင်း - အင်း - ငါ့ - ငါ့ကို ဆေးမတိုက်ပါနဲ့ကွာ၊ သေသွားရင် ပိုကောင်းလိမ့်မယ်၊ ဒီဝဋ်က မြန်မြန်ကျွတ်သွားတာပေါ့"

"ဘယ်ဟုတ်မလဲကွာ၊ ဒါတို့က တစ်မြို့တည်းသားတွေပဲ၊ ဆိုးတူကောင်းဖက်ပေါ့၊ ရေနွေးကို ငါးကျည်တောက်နဲ့ ထည့်ထားတာ ဒီမှာရှိတယ်".

ချစ်လှက ပြောဆိုပြီး ခေါင်းရင်းရှိ ဝါးကျည်တောက်ကို လှမ်းယူလေ၏။ ကျည်တောက်မှာ ဝါးဆစ်ပိုင်းကိုပင် အဖုံးပြုလုပ်ထား၏။ ထိုအဖုံး ဝါးဆစ်မှ ခွက်ထဲသို့ ရေနွေးငှဲ့ထည့်လိုက်၏။ တိုးမောင်ကလည်း ဝါးဆစ်ဘူးထဲမှ ဆေးတို ထုတ်ယူ၏။ သူတို့ အိပ်ရာမှမထဘဲ တိတ်တဆိတ်လုပ်ကိုင်နေခြင်းဖြစ်၏။

www.burmeseclassic.com

ကင်းစောင့်စစ်သား၏ အခြေအနေကိုလည်း အကဲခတ်ရ၏။ ဆေးသောက်ပြီးသော် မောင်ပု ခေါင်းမြီးခြုံ၍နေ၏။ ထိုနောက် တောတွင်းတစ်နေရာမှ ခွေးအများအူသံကို ကြားရ၏။

"ဝူး-ဝူး-ဝူး-ဝူး"

ခွေးအများအူသံကြောင့် မောင်ပု တဆတ်ဆတ်တုန်လာ၏။ သူ့နှုတ်ကလည်း မပွင့်တပွင့်နှင့် -

"အေးကွာ - ဒီခွေးအတွေ တော်တော်သောင်းကျန်းလွန်းတယ်၊ ဒီခွေးအူသံတွေဟာ ငါ့အတွက်တော့ တကယ့်ကိုအ.မင်္ဂလာပဲ၊ မိဘတွေနဲ့ ငါပြန်ဆုံနိုင်ဖို့လမ်းစ မရှိတော့ဘူးထင်တယ်"

"စိတ်မာတ်မကျစမ်းပါနဲ့ကွာ၊ ငါတို့တစ်တွေဟာ သေအတူ ရှင်မကွာပေါ့၊ တစ်နေ့နေ့မှာ လွတ်မြောက်နိုင်မယ့်နည်းလမ်း ရှာရမှာပေါ့"

"တိုးမောင်ပြောတာ ဟုတ်တယ်၊ ယောက်ျားပဲကွာ - စိတ်ကိုနိုင်နိုင်ထားစမ်းပါ၊ အတယ်၍ -"

ချစ်လှက မဲ့ခြောက်ခြောက်လေသံဖြင့် ပြောလေ၏။ ထိုစဉ် ကင်းသမားက သူတို့အနားသို့ ရောက်လာ၏။ တိုးမောင်တို့ စကားဆက်မပြောပဲ တိတ်ဆိတ်သွား၏။ ကင်းသမားက မောင်ပု၏ခြေထောက်အား သေနတ်ပြောင်းဝနှင့် ထိုး၍ထရန် လှုပ်နှိုး၏။ မောင်ပုက အိပ်ချင်ယောင်ဆောင်နေ၏။ တုတ်တုတ်မျှ မလှုပ်ချေ။ တစ်ကိုယ်လုံးလည်း ချွေးသီးချွေးပေါက်များ တဒီးဒီးဖြစ်လာ၏။

မောင်ပု အိပ်ရာမှ မထသဖြင့် ကင်းသမား စိတ်ဆိုးသွား၏။ ထို့ကြောင့် ခပ်ဆတ်ဆတ် ဆောင့်ထိုးလိုက်၏။ မောင်ပု နာကျင်လွန်းသဖြင့် အော်ဟစ်ပြီး ထထိုင်၏။

"အား - သေပါပြီဗျာ - သေပါပြီ"

အလန့်တကြားအော်သံကြောင့် တဲအတွင်းရှိ ချွေးတပ်သားအားလုံး နိုးကုန်၏။ မည်သူမှ မထဝံ့ကြပေ။ တိုးမောင်ကလည်း ပထမတော့ မထသေးချေ။ အခြေအနေကို စောင့်ကြည့်နေ၏။ ကင်းသမားက မောင်ပုအား မြေပြင်



ပေါ် ဆင်းရန် လက်ဟန်ဖြင့် ခေါ်နေ၏။ မောင်ပု တုန်တုန်ချိချိ ဆင်းလိုက်၏။ တိုးမောင် မနေသာတော့ပေ။ ဆတ်ခနဲ အောက်သို့ ခုန်ဆင်းကာ ရှင်းပြလေ၏။

"မာစတာ - သူ - နေမကောင်းလို့ပါ၊ ဒါကြောင့် - ကျွန်တော်က ဆေးသောက်ဖို့ ပြောပြနေတာပါ"

ကင်းသမားနားလည်အောင် သရုပ်ဆောင်ပြ၏။ ကင်းသမားက ခေါင်းတညိတ်ညိတ်လုပ်ကာ နားထောင်နေ၏။ မောင်ပု၏ ကိုယ်ခန္ဓာအား စမ်းသပ်ကြည့်၏။ သူ့နေရာ တဲဝသို့ လှည့်ထွက်သွား၏။ ထိုနောက် တဲဝတွင် ကင်းပြန်စောင့်လေ၏။

တိုးမောင်တို့လည်း ကိုယ့်နေရာပြန်တက်ပြီး အိပ်ကြလေ၏။ တဲကြီးအတွင်း အိပ်ပျော်သူက ပျော်၊ ငုတ်ချားရောဂါ ခံစားရသူက ခံစား၊ မိမိတို့ဒေသတွင် ကျန်ရစ်ခဲ့သော မိသားစုအကြောင်း တွေးသူက တွေး၊ ချွေးတပ်သားတို့မှာ မိုးဒဏ်၊ လေဒဏ်တို့ကိုလည်း မကြောက်နိုင်၊ နေပူဒဏ်ကိုလည်း ဂရုမစိုက်အား၊ ထားရာနေ၊ စေရာသွားဘဝမို့ လူလုံးမလှ၊ အပူလုံးကြွကာ လောကဓံကို အံတုဖက်ပြိုင် အသက်ရှင်နေကြရ၏။

သို့ဖြင့် နောက်တစ်နေ့ မိုးလင်းပိုင်း ရောက်လာ၏။ အလုပ်စခန်းသို့ ဝင်ကြရလေ၏။ မိုးကလည်း တဖြောက်ဖြောက် ရွာချနေ၏။ တစ်ပတ်တိတိရှိလေပြီ။ တိုးမောင်တို့မှာ မနေ့က ဖြတ်လတ်စ ဖလီဒာတုံးများကို နစ်ယောက်တစ်ဆိုင်း ဖြတ်နေရ၏။

မောင်ပုကျန်းမာရေးအခြေအနေ ကောင်းနေ၏။ တိုးမောင်ထံမှာ တိုင်းရင်းဆေးကို နံနက်အလုပ်မဝင်ခင် ကြိုသောက်ခဲ့၏။ ထမင်းစားချိန် ရောက်လာ၏။ သစ်ပင်ကြီးတစ်ပင်အောက်တွင် ဝိုင်းဖွဲ့စားကြ၏။ မိုးစက်တို့က ထမင်းခွက်ထဲသို့ တပေါက်ပေါက်စီးကျလျက် ရှိ၏။ တိုးမောင်က သူ့နှုတ်ခမ်းဝတွင် ထမင်းလုတ်ကိုတေ့၍ စိတ်ပျက်အားငယ်စွာ ပြောရှာ၏။

"လူ့ဘဝဟာ အတော်ပဲ ကြမ်းတမ်းပါလား၊ စစ် - စစ် - စစ် - စစ်ရဲ့မီးဥ္ဂ ခုံတွေ - အနိဋ္ဌာရုံတွေ - အိုးအိမ်စည်းစိမ်တွေတလည်း သောက်ဆိုသာတ်လဲ

www.burmeseclassic.com

www.burmeseclassic.com

မျက်စီးဆုံးရှုံး - မြေပြတ်လက်ပြတ်နဲ့ဒုက္ခိတဘဝရောက်သူရောက် - မိတဲ့ ဖတကွဲနဲ့ သေကြေကုန်ကြတာ ဒုနဲ့ဒေးပါလား။ ဩော် - သေသော်မှသည် ကောင်းလေစွ"

ထိုစကားကြောင့် သူတို့အားလုံး ထမင်းစားရန် မေ့နေကြတော့၏။ ဟောက်ပက်ပက်မျက်ဝန်း၊ ပြူးထွက်နေသောမျက်လုံးအိမ်၊ စီးဆင်းနေသော မျက်ရည်စများ၊ စစ်ကို နာကြည်းမုန်းတီးနေသော စိတ်ခံစားချက်ပေါင်းများ စွာဖြင့် သူတို့အားလုံးခြေကုန်လက်ပန်းကျကာ ကြေကွဲဝမ်းနည်းလျက် ရှိကြ လေ၏။

※ ※ ※

တစ်နေ့တာလုပ်ငန်းသိမ်းပြီးတဲတန်းလျားသို့ပြန်လာခဲ့၏။ တဲတန်းလျား အနီးဝါးရုံဝင်အနားသို့ ရောက်လာ၏။ ဝါးရုံအကွယ်မှ သုံ့ပန်းစစ်ဗိုလ် ပြုံး၍ ထွက်လာ၏။ သုံ့ပန်းစစ်ဗိုလ်၏မျက်နှာ ညှိုးငယ်စွာရှိ၏။ သူအား တစ်စုံတစ်ခု ပြောချင်ဟန်ရှိ၏။ သူ့စိတ်ယူဆချက်အတိုင်းပင် -

"ကျုပ်ကို - ဆား - ဆားနည်းနည်းလောက်ပေးပါလား"

သုံ့ပန်းစစ်ဗိုလ်ကမြန်မာစကားကိုမပီကလာ ပီကလာနှင့် လှမ်းပြော၏။ တိုးမောင်ရင်ထဲ ထိတ်ခနဲဖြစ်နေ၏။ တဒင်္ဂအတွင်း ပေးသင့်၊ မပေးသင့် ဝေခွဲ ရန် ခက်နေ၏။ တိုးမောင်မှာ မတုန်မလှုပ်နှင့်၊ ထိုသို့ဖြစ်နေလေလေ၊ သုံ့ပန်း စစ်ဗိုလ်မှာ ဂနာမငြိမ်ပဲ စိတ်လှုပ်ရှားလေလေ ဖြစ်နေရှာ၏။

ထို့ကြောင့် တိုးမောင် သနားသွား၏။ သူ့ထံတွင် စခန်းတာဝန်ခံ ကိုဘ ပေးထားသော ဆားတစ်ထုပ် ရှိ၏။ တိုးမောင်၏မျက်နှာ တစ်မှုဟုတ်ချင် အပြုံးယောင် သန်းသွား၏။ ထိုအခါကျမှ သုံ့ပန်းစစ်ဗိုလ်မျက်နှာ ရွှင်ပျ လာ၏။ ပတ်ဝန်းကျင်ကို လှည့်ကြည့်၏။ ဂျပန်တို့၏ အရိပ်အယောင် မတွေ့ရလေ၏။

တိုးမောင်က လက်ဟန်ခြေဟန်ပြ၍ စောင့်ဆိုင်းထား၏။ သူက တဲ လျားထဲသို့ အပြေးအလွှား ပြန်ဝင်ခဲ့၏။ တဲခေါင်းရင်းတွင် ဝှက်ထား

ဆားတစ်ထုပ်အား လှမ်းယူလေ၏။ ဝါးရုံအကွယ်တွင် ရပ်စောင့်နေသော သုံ့ပန်းစစ်ဗိုလ်ထံ မပြေးရုံတစ်မည် ပြန်ထွက်လာ၏။ အနားရောက်သော အခါ ဆားထုပ်အား ကမ်းပေးလိုက်၏။

ထိုစဉ် တိုးမောင်၏ကုပ်ပိုး ဗျစ်ညှစ်ခံလိုက်ရ၏။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်သွား၏။ သူ့နှုတ်မှ ကြောက်ကြောက်လန့်လန့် ထွက် သွား၏။

"ဘုရား - ဘုရား - ဘုရား"

သူ့ရှေ့မှ သုံ့ပန်းဗိုလ်မှာလည်း ကြက်သေ,သေနေ၏။ မြေပြင်ပေါ်သို့ စူးစူး စိုက်စိုက်ကြည့်နေ၏။ ချမှတ်ထားသော စည်းကမ်းကို ဖောက်ဖျက်မိသဖြင့် နောက်တရနေ၏။ တိုးမောင်အတွက် ပူပန်နေ၏။ စိတ်လှုပ်ရှားလွန်းနေ၏။ ဆားထုပ်ကိုင်ထားသည့် လက်ချောင်းကလေးများလည်း ကတုန်ကယင် ဖြစ်နေ၏။ တောင်းပန်သောမျက်လုံးအစုံနှင့် ဂျပန်စစ်သားအား ငုံ့စောင်း ကြည့်၏။

တိုးမောင်ကလည်း ထိုစစ်သားအား သမင်လည်ပြန် လှည့်ကြည့်မိ၏။ ရွှေမျက်မှန်။

"တပ်ကြပ်ကြီး ရွှေမျက်မှန်ပါလား"

သူ့ရင်တွင်းနှုတ်စကားနှင့်အတူ အနည်းငယ် စိတ်ပေါ့ပါးသွား၏။ အဘယ့်ကြောင့်ဆိုသော် ရွှေမျက်မှန်ကား နှလုံးသားနူးညံ့သူ၊ လူသားချင်း စာနာစိတ်ရှိသူ၊ စိတ်သဘောထားပြည့်ဝသူတစ်ဦးဖြစ်၏။ ရွှေမျက်မှန်၏နှုတ် မှ တစ်ခွန်းတည်းသောစကားပြော၍ လှည့်ထွက်သွား၏။

"ဘိရုမာ ဆိုးလွန်းတကား - ဆိုးလွန်းတကား"

ထိုအခါမှ သုံ့ပန်းဗိုလ်နှင့် တိုးမောင်တို့နှစ်ဦး အသက်ရှုချောင်သွား၏။ ကျေးဇူးတင်ကြောင်း ပြော၍ သုံ့ပန်းဗိုလ် ထွက်သွား၏။ တိုးမောင် တဲတန်း လျားထဲသို့ပြန်ဝင်လိုက်၏။ စိုးရိမ်စိတ်က မပြေသေးပေ။ တခြားအစောင့်များ နှင့်တွေ့ခဲ့ရင်အခက်၊ အမှုအရာပျက်ယွင်းနေသောကြောင့် ချစ်လှစေဆီးတို့ ...

www.burmeseclassic.com

၄

"ဆပ်ပြာသည် လင်ပျောက်ရှာနေသလိုပဲ၊ ပျာယီးပျာယာနဲ့ - ဘာဖြစ်လာလို့လဲ"

တိုးမောင်က အကျိုးအကြောင်း ရှင်းပြ၏။ မောင်ပုက နှစ်သိမ့်ပေးလေ၏။

"အင်း - မင်းက တင်းကျပ်တားမြစ်ထားတဲ့ ဆားထုပ်သွားပေးလိုက်တာကိုး၊ ရွှေမျက်မှန်နဲ့ ပက်ပင်းတိုးလို့ ကံကောင်းသွားတာကွ၊ တခြားဂျပန်နဲ့တာ တွေ့လို့ကတော့ မသေရုံတစ်မည် နှိပ်စက်တာ ခံရမှာပဲ"

"လူတစ်ဖက်သားအပေါ် ကူညီလိုက်ရလို့ ဒုက္ခဖြစ်မှာ မကြောက်ပါဘူးကွာ"

တိုးမောင် အံကိုကြိတ်၊ လက်သီးနှစ်ဖက်ကို တချစ်ကျစ်ပါအောင် ဆုပ်၍ ပြောချလိုက်၏။

⁂

စနေ၊တာဝန်ခံ ကိုဘစိန် တဲတန်းလျားထဲသို့ ဝင်ရောက်လာ၏။ တိုးမောင်ထံ မကြာခဏ လာတတ်၏။ သူရောက်လာလျှင် သတင်းထူးတစ်ခုခု သယ်ဆောင်လာလေ့ရှိ၏။ ယခု ကိုဘစိန်ရောက်လာခြင်းမှ မည်သည့်အကြောင်းကိစ္စ ပြောလိုသနည်း၊ တိုးမောင်စိတ်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

ဆားထုပ်ပေးသည့်ကိစ္စကြောင့်ဟု တွေးမိ၏။ သူ့အပြင် သုံ့ပန်းဗိုလ်ပါ အပြစ်ပေးခံရမည်ဖြစ်၏။ ချစ်လှနှင့် မောင်ပုလည်း မျက်စိမျက်နှာပျက်နေကြ၏။ တိုးမောင်အတွက် ပူပန်သောက ရောက်နေကြ၏။ ကိုဘစိန် အနားရောက်လာသောအခါ ချစ်လှက လှမ်းနှုတ်ဆက်လိုက်၏။

"အစ်ကိုဘစိန် - ဘယ်လိုအကြောင်းထူးရှိလို့လဲ၊ မြန်မြန်ပြောပြစမ်းပါ၊ ကျွန်တော်တို့ စိတ်တွေ အရမ်းလှုပ်ရှားလွန်းနေလို့"

ချစ်လှက သူတို့အကြောင်းနှင့်သူတို့ ရည်ရွယ်ပြီး ပြောလိုက်ခြင်းဖြစ်၏။ ထိုကြောင့်ကိုဘစိန် အံ့အားသင့်သွား၏။ တိုးမောင်မျက်နှာမကောင်းကြောင်း သတိထားမိ၏။ ရွှေမျက်မှန်စကားကို အမှတ်ရလာ၏။ သံသယစိတ်ကြောင့်၊

"မင်းတို့ထဲကတစ်ယောက်ယောက် ပြဿနာတက်နေပြီမဟုတ်လား"

"ဟုတ်တယ် - အစ်ကိုဘစိန်၊ တိုးမောင်ပေါ့ - သုံ့ပန်းဗိုလ်ကို ဆားထုပ်ပေးနေတုန်း ရွှေမျက်မှန် တွေ့သွားတယ်၊ အဲဒီကိစ္စနဲ့လာတာလား ဟင်"

"ရွှေမျက်မှန်ပြောလို့ သိထားပြီးပြီ၊ ဒါပေမဲ့ - ဘယ်သူဘယ်ဝါမှန်းမသိဘူး၊ သူက ဒီကိစ္စအကြောင်းတိုင်တာ၊ တောတာ မလုပ်ဘူး၊ ငါ့ကိုတော့ ပြောတယ်၊ ဒီကိစ္စစုံစမ်းပြီး နောက်နောင် ဒါမျိုးမလုပ်ဖို့ တားမြစ်ထားပါတဲ့လေ"

"ဟုတ်လား - ဒါဆို တော်သေးတာပေါ့၊ ရွှေမျက်မှန်ကို အခြားလူတွေထက် ကျွန်တော်တို့တစ်တွေ ချစ်ခင်လေးစားကြတာပေါ့၊ ဒါနဲ့ လာရင်းကိစ္စကကော ဟင်"

ချစ်လှက သူ့ဆန္ဒကို ပြောပြလေ၏။ တိုးမောင်မှာ ရင်ထဲမှ အပူလုံး ကျသွားသဖြင့် မျက်နှာလန်းဆန်းလာ၏။ သူတို့ရွှင်ရွှင်လန်းလန်းဖြစ်ကုန်ကြ၏၊ ကိုဘစိန်က ပြုံးတုံ့တုံ့နှင့် -

"မင်းတို့သုံးယောက်အပြင် လူဆယ်ယောက် သံဖြူဇရပ်စခန်းကို ပြန်ရမယ်လို့ ဗိုလ်ကြီး ကူမာယာတ ပြောတယ်"

"ကျွန်တော်တို့ကို ကိုယ့်ဒေသပြန်ဖို့ နောက်တန်းသံဖြူဇရပ်စခန်း ပြန်လွှတ်တာလား ဟင်"

"မဟုတ်ဘူး - မောင်ပု၊ ဒီထက်အရေးကြီးတဲ့လုပ်ငန်းတစ်ခု လုပ်ဖို့တဲ့လေ၊ ဘာရယ်လို့တော့ တိတိကျကျမသိဘူး"

ကိုဘစိန်သည် ထိုမျှလောက်သာ ပြောပြီး ပြန်ထွက်သွား၏၊ တိုးမောင်က ကိုဘစိန်ကျောပြင်ကို ငေးလျက်ရှိ၏။ သူ့အနေနှင့် အခြေအနေကို သိချင်လည်း သိပေလိမ့်မည်ဖြစ်၏။ တကယ်မသိတာလည်း ဖြစ်နိုင်သည်ဟု တွေးနေတော့၏။

တကယ်တမ်း ပြောင်းရွှေ့ရမည်ဆိုတော့ ဝမ်းသာမိသည်အမှန်၊ တောကြီးမျက်မည်းထဲတွင် လုပ်ကိုင်ရခြင်းထက် သံဖြူဇရပ်လို မြို့ပေါ်တွင် လုပ်ကိုင်ရမည်မှာ တော်သေးပေမည်ဖြစ်၏၊ ပြောင်းရွှေ့ဟု ဆိုသော်လည်း သူတို့တွင် ပစ္စည်းပစ္စယက ထွေထွေထူးထူး မရှိချေ၊

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့နံနက်တွင် စခန်းဘူတာရုံတွင် ဗျွေးတပ်သား ဆယ့်ငါးယောက်ခန့် စောင့်နေကြရ၏။ ရထားဆိုက်လာ၏။ သူတို့နည်းတူ ကျောက်တစ်လုံး၊ အနန်းကွင်း၊ အပလုံစခန်းအသီးသီးမှ ဗျွေးတပ်သားတို့လည်း ပါဝင်ကြ၏။ စက်ခေါင်းနှင့် လူစီးတွဲတစ်တွဲတည်း။ ဂျပန်အစောင့်များနှင့် ...။

သူတို့အားလုံး သေတွင်းဝမှ လွတ်မြောက်သူများဟု တွေးထား၏။ မသေရုံတစ်မည်၊ မငတ်ရုံတစ်မည် တိရစ္ဆာန်တစ်ကောင်နှယ်။ လူလူချင်း နှိမ့်ချဆက်ဆံခံကြရ၏။ အရိုးက ပြိုင်းပြိုင်း၊ ဆံပင်တွေ နီကြောင်ကြောင်၊ ဖွာလန်ကျဲနှင့် ...။

ရထားလမ်းကလည်း ပြီးလုပြီးခင် ရှိနေပြီဖြစ်ကြောင်း သတင်းကြားထား၏။ (၁၉၄၃ - ခုနှစ်၊ အောက်တိုဘာလ(၂၅)ရက်နေ့တွင် မြန်မာနိုင်ငံ သံဖြူဇရပ်နှင့် ယိုးဒယားနိုင်ငံ ဘန်ပေါင်ထိ မိုင်ပေါင်း (၂၆၀)ရှည်လျားသည့် သေမင်းတမန် ရထားလမ်းကို ဖွင့်လှစ်ခဲ့သည်။ စာရေးသူ)

သံဖြူဇရပ်စခန်းသို့ပြန်ရောက်လာ၏။ နောက်တစ်နေ့တွင် သံဖြူဇရပ်မှ ငဆွာဘတ်အတွက် အရှေ့တောင်ဘက်မိန်ဖလားတောင်လမ်းဖောက်သည့် နေရာသို့ အပို့ခံရပြန်၏။ (သံဖြူဇရပ်မှ ရေး - ထားဝယ်သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ရထားလမ်း။ မြို့အတွက် ဘယ်ဘက်ခြမ်းတွင် ဘုရားစေတီသုံးဆူရှိသည်၊ ထိုစေတီတို့၏ တောင်ဘက်ယွန်းယွန်း၌ ထိုလမ်းကို ဖောက်လုပ်ခဲ့ခြင်းဖြစ်၏။ ယခု ထိုလမ်းအူကြောင်းမှာ တောအတိ ပြန်ဖြစ်သွားပြီ ဖြစ်သည်။ စာရေးသူ)

တိုးမောင်တို့ လူနှစ်ဆယ်ခန့်မှာ လမ်းအူကြောင်း ရှာဖွေရေးအဖွဲ့ဖြစ်၏။ ဗျွေးတပ်သားတို့အပြင် အရပ်သား မွန် - မြန်မာ - ကရင်တိုင်းရင်းသားများလည်းပါဝင်ကြ၏။ အဖွဲ့ပေါင်း ဆယ်ဖွဲ့နှင့် သူတို့အဖွဲ့၏ခေါင်းဆောင်မှာ ပငွောမှ နိုင်ကျော်ရှိန်ဖြစ်၏။ သူက ဝိသုကာ(လက်သမား) ဆရာကြီးတစ်ဦး ဖြစ်၏။ ဒုတိယခေါင်းဆောင်က တိုးမောင်။

လမ်းအကျယ်မှာ ကုန်တင်ကားကြီးတစ်စီး ကျယ်ဝန်း၏။ နံနက်မိုးလင်းကတည်းက နေဝင်သည်အထိ လုပ်ကိုင်နေရတုန်းဖြစ်၏။ ဂျပန်တို့သည် ထိုလမ်းအတွက် မည်မျှလောက် အရေးကြီးသည်မသိချေ။ မနားတမ်းနိုင်း၏။ ရထားလမ်းဖောက်သည့်လုပ်ငန်းထက်ပင် ဆိုးဝါးစွာ နိုင်းခံရ၏။

ပိတောက်ပင်ကြီးတစ်ပင်ကို ခုတ်လှဲနေကြ၏။ နေမဝင်မီ အပြီးလုပ်ရန် အစောင့်တို့က ရိုက်ပုတ်နိုင်းနေ၏။ မောင်ပုသည် မတတ်နိုင်သည့်အဆုံး မလှမ်းမကမ်းတွင် ထိုင်ချလိုက်၏။ သူ့အစား တိုးမောင်က ဝင်ကူ၏။ ထိုစဉ် အစောင့်စစ်သား အနားရောက်လာ၏။ မောင်ပုအား စိတ်ဆိုးမာန်ဆိုးနှင့် ပြေးကန်၏။ သူ့နှုတ်မှ ယုတ်ညံ့စွာ ဆဲရေးတိုင်းထွာလျက်ရှိ၏။

"ဘီရုမာ - ဘီရုမာ - ခူးရကား - ခူးရကား"

မောင်ပုမှာ မြေပြင်တွင် လူးလိမ့်နေ၏။ အစောင့်ကလည်း စစ်ဖိနပ်ဦးနှင့် နံကြားကို အားကုန်ကန်လျက် ရှိ၏။ မောင်ပုတစ်ယောက် အင့်ခနဲ အင့်ခနဲ ညည်းညူအော်ဟစ်နေ၏။ မျက်နှာ၊ ဦးခေါင်း၊ ညှို့သကျည်း၊ ခန္ဓာကိုယ်တစ်ခုလုံး သွေးသံရဲရဲဖြစ်နေရှာ၏။

ထိုမြင်ကွင်းကြောင့် တိုးမောင် စိတ်မထိန်းနိုင်တော့ချေ။ အနီးရှိ ရဲတင်းကို ကောက်ယူ၍ ပြေးခုတ်၏။ ချစ်လှနှင့် နိုင်ကျော်ရှိန်တို့က ဗိုင်းဆွဲထားကြ၏။ တိုးမောင်မှာ မရုန်းထွက်နိုင်ပဲ ရှိလေ၏။ သူ့အသားများ တဆတ်ဆတ်တုန်ယင်လျက်ရှိ၏။ ဒေါသကြောင့် ပေါက်ကွဲသံ ထွက်လာ၏။

"တောက် - ကျုပ်တို့က လူသားတွေပါ၊ ဒီလောက်ထိ ကျဲလို့ နှားလိုနိုင်းတာတော့ မကောင်းဘူး"

"ဟုတ်တယ်ကွ - ငါတို့လည်း ဒီဂျပန်ငပုကောင်တွေကို ဘယ်ကျေနပ်ပါ့မလဲ၊ ဒါပေမဲ့ ..."

"စိတ်လိုက်မာန်ပါလုပ်လိုက်ရင် မင်းပဲ ဒုက္ခရောက်မှာပေါ့ကွာ။ သည်းညည်းခံရမယ်၊ အချိန်မတန်သေးဘူး"

လက်သမားဆရာကြီး နိုင်ကျော်ရှိန်က လူကြီးပီပီ ဖျောင်းဖျပေး၏။

ထိုစဉ် ဂျပန်စစ်သားသည် စကားသံ ကြားသွား၏။ တဒင်္ဂဖြစ်ပျော်မှုက လည်း လေပဟန်ကဲ့သို့ ပြန်ဆန်၏။ အစောင့် လှည့်ကြည့်လေ၏။ [illegible] သဲဖြစ်နေသည်ကို တွေ့သွား၏။ ထိုအခါ သူတို့ထံသို့ [illegible]

www.burmeseclassic.com

လှမ်းလာ၏၊ တိုးမောင်အနီးသို့ရောက်လာ၏၊ ဘာမပြော၊ ညာမပြော ပါးကို လှမ်းရိုက်၏။

"ဖြောင်း – ဖြောင်း – ဖြောင်း – ဖြောင်း"

တိုးမောင်က အံတင်းတင်းကြိတ်ထား၏။ နိုင်ကျော်ရှိန်တို့အားလုံး အလုပ်ပြေးလုပ်ကြ၏။ အစောင့်လည်း လှည့်ထွက်သွားလေ၏၊ ထိုအခါမှ သူတို့ ဟင်းခနဲ အသက်ရှူနိုင်ကြလေ၏။

* * *

"အနိုင် – မနေ့က အချိန်မတန်သေးဘူးလို့ ပြောတယ်မဟုတ်လား၊ အဲဒီစကားကို ကျွန်တော် သဘောမပေါက်ဘူး"

နောက်တစ်နေ့ ထမင်းစားချိန်တွင် တိုးမောင်က နိုင်ကျော်ရှိန်အား မေးလိုက်ခြင်းဖြစ်၏။ (မွန်ဘာသာ – အနိုင်၊ မြန်မာလို – ဘကြီး) နိုင်ကျော်ရှိန်မှာ အသက်လေးဆယ်ကျော် ရှိပြီဖြစ်၏။ ရွှေးတပ်သားတစ်ဦးမဟုတ်ပေ၊ အရပ်သားနေစားသမားဖြစ်၏။ တိုးမောင်မေးခွန်းအား မဖြေပဲ မိန်ဖလာတောင်ကြီးဆီသို့ အားမာန်ပြည့်သောမျက်ဝန်းအစုံနှင့် ငေးမောနေ၏၊ အတန်ကြာမှ အစောင့်ဂျပန်တို့၏ အခြေအနေကို အကဲခတ်လိုက်၏၊ ထိုနောက် လေသံကြားရုံနှင့် ပြောလေ၏။

"အေး – ဟုတ်တယ်လေ၊ ဒီကောင်တွေ စစ်ပွဲအခြေအနေ ရှုံးနိမ့်နေပြီ၊ ငါတို့နိုင်ငံ၊ ငါတို့လူမျိုးအပေါ်အနိုင်ကျင့်၊ ဗိုလ်တကျနိုင်စက်တဲ့ဒီကောင်တွေကို ပြန်တိုက်ဖို့ မျိုးချစ်လူငယ်တွေ စုစည်းထားတယ်ကွ၊ မိုးတွင်းမိုးရွာတာ သဘာဝတရားမဟုတ်လား၊ နွေခေါင်ခေါင် မိုးရွာလို့ကတော့ ဒုက္ခဘေးတွေနဲ့ ကြုံကြလိမ့်မယ်၊ မြေအောက်တော်လှန်ရေးအဖွဲ့ဖွဲ့ထားတယ်ပေါ့ကွာ"

"အဲဒီအဖွဲ့ထဲ ကျွန်တော်လည်း ပါဝင်ချင်တယ်၊ ဒါနဲ့ – ကျွန်တော်တို့ တစ်တွေကို ဘာကြောင့် ဒီလမ်း သဲသဲမဲမဲ ဖောက်ခိုင်းနေသလဲ"

တိုးမောင်က မေးပြောပြောလေ၏၊ နိုင်ကျော်ရှိန်က ဆေးတံတိုတစ်ရှိုက် ဖွာပြီးသော် –

"ငါ – သတင်းတစ်ခု ကြားထားတယ်၊ စစ်မပြေခင် သူတို့ [illegible] ဆည်းထားတဲ့ ငါတို့နိုင်ငံက အဖိုးတန်ရတနာပစ္စည်းတွေကို ဒီတောင်ကြီးရဲ့ လိုဏ်ဂူတွေထဲမှာ လျှို့ဝှက်သိုလှောင်ထားဖို့ လမ်းဖောက်နေတာတဲ့ကွ"

သူသိထားသည့် သတင်းအား ရှင်းပြလေ၏၊ တိုးမောင်တို့၏ သွေးများ ပွက်ပွက်ဆူလာ၏၊ အံကို ကြိတ်ထားကြ၏၊ လက်သီးများကို ကျစ်ကျစ် ပါအောင် ဆုပ်ထားကြ၏၊ မျက်ထောင့်နီကြီးများနှင့် မိန်ဖလာတောင်အား လှမ်းကြည့်ကြ၏၊ ခက်ထန်နက်ကျောသောမျက်နှာများနှင့် –

"ငါတို့အဖွဲ့ဝင်ဖြစ်ဖို့ ပြောထားပေးမယ်၊ ဆုံးဖြတ်ချက် ပြင်ချင်သေးလား"

"မပြင်တော့ဘူး"

ထိုစကားပြောပြီး တိုးမောင် ဟင်းခနဲ သက်ပြင်းချလိုက်၏၊ လေးလေး ဖင့်ဖင့် ပြန်ထိုင်လေ၏၊ ထိုစဉ် မောင်ပုက –

"ငါတို့ အခြေအနေကြည့်ပြီး ထွက်ပြေးကြရင် မကောင်းဘူးလား"

"ရှူး – တိုးတိုးကွ၊ ဟိုမှာ နင့်အဘ လျှောက်လာနေတယ်၊ ကြားသွားလို့ ပြဿနာတက်နေဦးမယ်"

ဂျပန်စစ်သား အနားရောက်လာ၏၊ သူတို့အားလုံး တိတ်ဆိတ်စွာ နေလိုက်ကြ၏၊ တိုးမောင်နှင့် ပြဿနာတက်ထားသူဖြစ်၏၊ အစောင့်က တိုးမောင်အား ဘုကြည့်ကြည့်၍ဖြတ်သွား၏၊ တိုးမောင်ကလည်း ရွံရှာသော မျက်လုံးများနှင့် စွေတိစွေကန်း ကြည့်၏၊

သူတို့ အမောမပြေသေး၊ လုပ်ငန်းပြန်စကြရ၏၊ အစောင့်တွေက ပို၍ ပို၍ ခိုင်းလာ၏၊ မနားတမ်းလုပ်ကြရသဖြင့် တိုးမောင်တို့အားလုံး အားအင် ကုန်ခန်းနေကြရ၏၊ ပင်ပန်းနွမ်းနယ်တာ ချိနဲ့လျက်ရှိကြ၏၊ သို့ဖြင့် တစ်လ နီးပါး ကြာသွားပြီဖြစ်၏၊

ထိုနေ့က နိုင်ကျော်ရှိန်၊ တိုးမောင်တို့ရှေ့ဆုံးအဖွဲ့မှာ မိန်ဖလာတောင်ထိပ်ရှိ လိုဏ်ဂူဝကြီးများရှေ့တွင် ရောက်ရှိလေနေ၏၊ သဘာဝဂူပေါက်များတာ လည်းတစ်ပုံစံတည်းရှိ၏၊ ဂူပေါက်အကျယ်အဝန်း၊ အရှယ်အစားအိုတာလည်း မတိမ်းမယိမ်း၊

www.burmeseclassic.com

ဂူကြီးတစ်ခုအတွင်းသို့ သူတို့အဖွဲ့ဝင်လိုက်ကြ၏။ ဝါးအိမ်လေးငါး၊ ဆယ့်လုံးခန့် ကျယ်ဝန်း၏။ အောက်ခြေမြေသားမှာလည်း မြေပြန့်ကျယ်ကျယ်၊ ကုန်ကားကြီးတစ်စီး ဝင်နိုင်၊ ထွက်နိုင်၏။ တိုးမောင်က ကုန်းမို့မို့တစ်ခုကို ပေါက်တူးနှင့် ဖြိုနေ၏။ ချစ်လှက မြေသယ်တောင်းကို လာချရင်း ပြောလေ၏။

"ဒီကောင်တွေ - အရုလိုအဖိုးတန်ပစ္စည်းတွေ ဝှက်ထားပြီး ဘယ်အချိန် ကျွန်တော်တို့နိုင်ငံက လာယူမလဲမသိဘူး"

"အဲဒါကတော့ - ငါတို့လည်း ဘယ်လိုလုပ်သိပါ့မလဲ၊ ဒီစစ်ပွဲကြီးပြီးသွားလို့ တစ်နေ့နေ့ တစ်ချိန်ချိန်ဖြစ်မှာပေါ့"

မောင်ပုက ကောက်ကာငင်ကာ ပြောချလိုက်၏။ တိုးမောင်က ဂူပေါက်ဝတွင်ရှိသော အစောင့်အား လှမ်းကြည့်လိုက်၏။ နိုင်ကျော်ရှိန်နှင့် လူငါးယောက်တ ဂူနံရံတွင် သစ်သားစင်လုပ်နေ၏။ နိုင်ကျော်ရှိန်က -

"သွက်သွက်လက်လက်လုပ်ကြပေါ့၊ ဂူအတွင်းလုပ်မိုးတွေအားလုံး ဒီနေ့ ပြီးစီးအောင် လုပ်ရမယ်လို့ ရွှေမျက်မှန်က ပြောတယ်"

"အနိုင် - ဒီလုပ်ငန်းပြီးသွားရင် ဘာတွေဆက်လက်ဖြစ်ကြဦးမလဲမသိဘူး၊ အကယ်၍ အခြေအနေပေးရင် ရွာမှာ လိုက်နေလို့မရဘူးလား"

"ရပါတယ်ကွာ - အဖွဲ့ထဲ ဝင်မယ့်ကိစ္စ ပြောထားပြီးပြီ"

နိုင်ကျော်ရှိန်က တိုးမောင်အား တိုးတိုးကပ်ပြောလိုက်၏။ တပ်ကြပ်ကြီး ယောဂုဝနှင့် ရွှေမျက်မှန်တို့ ရောက်ရှိလာ၏။ စခန်းတာဝန်ခံ ကိုဘစိန်လည်း ပါလာ၏။ ဂူကြီးအတွင်း၊ လှည့်လည်စစ်ဆေးလေ၏။ နိုင်ကျော်ရှိန်တို့ထံ လျှောက်လာ၏။ ရွှေမျက်မှန်က ကိုဘစိန်အား အင်္ဂလိပ်လို ပြောနေ၏။ ထိုနောက် ကိုဘစိန်က နိုင်ကျော်ရှိန်အား မေး၏။

"လုပ်ငန်းတွေအားလုံး ပြီးစီးမယ်မဟုတ်လား"

"ဒါလေးတွေ လက်စသိမ်းလိုက်ရင် အားလုံးပြီးပါပြီ"

နိုင်ကျော်ရှိန်စကားအား ကိုဘစိန်က ပြန်လည်ရှင်းပေး၏။ ရွှေမျက်မှန်တို့က ဦးခေါင်းတဆတ်ဆတ် ညိတ်၍နားထောင်လျက်ရှိ၏။ သူတို့မျက်နှာတို့တွင် အပြုံးရိပ်တွေကြားထဲမှ စိုးရိမ်မှု၊ ကြောင့်ကြမှုများ ဖြစ်ပေါ်နေ၏။ ပြောဆိုပြီး ပြန်ထွက်သွားကြ၏။

နောက်တစ်နေ့တွင် တိုးမောင်တို့အဖွဲ့ ဂူကြီးထဲသို့ မသွားရတော့ချေ။ အစောင့်စစ်သားအချို့သာ ထွက်ခွာသွားကြ၏။ သူတို့အဖွဲ့က ဂူကြီးနှင့် အနီးဆုံးဂိတ်တွင် စောင့်ကြပ်လုပ်ကိုင်ရ၏။ ထိုစဉ် ကျယ်လောင်သောအသံကြီး တစ်တောလုံး ဟိန်းထွက်နေ၏။

"ဝှူး - ဝှူး - ဝှူး - ဝှူး"

"ဟာ - ဘယ်လိုအသံနက်ကြီးလည်းမသိဘူး၊ မြေကြီးတွေ တုန်ခါနေတာပဲ"

တိုးမောင်က ပြောလည်းပြော၊ မြေပြင်တွင် နားကပ်ပြီး နားထောင်၏။ ထိုနောက် နိုင်ကျော်ရှိန်အား ရှင်းပြနေ၏။

"အနိုင် - အင်ဂျင်စက်သံပဲ၊ တောင်ပေါ်လမ်းအတိုင်း ကုန်ကားတစ်စီး တက်လာပုံရတယ်"

"ဖြစ်နိုင်တယ်ကွ၊ ငါတို့ ဖောက်ခဲ့တဲ့လမ်းဟာ တောင်ပေါ်ကို တက်ရောက်နိုင်တဲ့အခြေအနေ ရှိနေပြီလေ၊ ဟိုတစ်နေ့က ငါပြောတဲ့သတင်းကားအတိုင်း အဖိုးတန်ပစ္စည်းတွေ သယ်လာတာဖြစ်မယ်"

မကြာမီ သူတို့အလုပ်လုပ်နေသောဂိတ်နှင့် နီးသထက် နီးလာ၏။ တိုးမောင်တို့မှာ ထိုအသံ နီးလာလေလေ ရင်တုန်သံ ပိုနှန်လေလေရှိ၏။ အလုပ်လုပ်နေရသည်ကိုပင် မဖြောင့်ပေ။ နောက်ဆန်တငင်ငင်နှင့်၊ ထိုစဉ် ချစ်လှက တောင်ကြောအောက်ဘက်သို့ လက်ညှိုးထိုး၍ -

"ဟာ - ဟိုမှာ - ဟိုမှာ ကုန်ကားကြီးတစ်စင်းလိပ်တစ်ကောင်သွားသလို လိမ်ဖည်၊ လိမ်ဖည်နဲ့ တက်လာနေတယ်"

ပြောလိုက်၏။ ဦးကျော်ရှိန်တို့လူစု ကုန်ကားကြီးအား ငေးမောကြည့်မိကြ၏။ ထိုစဉ် ဂျပန်အစောင့်က သူတို့အား မျက်ထောင့်နီကြီးနှင့်ကြည့်ကာ အော်ပြော၏။

www.burmeseclassic.com

ချွေးတပ်သားတွေအားလုံး နားထောင်ကြပါ။ ကံထူးရှင်အဖြစ်
မဲနှိုက်ရမယ်။ မဲပေါက်တဲ့လေးယောက်က ဒီလိုက်ဂူထဲမှာ နေခဲ့ရမယ်။
ကျန်တဲ့လူတွေကတော့ ပြန်နိုင်တယ်။ မဲပေါက်တဲ့လေးယောက်နဲ့အတူ
ဂျပန်တွေကလည်း မဲပေါက်တဲ့လူလေးဦး ကျန်ခဲ့လိမ့်မယ်။
ကဲ - ဘယ်သူစနှိုက်မလဲ။



"ဘီရုမာ - မကောင်းဘူး - ပျင်းလွန်းတယ်"

ထိုအစောင့်က အော်လည်းအော်၊ တိုးမောင်တို့အနီးသို့ ခြေလှမ်းကျဲကျဲနှင့် လာနေ၏။ နိုင်ကျော်ရှိန်က လူကြီးပီပီ ကြိုတွက်ကာ ဦးအောင်ပြောလိုက်၏။

"ဟိုမှာ - လာနေပြီ - လုပ်ကြပေ့။ စစ်ဗိုနပ်နဲ့ အကန်ခံရဦးမယ်"

အစောင့်အရှိန်လျော့သွား၏။ ရှုံ့ရှုံ့ရှဲရှဲဖြစ်နေ၏။ တိုးမောင်တို့အား မကျေနပ်ချေ။ ထိုအချိန် ကုန်ကားကြီး သူတို့အနားက ဖြတ်မောင်းသွား၏။ တစ်စီးလုံး ကုန်အပြည့်ဖြစ်၏။ တောင်ပေါ်လမ်းတွင် တအိအိနှင့် ကားကြီးနောက်ပိုင်းကိုလည်း တာလပတ်နှင့် ဖိတ်ထား၏။



ဒရိုင်ဘာဘေးတွင် ဂျပန်အရာရှိတစ်ဦး ပါလာ၏။ တိုးမောင်တို့ စိတ်အလွန်သို့ကုန်ကားကြီး ရောက်ရှိပြီး တဖြည်းဖြည်း ရှိုးကွေ့သွား၏။ တအောင့်လောက်ကြာသော် မြင်ကွင်းမှ ပျောက်ကွယ်သွားလေ၏။ ကုန်ကားစက်သံမှာ လူမမာကဲ့သို့ ညည်းညူလျက်ရှိ၏။ ထိုစဉ် နိုင်ကျော်ရှိန်က တိုးမောင်တို့အား လှမ်းသတိပေးလိုက်၏။

"ငေးမနေကြနဲ့ - အလုပ်လုပ်ကြလေ။ ဟိုမှာ ဂျပန်ကောင် လှမ်းကြည့်နေလေရဲ့"

တိုးမောင်က မြေကမှုအစွန်းတစ်ခုကိုပေါက်တူးနှင့် ဖြေချနေ၏။ တောင်းထဲ ထည့်ပေးသူပေး၊ လမ်းချိုင့်ခွက်များကို ထမ်း၍ ဖို့သူဖို့၊ တောင်ထိပ်လမ်းဘက်ဆီမှ စစ်သားတစ်ဦး ဆင်းလာ၏။ ထိုလူက သူတို့နားမှ အစောင့်အားပြောဆိုနေ၏။ သူတို့ဘက်သို့ လက်ညှိုးတထိုးထိုးနှင့်၊ တိုးမောင်က ချစ်လှအား -

"ဂျပန်တွေပြောနေကြတာ ငါတို့နဲ့ပတ်သက်နေတယ်၊ ရှေ့ဆက် ဘယ်လိုဒုက္ခ ကြုံတွေ့ရဦးမယ်မသိဘူး"

"ငါတို့ဘဝတွေက သန်းခေါင်အပြင် ညဥ့်မနက်တော့ပါဘူးကွာ၊ အခုလည်း မသေရုံကျွေးပြီး တိရစ္ဆာန်တစ်ကောင်လို အခိုင်းခံနေရတယ်မဟုတ်လား"

"ချစ်လှပြောတာ သွေးထွက်အောင် မှန်တဲ့စကားပဲ၊ အခုလိုခံစားနေရမယ့်အစား သေသွားတာမှ ကောင်းမယ်လို့ တွေးမိတယ်"

မောင်ပုက ဆို့ဆို့နစ်နစ်ပြောလေ၏။ မတိုင်ပင်ပဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။ အားငယ်ဖျော့တော့သောမျက်ဝန်းတို့နှင့် ...။ အစောင့်စစ်သားက သူတို့အား လက်ယမ်းပြ၍ လှမ်းခေါ်၏။ တိုးမောင်တို့ အလုပ်ကို ပစ်ထား၍ လျှောက်သွားကြ၏။

ထို့ပြင် သူတို့အား တောင်ပေါ်သို့ ခေါ်သွား၏။ လိုဏ်ဂူကြီးအတွင်းသို့ ကုန်ကားကြီး ဖြည်းဖြည်းချင်း ဝင်နေတုန်း။ ဂျပန်အစောင့်တွေက ပစ္စည်းများချမည့်နေရာကို ပြပေး၏။ ကုန်ကားအမိုးကိုဖွင့်၍ ပစ္စည်းများ [illegible]ကြ၏။ အခ်

www.burmeseclassic.com

www.burmeseclassic.com

ချုပ်စက်မှအစ စစ်လက်နက်များ၊ သံသေတ္တာများကလည်း တနင့်တပိုး လေးလံလေ၏။ နှစ်ယောက်၊ သုံးယောက် အသည်းအသန်မ၍ ချရလေ၏။ တိုးမောင် ရင်နင့်နင့် ညည်းညူလိုက်၏။

"အဖိုးတန်ကျောက်သံပတ္တမြား၊ ရွှေငွေတွေ သေတ္တာကြီး သေတ္တာငယ်နဲ့ပါလား"

"ဘာငိုင်နေတာလဲ - တိုးမောင်၊ ဟိုမှာ အစောင့်က စိုက်ကြည့်နေတယ်"

နိုင်ကျော်ရှိန်က သတိပေးလိုက်၏။

တစ်နေ့လုံး သူတို့လူစု ပစ္စည်းများသာ ချပေးရ၏။ သို့ဖြင့် တစ်လနီးပါးခန့် ကြာသွားခဲ့လေ၏။ ယနေ့ဆိုလျှင် ထူးခြားလွန်းတဲ့ ကုန်ကားတွင် ကုန်အပြည့်မပါတော့ချေ။ ကုန်ကားတစ်ဝက်သာသာခန့် ပါလေ၏။ ဂူကြီးအတွင်းတွင်လည်း ပစ္စည်းများအပြည့်၊ ချစ်လှက တိုးမောင်အား ကြေကွဲဝမ်းနည်းသံဖြင့် ပြော၏။

"ဒီနေ့ - ငါ့စိတ်တွေ တအားလှုပ်ရှားနေတယ်၊ ငါ့အိမ်က မိဘတွေကိုလည်း သတိရတယ်ကွာ"

"ငါ့မျက်ခုံးတွေလည်း တဆတ်ဆတ် လှုပ်နေတယ်ကွ၊ စိတ်တွေ လေးလံနေတာတော့ အမှန်ပဲ"

ထိုအချိန် နေလုံးကြီးက အနောက်ဘက်သို့ ဝင်အံ့ဆဲဆဲရှိ၏။ စခန်းတာဝန်ခံ ကိုဘစိန် ရောက်လာ၏။ ဂျပန်စစ်သားအချို့လည်း ပါလာ၏။ စစ်သားဆယ်ယောက်သို့ ဖြစ်သွား၏။ လိုဏ်ဂူအတွင်း လူပေါင်းအစိတ်ခန့် ဖြစ်လာ၏။ မကြာမီ ကုန်ကားရောက်လာ၏။ ကားပေါ်တွင် ပစ္စည်းသေတ္တာ အနည်းငယ်သာ ပါ၏။

ဘိလပ်မြေအိတ်၊ သဲအိတ်၊ အုတ်များအပြင် တိုင်တီနှင့်ရေအပြည့်ထည့်လာ၏။ ကုန်ကားပေါ်မှ ပစ္စည်းများကို မြေပြင်သို့မချပဲ ဂူကြီးထဲ မောင်းဝင်လေ၏။ ဘိလပ်မြေဖျော်နိုင်း၏။ ဂူဝကြီးအား အုတ်များစီ၍ ပိတ်ခိုင်းလေ၏။ လူတစ်ယောက်စာ အပေါက်တစ်ပေါက် ချန်ထားလေ၏။



သစ်တောရိပ်၊ လိုဏ်ဂူအရိပ်ကြောင့် ပို၍မှောင်နေ၏။ ဂူအတွင်းက ညင်ဆီမီးတိုင်များ ထွန်းလိုက်ကြ၏။ အလင်းရောင်ကြောင့် လင်းထိန်နေ၏။ ကိုဘစိန်နှင့် ဂျပန်အရာရှိတို့နှစ်ဦး ခေါင်းချင်းဆိုင်ပြီး တိုင်ပင်လျက်ရှိ၏။ မကြာမီ ကိုဘစိန်က ချွေးတပ်သားများကို သီးသန့်ခွဲထုတ်၍ တစ်နေရာတွင် ထိုင်ခိုင်း၏။ အရပ်သားနေ့စားများကိုလည်း ခွဲထား၏။ ဂျပန်စစ်သားတို့လည်း တန်းစီပြီး ရပ်ခိုင်းထား၏။

မောင်ပုနှင့် ချစ်လှမှာ ရင်တုန်နေသလို၊ တိုးမောင်ကတော့ စိုးရိမ်စိတ်၊ ခံပြင်းဒေါသစိတ်နှင့် ကျန်ချွေးတပ်သားများမှာလည်း ဖြူဖပ်ဖြူရော်မျက်နှာငယ်နှင့် သေတွင်းဝ နှုတ်ခမ်းနား ထိုင်နေရသူများပမာ ...။ နိုင်ကျော်ရှိန်တစ်ယောက် တိုးမောင်တို့အတွက် စိတ်ပူနေမိ၏။ ဂျပန်တို့က တစ်ခုခုလုပ်တော့မည်ပဲလို့လည်း တွေးလျက်ရှိ၏။ ထိုစဉ် ကိုဘစိန်အသံမှာ ငှက်ဆိုးထိုးလိုက်သံအလား ထွက်ပေါ်လာ၏။

"ချွေးတပ်သားတွေအားလုံး နားထောင်ကြပါ၊ ကံထူးရှင်အဖြစ် မဲနှိုက်ရမယ်၊ မဲပေါက်တဲ့လေးယောက်က ဒီလိုဏ်ဂူထဲမှာ နေခဲ့ရမယ်၊ ကျန်တဲ့လူတွေကတော့ ပြန်နိုင်တယ်၊ မဲပေါက်တဲ့လေးယောက်နဲ့အတူ ဂျပန်တွေကလည်း မဲပေါက်တဲ့လူလေးဦး ကျန်ခဲ့လိမ့်မယ်၊ ကဲ - ဘယ်သူစနှိုက်မလဲ"

ထိုသို့ပြောဆိုပြီး ကိုဘစိန်က သူ့ဘောင်းဘီအိတ်ထဲ လက်နှိုက်လိုက်၏။ ဖဲလိပ်များ ပါလာ၏။ လက်ခုပ်ထဲတွင်ထည့်၍ လှုပ်ယမ်းနေ၏။

တိုးမောင်တို့တစ်တွေ တုတ်တုတ်မျှမလှုပ်ပဲ ငြိမ်သက်နေကြ၏။ သေမင်းက သူတို့လက်တစ်ကမ်း ရောက်နေလေပြီ။ တိုးမောင် ဦးဆုံးထရပ်၏။ သူက ရဲဝံ့ပြတ်သားစွာပြော၏။

"ကျွန်တော် အရင်ဆုံးနှိုက်မယ်"

ကိုဘစိန်က လက်ကမ်းပေးပြီး နှိုက်ခိုင်း၏။ တိုးမောင် စိတ်တင်းထားသော်လည်း လက်တွေ တုန်နေ၏။ ရင်ခုန်သံ မြန်နေ၏။ စိတ်လှုပ်ရှားလွန်းနေ၏။ ကိုဘစိန်က နိုင်ကျော်ရှိန်ကို ခေါ်၍ မဲလိပ်ဖတ်ခိုင်း၏။

www.burmeseclassic.com

"ဝလာ"

တိုးမောင်ဝမ်းသာသွား၏။ သေတွင်းဝမှနောက်ပြန်လှန်ကျခဲ့ပြီမဟုတ်လား။ သူ့နောက် ချစ်လှနှင့် မောင်ပုတို့ ရှေ့ဆင့်နောက်ဆင့် နိုက်၏။ နှစ်ဦးစလုံး ကံထူးရှင်ဖြစ်ကြ၏။ မောင်ပုမှာ တတယ်တမ်း သေရမည်ဆိုတော့ မျက်ရည်များ တသွင်သွင်စီးကျနေ၏။ ချစ်လှကလည်း ကြက်လည်လိမ်သကဲ့သို့ ငိုင်လျက်ရှိ၏၊ ထိုနောက် ကျန်နှစ်ဦး ပေါက်ကြ၏။

ဂျပန်တို့လည်း မဲနိုက်ကြ၏၊ တပ်ကြီးတစ်ဦး၊ စစ်သားသုံးယောက် ပေါင်းလေးဦးနှင့် မြန်မာ့ခွေးတပ်သား လေးဦးတို့ အတူတကွ ကျန်ခဲ့၏။ တိုးမောင်တို့ အပြင်ရောက်သောအခါ ဂူဝအား အုတ်စီ၍ ပိတ်နေကြ၏၊

လိုက်ဂူအပြင်မှလူများက မခွာနိုင်သေးချေ၊ နောက်ဆုံး အုတ်တစ်ချပ်ကျန်သည့်အထိ စောင့်နေကြ၏။ တိုးမောင်က ကြေကွဲဝမ်းနည်းစွာ အော်ပြောလေ၏၊

"သူငယ်ချင်းတို့ရေ – ဘဝဆက်တိုင်း – စစ်ဆိုတဲ့အနိဋ္ဌာရုံကြီးသေးနဲ့ မတွေ့ကြုံကြပါစေနဲ့လို့ ဆုတောင်းပေး – ပေး – ပေးပါတယ်ကွာ".

တိုးမောင်အား နိုင်ကျော်ရှိန်က ဖေးမတွဲလျက် တောင်အောက်သို့ ပြန်လည်ခေါ်ခဲ့လေ၏၊ အမှောင်ထုအတွင်း သူတို့လူစုမှာ စမ်းတဝါးဝါးနှင့် လျှောက်နေကြလေသတည်း။

ဟိန်းထက်ဇော်



www.burmeseclassic.com

## မိမိကြောက်စိတ်က မိမိကိုယ် ပြန်လည်ခြောက်လှန့်ရာမှ လွတ်မြောက်ပြီး ငြိမ်းချမ်းရာ နောက်ဆုံးတွင်..

**စိတ်ကို** ထိန်းကျောင်းရသည်မှာ အလွန်ခက်ခဲသောအလုပ်ဖြစ်သည်။ စိတ်သည် ထိန်းကျောင်းရခက်ခဲသည်။ စွဲလမ်းရာသို့သာ ဦးတည်သွားလေ့ရှိသည်။ စိုးရိမ်ထိတ်လန့်ဖွယ်ရာကိစ္စများကိုသာ တွေးတောနေလေ့ရှိသူတစ်ယောက်၏စိတ်တွင် စိုးရိမ်ထိတ်လန့်မှုများသာ လွှမ်းမိုးနေပေလိမ့်မည်။ တချို့သူများသည် စိတ်ညစ်စရာ မည်မျှပင်ကြုံနေရစေကာမူ အပြုံးမပျက်ကြ။ ထိုသူများသည် ပျော်ပျော်နေတတ်သူများသာဖြစ်ပြီး ထိုသူ၏စိတ်သည် ပျော်ရွှင်မှုများဆီသို့သာ ဦးတည်နေလေ့ရှိသည်။ ထို့ကြောင့် လောကလူသားများ၏ ပျော်ရွှင်ခြင်း၊ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်ချမ်းသာခြင်းစသောဖြစ်စဉ်များသည် ထိုသူ၏ "စိတ်၏စေရာ" အရ ဖြစ်နေကြခြင်းသာဖြစ်

သည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံတွင် အချို့သောဖြစ်စဉ်ဖြစ်ရပ်များသည် စိတ်ထင်တာလား၊ တကယ်လား ဟု ခွဲခြားဝေခွဲမရနိုင်။ ဤသို့ဆိုလျှင် ကိုကျော်တင်နှင့် ကိုဝင်းကြိုင်တို့၏အတွေ့အကြုံဖြစ်ရပ်မှာ စိတ်ထင်တာလား၊ တကယ်လားဟု ခွဲခြားဝေခွဲမရနိုင်သည့်ဖြစ်ရပ်တစ်ပုဒ်ဟု ဆိုရမည်သာဖြစ်သည်။

### သရဲခြောက်တာလား

ကိုကျော်တင်နှင့် ကိုဝင်းကြိုင်တို့သူငယ်ချင်းနှစ်ယောက်သည် မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသရှိ ဒီရေတောကြီးများတွင် ကိုယ်တိုင်ကိုယ်ကျ ထင်းခုတ်ကာ ဘိုကလေးမြို့ ထင်းပွဲရုံများတွင် ပြန်လည်ရောင်းချကာ မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေကြသူများဖြစ်သည်။ သူတို့ကိုယ်သူတို့ မကြောက်တတ်သူများ၊ သတ္တိရှိသူများဟု တွေးထင်နေကြသူများဖြစ်သည်။ ထို့ကြောင့် ပင်လယ်ကမ်းခြေဒေသရှိ ကဒုံကနီ၊ အေးရာ၊ အမာ၊ တောင်ရွာကြီး စသည့်ကျေးရွာများရှိ ထင်းပွဲရုံများမှ ဝယ်ယူရောင်းချခြင်းမပြုကြဘဲ အမြတ်အစွန်း ပိုမိုရရှိလိုသဖြင့် ပင်လယ်ကမ်းခြေတစ်ခွင်ရှိ ဒီရေတောကြီးများတွင် လှည့်လည်၍ ထင်းခုတ်ရောင်းနေကြသူများဖြစ်သည်။ ယခုလည်း အနောက်ဘက် ရေကျော်ကြီးတောတွင် ထင်းခြောက်များ ရှားပါးနေသဖြင့် မိန်းမလှကျွန်း ဒီရေတောကြီးတွင် ထင်းခြောက်များ လာရောက်ခုတ်ယူနေကြခြင်းဖြစ်သည်။

ကဒုံကနီ၊ အေးရာ၊ အမာ၊ တောင်ရွာကြီး စသည့်ကျေးရွာများရှိ ထင်းခုတ်ရောင်းသူများသည် မိန်းမလှကျွန်း၊ မြေးအွေးကျွန်း၊ လောကဒတ်ကျွန်း၊ ဒီရေတောကြီးများနှင့် ရေကျော်ကြီး

www.burmeseclassic.com

စွန်ပ၊ ဆော[illegible]ခဲ့၊ ရေဆိုင် စသည့် ဒီရေတောများသို့သွား၍ ထင်းခြောက်များ[illegible]ကာ မိမိတို့၏ကျေးရွာဒေသရှိ ထင်းပွဲရုံများတွင် ပြန်လည်ရောင်းချကြသည်။ မိန်းမလှကျွန်း၊ ဖြူန်းမွှေးကျွန်းနှင့် လောကဒတ်ကျွန်း၊ ဒီရေတောကြီးများတွင် ထင်းခုတ်သူများမှာ မနက်စောစောသွားကာ ရသမျှထင်းခြောက်များ ခုတ်ယူပြီးညနေတွင် ရွာသို့ပြန်လာကြသည်။ အဆိုပါကျွန်းများမှာ တောကြမ်းသည်ဟု နာမည်ကြီးနေသည့်နေရာဒေသများဖြစ်နေသဖြင့် မည်သူမှ ညအိပ်ညနေ ထင်းခုတ်မသွားရဲ ကြ။ ကိုကျော်တင်နှင့် ကိုဝင်းကြိုင်တို့ထင်းခုတ်ရောင်းနေကြသည်မှာ တစ်နှစ်ကျော်နေပြီဖြစ်သော်လည်း အဆိုပါကျွန်းများတွင် တစ်ကြိမ်တစ်ခါမျှ ထင်းမခုတ်ဘူးသေး။ ထင်းမခုတ်ဘူးသေးသော်လည်း အဆိုပါကျွန်းများမှာ တောကြမ်းသည်ဟူသောသတင်းများကိုတော့ ကြားသိနေခဲ့ကြသည်။ ကြားသိနေခဲ့ကြသော်လည်း ကြောက်တတ်သူများဖြစ်နေသည့်အပြင် ယုံကြည်စွဲလမ်းမှုလည်းမရှိသဖြင့် အခြားသောဒီရေတောများတွင် ခုတ်နေသကဲ့သို့ နှစ်ညအိပ်၊ သုံးညအိပ် ထင်းခုတ်ပြီးမှ ဘိုကလေးသို့ပြန်ရန် အစီအစဉ်ဖြင့် လာခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့် တစ်နေကုန်ထင်းခြောက်များ ခုတ်ယူပြီးညဘက်တွင် လှေပေါ်မှာ အေးအေးဆေးဆေး စကားထိုင်ပြောနေခဲ့ကြရာ ညဆယ်နာရီခန့်ပင် ရှိနေပြီဖြစ်သည်။ ထိုစဉ် –

"ဝေါ – ဝရော – ဝေါ – ဝေါ"

တောထဲမှ ဆူညံသံများ ရုတ်တရက်ထွက်ပေါ်လာသဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ဆူညံသံများမှာ ခဏအကြာတွင် တိတ်ဆိတ်သွားခဲ့သည်။ ကိုကျော်တင်နှင့် ကိုဝင်းကြိုင်တို့နှစ်ယောက်မှာလည်း စကားမပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေကြသည်။

ထိုစဉ် –

"ဝေါ – ဝရော – ဝေါ – ဝေါ"


ဆူညံသံများကို ထပ်မံကြားလိုက်ရပြန်သည်။ ဒီတစ်ခါကြားနေရသည်မှာ ပထမအကြိမ် အသံကြားရာနေရာမှ မဟုတ်ဘဲ တခြားနေရာမှ ကြားနေရခြင်းဖြစ်သည်။ ထို့ကြောင့် ကိုကျော်တင်က မေးလိုက်သည်။

"ဘာသံတွေလဲကွ"

"ငါလည်း မသိဘူး"

ထိုစဉ် အသံများမှာ ငြိမ်သက်သွားခဲ့ပြန်သည်။ ထို့ကြောင့် ကိုဝင်းကြိုင်က ရေရွတ်ပြောဆိုလိုက်သည်။

"ငြိမ်သွားပြန်ပြီဟ"



အုန်းသီးလုံးအရွယ်ခန့်ရှိ နီနီရဲရဲမီးလုံးကြီးတစ်လုံး တောအုပ်ပေါ်သို့ တဖြည်းဖြည်း ကျော်တက်လာသည်ကို တွေ့လိုက်ရသဖြင့် တအံ့တသြ ငေးကြည့်နေခဲ့ကြသည်။ သူတို့နှစ်ယောက် ထင်းခုတ်လုပ်ငန်း လုပ်ကိုင်နေကြသည်မှာ တစ်နှစ်ခန့်သာ ရှိနေသေးသဖြင့် ယခုကဲ့သို့ ဖြစ်စဉ်ဖြစ်ရပ်များကို မကြုံဘူးကြ။ ထို့ကြောင့် ကိုကျော်တင်က ပြောလိုက်သည်။

www.burmeseclassic.com

ထိုစဉ် ဆူညံသံများကို ထပ်မံကြားနေကြရပြန်သည်။ ဒီတစ်ခါ ဆူညံသံများ ဖြစ်ပေါ်လာသည်မှာ စောစောက ဆူညံသံများဖြစ်နေခဲ့သောနေရာများ မှမဟုတ်ဘဲ တခြားနေရာမှ ဖြစ်နေသည်။ ထို့ကြောင့် ကိုကျော်တင်က ပြောလိုက်သည်။

"အသံတွေက သိပ်ပြီးပုံစံမကျတော့ဘူး"

"ဟုတ်တယ်။ ဟိုနေရာက ကြားလိုက်၊ ဒီနေရာက ကြားလိုက်နဲ့ ..."

"သရဲခြောက်တာနဲ့ တူတယ်ကွ"

သရဲ၊ တစ္ဆေ ခြောက်တတ်သူများမဟုတ်သဖြင့် ကိုကျော်တင်က ပေါ့ပေါ့တန်တန်ပင် ပြောလိုက်သည်။ ကျော်တင်၏စကား ဆုံးသည်နှင့် -

"အုဝဲ - အုဝဲ - အုဝဲ - အုဝဲ"

မွေးတင်းစကလေးငယ် ငိုသံများကိုပါ စူးစူးဝါးဝါး ကြားလိုက်ရတော့သည်။ ထို့ကြောင့် ကိုကျော်တင်က ပြောလိုက်ပြန်သည်။

"ဝင်းကြိုင်ရေ - တို့ကို သရဲခြောက်နေတာ သေချာတယ်"

"သရဲခြောက်တာဆိုရင်တော့ တွေ့ကြသေးတာပေါ့ကွာ"

ပြောပြောဆိုဆိုနှင့် ကိုဝင်းကြိုင်က ထင်းခုတ်ဓားကို ကောက်ယူလိုက်သည်၊ ကိုကျော်တင်ကလည်း ထင်းခုတ်ဓားကို ကောက်လိုက်သည်။ နှစ်ယောက်စလုံး မတ်တတ်ရပ်ကာ တောအုပ်တစ်ခုလုံးကို အကဲခတ်ကြည့်နေခဲ့ကြသည်။ သစ်တောအတွင်းမှ ဆူညံသံများနှင့် ကလေးငယ်ငိုသံများကိုမူ အဆက်မပြတ် ကြားနေရဆဲပင်ဖြစ်သည်။

"ဝေါ - ဝေါ - ဝရော - ဝေါ"

"အုဝဲ - အုဝဲ - အုဝဲ - အုဝဲ"

•●•



ဥစ္စာစောင့် သိုက်ပြောင်းတာလား

လေပေါ်မှနေ၍ မတ်တတ်ရပ်ကာ အခြေအနေကို အကဲခတ်နေကြစဉ် တောအုပ်တစ်နေရာဆီမှ ဆူညံသံများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာသဖြင့် ထိုနေရာသို့ ကြည့်လိုက်ကြရာ နှစ်ယောက်စလုံး တအံ့တဩဖြစ်သွားခဲ့ကြတော့သည်။

"ဟာ - မီး - မီး - မီးလုံးကြီး"

"ဟုတ်တယ် - မီးလုံးကြီးဟ"

အုန်းသီးလုံးအရွယ်ခန့်ရှိ နီနီရဲရဲမီးလုံးကြီးတစ်လုံး တောအုပ်ပေါ်သို့ တဖြည်းဖြည်း ကျော်တက်လာသည်ကို တွေ့လိုက်ရသဖြင့် တအံ့တဩ ငေးကြည့်နေခဲ့ကြသည်။ သူတို့နှစ်ယောက် ထင်းခုတ်လုပ်ငန်း လုပ်ကိုင်နေကြသည်မှာ တစ်နှစ်ခန့်သာ ရှိနေသေးသဖြင့် ယခုကဲ့သို့ ဖြစ်စဉ်ဖြစ်ရပ်များကို မကြုံဘူးကြ။ ထို့ကြောင့် ကိုကျော်တင်က ပြောလိုက်သည်။

"အဲဒါ - သရဲခြောက်တာမဟုတ်ဘူးကွ။ စုန်းမီးလား၊ သရဲမီးလား၊ ဥစ္စာစောင့်မီးလား - တစ်ခုခုပဲ"

"အေး - ဖြစ်နိုင်တယ်"

ကိုကျော်တင်နှင့် ကိုဝင်းကြိုင်တို့ ထင်းခုတ်ရောင်းနေကြသည်မှာ တစ်နှစ်ကျော်ပြီဖြစ်သော်လည်း တောထဲတွင် ဤကဲ့သို့ ဖြစ်စဉ်ဖြစ်ရပ်များနှင့် မီးလုံးကြီးများကို ကြုံဖူးကြပေ။ တောခြောက်သည့်ဖြစ်စဉ်ဖြစ်ရပ်များနှင့် တောထဲတွင် ဤကဲ့သို့ မီးလုံးကြီးများကို တွေ့မြင်ရတတ်ပြီး သရဲမီး၊ စုန်းမီးနှင့် ဥစ္စာစောင့်မီးဟူ၍ မီးလုံးသုံးမျိုးရှိကြောင်း၊ သရဲမီးနှင့် စုန်းမီးများမှာ ၎င်းတို့ဘာသာ ပျော်မြူးနေကြခြင်းဖြစ်၍ အန္တရာယ်မရှိနိုင်သော်လည်း ဥစ္စာစောင့်မီးမှာ ဥစ္စာစောင့်များ သိုက်ပြောင်းခြင်းဖြစ်ပြီး ၎င်းတို့သွားရာလမ်းပေါ်တွင် ရှိနေသည့် သက်ရှိသတ္တဝါများကို လိပ်ပြာနုတ်ကာ ၎င်းတို့နှင့် တစ်ပါတည်း ခေါ်ဆောင်သွားလေ့ရှိကြောင်း ကြားဖူးနေခဲ့ကြသည်။ ထိုစဉ် ဆူညံသံများနှင့် ကလေးငယ်ငိုသံများမှာ ပိုမိုကျယ်လောင်လာကြပြီး နောက်ထပ်မီးလုံးကြီး တစ်လုံး ထပ်မံပေါ်ထွက်လာခဲ့ပြန်သည်။

www.burmeseclassic.com

"ဟာ - နောက်ထပ်တစ်လုံး တက်လာပြန်ပြီ"

"အဲဒါ - စုန်းတောက်စားတာမဟုတ်ဘူး။ ဥစ္စာစောင့်တွေ သိုက်ပြောင်းတာဖြစ်မယ်၊ သရဲမီးနဲ့ စုန်းမီးဆို တစ်လုံးတည်းလို့ ပြောကြတယ်"

"ဒအး - ဟုတ်တယ်။ စောစောတ ကလေးငိုသံတွေက အဲဒီမီးလုံးတွေဆီက အသံတွေဖြစ်နိုင်တယ်"

မကြောက်တတ်သူများဖြစ်နေသည့်အပြင် ကြားဖူးနားဝသာရှိနေပြီး တစ်ကြိမ်တစ်ခါမှ တွေ့ကြုံခဲ့ဖူးခြင်းမရှိသဖြင့် မီးလုံးကြီးများကို တအံ့တဩ ငေးကြည့်နေခဲ့ကြသည်၊ ရယ်သံနှင့် ကလေးငယ်ငိုသံများမှာ တဖြည်းဖြည်း ငြိမ်သက်သွားခဲ့ကြသည်၊ မီးလုံးကြီးနှစ်လုံးမှာ တောတန်းပေါ်မှာ (၅) ပေခန့် အမြင့်တွင် နိမ့်လိုက်၊ မြင့်လိုက်နှင့် ယိမ်းယိုင်လှုပ်ရှားနေကြသည်၊ ထိုစဉ် မီးလုံးကြီးနှစ်လုံးမှာ ယိမ်းယိုင်လှုပ်ရှားကာ သူတို့လှေရှိရာသို့ တဖြည်းဖြည်း ရွေ့လျားလာလေတော့သည်၊ မီးလုံးကြီးနှစ်လုံး ယိမ်းယိုင်လှုပ်ရှားကာ သူတို့လှေရှိရာသို့ တဖြည်းဖြည်း ရွေ့လျားလာနေစဉ် -

"ဝေါ - ဝေါ - ဝရော - ဝေါ"

"အုဝဲ - အုဝဲ - အုဝဲ - အုဝဲ"

ရယ်သံများ၊ ကလေးငယ်ငိုသံများက ပိုမိုကျယ်လောင်စွာ ထွက်ပေါ် လာခဲ့ပြန်သည်၊ ထိုစဉ် -

"ဟာ - ဘယ်လိုဖြစ်တာလဲ"

"ဘာဖြစ်တာလဲဟ"

မီးလုံးကြီးနှစ်လုံးမှာလည်း သူတို့ဆီသို့ တရွေ့ရွေ့လာနေကြပြီဖြစ်သည် သစ်ပင်ထိပ်ဖျားများမှာလည်း လေမတိုက်ပဲ လှုပ်ခါယမ်းနေသည်ကို ... အမှောင်ထဲတွင် တွေ့မြင်နေကြရပြန်သည်၊ ထို့ကြောင့် ကိုကျော်တင် ... ကိုဝင်းကြိုင်တို့မှာ အကြောက်တရားမရှိဟု ဆိုသော်လည်း အနည်းငယ် ... ပျက်လာကြပြီဖြစ်သည်၊ လက်တွေ့မကြုံရခင်တုန်းက တော့ ကိုယ့်ကိုယ်ကို ...

ကြောက်သွေးမရှိဟု ထင်နေခဲ့သည်၊ ကြားဖူးနားဝ စကားများနှင့် ဖြစ်စဉ်များကို ကိုယ်တွေ့မကြုံ မယုံခဲ့သော်လည်း နဖူးတွေ့ ဒူးတွေ့ ကြုံလာရချိန်တွင်တော့ သတ္တိတွေ ပျက်ပြယ်လာကြပြီဖြစ်သည်၊ သတ္တိတွေ မတင်းနိုင်ကြတော့၊ ကိုယ့်ကိုယ်ကိုယ် ကြောက်သည်ဟု အထင်ခံရမည်ကိုလည်း စိုးရိမ်နေမိသည်၊ ထို့ကြောင့် တစ်ယောက်ကိုယ်တစ်ယောက် ကြည့်လိုက်ကြသည်၊ မီးလုံးကြီးတွေကလည်း တဖြည်းဖြည်း နီးလာနေပြီဖြစ်သည်၊ ထို့ကြောင့် ကိုကျော်တင်က စပြီး ပြောလိုက်သည်၊

"မီးလုံးကြီးတွေနဲ့ တို့လှေ လွတ်နိုင်ပါ့မလား"

"လွတ်မယ်မထင်ဘူး၊ မင်းက ဘယ်လိုလုပ်ချင်လို့လဲ"

"နေရာရွှေ့ထားရင် ကောင်းမယ်ထင်တယ်"

"ကောင်းမယ်ထင်ရင် လုပ်လေ၊ မီးလုံးက တော်တော်နီးလာပြီ"

အမှန်တကယ်တွင်မူ နှစ်ယောက်စလုံးမှာ ဒီနေရာက ပြေးချင်နေကြပြီဖြစ်သည်၊ ကြောက်သည်ဟု အထင်ခံရမည်စိုးသဖြင့် ဟန်လုပ်ပြောဆိုနေကြခြင်းဖြစ်သည်၊ ယခုတော့ - နှစ်ယောက်သဘောတူမှ ရပြီဖြစ်သဖြင့် လှော်တက်များကို အပြေးအလွှား ပြေးယူကာ လှေကို အားကုန်လှော်လိုက်ကြတော့သည်၊

"လှော် - လှော် - မြန်မြန်လှော်"

"အေးပါကွ - ငါလည်း လှော်နေတာပဲ"

"ဟာ"

မကြောက်တတ်ဟုဆိုသော်လည်း ချွေးသီးချွေးပေါက်များကျလာသည် ... အားကုန်လှော်ခတ်နေခဲ့ကြသည်၊ နှစ်ယောက်သား အားစိုက်လှော် ... နေကြသော်လည်း လှေက နေရာမှမရွေ့ ထို့ကြောင့် သတ္တိခဲနှစ်ယောက် ... သွေးပျက်သွားခဲ့ကြပြီဖြစ်သည်၊ မီးလုံးကြီးနှစ်လုံးကလည်း နီးသည်ထက် ... တပ်လာပြီး သူတို့ဆီသို့ ဦးတည်လာနေဆဲဖြစ်သည်၊ လှေကလည်း

www.burmeseclassic.com

ဘယ်လိုပင် အားစိုက်လှေလှော် နေရာမှမရွေ့ တောခြောက်၊ တောမှောက်သည့်ကိစ္စများကို ဟာသ သဖွယ် ပြောဆိုနေသူများမှာ ကိုယ်တွေ့ကြုံတော့ မရယ်နိုင်တော့။

ထို့ကြောင့် လှေပဲ့တွင် လှော်ခတ်နေသော ကိုကျော်တင်က စိုးရိမ်ကြီးစွာ ပြောလိုက်သည်။

"ဝင်းကြိုင် - ဘယ်လိုလုပ်ကြမလဲ"

"ငါလည်း ဘယ်သိမလဲကွ၊ ဟိုမှာ မီးလုံးကြီးကလည်း နီးလာပြီ"

"ဒါဆို - ရေထဲခုန်ချပြီး ပြေးကြမယ်"

"ရေထဲခုန်ချလို့ ဘယ်လိုလွတ်နိုင်မှာလဲကွ"

"ဒါဆိုလည်း လှော်ကွာ၊ အားစိုက်ပြီး လှော်စမ်းပါကွာ"

"အားစိုက်ရလွန်းလို့ လက်မောင်းတောင် ပြုတ်ထွက်တော့မယ်"

ထိုစဉ် လှေဦးမှ လှော်ခတ်နေသော ကိုဝင်းကြိုင်မှာ လှေဦးမှ လှေကြိုးမဖြေရသေးဘူး၊ ဒါကြောင့် လှေမရွေ့တာ၊ ငါ လှေကြိုး ဖြုတ်လိုက်ဦးမယ်"

"ဟာ - သေစမ်းကွာ၊ ကဲ - မြန်မြန်လုပ်ကွာ၊ မီးလုံးက တော်တော်နီးနေပြီ"

ထို့ကြောင့် ကိုဝင်းကြိုင်သည် ကမ်းစပ်တွင် ချည်ထားသော လှေဦးကြိုးကိုဖြုတ်ရန် ဟန်ပြင်လိုက်စဉ် -

"အောင်မလေးဗျ - လုပ်ကြပါဦး"

ကိုဝင်းကြိုင်သည် ကမ်းစပ်သို့ လက်ညှိုးထိုးကာ အော်ဟစ်ရင်း သတိမေ့လဲကျသွားတော့သည်။ ကိုကျော်တင့်မှာလည်း ကိုဝင်းကြိုင်ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ရာ -

"ဟာ - တဲကွာ - ကဲကွာ - တဲကွာ"

"ဒုတ် - ဒုတ် - ဒုတ် - ဒုတ်"

ကမ်းခြေပေါ်မှ လူတစ်ယောက်က ငုတ်တုတ်ထိုင်ကာ လှေကြိုးကိုလက်နှစ်ဖက်နှင့် ဆွဲကိုင်ထားသည်ကို အမှောင်ထဲတွင် ဝိုးတဝါး တွေ့မြင်လိုက်ရသဖြင့် ကိုကျော်တင် သွေးပျက်ချောက်ချားသွားခြင်းဖြစ်သည်။ ထို့ကြောင့် ထင်းခုတ်ဓားကိုကောက်ယူကာ လှေဦးကြိုးကို ဓားနှင့်အကြိမ်ကြိမ် ခုတ်ဖြတ်လိုက်တော့သည်။ လှေကြိုးကို ခုတ်ဖြတ်ပြီးသည်နှင့် ကမ်းပေါ်မှ လှေကြိုးကို ဆွဲကိုင်ထားသူကို ဓားနှင့် အားကုန်လွှဲပေါက်လိုက်တော့သည်။

"ဒီလောက်တောင် ခြောက်ချင်လှတဲ့သရဲ - သေစမ်း - ကဲကွာ"

"ဒုတ်"

ဓားထိမှန်သံကိုကြားသိလိုက်ရသော်လည်း ပြန်မကြည့်တော့ပဲ လှေကိုသာ အားကုန်လှော်ခတ်လိုက်တော့သည်။ ကိုဝင်းကြိုင်မှာ သတိလစ်မေ့မြောနေဆဲပင်ဖြစ်သည်။ ကိုကျော်တင့်မှာလည်း တစ်ယောက်တည်း ကြောက်အားလန့်အားနှင့် အားကုန်လှော်ခတ်လာခဲ့ရာ နောက်ဆုံး အမောဆို့ကာ သတိမေ့ လဲကျသွားခဲ့လေတော့သည်။

•

## ထင်မိထင်ရာ

ကိုကျော်တင်နှင့် ကိုဝင်းကြိုင်တို့မှာ လှေပေါ်တွင် သတိလစ်မေ့မြောပါနေခဲ့ကြရာ နောက်တစ်နေ့နံနက်တွင် ကဒုံကနီရွာမှ ထင်းခုတ်လာသူများက တွေ့ရှိကာ ကိုကျော်တင်နှင့် ကိုဝင်းကြိုင်တို့ ပြုစုကုသပေးခဲ့ကြသဖြင့် ပြန်လည်သတိရလာခဲ့ကြသည်။ ထို့နောက် ရွာသို့ ပြန်လည်သယ်ယူကုသပေးခဲ့ရာ သက်သာလာသော်လည်း နှစ်ယောက်စလုံးမှာ ကြောင်တောင်တောင်ဖြစ်နေကြပြန်သည်။ ထို့ကြောင့် ဆက်လက်ကုသပေးခဲ့ရာ တစ်ပတ်ခန့်အကြာတွင် ပြန်လည်ကောင်းမွန်သွားခဲ့ကြသည်။

www.burmeseclassic.com

ကိုကျော်တင်နှင့် ကိုဝင်းကြိုင်တို့၏ ဖြစ်စဉ်ဖြစ်ရပ်များနှင့်ပတ်သက်၍ ဝါရင့်ပင်လယ်ရေလုပ်သားကြီး ဦးအောင်ရွှေနှင့် ဝါရင့်တောလိုက်မုဆိုးကြီး ဦးသန်းလှတို့က သုံးသပ်ဝေဖန်ရှင်းပြခဲ့ကြသည်။

"ကျော်တင်နှင့် ဝင်းကြိုင်တွေ့ခဲ့ရတဲ့ မီးလုံးကြီးတွေက သရဲမီးလုံးကြီးတွေပဲ။ တွေ့တော့ တွေ့ရခဲပါတယ်။ ပင်လယ်ကမ်းခြေ သဲသောင်ပြင်တွေနဲ့ သစ်တောကြီးတွေမှာ တစ်ခါတစ်ခါ တွေ့ရလေ့ရှိတယ်။ တစ်လုံးတည်း တွေ့ရတတ်သလို တစ်ခါတလေကျတော့ နှစ်လုံးသုံးလုံးကနေ လေးငါးခြောက်လုံးအထိ တွေ့ရတတ်တယ်၊ တောထဲမှာ ညအိပ်နေတဲ့လူတွေ ကြုံရလေ့ရှိတယ်၊ အဲဒီမီးလုံးကြီးတွေကို တချို့ကလည်း စုန်းတောက်စားတယ်၊ တချို့ကလည်း ဥစ္စာစောင့် သိုက်ပြောင်းတယ်ဆိုပြီး ကိုယ့်အတွေးနဲ့ကိုယ် ပြောနေကြသလို၊ တချို့ကျတော့ ကြားဖူးနားဝနဲ့ ပြောနေကြတာ၊ ဒါတွေဟာ တကယ်တော့ မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသတွေရဲ့သဘာဝဖြစ်ရိုးဖြစ်စဉ်တွေပါ"

ရေလုပ်သားကြီး ဦးရွှေအောင်က ရှင်းလင်းပြောပြလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် တောလုက်မုဆိုးကြီး ဦးသန်းလှကလည်း ဆက်လက်ရှင်းလင်းပြောပြခဲ့သည်။

"ဟုတ်တယ်။ ကျုပ်လည်းဒီအသက်အရွယ်ရှိနေပြီ၊ နှစ်ခါပဲ တွေ့ဖူးသေးတယ်။ အဲဒီမီးလုံးကြီးတွေက လေတိုက်ရာဘက်ကို ရွေ့သွားလေ့ရှိတယ်။ ကျော်တင့်တို့တွေ့တဲ့အချိန်မှာ လေက သူတို့ဘက်ကို တိုက်နေလိမ့်မယ်။ ဒါကြောင့် မီးလုံးကြီးတွေက လေနဲ့ပါလာပြီး သူတို့ဘက်ကို ရွေ့လာနေတာဖြစ်မယ်"

"အဲဒီအချိန်မှာ လေငြိမ်နေတာ"

"ဟုတ်တယ်၊ အဲဒီအချိန်က လေမတိုက်ဘူး"

ကိုကျော်တင်နှင့် ကိုဝင်းကြိုင်တို့က မီးလုံးကြီးတွေ သူတို့ဘက်တို့လာနေချိန်တွင် လေတိုက်ခတ်မှုမရှိကြောင်း ငြင်းဆိုလိုက်သည်။

ဤတွင် မုဆိုးကြီး ဦးလှဖေက ဝင်ရောက်ပြောဆိုလိုက်ပြန်သည်။

"မင်းတို့က ဒီရေတောအတွေ့အကြုံ နည်းသေးတော့ မသိဘူး၊ ဒီရေတောဆိုတာ "လေကာတော"တွေကွ၊ ဒီရေတောဆိုတာ မုန်တိုင်းအန္တရာယ်ကို တောင်မှကာကွယ်ပေးနိုင်တယ်၊ တိုက်ခတ်နေတဲ့လေကိုတောကကာကွယ်ပေးထားလို့ တောထဲမှာ လေမတိုက်ဘူးလို့ထင်နေတာ၊ တောရဲ့အပြင်ဘက်နဲ့ တောအပေါ်မှာတော့ လေတိုက်နေတယ်၊ ဒီတော့ - တောအပေါ်မှာရှိနေတဲ့ သရဲမီးက မင်းတို့ဆီကို လေနဲ့ ရွေ့ပါလာတာ"

ဦးလှဖေ၏ ရှင်းပြပြောဆိုမှုများကို ဦးအောင်ရွှေနှင့် ဦးသန်းလှတို့က ထောက်ခံပြောဆိုလိုက်ကြသည်၊ ထို့နောက် ဦးလှဖေက ဆက်လက်ရှင်းပြခဲ့သည်၊

"မင်းတို့နှစ်ယောက်က လူက မကြောက်ဘူးဆိုပေမဲ့ သွေးက လန့်နေတာကိုး၊ တကယ်တော့ - မင်းတို့ကိုမင်းတို့ရဲ့စိတ်က ပြန်ခြောက်လိုက်တာပဲ၊ တောထဲက ကြားနေရတဲ့အသံတွေက တောပြုသံတွေပဲ၊ တောပြုသံဆိုတာ တောထဲက တောရိုင်းတိရစ္ဆာန်တွေ တစ်စုံတစ်ခုကို ကြောက်လန့်ပြီး ထွက်ပြေးနေကြလို့ ဖြစ်ပေါ်လာတဲ့အသံတွေပဲ၊ သရဲမီးလုံးကြီးကြောင့် အိပ်ပျော်နေကြတဲ့ တောရိုင်းတိရစ္ဆာန်တွေ လန့်ပြီး ပြေးဟယ် လွှားဟယ် ဖြစ်ကြလို့ တောထဲက ဆူညံသံတွေဖြစ်ပေါ်လာတယ်၊ တောငှက်ကလေးတွေကလည်း အဲဒီအသံတွေကြောင့် လန့်ပြီးပျံပြေးကြတယ်၊ နောက် - အဲဒီငှက်တွေက ကိုင်းဖျားတွေမှာ ပြန်ပြီးနားကြတယ်၊ တောကြက်တွေ၊ တောငှက်တွေက အကိုင်းအခက်တွေမှာ ပြန်နားတော့ အကိုင်းအခက်တွေ လှုပ်ခါယိမ်းသွားတာပေါ့၊ မင်းတို့က အတွေ့အကြုံမရှိကြတော့ လေမတိုက်ဘဲ သစ်ပင်း သစ်

www.burmeseclassic.com

ကိုင်းတွေ လှုပ်နေတယ်ထင်ပြီး ထင်မိထင်ရာ ထင်လိုက်ကြတာ၊ ထင်မိထင်ရာ ထင်လိုက်တော့ ဉစ္စာစောင့် သိုက်ပြောင်းတာလားလို့ထင်ပြီး မကြောက်ဘူးဆိုပေမဲ့ လန့်သွားကြရောမဟုတ်လား"

"ဒါဆိုရင် – ကလေးငိုသံတွေကရော"

ကိုကျော်တင်က စောဒကတက်ပြီး မေးလိုက်ပြန်သည်၊ ထို့ကြောင့် ဦးသန်းလှ၊ ဦးအောင်ရွှေနှင့် ဦးလှဖေတို့က ရှင်းလင်းပြောပြလိုက်ကြသည်။

"ဟော့ကောင်တွေ – မင်းတို့က ထင်းခုတ်စားနေကြပြီး ဒါလေးတောင် မသိကြဘူးလား။ အဲဒါ "ချေးအ" အသံတွေလေကွာ။ ချေးအအသံက ကလေးငယ်တွေ ငိုသံလိုပဲ၊ တို့ဆီမှာတော့ လူတိုင်းသိနေကြတာ"

"မင်းတို့က တောမကျွမ်းဘဲ တောစမ်းခဲ့ကြတာပဲ၊ တောင်နဲ့ ပင်လယ်မြင်ဒေသတွေဆီကို အတွေ့အကြုံရှိတဲ့သူမပါဘဲ မသွားသင့်ဘူး။ ဒီရေတောကြီးတွေရဲ့ သဘာဝဖြစ်စဉ်တွေဟာ သိပ်ကိုအံ့ဩဖို့ကောင်းတယ်၊ ဆန်းလည်းဆန်းကြယ်တယ်၊ ဒါကြောင့် – ဒီရေတောကြီးတွေကိုမာယာများတယ်လို့ ပြောကြတာ"

"ဒီရေတောကြီးတွေနဲ့ ဆက်နွယ်ပြီး လုပ်ကိုင်စားသောက်မယ်ဆိုရင် သတ္တိရှိရုံနဲ့ မရဘူးကွ၊ အတွေ့အကြုံရှိဖို့လည်း လိုသေးတယ်၊ အတွေ့အကြုံလည်းရှိမယ်၊ သတ္တိလည်း ရှိမယ်ဆိုရင် ဒီရေတောကြီးတွေရှိနေသမျှ ဘယ်တော့မှ ထမင်းမငတ်နိုင်ဘူး။ မင်းတို့က မကြောက်တတ်ဘူးလို့ဆိုပေမယ့် မင်းတို့ရဲ့စိတ်က မခိုင်မာတော့ သရဲလား၊ ဉစ္စာစောင့်လားဆိုတဲ့အတွေးတွေ ရောက်လာတာပေါ့၊ အဲဒီလို ကြောက်စရာတွေကိုပဲ တွေးနေလေတော့ မြင်သမျှ၊ ကြားသမျှတွေဟာ ကြောက်စရာတွေ ဖြစ်ကုန်တာပေါ့၊ ဘာပဲဖြစ်ဖြစ် ကိုယ်မကျွမ်းကျင်တဲ့အရပ်ဒေသ၊ ကိုယ်မကျွမ်းကျင်တဲ့အလုပ်ဆိုတာ ကိုယ့်အတွက် အန္တရာယ်ဖြစ်နိုင်တယ်။ နောက်ဆိုရင် သတိထားပေါ့ကွာ"

ထို့ကြောင့် ကိုကျော်တင်နှင့် ကိုဝင်းကြိုင်တို့က ပြန်လည်ပြောပြလိုက်ကြသည်၊

"ဟုတ်ပါတယ်၊ တကယ့်ကို သင်ခန်းစာရလိုက်ပါတယ်၊ အမြတ်အစွန်းပိုမိုရလိုတဲ့ လောဘဆန္ဒတွေနဲ့ ကိုယ့်ကိုယ်ကိုယ် သတ္တိရှိတယ်လို့ ထင်ကြီးမိတဲ့စိတ်တွေကြောင့် အခုလိုဖြစ်ခဲ့ရတာပါ၊ တကယ်တော့ – ကျွန်တော်တို့နှစ်ယောက်က ဦးလေးတို့ပြောသလိုပဲ တောမကျွမ်းပဲ တောစမ်းမိခဲ့ကြလို့ အခုလို အသက်အန္တရာယ်နဲ့ ကြုံခဲ့ကြရတာပါ။ ဒါကြောင့် – တောထဲသွားပြီး ထင်းခုတ်တဲ့အလုပ်ကို မလုပ်ရဲတော့ပါဘူး။ ကမ်းခြေရွာတွက ထင်းပွဲရုံတွေမှာပဲ တစ်ဆင့်ဝယ်ပြီး ဘိုကလေးမှာပြန်ရောင်းပါတော့မယ်၊ အမြတ်နည်းပေမယ့် အန္တရာယ်ကင်းကင်းနဲ့ လုပ်စားတာပဲ ကောင်းပါတယ်"

ထိုအချိန်မှစ၍ ကိုကျော်တင်နှင့်ကိုဝင်းကြိုင်တို့မှာ ထင်းခုတ်လုပ်ငန်းကို စွန့်လွှတ်လိုက်ကြလေတော့သည်၊ ထို့ကြောင့် ကိုကျော်တင်နှင့် ကိုဝင်းကြိုင်တို့၏ဖြစ်စဉ်ဖြစ်ရပ်များမှာ ကိုယ်မကျွမ်းကျင်သည့်အရပ်ဒေသ၊ ကိုယ်မကျွမ်းကျင်သည့်အလုပ်အကိုင်များမှာ ကိုယ့်အတွက် အန္တရာယ်ဖြစ်နိုင်ကြောင်း သင်ခန်းစာဇာတ်လမ်းတစ်ခုအဖြစ် ပြောဆိုနေခဲ့ကြလေတော့သည်။

**မင်းသစ္စာလှိုင်(ကန့်ကနီ)**

www.burmeseclassic.com

www.burmeseclassic.com



သမီးကြီး သန်းအေး

။ မြင်းခြံ ။

## မဆင်မခြင်ဘဲ
## ရမ္မက်တဏှာကြောင့် အမိုက်မှောင်ဖုံးကာ
## လူသတ်မိခဲ့ကြမှု ..

**လတ်လတ်ရဲ့** မိဘတွေက ကိုကိုနဲ့အိမ်ထောင်ချပေးပြီးတဲ့နောက်
အတာမျိုးနိုင် (၄)နှစ်သားအရွယ်လောက်မှာပဲ ရေချဆင့်နေ
ဆုံးပါးသွားကြတယ်။ လတ်လတ်မိဘတွေအနေနဲ့ ကျွန်မ ကိုကိုတို့ထံ
စိတ်ချယုံကြည်သွားကြဟန် တူပါရဲ့ရှင်။ ပြောရရင် ... လတ်လတ်က တစ်ဦး
သမီးမို့ မိဘများရဲ့အမွေအနှစ်ကို ရယူပိုင်ဆိုင်နိုင်ခဲ့တာပေါ့ရှင်။ မိဘ

www.burmeseclassic.com

www.burmeseclassic.com

မိဘများရဲ့အမွေအနှစ်ကို လတ်လတ် အပြည့်အဝပိုင်ဆိုင်ခံစားရတယ်လို့ပဲ ပြောရမယ်ထင်ပါရဲ့။ လတ်လတ်ရဲ့ရုပ်ရည်ရူပကာနဲ့ မိန်းမသားတို့ရှိသင့်ရှိထိုက်တဲ့ ကိုယ်ကာယခန္ဓာအလှအပတွေအားလုံးကို အမွေအနှစ်အဖြစ် ရယူနိုင်ခဲ့တယ်လို့ပဲ ပြောရမှာပေါ့လေ။ အဲဒီအမွေအနှစ်ကြောင့်ပဲ ကိုကိုနဲ့ ကျွန်မ ရေစက်ဆုံပေါင်းဖက်ခဲ့ရတယ်ထင်ပါရဲ့။ လတ်လတ်တို့ရဲ့အိမ်ထောင်ရေးမှာ သာယာဖြောင့်ဖြူးခဲ့ကြတယ်လို့ ဆိုရမှာပါပဲ။ ပြောရရင် လတ်လတ် အမေက ကရင်အမျိုးသမီးနဲ့ အဖေက ဗမာအမျိုးသားက ပေါက်ဖွားလာတဲ့ မိန်းကလေးပေါ့နော်။ လတ်လတ်အတွက် ကံကောင်းတယ်လို့ ပြောရမှာက၊ ကိုကိုဟာ ကျွန်မအပေါ်ကို အရမ်းကြင်နာတတ်တဲ့ ခင်ပွန်းလောင်းတစ်ယောက် ဖြစ်ခဲ့တာပါ။ ကိုကိုက သူ့မိဘများရဲ့ လက်ငုတ်လက်ရင်းဖြစ်တဲ့ ဒေသထွက်သီးနှံတွေကို လက်ကားအရောင်းအဝယ်လုပ်တဲ့ ကုန်သည်မျိုးရိုးထဲပါပဲ။ သူ့လုပ်ငန်းဟာ အောင်မြင်ကြီးပွားနေလို့ ထည်ထည်ဝါဝါ နေနိုင်တဲ့ အဆင့်ရှိသူတစ်ယောက်လို့ ဆိုရမှာပေါ့ရှင်။

သူနဲ့ လတ်လတ် အိမ်ထောင်ကျလို့ သားလေး အတာမျိုးခိုင် (၅) နှစ်ကျော် (၆) နှစ်အရောက်လောက်မှာ မြို့ရဲ့တိုးချဲ့ကွက်သစ်မှာ မြေပိုင်းခြံကျယ်ကြီးတစ်ခုကို ဝယ်ယူပြီး တိုက်ဆောက်နေထိုင်ခဲ့ကြတယ်၊ သားလေး အတာမျိုးခိုင် ကျောင်းစတက်တဲ့နှစ်မှာပဲ လတ်လတ်မှာ ဒုတိယကိုယ်ဝန်ကို ဆောင်ခဲ့ရပြန်တယ်လေ။ အဲဒီတုန်းကများဆိုရင် ကိုကို အရမ်းဝမ်းသာလိုက်ဘိ ဖြစ်ခြင်းရယ်လေ၊ အဲဒါပေတဲ့ - နောက် ကိုယ်ဝန်က မွေးလာတဲ့ သမီးလေး ခမြာ လူ့လောကထဲကို ကြာကြာမနေလိုက်ရပါဘူးရှင်၊ မီးတွင်းမှာပဲဆိုပါတော့ ဆုံးပါးသွားခဲ့ပါတယ်နော်၊

"ကိုကိုတို့ရင်သွေးလေး ဆုံးပါးသွားခဲ့တဲ့အတွက် ကိုကို့ရင်ထဲ မတရားခံစားခဲ့ရပါတယ်ကွာ၊ ကိုကို့အတွက် နောက်ထပ်သမီးလေးတစ်ယောက်တော့ မွေးပေးဦးနော်"

"ကိုကိုကလေ - ကလေးဆိုးကြီး ကျနေတာပဲ၊ သားသမီးရတာနာဆိုတာ ကိုကို - ကုန်ရောင်းကုန်ဝယ်လုပ်သလိုမျိုး မှတ်နေတယ်ထင်ပါရဲ့" လို့ ကိုကို့ကိုကြည့်ပြီး လတ်လတ်က ရယ်သွမ်းသွေးရင်း သူ ကျေနပ်သွားအောင် ပြောခဲ့ရပြန်တယ်၊

"စိတ်ချပါ - ကိုကိုရယ်၊ နောက်တော့သာ ကလေးတွေအများကြီးမွေးခဲ့တဲ့မိန်းမဆိုပြီး ပစ်မသွားရဘူးနော်၊ ဒါပဲ ..."

"ပစ်မသွားပါဘူး - မိန်းမရာ၊ သားသမီးတွေ အများကြီးမွေးတော့ သံယောဇဉ်နှောင်ကြိုးတွေက ပိုပြီးတင်းကြပ်ခိုင်မာသွားလို့ လတ်လတ်နဲ့ ကိုကို ပိုမိုပြီး မခွဲတမ်းနေသွားကြရမှာဆိုတာ လတ်လတ် မတွေးမိဘူးလားဟင် - အဟဲ - ဟဲ - ဟဲ"

သူက အရှက်ပြေပြောရင်း ရယ်မောနေလေရဲ့လေ၊ ပြောသာပြောရတယ်၊ ကိုကို့အကြောင်းကို လတ်လတ်က အသိဆုံးပါ၊

ကိုကိုက သိပ်ပြီးအချစ်သဝန်ကြောင်တတ်တာကလား၊ သူ ပြောဖူးတဲ့စကားတစ်လုံး ရှိတယ်၊ ဘာတဲ့ - အဲ - "တို့ကလွဲရင် ဘယ်သူ့ကိုမှ မချစ်ရဘူးတဲ့" လေ၊ ကဲ - ဘယ်လောက်ထိများ ချစ်သဝန်တိုသလဲဆိုတာ စဉ်းစားတာကြည့်ပါတော့နော်၊ သူက ပြောရင်းနဲ့ လတ်လတ်ရဲ့ပါးပြင်လေးကို ရွတ်ခနဲ နမ်းလိုက်သေးရဲ့၊

"ဟော - ကိုကိုကတော့ လုပ်လိုက်ပြန်ပြီ၊ ဟိုတိုက်ခန်းရှေ့မှာ ဧည့်သည်တွေ ရှိနေတယ်ဆိုတာကိုလည်း သတိထားပါဦး - ကိုကိုရဲ့" လို့ လတ်လတ်က ပြောလိုက်ရသေးတယ်၊ ဒါပေမဲ့ - သူကတော့ ရယ်ပြုံးပြုံးနဲ့၊ "အို - ဘာဖြစ်လဲ၊ ကိုယ့်မိန်းမကို နောက်ထပ်ကလေးမွေးပေးဖို့အနမ်းပေးပြီး တောင်းခံနေတာလေ"

ပြောလို့သာ ပြောရတယ်၊ တကယ်တော့ - နောက်ထပ် သားသမီးတွေ့အရေးမှာ ဘယ်သူက ချို့ယွင်းမှုရှိနေသလဲဆိုတာ အဖြေရှာမရနိုင်အောင်ပါပဲလေ၊ သမီးလေး ဆုံးသွားပြီးတဲ့နောက် လတ်လတ်မှာ သားသမီးမပေါ်ခဲ့တာ ကြာပါပကောလား၊

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားကြည့်လေ၊ နုဆို သားလေးအတာမျိုးခိုင်တောင် ရန်ကုန်ဆေးတက္ကသိုလ်မှာ ကျောင်းတက်နေပြီပဲဥစ္စာ။

* ♠ *

လတ်လတ်တို့မိသားစုမှာ စီးပွားရေးလုပ်ငန်းတွေ တိုးတက်အောင်မြင်ခဲ့တယ်ဆိုတာကလည်း တကယ်ဆိုရင် ကိုကိုရဲ့ကြိုးစားမှုတွေ အများကြီးပါပါတယ်ရှင်။ ဒေသထွက်သီးနှံတွေအတွက် ကျေးရွာတွေအထိ ကိုကိုက အပင်ပန်းခံကွင်းဆင်းပြီး မြေရဲ့အနေအထား၊ ရေရရှိမှုအခြေအနေ၊ စိုက်ပျိုးလုပ်ကိုင်သူရဲ့ သမာဓိနဲ့ စိုက်ပျိုးခဲ့တဲ့ မျိုးစေ့ကောင်း မကောင်းကို လိုက်လံကြည့်ရှုလေ့လာပြီးမှ အလှမ်းပေးဝယ်သင့်တာကိုဝယ်၊ မသေချာရင် သီးနှံတွေပေါ်မှ စိုက်ခင်းတွေကို လိုက်ကြည့်ပြီး ငွေချေတာမျိုးတွေ လုပ်တတ်တာမျိုး ဆိုပါတော့နော့။

နောက်ပိုင်းမှာတော့ လတ်လတ်တို့မိသားစု စီးဖို့ဆိုပြီး ဗင်ကားလေးတစ်စီး၊ ကိုကို ကျေးရွာတွေသွားပြီး သီးနှံဝယ်ရေးအတွက် အသုံးပြုဖို့ဆိုပြီး တရုတ်ပြည်လုပ် ဆိုင်ကယ်တစ်စီးကို ဝယ်ထားလိုက်ခဲ့တယ်။ ကိုကိုက စီးပွားရေးနဲ့ပတ်သက်ရင် မျက်နှာလွှဲခဲပစ်သဘောမျိုး မလုပ်တတ်ဘူး၊ ကိုယ်တိုင်ကိုယ်ကျ ကျေးရွာတွေဆင်းပြီး ကုန်ဝယ်တတ်တယ်လေ။ ကုန်ဈေးနှုန်း အတက်အကျအခြေအနေအရ လိုအပ်ရင် လိုအပ်သလို ရွာတွေကို ဆင်းသွားတတ်တယ်။ ခုပဲကြည့်လေ – နေ့လယ်ပိုင်းလောက်ရောက်မှကို ကိုဟာ တောင်သာမြို့နယ်က ရွာတစ်ရွာဘက်ကို မော်တော်ဆိုင်ကယ်နဲ့သွားဖို့ ပြင်ဆင်နေလေရဲ့။

"ကိုကို ရွာမှာ ညအိပ်ဖြစ်ချင်ဖြစ်လိမ့်မယ်။ ညမှာ လတ်လတ်တစ်ယောက်တည်း မအိပ်ရဲရင် အိမ်ဖော်ကောင်မလေးတင်ပုကို ခေါ်အိပ်နော် ကြားလား"

"လတ်လတ်အတွက် ဘာမှပူမနေပါနဲ့ – ကိုကိုရာ၊ တောလမ်းခရီးကို ဆိုင်ကယ်နဲ့သွားတဲ့ကိုကိုသာ ဂရုစိုက်သွားပါ။ နောက်ပြီး – အချိန်မတော်ကြီးမှာ အိမ်ကို စိုးရိမ်လို့ဆိုပြီး တစ်ယောက်ထဲအရဲကိုးပြီး ပြန်မလာနဲ့နော်၊ ခေတ်ကာလက ကောင်းတာမှတ်ဖူး၊ လတ်လတ်က တစ်ယောက်ထဲ အိပ်ရဲပါတယ်၊ တိုက်တံခါးကို လုံအောင်ပိတ်အိပ်ရင် ရပါတယ် – မစိုးရိမ်ပါနဲ့"

ကိုကို စိတ်ချအောင်ပြောလိုက်ရပေမယ့် ခါတိုင်း ကိုကိုနဲ့အိပ်နေကျ၊ တနေ့ညကျမှ လတ်လတ်တစ်ယောက်တည်း အိပ်ရဲမယ်ဆိုတဲ့ အသိစိတ်ဝင်လာတော့လည်း အားငယ်မိသလို ခံစားခဲ့ရတာကတော့ အမှန်ပါပဲရှင်၊ ဒီတော့မှ မန္တလေးတက္ကသိုလ်မှာ စာသွားသင်နေတဲ့သားလေးအတာကို သွားပြီး၊ သတိရလိုက်သေးတာကလား။ နောက်တော့ – အားတင်းစိတ်ကို မွေးပြီး ညစာ ထမင်းစားပြီးတာနဲ့ အပုနဲ့အတူ တီဗွီကြည့်လိုက်ကြတယ်၊ ကိုးနာရီထိုး လောက်ရောက်မှ တင်ပုကို သူ့အိပ်ခန်းကို ပြန်လွှတ်ပြီး လတ်လတ်လည်း အိပ်ရာထဲကို ဝင်လာခဲ့တော့တာပါပဲလေ၊

ခါတိုင်းလို ခေါင်းနဲ့ခေါင်းအုံးထိ လိုက်တာနဲ့တစ်ပြိုင်နက် နှစ်နှစ်ခြိုက်ခြိုက်ပဲ အိပ်ပျော်သွားတယ်။ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားလည်း မသိဘူး၊ တစ်စုံတစ်ရာက ပုတ်နှိုးလိုက်သလို ခံစားလိုက်ရလို့ မှေးမှိတ်ထားတဲ့မျက်လုံးတွေက ဖျတ်ခနဲ ပွင့်လာတယ်။ နားထဲမှာလည်း တရှပ်ရှပ်နဲ့ ခြေသံလိုလို၊ ဘာလိုလို ကြားလိုက်မိတယ်။ တကယ်တော့ – ဒီခြေသံကြောင့်ပဲ နိုးလိမ့်မယ်ထင်ပါရဲ့၊ အာရုံစိုက် နားထောင်ကြည့်လိုက်တော့ အဲဒီအသံက ပျောက်သွားပြန်တယ်၊ လတ်လတ်မှာ ပြန်အိပ်ရကောင်းနိုးနိုး၊ အိပ်ရာကထပြီး ခြေသံကြားရာကို သွားကြည့်ရကောင်းနိုးနိုးနဲ့ စဉ်းစားပြီးမှ – "အို – ဘာမှ ဟုတ်ပါဘူးလေ၊ စိတ်ထဲက ထင်လို့နေမှာပါ" ဆိုပြီး မျက်စိကို မှိတ်ထားလိုက်တယ်၊ ဟော – ဒီတစ်ခါကျတော့ ခြေသံတင်မဟုတ်ဘူး တံခါးကိုအသာအယာ လာဖွင့်တဲ့အသံမျိုး၊

www.burmeseclassic.com

မမြင်ရတဲ့အရာကိုမှ လူတွေက သိချင်မြင်ချင်တတ်ကြတာမဟုတ်လား၊ လတ်လတ်စိတ်ထဲမှာ မမြင်ရတဲ့အရာကို သိချင်မြင်ချင်တဲ့စိတ်တွေက အရမ်းလှုံ့ဆော်နေတာတလား၊ နောက်ပြီး – မတောင်းဆိုးဝါးဆိုတာမျိုးက အထီးကျန်တစ်ယောက်တည်း ရှိတဲ့အချိန်မျိုးမှာမှ တိုက်တိုက်ဆိုင်ဆိုင် တွေ့ကြုံရတတ်တယ်လို့ ကြားဖူးနားဝ ရှိထားတာကိုး၊ လတ်လတ်မှာက လောလောဆယ် တစ်ယောက်တည်းရယ်လေ၊ ဆံပင်ကနေ ခြေဖျားအထိ ရစရာ



ဒေါသနဲ့ရင့်သီးမှု လေသံမာမာကို ကြားလိုက်ရတဲ့နောက် လတ်လတ်မျက်လုံးတွေ ပြာဝေသွားပါတော့တယ်ရှင်။ လည်ပင်းတင်းကြပ်လာတာနဲ့ အမျှ အသက်ရှူမဝအောင်ဖြစ်သွားပါတော့တယ်။ အော်ဟစ်အကူအညီတောင်းဖို့ဆိုတာ အခွင့်အရေးမရှိလိုက်ပါဘူး။ လတ်လတ်နားထဲမှာ ဒီအသံကို ကြားဖူးသလိုလိုပဲ။ ဒါပေမဲ့ လတ်လတ်ကြာကြာမစဉ်းစားနိုင်တော့ပါ ဘူး။ တစ်စတစ်စနဲ့ ကျွန်မရဲ့ကိုယ်ခန္ဓာဟာ ပျော့ခွေတိမ်းညွတ်ရင်း ကြမ်းပြင်မှာ ပြိုလဲကျဆင်းသွားရပါတော့တယ်။

မရှိအောင် အေးစက်လာတယ်လို့တောင် ထင်လိုက်ရပါတော့တယ်၊ အကြောက်တရားကြီးစိုးလာတတ်တဲ့အခါမျိုးမှာ အတွေးအခေါ်အယူအဆတွေကလည်း အလွဲလွဲအချော်ချော်ဖြစ်တတ်ကြတယ်မဟုတ်လား၊ စဉ်းစားလိုက်မိတာနဲ့ လတ်လတ် ဖျတ်ခနဲအိပ်ရာထက်မှာ ထထိုင်လိုက်တော့တာပေါ့၊ ညဥ့်အိပ်ထွန်း ဗိုက်ဝပ်ဖန်သီးရဲ့အလင်းရောင်က မပီပိုးတဝါး တိတ်ဆိတ်နေတဲ့ ညဥ့်လွှာကြားမှာ ပကတိမှောင်မည်းနေသလိုပါပဲလား၊

လတ်လတ် ထထိုင်လိုက်တဲ့အချိန်ကိုပဲ ဘယ်လောက်ကြာသွားသလဲ မသိပါဘူးရှင်၊ တစ်စက္ကန့်လား၊ တစ်မိနစ်လား၊ တစ်နာရီလားဆိုတာ မသိနိုင်ပါလေတော့၊ ကျွန်မအထင်တော့ တစ်ကမ္ဘာလားအောက်မေ့လိုက်မိပါရဲ့၊ ကြောက်စိတ်တွေက စောင်ကို ခေါင်းမြီးခြုံအိပ်ဖို့ တွန်းအားပေးခဲ့ပေမယ့် အခန်းအပြင်ဘက်က ရှပ်တိုက်သွားနေတဲ့ ခြေသံက ဒီအတိုင်းဆက်နေလို့ မဖြစ်နိုင်ဘူးဆိုတာ သိလိုက်တာကြောင့် နောက်ဆုံးအဖြစ်မှန်ကို အဖြေရှာဖို့ အိပ်ရာကထရပ်လိုက်ပြီး အခန်းတံခါးနားကို အသာတိုးကပ်သွားလိုက်တယ်၊ အပြင်ခန်းကမီးကို ဖွင့်ကြည့်ဖို့ စိတ်ကူးလိုက်ပေမယ့် ... တော်ကြာမတော်မရော်တွေများ တွေ့မြင်လိုက်ရလေမလားဆိုတဲ့အတွေးနဲ့ အခန်းမီးကို မဖွင့်ရဲဘဲ ဖြစ်နေရတော့တာပေါ့လေ၊

နောက်ဆုံးတော့ လတ်လတ်ကြားနေရတဲ့ခြေသံဟာ ဘယ်သူ့ခြေသံလဲ၊ ဘာကိစ္စနဲ့ တိုက်ခန်းထဲကို ဝင်ရောက်လာခဲ့ရတာလဲဆိုတဲ့ အဖြေကို သိချင်တဲ့စိတ်တွေ မတရားပြင်းပြလာခဲ့ရတာတော့ အမှန်ပါပဲရှင်၊ ဒီအဖြေကို သိဖို့က အခန်းတံခါးကို မဖွင့်ဘဲ မသိနိုင်ဘူးလေ၊ လတ်လတ်လည်း စိတ်ဆုံးဖြတ်နဲ့အတူ တံခါးချက်ကို အသာဖွင့်လို့ အခန်းအပြင်ဘက်ကို ကြည့်လိုက်တယ်၊ ဒီအချိန်မှာပဲ ဂုန်းဆိုတဲ့အသံနဲ့အတူ သန်မာတင်းကြပ်တဲ့ လက်တစ်စုံက လတ်လတ်ရဲ့လည်ပင်းကို ဆုပ်ကိုင်လိုက်တာကို ခံလိုက်ရတယ်၊

"နင် – နင် – မိန်းမယုတ် – သစ္စာဖောက်မ၊ နင့်ကို လွှတ်ပြည်မှာထားဘူး မထားဘူး"

www.burmeseclassic.com

ဒေါ်သန့်ရှင့်သီးမှ လေသံမာမာကို ကြားလိုက်ရတဲ့နောက် လတ်လတ် မျက်လုံးတွေ ပြာဝေသွားပါတော့တယ်ရှင်။ လည်ပင်းတင်းကြပ်လာတာနဲ့ အမျှ အသက်ရှူမဝအောင် ဖြစ်သွားပါတော့တယ်။ အော်ဟစ်အကူအညီ တောင်းဖို့ဆိုတာ အခွင့်အရေးမရှိလိုက်ပါဘူး။ လတ်လတ်နားထဲမှာ ဒီအသံ ကို ကြားဖူးသလိုလိုပဲ။ ဒါပေမဲ့ - လတ်လတ် ကြာကြာမစဉ်းစားနိုင်တော့ပါ ဘူး။ တစ်စတစ်စနဲ့ ကျွန်မရဲ့ကိုယ်ခန္ဓာဟာ ပျော့ခွေတိမ်းညွတ်ရင်း ကြမ်းပြင် မှာ ပြိုလဲကျဆင်းသွားရပါတော့တယ်။ တန်ပြန်တွန်းလှန်ရင်း ရုန်းကန်လှုပ် ရှားနေစဉ်မှာပဲ ကျွန်မပါးစပ်ထဲက ငန်ပြုံပြုံအရည်တွေက လျှံထွက်ကျလာ တော့တာပါပဲလေ။ လတ်လတ် သိလိုက်ရပါပြီ၊ မကြာခင်မှာ ကျွန်မ အသက် ရှူမရတော့ဘဲ လူ့လောကကြီးထဲက ထွက်သွားရတော့မယ်ဆိုတာ သိလိုက်ရပါပြီရှင်။

နောက်ဆုံးမှာတော့ လတ်လတ် မျက်စိတွေ ပြာဝေလာရာက အမှောင် တွေ တဖြည်းဖြည်းနဲ့ ကြီးစိုးလာပါတော့တယ်။ မျက်စိအမြင်အာရုံတွေမှာ အမှောင်ဖုံး၊ နားအကြားအာရုံတွေ ကွယ်ပျောက်လို့ အသိတရားစိတ်တွေ လည်း အမှောင်တကာ့ အမှောင်ဆုံးဆီကို ရောက်သွားရပါတော့တယ်။ အဲဒါတွေဟာ လတ်လတ်ရဲ့နောက်ဆုံးသိလိုက်ရတဲ့ အသိအာရုံရဲ့နောက် ဆုံးအကြောင်းအရာက်ပါပဲလေ။ ပြောရရင် လတ်လတ်သေခြင်းတရားနောက် ကို ကောက်ကောက်ပါအောင် လိုက်ပါသွားရတော့တာပါပဲရှင်ရယ်။

♠ ♠ ♠

"သား - အိမ်ကို အမြန်ပြန်လာခဲ့ပါ။ ဘာမှဆက်မမေးနဲ့တော့၊ သားပြန် လာမှ အခြေအနေအားလုံးကို ဖေဖေ ပြောပြမယ်။ စိတ်ကို အေးအေးထား နော်၊ ကျောင်းကိုလည်း သေသေချာချာ စာရေးတင်ခဲ့ - ကြားလား - ဒါပဲ နော်"

ဖေဖေက ဖုန်းကို ကျွန်တော် အတာမျိုးနိုင် စကားပြန်မပြောနိုင်ခင်မှာပဲ ပိတ်သွားတယ်။ ဘာပဲပြောပြော အရေးတကြီး ဖုန်းနဲ့စကားပြောပြီး အိမ်ကို ပြန်လာဖို့ ခေါ်တယ်ဆိုတော့ ထူးခြားချက်တစ်ခုခုတော့ ရှိမယ်ဆိုတာ စိုးရိမ် ကြောင့်ကျစွာနဲ့ပဲ အတွေးမှာ တွေဝေခံစားရင်း ရန်ကုန် - မန္တလေး အမြန် ရထားလက်မှတ်ကိုရအောင်လုပ်ပြီး လိုက်လာခဲ့ရပါတော့တယ်။ သာစည် လမ်းခွဲကို မရောက်မချင်း ငါ့ကို ဘာ့ကြောင့်အကျိုးအကြောင်းမပြောဘဲ အမြန်ဖုန်းဆက်ခေါ်ခဲ့ရတာလဲဆိုတာကို တွေးမရအောင် ဖြစ်နေခဲ့တာက တော့ အမှန်ပင်၊ ခရီးစဉ်တစ်လျှောက်လုံး သံသယဒွိဟနဲ့ ပဟေဠိဆန်လိုက် သည့်ဖြစ်ခြင်းရယ်လေ။ ရထားကြီး သာစည်ဘူတာကိုဆိုက်တော့ အရှေ့ မိုးကောင်းကင်မှာ ရောင်ခြည်နုသစ်ပွင့်သစ်စပဲ ရှိသေးတယ်။ ကျွန်တော် အတာမျိုးနိုင် ရထားပေါ်က ဆင်းလို့မကြာခင်မှာပဲ ကျွန်တော့်နာမည်ကို ခေါ်လိုက်တဲ့အသံကို ကြားလိုက်ရတယ်။

"အတာ - အတာ - အတာမျိုးနိုင် - ဦးလေးမိုး - ဒီမှာ - ဦးလေးမိုး လာပြီ လာပြီ"

အော်သံနှင့်အတူ ကျွန်တော့်ဆီကို ဦးလေးမိုး ရောက်လာတော့တာ ပါပဲဗျာ။ ဦးလေးမိုးက သာစည်ဘူတာကို ကားနဲ့လာကြိုနေခဲ့တာဆိုပါတော့ နော်၊ ဦးလေးမိုးက ပြေးလာရင်း ကျွန်တော့်လက်ဆွဲအိတ်ကို လက်လွှဲယူ လိုက်ပြီး သာစည်ဘူတာကြီးနောက်မှာ ရပ်ထားတဲ့ မေမေတို့ကားလေးရဲ့ နောက်ခန်းထဲကို ထည့်လိုက်ပါတော့တယ်။ နောက်ပြီးမှ ကားရှေ့တံခါးကို ဖွင့်ပေးပြီး ကျွန်တော့်ကို နေရာလုပ်ပေးလိုက်တယ်။ ပြီးမှ - သူက ဒရိုင်ဘာ နေရာမှာ ဝင်ထိုင်လိုက်ပြီး ကားကိုစက်နှိုးလို့သာစည်ဘူတာထဲကနေ မောင်း ထွက်လာခဲ့ပါတော့တယ်။

မိနစ်အတော်လေးကြာကြာ ဘာမှမမေးမမြန်းဘဲ ကားစီးလိုက်လာရာ က အောင့်အည်းထားခဲ့ရတဲ့ ကျွန်တော့်နှုတ်ပါးစပ်ဟာ ငြိမ်သက်မနေနိုင်ပါ လေတော့။

www.burmeseclassic.com

"နေပါဦး - ဦးလေးမိုးရ၊ ဖေဖေက ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလောက် မြန်မြန်အိမ်ကို ပြန်ခေါ်ခဲ့ရတာတဲ့လဲ၊ ကျွန်တော့်ကိုလည်း ပြောပြစမ်းပါဦး ဗျာ"

ကျွန်တော် မေးလိုက်သည့်မေးခွန်းကို ဦးလေးမိုးက ပြန်လည်ဖြေချင်ပုံမပေါ်၊ မကြားချင်ယောင် ဆောင်နေသည်ပဲထင့်၊ အတာက နောက်တစ်ကြိမ် ထပ်မေးလိုက်ပြန်၏၊ သည်တော့မှ ဦးလေးမိုးက ကျွန်တော့်ဘက်ကို လှည့်မကြည့်ဘဲ မျက်နှာကိုလွှဲရင်း ကားလမ်းတူရှုကို အာရုံစိုက်ကားမောင်းရင်း . . .

"အေး - ဦးလေးမိုး မပြောလည်း အတာအိမ်ကို ရောက်တော့သိမှာပေါ့ လေ၊ မင်းနေရာမှာ ဦးလေးမိုး ဝင်ပြီးကိုယ်ချင်းစာပါတယ်၊ လူလေးကို တောင်းတတ်နေရင်းက ပြန်ခေါ်ရတဲ့ကိစ္စက မင့်မေမေ လတ်လတ် မမျှော်လင့်ဘဲ ဆုံးပါးသွားရလို့ပဲ ပြောရတော့မှာပါပဲ - လူကလေးရယ်"

ဦးလေးမိုးလေသံက ပြောရင်း တြေကွဲသံပါလာသည်ကို ကျွန်တော် အတာ သတိထားလိုက်မိပါတယ်ဗျာ၊

"ခင်ဗျာ - ဘယ်လို - ဘယ်လို - ဦးလေးမိုးရဲ့ အတာ့ကို ပြန်ပြောစမ်းပါဦး၊ မေမေ - သေပြီဟုတ်လား၊ ပြောစမ်းပါဦး"

ဖေဖေက အရေးတကြီးဖုန်းနဲ့ ပြန်လာခဲ့လို့ပြောခဲ့သည့်တိုင်အောင် သည်လိုအဖြစ်ဆိုးမျိုးနဲ့ ရင်ဆိုင်တွေ့ကြုံရလိမ့်မယ်ဆိုတာ မမျှော်လင့်ခဲ့မိ တာကတော့ အမှန်၊ မေမေ ရုတ်တရက် သေဆုံးသွားရတယ်ဆိုတာမျိုးကို အတာ မထင်မှတ်ခဲ့မိပါဘူးလေ၊ ဦးလေးမိုးစကားကို ကြားလိုက်ရသည်နှင့် အတာ တစ်ကိုယ်လုံး အိုးထိန်းစက်ဝမာ လည်ပတ်ကာ ကမ္ဘာမြေကြီး တုန်လှုပ်သွားလိုက်ဘိသို့ ခံစားလိုက်သည့်ဖြစ်ခြင်းရယ်လေ၊

"ဟုတ်တယ် - လူကလေး၊ မင်းမေမေတာ ဘယ်လိုရန်ငြိုးရန်စမှ မရှိပါပဲနဲ့ လူတစ်ဦးတစ်ယောက်ရဲ့လက်ချက်နဲ့ သူ့ အသက်ထွက်သေဆုံးသွား ရတယ်ဆိုတာ သားလေး ပိုမိုအံ့အားသင့်သွားလိမ့်မယ် ထင်ပါရဲ့ကွာ"



ဦးလေးမိုးပြောခဲ့တဲ့ စကားလုံးတွေဟာ အတာ့နားမှာ မကြားတစ်ချက်၊ ကြားတစ်ချက်၊ သို့သော်လည်းပဲ ရင်တွင်းမှာတော့ မခံမရပ်နိုင်လောက် အောင် ခံစားလိုက်ရဘိဖြစ်ခြင်းရယ်လေ၊

"အတာ့မေမေဟာ လူသတ်လို့သေခဲ့ရတာ ဟုတ်လား - ဦးလေးမိုးရဲ့ အတာတော့ ဘယ်လိုမှ နားမလည်နိုင်လောက်အောင်ကို ဖြစ်ခဲ့ရတာပါပဲ ဦးလေးမိုးရယ်"

ထိုမေးခွန်း၊ အနီမေးခွန်းကို အတာ့နှုတ်က မထွက်ပါဘဲ ရင်တွင်းက မရိုတင်ကဲ မေးလိုက်မိသော မေးခွန်းတစ်ပုဒ်သာ ဖြစ်လိမ့်မယ်လို့သာ ထင် လိုက်ရပါတယ်လို့ ပြောလိုက်ချင်ပါရဲ့ဗျာ၊ ကားပေါ်တွင် ထိုင်လိုက်ရင်း ဟိုတွေးဒီတွေးနဲ့ တောင်တောင်အီအီတွေးရင်းနဲ့သာ ရင်ထဲဝယ် ဗလောင်ဆူ ခဲ့ရသည်လေ၊ သာစည်နှင့်မြင်းခြံ မောင်းနှင်လာခဲ့သည့် ကိုယ်ပိုင်ကားလေး၏ အရှိန်ကလည်း ကျွန်တော့်စိတ်ထဲ ကြာညောင်းလှပါဘိတောင်း၊

အတာ ပြန်ရောက်တော့ တိုက်ခန်းထဲမှာ အသုဘအခမ်းအနားကို ပြင် ဆင်ထားပြီး အသုဘရှုစည့်ပရိသတ်အချို့ကို တွေ့မြင်လိုက်ရတယ်၊ တချို့ သော မိတ်ဆွေအမျိုးသမီးတွေရဲ့မျက်လုံးတွေမှာ ငိုထားတဲ့အရိပ်အယောင် တွေကိုလည်း တွေ့လိုက်ရတယ်၊ အတာ ဝင်လာတာကို မြင်တော့ ကရုဏာ သက်တဲ့အကြည့်မျိုးနဲ့ ကြည့်နေကြတယ်လေ၊ လူအချို့ရဲ့မျက်နှာတွေမှာ တော့ ရှေ့ဆက်ဖြစ်ပေါ်လာမယ့်အကြောင်းကိစ္စ ပြဿနာအပေါ် စိတ်ဝင် စားနေကြပုံပါပဲ၊ အတာအနေနဲ့ ဒါတွေကို စိတ်မဝင်စားနိုင်ပါဘူးလေ၊ သပ် သပ်ရပ်ရပ် ပြင်ဆင်ထားတဲ့ မေမေရဲ့ရုပ်ကလာပ်ဆီကိုပဲ တန်းပြီးသွားခဲ့မိ တာကလား၊ မေမေ့ရုပ်အလောင်းကို ကြည့်လိုက်မိတော့လည်း မေမေဟာ အိပ်ပျော်နေသလိုပါပဲလား၊ သို့ပေတဲ့ - မေမေဟာ လူ့လောကကြီးထဲမှာရှိတဲ့ ကျွန်တော်တို့သားအဖအပေါ်ကို ဘယ်လိုမှ ပြန်လည်လှုပ်ရှား မထိတွေ့နိုင် တော့ပြီ၊ သားတစ်ယောက်အနေဖြင့် မေမေ့ရဲ့ရုပ်အလောင်းကိုကြည့်ပြီး အဘယ်မျှ ဝမ်းနည်းကြေကွဲရသည်ဆိုသည်ကို အကျယ်ချဲ့မပြောလို့တော့

www.burmeseclassic.com

ပါ။ မေမေသည် အတော့အပေါ်မှာသော်လည်းကောင်း၊ ဖေဖေ့အပေါ်မှာသော်လည်းကောင်း၊ အကောင်းကြီးကောင်း၍ တာဝန်ကျေခဲ့သည့် မိန်းမသားတစ်ဦးသာ ဖြစ်သည်ကိုမူ ကျွန်တော့်အနေဖြင့် သံသယဝင်ရောက်ခြင်း အလျဉ်းမရှိပါလေခဲ့။

ကြည့်လေ – မေမေဟာ အသက်ဝိညာဉ် ချုပ်ငြိမ်းခဲ့ပြီးသည့်တိုင် သူ့ရဲ့ ရုပ်အလောင်းဟာ ကြည့်လို့ကောင်းနေဆဲပါပဲလေ၊ အတာ ငယ်ငယ်က စို့ခဲ့တဲ့ မေမေရဲ့ရင်သားမို့မို့ဟာ ခုချိန်ထိ မို့မို့ဖောင်းဖောင်းနဲ့ အလှတွေ မပျက်သေးတာကို တွေ့မြင်နေရဆဲ၊ အမြဲတမ်း အလှတွေကြွယ်၊ ဂုဏ်ဝင့်ထည်ခဲ့လို့ ခုချိန်ထိ ပုရိသယောကျ်ားတွေရဲ့အလယ်မှာ မငယ်သေးတဲ့ အပျိုရွယ်တစ်ယောက်လို့ တင်စားရင် ရလိမ့်မယ်ထင်ပါရဲ့ဗျာ၊ တစ်ချိန်က လောကအလယ်မှာ အလှကြွယ်သောက မနွမ်းယ်ပဲ ဆင်းရဲခြင်းက လွတ်ကင်းပြီး ချမ်းသာခြင်းဆိုတဲ့ဂုဏ်ခြပ်နဲ့ ပြည့်စုံခဲ့တဲ့မေမေဟာ ခုတော့ဖြင့် သက်မဲ့ဝိညာဉ်ဘဝနဲ့ မရဏာရင်ခွင်ထဲကို ရောက်ခဲ့ပါပကောလား၊ သည်ကြားထဲ ကြားခဲ့ရတဲ့ သတင်းစကားတွေက အတင်းအဖျင်းများပဲလား၊ ထင်ယောင်ထင်မှားနဲ့ ပြောစကားတွေက နားနဲ့မဆန့်အောင် ကြားလိုက်ရတာများ ရှက်များတောင် ရှက်မိပါရဲ့။

"လတ်လတ်က လူတစ်ဦးတစ်ယောက်ရဲ့ရန်ငြိုးရန်စနဲ့ အသတ်ခံလိုက်ရတာ" တဲ့လေ၊ သည်စကားလုံးတွေက အတာရဲ့အသည်းနှလုံးကို ပျက်သုဉ်းသွားစေတာကတော့ အမှန်ပါ၊ မေမေ့လို မနောဖြူစင်၊ လူသူအခင်အမင်များခဲ့တဲ့ မိန်းမသားတစ်ယောက်က လင်ယောကျ်ားအပေါ်မှာ သစ္စာဖောက်လို့ တစ်ဖက်က အသေသတ်ခဲ့သတဲ့လား၊ ဘယ်လိုလူစားကများ အငြိုးအတေးနဲ့ သတ်ခဲ့တယ်ဆိုတာ အတာ သိချင်စမ်းပါဘိ၊ ဟုတ်တယ် – ကြည့်စမ်းပါဦးတော့၊ မေမေရဲ့ လှပတဲ့ မျက်နှာရဲ့အောက်ပိုင်းမှာရှိတဲ့ လည်တိုင်ကျော့ကျော့ပေါ်မှာ ညိုမည်းမည်းအဏ်ရာဒဏ်ချက်တွေက သွေးရိုးသာမန်သေဆုံးခဲ့တာ မဟုတ်ဘူးဆိုတာ အထင်အရှားပြနေတာကလားဗျာ၊

ဝမ်းနည်းကြေကွဲမှုရဲ့နောက်မှာ ဖြစ်ပေါ်လာတဲ့ အတာ့ရဲ့ မနောအာရုံထဲမှာ နာကြည်းစွာ ခံစားလိုက်ရတဲ့ ဒေါသအရိပ်တွေ ဝင်ရောက်လာခဲ့ရတော့တာပါပဲဗျာ၊ စဉ်းစားကြည့်လေ – မေမေ့ကို ရန်သတ္တုပြုခဲ့တဲ့ တရားခံကို ရှာဖွေ မတွေ့ရှိခဲ့ကြဘူးတဲ့လေ၊ ယခင်က ကုန်ရောင်းကုန်ဝယ် မိတ်ဆွေအပေါင်းအသင်းတွေနဲ့ တစ်ခွက်တစ်ဖလား သောက်စားခဲ့ဖူးတဲ့ ဖေဖေဟာ မေမေ သေဆုံးသွားရတဲ့နောက်ပိုင်းမှာ သူ့ရဲ့သောကစိတ်ဝေဒနာကို အရက်နဲ့ ကြိတ်မှိတ်ဖြေဖျောက်ခဲ့ပုံရပါတယ်၊ အတော့အနေနဲ့ဖေဖေ အရက်သောက်တာကို မနှစ်သက်ပေမဲ့ တားဆီးဟန့်တားဖို့ကိုလည်း ဝန်လေးနေမိတာကတော့ အမှန်ပါ၊

ရံဖန်ရံခါ သောက်ခဲ့တဲ့ ဖေဖေဟာ နောက်ပိုင်းကျ နောက်ပိုင်းမှာတော့ အရက်ကို အဖော်ပြုလာတော့တာပါပဲလေ၊ တစ်ရက်မှာ ဆိုပါတော့နော်၊ ဖေဖေ အရက်တွေ သိပ်မူးနေတယ်လို့ကြားလိုက်ရလို့ အရက်ဆိုင်ကို လိုက်ခေါ်ရပြန်တယ်၊ နောက်တော့လည်း ဒါမျိုးဟာ နောက်ဆုံးတော့ အတာ့အတွက် လုပ်နေကျအလုပ်တစ်ခုလို ဖြစ်လာခဲ့ရတော့တာပါပဲဗျာ၊ အတာ့ ဖေဖေသောက်နေတဲ့ ရွှေထူးစားသောက်ဆိုင်က ပြန်ခေါ်လာခဲ့ရပြန်ပါတယ်၊ အဲဒီညက လရောင်က မှေးမှေး၊ လမ်းမီးတိုင်ရဲ့မီးအရောင်က ရေးရေး၊ အညာဒေသမှာ ပေါက်လေ့ပေါက်ထရှိတဲ့ တမာ၊ မန်ကျည်း၊ ထနောင်းစတဲ့ သစ်ပင်ရိပ်ကြီးတွေက အတာတို့သားအဖ ပြန်ရာလမ်းကြောင်းပေါ်မှာ အရိပ်မည်းကြီးတွေလို ထိုးကျနေတာကလား၊ ဘယ်လိုပင်ဖြစ်စေ၊ အတော့အနေနဲ့က အပြန်လမ်းကို မီးမောင်းထိုးပြစရာ မလိုအပ်ပါဘူးလေ၊ ဒီလမ်းကြောင်းကို ကျွန်တော်ငယ်စဉ်ကတည်းက သွားလာလှုပ်ရှား သူငယ်ချင်းတွေနဲ့ အတူ ကစားလာခဲ့ကြတာကလား၊ ဖေဖေစီးသွားတဲ့ဆိုင်ကယ်ကို "ရွှေထူး" စားသောက်ဆိုင်မှာ အပ်ထားပြီး သူ့ကို အတာနဲ့ကပ်ရင်း ဟန်မပျက် လူသေအောင် တွဲခေါ်လာခဲ့ရတာပေါ့နော်၊

www.burmeseclassic.com

အဲဒီညမှာပဲ အမှတ်တရဖြစ်ခဲ့ရတဲ့ အဲဒီညလို့ပဲ ပြောရတော့မှာပါပဲဗျာ။ ပွင့်ပွင့်လင်းလင်း တိတိကျကျပြောရရင် ကျွန်တော်တို့ သားအဖအတွက် တမ္ဘာပျက်တဲ့ ညတစ်ညပါပဲလေ။ မြို့သစ်ပိုင်းဆိုတော့ အဲဒီအချိန်ပိုင်းဆိုရင် လူသွားလူလာက နည်းပါးလာတယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော့် အတွက်ကတော့ ဖေဖေမူးလာတာကို လူမမြင်စေတာကြောင့် လူပြတ်တာကိုပဲ ကျေနပ်နေမိပါတယ်။ လမ်းအသွားအလာကင်းမဲ့တဲ့ အိမ်ပြန်လမ်း မှောင်မည်းမည်းထဲမှာ သားအဖနှစ်ယောက် ဖြတ်လျှောက်လာရင်း အတာတို့နေတဲ့တိုက်ကို ရောက်လည်းရောက်ခါနီးရော ရုတ်တရက် ဖေဖေ့လက်က အတော့လက်ကို ဖျတ်ခနဲကိုင်လိုက်ရင်း ခြေသိုင်းနင်းနေတဲ့ သူ့ခြေထောက်တွေကို တုန့်ခနဲ ရပ်ပစ်လိုက်တယ်။ နောက်မှ အတာတို့တိုက်ဘက်ကို လက်ညှိုးကြီးနဲ့ လှမ်းထိုးရင်း ကတုန်ကယင်လေသံမျိုးနဲ့ -

"ဟိုမှာ - တွေ့လား၊ ဟိုမှာ - တွေ့လား။ ငါတို့သားအဖကို မကျေနပ်တဲ့ မျက်နှာထားနဲ့ လှမ်းကြည့်နေလိုက်တာများ"

ဖေဖေ ရုတ်တရက် ပြောလိုက်တဲ့စကားသံကြောင့် အတာလည်း သူ လက်ညှိုးထိုးတဲ့ဆီကို လှမ်းကြည့်လိုက်မိတယ်။ ဘာဆိုဘာမှ မတွေ့မြင်ရပါဘူးဗျာ။ ဒါနဲ့ - ကျွန်တော်က ဖေဖေ့ကို စိတ်ကျေနပ်သွားအောင်ဆိုပြီး -

"ဘယ်မှာမှ ဘာမှမရှိပါဘူး ဖေဖေရဲ့၊ ရှေ့မှာ အတာတို့တိုက်ကို ရောက်ပြီလေ - ဖေဖေရဲ့၊ လာပါ - ဖေဖေ သိပ်နေမကောင်းဖူးထင်တယ်၊ လာ - လာ တိုက်ထဲကို ဝင်ကြရအောင်နော်"

အတာက မူးနေတဲ့ဖေဖေ့ကို ချော့ချော့မော့မော့နဲ့ ပြောလိုက်ပေမယ့် ဖေဖေက လက်မခံဘဲ ကျွန်တော့်လက်ကို ဆုပ်ကိုင်ထားတဲ့လက်ကို ဖျတ်ခနဲ ဖြုတ်လိုက်ပြီးမှ တစ်နေရာဆီကို ငူငူကြီးစိုက်ကြည့်နေလေရဲ့၊ သူ့ကိုယ်ခန္ဓာကိုယ်ကြီးကလည်း မလှုပ်မယှက်နဲ့ ကျောက်ရုပ်တစ်ရုပ်ပမာ ငြိမ်သက်နေလိုက်ပုံများ၊ အတော့စိတ်ထဲမှာ စိုးရိမ်စိတ်တွေ ထိပ်ထိတက်လာခဲ့တာပေါ့နော်။ သည်အချိန်မှာပဲ စောစောက တိမ်မည်းညိုကြားမှာ နိုအောင်းနေတဲ့ လပြည့်ညရဲ့အလင်းရောင်က ဖေဖေ့မျက်နှာပေါ်ကို ဖြာဆင်းကျလာတာနဲ့ အတာအကြည့်လိုက်မှာ ဖေဖေ့မျက်နှာဟာ ဝိုးတဝါးဖြူဖတ်ဖတ်ကြောင်လို ဖြူဖပ်ဖြူရော်နဲ့ လူသေတစ်ကောင်ရဲ့မျက်နှာပုံစံမျိုး မထင်မှတ်ဘဲ မြင်တွေ့လိုက်ရပါတော့တယ်၊ သူ့မျက်လုံးတွေက တိုက်ကြီးရဲ့တစ်နေရာဆီကို စူးစူးစိုက်စိုက်ကြည့်နေဆဲ၊ အတာကလည်း ဖေဖေ့အကြည့်ပေါ်မှာ တစ်ထစ်တည်း ကျရောက်သွားတဲ့အချိန်လေးအတွင်းမှာပဲ မထင်မှတ်ဘဲ ဖေဖေဟာ မမျှော်လင့်ဘဲ လာခဲ့ရာလမ်းအတိုင်း ပြန်လှည့်ပြီး ထွက်ပြေးသွားတော့တာပါပဲဗျာ၊

"ဖေဖေ - ဖေဖေ - ဘယ်ကိုသွားမှာလဲ၊ အတာတို့တိုက်ကို ရောက်နေပြီလေ၊ သားဆီကို ပြန်လာခဲ့ပါ - ပြန်လာခဲ့ပါ"

အတာက ပြောရင်းနဲ့ ဖေဖေ့ ပြန်လှည့်ပြေးသွားရာကို နောက်ကနေ အပြေးလိုက်သွားရတယ်၊ ဖေဖေကတော့ နားမကြားရတော့တဲ့ လူတစ်ယောက်လို နောက်ပြန်လှည့်မကြည့်တော့ဘဲ တစ်ရှိန်ထိုး အပြန်လမ်းရဲ့ အမှောင်ဝမ်းအတွင်းကို ပြေးထွက်သွားရင်း ပျောက်ကွယ်သွားပါတော့ တယ်၊ ဖေဖေ ပျောက်ကွယ်သွားတဲ့အချိန်ကာလကို ပြောရရင် ခုချိန်ထိကို ပြန်မတွေ့ရတော့ဘူးဆိုပါတော့ဗျာ၊

ကျုပ်နာမည်က သာမု၊

တကယ်ဆိုရင် သာမုဆိုတဲ့ ပါဠိအဓိပ္ပာယ်က ကောင်းလေစွလို့ ပြောရင် ရမလားပဲ၊ ဒါပေမဲ့ - လက်ရှိ ကျုပ်ဘဝက မကောင်းခဲ့တာမို့ နောင်ဘဝ အဆက်ဆက်အတွက် ရည်သန်ပြီး ဒီနာမည်ကို မှည့်ခေါ်ခဲ့တာလို့ ငယ်ငယ်က မိဘတွေပြောတာကို ကြားဖူးပါရဲ့၊ နောက်တစ်ခု ရှိသေးတယ်၊ ဒီသာမုဆိုတဲ့ နာမည်ဟာ ကျုပ်ဘဝ တစ်ဆစ်ချိုးမှာ ပြောင်းလဲမှည့်ခေါ်လိုက်တာလို့လည်း ပြောလို့ရမယ်ထင်ပါရဲ့၊ တိတိပပပြောရရင် ဒီတောင်ပိုင်းရှမ်းပြည် နယ်စပ်မြို့လေးကို ရောက်ကတည်းကဆိုပါတော့၊ အဲဒီအတိုင်းအတာနဲ့

www.burmeseclassic.com

ပြောရမယ်ဆိုရင် ဆယ်နှစ်ရဲ့ဟိုမှာဘက်ကို သီသီတောင်စွန်းခဲ့ပြီပေါ့။ ကျုပ်တို့မြတ်ဗုဒ္ဓရဲ့တရားတော်တွေက တယ်မှန်ကန်ပါလားဆိုတာ လူ့လောကထဲရောက်လာခဲ့ကြတဲ့ လူသားတိုင်း လက်ခံရမည့် အနက်အဓိပ္ပာယ်လေးနက်မှုတရားပါပဲ။ လောကကြီးမှာ ဖြစ်ချင်တိုင်းမဖြစ်နိုင်ကြသလို မဖြစ်ချင်တာတွေကိုလည်း ဘယ်လိုမှ တားဆီးလို့မရဘဲ ကြုံတွေ့တတ်ကြတာကလား။ တစ်ခုတော့ရှိတာပေါ့လေ။ လူ့ဘဝဆိုတာ ရှည်လျားကြတယ်လို့ ထင်ကြရပေမဲ့ တကယ်တော့ အလွန်မတန်မှ တိုတောင်းလှတဲ့ အခိုက်အတန့်လေးပါနော်။ သမုဒ္ဒရာထက်က ခဏတက်လာတဲ့ ရေပွက်ပမာဆိုတာ တရားအသိနဲ့ နားလည်သိရှိကြသူတွေလည်း ရှိတတ်ကြပါတယ်။

ကျုပ်ရဲ့ဘဝကို ပြန်လည်စဉ်းစားကြည့် ၊

ဘယ်လိုမှ ဒီဘဝမျိုးရောက်လာလိမ့်မယ်လို့ မတွေးမိခဲ့တာကတော့ အမှန်ပါပဲဗျာ။ ဘာပြုလို့လည်းဆိုတော့ ဟိုလွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကာလဆီတုန်းက ကျုပ်ဟာ စီးပွားရေးကောင်းပြီး ကြွယ်ဝိုးကြွယ်ဝရှိခဲ့ဖူးပါတယ်။ အလွန်တော်မှ လှပချစ်စရာကောင်းတဲ့ဇနီးကိုလည်း ပိုင်ဆိုင်ဆုံစည်းခွင့်ရခဲ့တယ်ဆိုပါတော့နော်။ နောက်ပြီး - လိမ္မာရေးခြားရှိတဲ့ပညာတတ်သားတစ်ယောက်လည်း ထွန်းကားဖူးပါတယ်ဗျာ။ ခိုင်ခန့်ထည်ဝါတဲ့ တိုက်အဆောင်အယောင်နဲ့လည်း နေထိုင်နိုင်ခဲ့တာကလား။ ဒါပေမဲ့ - ခုတော့ - အဲဒါတွေဟာ ကျုပ်ဘဝမှာ ပိုင်ဆိုင်မှုတွေ မဟုတ်ခဲ့ရတော့ပါဘူးလေ။ ကျုပ်သေဆုံးသွားရင် မဆိုထားနဲ့၊ ခုလက်ရှိ ကျုပ်ဘဝမှာ ဒီလိုအဆင်ပြေချောမွေ့မှုတွေအားလုံး ဆုံးရှုံးခဲ့ရတယ်ဆိုပါတော့ဗျာ။

ကျုပ်ရဲ့ကြွယ်ဝိုးကြွယ်ဝ၊ မတောင့်မတ၊ မကြောင့်မကျနေခဲ့ရတဲ့ဘဝကို စွန့်ပြေးခဲ့ရတာဟာ ဆယ်နှစ်ဆယ်မိုးတောင် ရှိခဲ့ပြီပဲလေ။ သိပ်လှပြီး သိပ်ချစ်စရာကောင်းတဲ့ ဇနီးတစ်ယောက်ကို ပိုင်ဆိုင်ခဲ့တယ်ဆိုပါတော့။ ကျုပ်တို့ ယောကျ်ားသားတွေမှာ အားနည်းချက်တစ်ခုတော့ ရှိတတ်ကြစမြဲပဲဗျ။ ကိုယ့်မှာ သိပ်လှပြီး ချစ်စရာကောင်းတဲ့မယားကို ပိုင်ဆိုင်ခဲ့တာနဲ့အမျှကိုယ့်ဇနီးမယားအပေါ်မှာတစ်မျိုး၊ ကိုယ့်လို ပုရိသအနွယ်ဖွားယောကျ်ား

သားတွေ ဖောက်ပြားတတ်တာကတစ်ဖုံနဲ့၊ အရာရာကို သံသယကြည့်မှုတင်းတတ်တာကမျိုးလား။ ကျုပ်က စီးပွားရေးကို ကိုယ်တိုင်လုပ်မှ အားရတေနပ်တာ။ နယ်ထွက်သီးနှံတွေကို အကြိုပေးတန်ကပေး၊ အလုမ်းဝယ်သင့်တာကိုဝယ်၊ နယ်မြေတွေကို ဆင်းပြီး ငွေလက်ငင်းချေတန်ရင်ချေခဲ့ပြီး စီးပွားရေးကို ဂရုတစိုက်နဲ့ စူးစူးစိုက်စိုက်လုပ်ရင်း ကြီးပွားချမ်းသာအောင် လုပ်နိုင်ခဲ့ပါတယ်ဆိုပါတော့။

ဖြစ်ချင်တော့ တစ်နေ့မှာ ကျေးရွာတွေကို ကိုယ်တိုင်ဆင်းပြီး ဆိုင်ကယ်နဲ့အသွား၊ အိမ်ကျန်ရစ်တဲ့ ဇနီးမယားကိုလည်း ညအိပ်ခရီးထွက်မယ့်အကြောင်းပြော၊ မှာကြားခဲ့သေးတာ။ သွားတဲ့ရွာရောက်တော့ စီးပွားရေးလုပ်ငန်းအတွက် အဆင်ပြေချောမွေ့စွာ ပြီးဆုံးခဲ့တာကြောင့် အိမ်ကိုပြန်လာခဲ့တယ်။ အချိန်ကလည်း ရှိသေးတယ်လေဆိုပြီး ပြန်အလာမှာ လမ်းမှာ ဆိုင်ကယ်ဘီးပေါက်တော့တာပါပဲဗျာ။ အဆင်မပြေချင်တော့ ဆိုင်ကယ်ဖာတဲ့ဆိုင်ကို မတွေ့ခဲ့ဘူး။ ရွာတွေနဲ့ မနီးလေတော့ ဆိုင်ကယ်ကိုတွန်းရင်း အိမ်ကိုပြန်လာခဲ့ရတော့တာပါပဲလေ။ မြို့အဝင်ရောက်မှ စက်ဘီးပြင်တဲ့လမ်းဘေးဆိုင်တစ်ဆိုင်ကို တွေ့ရလို့ ဆိုင်ရှင် အိပ်ပျော်နေတာကိုနှိုးပြီး၊ တောင်းတောင်းပန်ပန်နဲ့ ဆိုင်ကယ်ဘီးကို ဖာထေးခိုင်းပြီး အိမ်ကို ပြန်လာခဲ့ရတော့တာပေါ့။ တောလမ်းမှာ ဆိုင်ကယ်ကို တွန်းပြန်လာရတာဆိုတော့ အချိန်က အတော်လေး ကုန်သွားတာကလား။ ဒါ့ကြောင့် အိမ်ကို ပြန်ရောက်တော့ သန်းခေါင်တောင် ရောက်လုပေါ့။

ဒီလိုနဲ့ ကျုပ်ရဲ့တိုက်ရှေ့ရောက်တော့ ဆိုင်ကယ်ဟွန်းတီးပြီး အိပ်ပျော်နေတဲ့သူတွေကို နှိုးလိုက်ရတယ်။ ခြံစောင့်ကလည်း ကျုပ် ညအိပ်သွားတယ်ဆိုပြီး တော်တော်နဲ့ ခြံဝိုင်းတံခါးကို လာဖွင့်မပေးဘူးလေ။ နောက်ဆုံး အိပ်မှုန်စုံမွှားမျက်လုံးတွေနဲ့ ကျုပ်ကိုမြင်လိုက်ရမှ ကိုဘမိုးက -

"အော် - ဆရာကိုကိုပါလား။ ကျွန်တော်က ဆရာ ညအိပ်သွားတာနဲ့လို့ ပြန်မလာဘူးလို့ထင်နေတာ" လို့ အံ့အားသင့် စိုးရိမ်တဲ့လေသံနဲ့ပြောရင်း ခြံတံခါးကို ဖွင့်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

"အေး - ဟုတ်တယ်၊ လုပ်နေကျ အဆင်ပြေပါတယ်ကွာ။ ဒါပေမဲ့ - တော လမ်းမှာ ဆိုင်ကယ်ဘီးပေါက်တော့ ဒုက္ခနည်းနည်းတော့ ရောက်ခဲ့တာပေါ့ ကွာ" လို့ပြောပြီး ဆိုင်ကယ်ကို တိုဘမိုးလက်ထဲကို ထိုးပေးပြီး ဂိုဒေါင်ထဲကို သိမ်းခိုင်းလိုက်တယ်လေ။

နောက်ပြီးမှ တိုက်ရှေ့ကဆို လတ်လတ်ကိုနှုတ်ဆက်ရင်မကြာခင်မှာစိုးလို့ နောက် ဖေးဘက်ပေါက်တီကိုဘက်ကိုပဲ လျှောက်လာခဲ့တော့တယ်။ စိတ်ထဲကလည်း လတ်လတ်တစ်ယောက်တော့ ကျုပ် ပြန်မလာတော့ဘူးဆိုပြီး အိပ်ပျော်နေ ရှာမှာဆိုတဲ့အတွေးနဲ့ နောက်ဖေးပေါက်ဆီကို လှည့်လာတာလည်းပါရဲ့။ နောက်ပြီး - နောက်ဖေးတံခါးသော့အပိုတစ်ချောင်း ကျုပ်ဆီမှာ ရှိနေတာ လည်း ပါရဲ့ပေါ့ဗျာ။ အဲဒါနဲ့ပဲ နောက်ဖေးပေါက်ဆီအရောက်မှာပဲ မထင်မှတ် ဘဲ လူတစ်ယောက်ရဲ့ အသွင်သဏ္ဌာန်အရိပ်တစ်ခုဟာ တိုက်ခန်းအတွင်း ခန်းထဲ ဖြတ်သွားတာကို မြင်လိုက်ရတယ်။ မရေမရာ မသေချာတာဆိုရင် တော့ကျက်တတ်တဲ့ ကျုပ်ဗီဇအတိုင်း အမြင်အာရုံကို ထင်ထင်ရှားရှား ဖြတ်သွား အောင်ဆိုပြီး စူးစူးစိုက်စိုက်နဲ့ ကြည့်နေလိုက်တယ်၊ တကယ့်ကိုပါပဲ - လူ တစ်ယောက်ရဲ့ လှုပ်ရှားမှုက ကျုပ်ရဲ့ မျက်စိမြင်ကွင်းထဲမှာ ပတ်ဝန်းကျင်မှာ မှောင်မည်းနေပေမယ့် ထင်ထင်ရှားရှားမြင်လိုက်ရပါတယ်ဗျာ၊ ကျုပ်စိတ် ထဲမှာ သံသယအတွေးတွေနဲ့ပေါ့၊ ပြေးထွက်သွားတဲ့ လူရိပ်နောက်ကို လိုက် သွားခဲ့ပေမဲ့ ဘယ်သူဘယ်ဝါဆိုတာ မဖမ်းမိလိုက်ရတော့ဘူးဆိုပါတော့ ဗျာ။

နောက်တော့ ကျုပ်ရဲ့စိတ်ထဲမှာ သံသယကနေ ဒေါသစိတ်တွေအဖြစ် ပြောင်းလဲသွားတော့တယ်။ သုတ်ခနဲ ပြန်လှည့်လာခဲ့ပြီးနောက်ဖေးတံခါး ပေါက်ကို ဆွဲဖွင့်မယ်လုပ်လိုက်စဉ်မှာပဲ ဘယ်လိုမှမမျှော်လင့်ဘဲ ကျုပ်ရဲ့ဇနီး ချောလေးလတ်လတ်ကို တွေ့လိုက်ရတော့တာပါပဲဗျာ၊ စောစောက ဖြတ် ပြေးသွားတဲ့ လူရိပ်သဏ္ဍာန်ဆီကို တံခါးဖွင့်ရင်း ငေးမောကြည့်နေလိုက်ပုံ များ၊ ကျုပ်အသည်းကြားကို အပ်ချွန်ချွန်နဲ့ ထိုးဆွနေသလို ခံစားလိုက်ရပုံ များ၊ တွေးလိုက်မိပါပြီ၊ စောစောက လူရိပ်က လတ်လတ်ဖွင့်ပေးလိုက်တဲ့

ဒေါသနဲ့ခံပြင်းမှုတွေကြောင့် တင်းကျပ်တဲ့ ကျုပ်လက်နှစ်ဖက် အတွင်းမှာ လတ်လတ်ဟာ ပျော့ခွေသွားရင်း သူ့ပါးစပ်ထဲက ဖျစ်ညှစ် လိုက်တဲ့အက်ကြောင့် သွေးတွေ စီးကျလာတာကို တွေ့လိုက်ရတယ်။ ကျုပ်ငုံ့ကြည့်လိုက်တော့ လတ်လတ်ဟာ အသက်မရှိတော့ဘူးလေ။ မှန်ဝါးဝါးမီးအလင်းရောင်က တစ်စစတစ်စ ပိုမိုနက်ရှိုင်းရင်း ပိန်းပိန်းပိတ် မည်းမှောင်ကြီးစိုးသွားတော့တာပါပဲဗျာ။



အဆောင်တော်တံခါးက ထွက်သွားခဲ့ပေတာပဲကိုးလို့ တိုက်ခန်းအတွင်းက မီးရောင်ဖျော့ဖျော့က လတ်လတ်ရဲ့ စိုးရိမ်ကြောင့်ကျမှုနဲ့ ကျေနပ်အားရ လိုက်မှုတို့ဟာ အထင်အရှားကို တွေ့မြင်လိုက်ရတာကလားဗျာ၊ ညဦး အဆောင်ကူးသမားအပေါ် တရုဏာတော်ထားရှိခဲ့တဲ့ ကျုပ်မိန်းမရဲ့ ရုပ်ပုံ လွှာက စိတ်ကို မထိန်းနိုင်လောက်အောင် အမျက်ဒေါသတွေ ပြာဝေသွား တော့တယ်လေ။ ဒါနဲ့ - ပွင့်ဟနေတဲ့တံခါးကို ဆွဲဖွင့်လိုက်ပြီး လတ်လတ်ရဲ့ လည်တိုင်ကျော့ကျော့ကို ကျုပ်ရဲ့ လက်ကြီးနှစ်ဖက်နဲ့ သိမ်းကြုံးဆုပ်ကိုင် လိုက်ပြီး အားရှိပါးရှိ ဖျစ်ညှစ်ပစ်လိုက်တော့တာပေါ့။

www.burmeseclassic.com

လင်ယောကျာ်းညအိပ်ခရီးထွက်သွားတယ်ဆိုတာနဲ့ အိမ်သူသက်ထား ဇနီးမယားကောင်းတစ်ယောက်လို့ ထင်မှတ်ထားတဲ့ လတ်လတ်ဟာ လော် လီဖောက်ပြားစိတ်ကစားလိုလှတာကြောင့် သဒ္ဓါစိုစိုအကြင်နာပိုပိုနဲ့ မငြိုမငြင်ချစ်ခန်းဝင်ခဲ့ကြတာကလားဗျာ။ ကျုပ်နေရာကို ဝင်ကြည့်ကြစမ်းပါ။ ကျုပ်နေရာကနေ စာနာကြည့်ကြစမ်းပါလားဗျာ။ ယောကျာ်းသားဆိုတာ ကိုယ်သာပွေချင်တတ်ကြပေမယ့် ကိုယ့်မိန်းမ ဖောက်ပြန်တယ်ဆိုရင်တော့ ဝန်တိုမှုစိတ်ရိုင်း၊ ဒေါသမုန်တိုင်းတွေက မထိန်းနိုင်မသိမ်းနိုင်နဲ့ ကျုပ်လက်တွေကို အင်အားတွေမွေးဖွားပေးခဲ့တာကလား၊ ပါးစပ်ကလည်း ပြောလိုက်မိသေးရဲ့၊

"မင်း - မိန်းမယုတ်၊ နင့်ကို လူ့ပြည်မှာ မထားဘူး - သိလား - နင်သေပေတော့"

ဒေါသနဲ့ ခံပြင်းမှုတွေကြောင့် တင်းကျပ်တဲ့ ကျုပ်လက်နှစ်ဖက် အတွင်းမှာ လတ်လတ်ဟာ ပျော့ခွေသွားရင်း သူ့ပါးစပ်ထဲက ဈစ်ညှစ်လိုက်တဲ့ဒဏ်ကြောင့် သွေးတွေ စီးကျလာတာကို တွေ့လိုက်ရတယ်၊ ကျုပ် ငုံ့ကြည့်လိုက်တော့ လတ်လတ်ဟာ အသက်မရှိတော့ဘူးလေ၊ မှုန်ဝါးဝါး မီးအလင်းရောင်က တစ်စတစ်စ ပိုမိုနက်ရှိုင်းရင်း ပိန်းပိန်းပိတ် မည်းမှောင်ကြီးစိုးသွားတော့တာပါပဲဗျာ၊ စဉ်းစားကြည့်လိုက်တော့ ကျုပ် ချစ်လှပါတယ်ဆိုတဲ့ ဇနီးမယားကို ကျုပ်ကိုယ်တိုင် သတ်ခဲ့မိပါပကောလား။ အမှန်အမှားမသိပြား ကျုပ်ရဲ့နှလုံးသားထဲမှာတော့ ဗလောင်ဆူ တုန်လှုပ်လိုက်သည့်ဖြစ်ခြင်း။

"ငါ - ငါမှားသွားပြီလား။ အို - ငါမမှားဘူး၊ သစ္စာမဲ့တဲ့ မိန်းမတစ်ယောက်ကို လူ့လောကထဲက နင်ထုတ်ပြစ်လိုက်တာဟာ ငါမမှားဘူး"

ကျုပ်ရဲ့ခြေရင်းမှာတော့ တစ်ချိန်က အလှအပတွေအားလုံးကို ပိုင်ဆိုင်ထားခဲ့တဲ့ လတ်လတ်ဟာ ခုတော့ သွေးစသွေးနတွေနဲ့ မြင်လို့တောင်မကောင်းတော့ပါလား။ စင်စစ်တော့ သစ္စာမဲ့ခြင်းဆိုတဲ့ မကောင်းမှုဒုစရိုက်ဟာ သေမင်းကို စိန်ခေါ်လိုက်သလိုပါပဲလေ၊ လူတွေက ပြောကြတယ်၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးဆိုပဲ၊ ခုကိစ္စမှာ အသိသက်သေ



မျက်မြင်ဆိုတာ ဘယ်သူမှ ရှိတာမှမဟုတ်တာ၊ တစ်ခုတော့ရှိတာပေါ့။ ဒီတိုက်ခန်းထဲမှာ ကျုပ်ဆက်နေလို့တော့ မဖြစ်ဘူးလေ၊ ကိုဘမိုးတို့ ရွာမှာ ပိုက်ဆံအိတ် မေ့ကျန်နေရစ်လို့ဆိုပြီး ဆိုင်ကယ်ထုတ်နိုင်းလိုက်မယ်လေ။ အိမ်မှာ နိုင်းတဲ့ကောင်မလေးတင်ပု မနက်အိပ်ရာနိုးမှ သိသွားမယ့်အချိန် ရောက်မှ တောကနေ ပြန်လာတာဆိုပြီး တိုက်ထဲကို ဝင်လိုက်မယ်၊ ဟုတ်ပြီ - ဒီအတိုင်းဆိုရင် ခုညဖြစ်ပျက်ခဲ့တာတွေကို ဘယ်သူမှရိပ်မိကြမှာ မဟုတ်ဘူး"

ကျုပ်လုပ်ခဲ့တဲ့အဖြစ်အပျက်ကို စိတ်ကူးနဲ့စီစဉ်ပြီးတာနဲ့ ထသွားမယ် လုပ်ပြီးမှ လတ်လတ်ရဲ့အလောင်းကို တစ်ချက်ငုံ့ပြီး ကြည့်လိုက်သေးတယ်၊ ခွေခွေလေးလဲကျနေတဲ့ လတ်လတ်ရဲ့အသွင်အပြင်ကို မြင်လိုက်ရတော့လည်း၊ ကျုပ် မနေနိုင်ပါဘူးဗျာ၊ လဲကျနေတဲ့ သူ့အနားကို ဒူးထောက်ထိုင်ချလိုက်ရင်း ရင်ထဲမှာ ခံစားနေရတဲ့ဝေဒနာကို အသံမထွက်တဲ့ ရှိုက်သံနဲ့အတူ မျက်ရည်စတွေ ထွက်အံကျလာရင်း -

"ကိုကိုမှားသွားတယ်ဆိုရင်လည်း ရောက်လေရာဘဝကနေ ကိုကို့ကို ခွင့်လွှတ်နိုင်ပါစေ - လတ်လတ်ရယ်"

ကျုပ်ရဲ့ရင်တွင်းစကားဆိုရပေမယ့် ဥပဒေစက်ကွင်းက လွတ်ကင်းအောင် ရှောင်တိမ်းနိုင်အောင် ကြိုးစားနိုင်သော်ငြားလည်း "လောကပါလ" တရားရဲ့စီရင်ချက်ကိုတော့ လောလောလတ်လတ် ဘဝမှာ ကျုပ် မလွှဲမသွေ ခံစားနေရပါပြီလေ၊ ဒါ့ကြောင့် - သူ့အမေရဲ့အဖြစ်ကို သားလေးသိအောင် ဖုန်းနဲ့ဆက် အကြောင်းကြားပြီးတာနဲ့တစ်ပြိုင်နက် ကျုပ်ရဲ့ ကျိန်စာသင့်နေတဲ့ဘဝကို အရက်နဲ့ မျှောပစ်လိုက်နေလိုက်တော့တယ်ဗျာ၊ နောက်ဆုံးတော့ တစ်နေ့ ကျုပ်သောက်တဲ့ ရွှေထူးစားသောက်ဆိုင်ကို သားလေး အဘဘမျိုးနိုင် ရောက်လာပြီး ကျုပ်ကို လာခေါ်တယ်လေ၊ သားက ဆိုင်ကယ်နဲ့ဆို စိတ်မချတာနဲ့ ဆိုင်ကယ်ကို ဆိုင်မှာအပ်ပြီး ကျုပ်တို့ချော့မော့ရင်း အိမ်ပြန်ခဲ့ဟာ တာကို ကျုပ်သတိရလျှတ်ပါပဲဗျာ၊ တိုက်ကို လာလမ်းတိုင်း သားအဖနှစ်ယောက်ထဲ သိုင်းကွက်နင်းလာခဲ့ရင်းက တိုက်နားလည်းရောက်ရော တိုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘက်ဆီက လတ်လတ်ရဲ့ မျက်ထောက်နီကြီးနဲ့ကြည့်ပြီး သူ့ကို သတ်ခဲ့မိတဲ့ ကျုပ်ကို မကျေမချမ်း ရန်ထောင်နေလိုက်၊ ငိုပြီး သူ့အပေါ်ကို ရက်ရက်စက်စက် လုပ်ရက်လေခြင်းဆိုပြီး ဝမ်းနည်းကြေကွဲတဲ့မျက်နှာထားနဲ့ တောင်းပန်နေတဲ့မျက်နှာကို အဝေးကနေ လှမ်းမြင်လိုက်ရတော့ ကျုပ် မှားသွားပြီဆိုတာကို သဘောပေါက် နားလည်လိုက်ခဲ့ပါတော့တယ်။

ဒါကြောင့်လည်း ပစ္စုပ္ပန်ကာလထဲကနေ ထွက်ပြေးလာခဲ့ရတော့တာပါပဲလေ၊ ဘယ်လောက်သော မနည်းမနောအချိန်ကာလတွေကို ကျော်လွန်လာခဲ့ရပြီလဲဆိုတာ ကျုပ်မှာ ရလာခဲ့ရတဲ့ နှလုံးသားဘဝဒဏ်ရာကြောင့် ရောဂါဝေဒနာခံစားလာခဲ့ရတာလည်း နှစ်တွေ မနည်းမနောကြာခဲ့ပြီပေါ့ဗျာ။ ရှုပ်ထွေးမွှေလီလှတဲ့ လူ့ဘဝထဲက ရုန်းထွက်လာခဲ့ရင်းက လေဒဏ်၊ မိုးဒဏ်တို့ရဲ့ ခံစားမှုက ကျုပ်ကို ပိုင်းအုံ့ဖိဆီးပြီး ကျုပ်ဘဝကို ဆွဲထုတ်ကြတော့မယ်လေ။ ထာဝရလွန်ဆိုတဲ့ အနာဂတ်ဘဝထဲမှာ ကိုကိုရဲ့ နှလုံးသားထဲမှာ အမုန်းမွှားဆဲ ကြိုလင့်နေပါ့မယ် လတ်လတ်ရယ်လို့နော်။

ကျုပ်ကိုယ်ကျုပ် နောက်ဆုံးအသိဝင်လာတဲ့အချိန်ဟာ နှလုံးသားရဲ့ စည်းချက်တွေဖောက်လို့ တစ်စတစ်စနဲ့ အမြင်အာရုံတွေ ပျောက်ကွယ်သွားပါပကောလား – လတ်လတ်ရယ်။

ကျွန်မက ဦးကိုကိုနဲ့ မမလတ်လတ်တို့ အိမ်ဖော် မတင်ပုပါ။ မမလတ်တို့အိမ်မှာ အလုပ်လုပ်လာခဲ့တာ ကြာပါပကောလား။ သည်အိမ်မှာ ဘယ်သူတွေက ဘယ်လိုရှိတယ်ဆိုတာ ကျွန်မက အသိဆုံးဆိုရင် လွန်တယ်ထင်မလားမသိဘူးနော်။ ဘာလို့လည်းဆို – ကျွန်မသည် တိုက်မတည်ခင်ကတည်းက သူတို့မိသားစုနဲ့ ရင်းနှီးလာခဲ့ရတာကလားရှင်၊ အဲ – ဘယ်လိုပြောရမလဲမသိဘူး၊ သည်မိသားစုနဲ့အတူနေထိုင်နေရာက မမျှော်လင့်ဘဲ တစ်သက်တာမှာ မဖြစ်သင့်တဲ့အဖြစ်မျိုးနဲ့ တွေ့ကြုံခဲ့ရတာလေးကို ပြောပြချင်လိုက်တာ။ ကျွန်မဘဝမှာ ဆုတ်လည်းစူး၊ စားလည်းရှူးဆိုသလိုမျိုး အခက်တွေ့ကြုံကြိုက်နေရာက ငါ ဘာလုပ်ရရင် ကောင်းမလဲဆိုတဲ့ အတွေးသံသရာနဲ့ ဆုံတွေ့ခဲ့ရတယ်လို့ ဆိုရမလိုပါပဲလေ။ အချိန်အတိုင်းအတာနဲ့ မပြောနိုင်ရင်တောင် မမလတ် သေဆုံးသွားခဲ့ပြီး သူ့ယောကျ်ား ဦးကိုကိုသည် မြို့ကနေ လုံးဝပျောက်ဆုံးသွားတဲ့အချိန်အတွင်းမှာ ကျွန်မမှာ သားသမီးနှစ်ယောက်တောင် ရရှိနေခဲ့ပြီပဲဟာ။ တွက်ကြည့်ပါတော့ရှင်။

တိတိပပပြောရရင် – မမလတ် သေဆုံးသွားတဲ့ လပြည့်ညရဲ့အဖြစ်ဟာ ကျွန်မတစ်သက်မှာ မေ့မရတဲ့အဖြစ်တွေလို့ ပြောရရင်တောင် ရမယ်ထင်ပါရဲ့ရှင်။ မရှက်တမ်းပြောပါဆိုရင် အဲဒီအချိန်မှာ ကျွန်မဟာ လွတ်လပ်တဲ့အမျိုးသမီးတစ်ဦးလေ၊ အသက်အရွယ်အားဖြင့်လည်း ဆယ်ကျော်သက်မို့ ချစ်သူရည်းစားထားတတ်တဲ့အရွယ်ပဲလေ။ ကျွန်မမှာ ချစ်သူရှိပါတယ်၊ သူ့နာမည်က ကိုဝင်းလို့ ခေါ်ပါတယ်။ ကိုဝင်းက သူနဲ့ကျွန်မ နှစ်ကိုယ်တူ တွေ့ချင်လှချည့်ရဲ့ဆိုပြီး အခွင့်အရေးတွေကို ငြင်းပယ်ခဲ့တဲ့ အကြိမ်တွေကလည်း မနည်းမနောရှိခဲ့ဘူးပါရဲ့ရှင်၊ သည်တစ်ညတော့ ဆရာဦးကိုကို ညအိပ်ခရီး ထွက်မယ်ဆိုတာ သူကလည်း သိထားတာမို့ ကျွန်မနဲ့တွေ့ဖို့ ခွင့်တောင်းလာတာကတစ်ကြောင်း၊ နောက်တစ်ခုက မမလတ်ကိုယ်တိုင် သူနဲ့ကျွန်မ ညအတူအိပ်ဖို့ မလိုဘူးလို့ပြောထားတာကတစ်ကြောင်းကြောင့် ကိုဝင်းရဲ့တောင်းဆိုချက်ကို ကျွန်မ လိုက်လျောမိခဲ့တယ်ဆိုပါတော့နော်။

အဲဒီညမှာ ကိုဝင်းနဲ့ ကျွန်မတို့နှစ်ယောက် ချိန်းတွေ့ဆုံခဲ့ကြပါတယ်။ ချစ်သူနှစ်ဦးတို့ တွေ့ဆုံဖို့ဆိုရင် လူသူမသိအောင် အချိန်းအချက် လုပ်ရတာမျိုး မဟုတ်လား။ ဒါ့ကြောင့် လွတ်လပ်တဲ့ အဲဒီညမှာပဲ ကိုဝင်းကို ကျွန်မနဲ့ လာတွေ့ဖို့ ချိန်းထားလိုက်မိတယ်ဆိုပါတော့နော့။ ကျွန်မ မျှော်မှန်းတဲ့အတိုင်း မမလတ်ကလည်း သူ့ယောကျ်ားမရှိလို့ စောစောအိပ်ရာဝင်သွားခဲ့တာပေါ့လေ။ အဲဒီညမှာပဲ ကိုဝင်းနဲ့ကျွန်မ တွေ့ဆုံဖို့ ချိန်းထားခဲ့တာမဟုတ်လား၊ လူသူကင်းမဲ့တဲ့ ချိန်းတွေ့ခဲ့တဲ့အချိန်ဆိုတော့ တိတ်ဆိတ်ငြိမ်သက်မှုတာ မကောင်းတဲ့ကိစ္စကို အထောက်အကူပြုခဲ့တာကလားရှင်၊ ကျွန်မတို့ ချစ်သူနှစ်ဦး အချစ်ပလူးနေတဲ့အချိန်လေး မှာပဲ တိုက်ရှေ့ခြံဝိုင်းမှာ ဆိုင်ကယ်

www.burmeseclassic.com

အသံနဲ့အတူ ဦးလေးမိုးနဲ့ ဦးကိုကိုတို့ စကားပြောသံတွေကို ကြားလိုက်ရတော့ နှစ်ယောက်သား လန့်ဖျန့်သွားရာက -

"ဟော - ဦးကိုကို - တောကို ညအိပ်ခရီး သွားမယ်ဆိုပြီးမှ ပြန်လာပါရောလား" ဆိုတဲ့အသံကြောင့် မဟုတ်တာလုပ်မိခဲ့တဲ့ ကျွန်မတို့နှစ်ယောက်ဟာ မထိန်းနိုင်မသိမ်းနိုင် စိုးရိမ်ကြောက်လန့်သွားခဲ့ရတာများ မပြောပါနဲ့တော့ရှင်၊ ကိုဝင်းက ကျွန်မကို ပွေ့ဖက်ထားရာက စိုးရိမ်စိတ်ကြောင့် သူ့လက်တွေကို ဖျတ်ခနဲ ရုပ်သိမ်းလိုက်ပြီး -

"တို့ - ဘယ်လိုလုပ်ကြမလဲဟင်၊ ဒီလိုအခြေအနေမျိုးမှာ တွေ့သွားရင်တော့ ဒုက္ခပါပဲကွာ" ဆိုပြီး ကြောက်လန့်နေခဲ့ပုံများ နုထိ ကျွန်မမျက်လုံးထဲက မထွက်တော့ပါဘူးလေ၊ သည်မှာတင် ကျွန်မက အိပ်ရှင်ဖြစ်နေလေတော့ ရှုတ်ခနဲ ထဲဆစ်အပေါ် လက်ညှိုးလေးကာရင်း အသာနေဖို့ တားထားလိုက်ရတယ်ဆိုပါတော့နော်၊ ကျွန်မအထင်က ဦးကိုကိုဟာ တိုက်ခန်းရှေ့ပေါက်ကနေ သူ့ပိန်းမကို ခေါ်နှိုးလိမ့်မယ်လို့ ထင်ထားခဲ့တာကိုး၊ သို့သော်လည်း ကျွန်မထင်တဲ့အတိုင်း ဖြစ်မလာပါဘူးနော်၊ ဦးကိုကိုက ဆိုင်ကယ်ကို ဦးလေးမိုးဆီမှာ လွှဲအပ်ခဲ့ပြီး မထင်မှတ်ဘဲ ကျွန်မတို့ရှိရာ တိုက်နောက်ဖေးဘက်ကို လာခဲ့တော့ ကျွန်မမှာ မျက်ကလူးဆန်ပျာ ဖြစ်ခဲ့ရတော့တာကများ မပြောပါနဲ့တော့ရှင်၊ နောက်ဆုံး ကြံရာမရတော့ ကိုဝင်းကို အနားကပ်ပြီး -

"ကဲ - ကိုဝင်း - အခြေအနေက မကောင်းတော့ဘူး၊ ရှင် - ပြေးသာပြေးတော့၊ ဟိုသရက်ပင်တွေဘက်ကို အမြန်ဆုံးသာ ပြေးသွားပေတော့၊ တွေ့လာမယ့်ပြဿနာကို ကျွန်မဘာသာ ကြည့်ရှင်းလိုက်တော့မယ်" လို့ ပြောရင်း သူ့ကို ခြံနောက်ပိုင်းသရက်ပင်တွေဆီကို အပြေးခိုင်းလိုက်ရတော့တာပေါ့၊ ကျွန်မနဲ့တွေ့ချင်လို့သာ လာခဲ့ပေမယ့် အစက်အခဲနဲ့ ကြုံတွေ့တဲ့အခါဆို ယောကျ်ားသားများဟာ အတော်ကို သတ္တိနည်းတက်ကြတာ၊ ကိုယ်တွေ့ကြုံလိုက်ရတာပဲပေါ့လေ၊ ကြည့်လေ - တိုက်ပိုင်ရှင်နဲ့တွေ့ပြီး ပြဿနာပေါ်မှာကို အကြောက်ကြီးကြောက်ခဲ့တဲ့ ကိုဝင်းဟာ ကျွန်မစကားဆုံးတာနဲ့တစ်ပြိုင်နက် သုတ်ခနဲဆို ကျွန်မရှေ့က ထွက်ပြေးလိုက်တာများ ငိုအားထက် ရယ်

အား သန်ခဲ့ရပုံများ မပြောပါနဲ့တော့၊ ကိုဝင်း ဖျတ်ခနဲ ပြေးထွက်သွားတာကို ဦးကိုကိုက တွေ့မြင်လိုက်ပုံရပါတယ်၊ ဦးကိုကိုဟာ ကိုဝင်းပြေးသွားရာဆီကို လှမ်းကြည့်နေရာက တိုဝင်းနောက်ကို ပြေးလိုက်သွားခဲ့သေးတာကလား၊ ကျွန်မမှာတော့ စိုးရိမ်စိတ်တွေ ထိပ်တက်သွားရတော့တာပေါ့ရှင်၊ ရင်ထဲမှာလည်း ငါတို့ရဲ့အကြောင်းတွေ သိသွားရင်တော့ ဒီတိုက်ကနေ ဖနောင့်နဲ့တင်ပါး တစ်သားထဲကျအောင် ပြေးထွက်သွားရမှာကတော့ အသေချာပဲမဟုတ်လား၊

မကြာပါဘူး - ကိုဝင်းနောက်လိုက်သွားတဲ့ ဦးကိုကိုပြန်ရောက်လာတော့မှ ကျွန်မရင်ထဲက စိုးရိမ်စိတ်တွေ ပြေလျော့သွားရပါတော့တယ်ရှင်၊ ဒီမှာတင် မမလတ်လည်း အိပ်ရာက လန့်နိုးလာတယ်ထင်ပါရဲ့၊ အိပ်ခန်းထဲကနေ အသံတွေကြားနေရတဲ့ နောက်ဖေးတံခါးကို ပြဲဖြည်းဖြည်းဖွင့်လိုက်တဲ့အသံကြားလိုက်ရတယ်၊ ကျွန်မကတော့ နောက်ဖေးတံခါးရဲ့နောက်နားမှာ မလှုပ်မယှက်နဲ့ မှောင်ရိပ်ခိုပြီး နေလိုက်ရတယ်၊ ဦးကိုကိုကလည်း အိမ်ထဲက အသံကြားလိုက်တာနဲ့ မမလတ်အခန်းဆီကို အသာတိုးကပ်သွားရာက -

"မင်း - မင်းဟာ မိန်းမယုတ်၊ နင့်ကို လူပြည်မှာ မထားဘူး - သိလား" ဆိုတဲ့ အသံကို ကြားလိုက်ရပြီး ရုန်းရင်းဆန်ခတ်ဖြစ်နေတဲ့အသံကို ကြားလိုက်ရပါတော့တယ်၊ ကျွန်မနဲ့ သူတို့ ကွာလှမှ လေးငါးကိုက်ပေါ့၊ ကျွန်မလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင်ကို ဖြစ်သွားခဲ့ရတာလားလေ၊ အော်ဟစ်လိုက်ပြန်ရင်လည်း ကျွန်မတို့အဖြစ်ကို ထုတ်ဖော်ပြသလို ဖြစ်သွားမှာစိုးရသေးတယ်ပေါ့နော်၊ နောက်တော့ - တိုက်ခန်းထဲ ဘယ်လိုတွေဖြစ်ကုန်သလဲဆိုတာ သိချင်စိတ်တွေ အရမ်းဖြစ်လာတော့ အတွင်းဘက်ကို အသာခြေဖျားလေးထောက် ဝင်ကြည့်လိုက်တော့ လား - လား - ဦးကိုကိုက မမလတ်ရဲ့လည်ပင်းကို သူ့လက်နှစ်ဖက်ကြီးနဲ့ တအားကုန်ဖျစ်ညှစ်ပစ်နေလိုက်ပုံများ အသည်းယားစရာကြီးပါနော်၊ နောက်တော့ - မမလတ်ရဲ့ပါးစပ်ထဲက သွေးတွေ စီးကျလာပြီး သူ့ခန္ဓာကိုယ်ဟာလည်း ကြမ်းပြင်ပေါ်မှာ ခွေလဲကျသွားတာကို မြင်လိုက်ရတယ်၊ ကျွန်မလည်း ဆက်မကြည့်ရဲတော့တာနဲ့

www.burmeseclassic.com

ကိုယ့်မျက်နှာကို လက်နှစ်ဖက်နဲ့ ပိတ်ထားပြီး အသာငြိမ်နေလိုက်ရတာပေါ့ ရှင်။ ကြာကြာလည်း မကြည့်ဘဲ မနေနိုင်တော့ လက်ကို ပြန်ဖွင့်ကြည့်လိုက်ပါရော။

"ကိုကိုမှားသွားတယ်ဆိုရင်လည်း ရောက်ရာဘဝက ကိုကို့ကို ခွင့်လွှတ်နိုင်ပါစေ - လတ်လတ်ရယ်" လို့ ငိုသံပါကြီးနဲ့ ပြောလိုက်တဲ့အသံကို ကြားလိုက်ရတယ်။ နောက်ဆုံးတော့ ကျွန်မရင်ထဲမှာ မရှိမဆန့် ခံစားရလေတော့ ငိုရှိုက်သံ ထွက်မလာအောင်ပါးစပ်ကိုပိတ်ပြီး ပြေးထွက်လာခဲ့ရတော့တာပါပဲရှင်"

ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့လေ ...

ခုတော့ - ဒါတွေအားလုံး အချိန်ဆိုတာက ကုစားပြောင်းလဲသွားရင်း ဆုံးခန်းတိုင်ခဲ့ပါပြီ။ မလတ်ဆုံးသွားပြီလို့ မကြာခင်မှာပဲ ဦးကိုကိုတစ်ယောက်လည်း သူ့သား အတာမျိုးနိုင်က အရက်ဆိုင်က ပြန်ခေါ်အလာမှာ စိတ်ဖောက်ပြီး ထွက်ပြေးသွားလိုက်တာ၊ ခုထိ ဘယ်ဆီကို ရောက်သွားတယ် မပြောတတ်ပါဘူးရှင်၊ စဉ်းစားကြည့်လေ၊ ကျွန်မတောင် ကိုဝင်းနဲ့ အိမ်ထောင်ကျလို့ ကလေးနှစ်ယောက်တောင် ရခဲ့ပါပကောလား။ ဒီအကြောင်းနဲ့ ပတ်သက်လို့ ခုထိ ကျွန်မ ဘယ်သူ့ကိုမှ ပြန်ပြောမပြခဲ့ရိုးအမှန်ပါ။ ကိုဝင်းတောင် ဘာမှမသိခဲ့ဘူးဆိုပါတော့နော်။ မလတ်နဲ့ ဦးကိုကိုတို့အဖြစ်ကို ကြည့်ပြီး ကျွန်မမှာ တရားမနာယူရဘဲ လူ့ဘဝရဲ့ဖြစ်ပျက်သဘော သစ္စာတရားကို ရခဲ့တယ်လို့ ပြောရမလိုပါပဲရှင်၊ လောကမှာ ဘယ်အရာမှ တည်မြဲခြင်းမရှိသလို အရာရာမှာ ပြီးပြည့်စုံတယ်လို့ မရှိကြဘူးဆိုတာနဲ့ ဖြစ်ချင်ရာ မဖြစ်ကြသလို မဖြစ်ချင်သော်လည်းပဲ ကံ၊ ကံရဲ့အကျိုးဆက်အရ ဖြစ်ခဲ့ကြရသည်ချည့်၊ တစ်ခုတော့ ရှိတာပေါ့နော့။ ဝဋ်မှာအမြဲ၊ ငရဲမှာအပလို့ ဆိုရိုးရှိခဲ့တယ်မဟုတ်လား။ အလွန်မတန်မှ အလုကြွယ်ပြီး ဂုဏ်ခြပ်ထည်ထည်ဝါဝါနဲ့နေခဲ့ရတဲ့ မလတ်ဟာ ဘိုဘဝရေစက်ရဲ့တံကြမ္မာအပြီးကြောင့်ပဲထင့်၊ လူ့ဖလာကထဲက စောစီးစွာ ကြွေလွင့်သွားရှာခဲ့ရတာကလား။

သူ့ရဲ့ခင်ပွန်း ဦးကိုကိုဆိုရင်လည်း ရာဇဝတ်ဘေးကို မခံရပေမဲ့ ရေးရေစက် မကောင်းခဲ့တာမို့ ပြီးပြည့်စုံနေတဲ့ လူချမ်းသာဘဝကနေ ဘယ်**အကောင်းဆုံး** ဘယ်ရောက်မှန်းတောင် မသိရတော့ပါလား။ သူ ရှာဖွေခဲ့တဲ့ **စီးပွားဥစ္စာ**တွေကို စွန့်ခွာပြေးထွက်သွားရရုံမက ဇနီးနဲ့ သေကွဲ ကွဲ၊ သားလေးနဲ့လည်း ရှင်ကွဲ ကွဲရတဲ့အဖြစ်မျိုးရဲ့ကံကြမ္မာ ဘယ်လောက်ဆိုးဝါးသလဲဆိုတာ တွက်ဆလို့သာ ကြည့်ကြပါတော့ရှင်။ ကျွန်မတော့ သူတို့တစ်တွေရဲ့အဖြစ်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရတာကြောင့် လောကကြီးကို အကျည်းတန် အရုပ်ဆိုးစေတဲ့ ဘယ်မကောင်းမှုကိုမဆို မပြုလုပ်တော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချခဲ့မိတာတော့ အမှန်ပင်။ ကိုဝင်းနဲ့အတူ ဒီလင်ဒီမယား ဒီသားသမီးတွေနဲ့ ရိုးသားစွာဘဝကို ထူထောင်ဖို့ သန္နိဋ္ဌာန်ချထားခဲ့မိပါတယ်။

ဟော - ပြောရင်းဆိုရင်း ဦးဇင်းအာစာရတောင် ဆွမ်းခံကြွလာပါပေါ့လား။ ခါတိုင်းလိုပဲ အိမ်ကို ဦးဇင်းအာစာရကြွလာခဲ့တာ တစ်နှစ်နီးပါးတောင် ရှိနေပြီပဲလေ။ ဦးဇင်းလေးကို ဆွမ်းနဲ့ ဆွမ်းဟင်း နေ့စဉ် လောင်းလှူဖို့ တာဝန်ယူထားတာမို့ ထပြီး ဆွမ်းနဲ့ ဆွမ်းဟင်းကို လောင်းလှူပြီးတာနဲ့ ဦးဇင်းအာစာရဟာ သိက္ခာတော်ရှိစွာနဲ့ပဲ ပြန်ကြွသွားတယ်လေ။

အော် - ဒါနဲ့ ပြောတောင်မပြရသေးဘူးလေ။ အဲဒီဦးဇင်းလေး ဦးအာစာရဆိုတာ တခြားဟုတ်ရိုးလား။ ကျွန်မပြောပြခဲ့တဲ့ အဖြစ်အပျက်တွေရဲ့ဇာတ်ကောင် ဦးကိုကိုနဲ့ မမလတ်တို့ရဲ့သားလေး အတာမျိုးနိုင်ဆိုတာပဲပေါ့ရှင်၊ အတာမျိုးနိုင်ပဲပေါ့။

**သိက်ာသန်းအောင် (မြင်းခြံ)**

www.burmeseclassic.com

www.burmeseclassic.com



# မြေမကူး

စည်နိုင်နှစ်သယ်ဝေယာဥ်

လေတပ်သားလေထီးခုန်ဘဝ
အသက်နှင့်ရင်းရတဲ့ယှဉ်ပြိုင်ဆင်နွှဲမှု
ရေးမြစ်ဟောင်းအောက်မေ့ဖွယ်
ပြောပြချင်း...

**အငြိမ်းစား** ညွန်ကြားရေးမှူးဦးမြင့်ဖင်သည်ရုပ်မြင်သံကြား အစီအစဉ်ကိုကြည့်ပြီး စိတ်ဝင်စားနေသည်။ အားကစားပြိုင်ပွဲ ဖွင့်ပွဲအတွက် လေ့ကျင့်နေသော အစီအစဉ်ဖြစ်သည်။ တွေ့ရ မေးမြန်းခန်းတစ်ခုတွင် လေထီးအလွတ်ခုန်သမားများ၏ လေ့ ကျင့်မှုများ ဖြစ်သည်။ အလွတ်ခုန်လေထီးများဖြင့် တွဲဖက်၍ တီ–၁၀ လေထီးများကိုလည်းပြသသွားသည်။

"သူငယ်ချင်း ကိုမြဖင် – ချလေ – ဘာတွေသဘောကျနေ တာလဲ"

အနီးရှိမိတ်ဆွေကြီး ဦးမြင့်ဦးက ဆိုသည်။ လုပ်ငန်းရှင်သုံး ဦးကမူ စကားတပြောပြောနှင့်နေသည်။ သူတို့နှစ်ဦးကို စိတ်ဝင် စားခြင်းမရှိချေ။

"ယခု လူငယ်တွေ လေ့ကျင့်တာကို သဘောကျတာပါ

www.burmeseclassic.com

အကြိမ်နှစ်ရာ၊ သုံးရာခုန်ပြီးတဲ့လူတွေရှည်းပဲ၊ လေထီးတွေတလည်းခေတ်ပေါ်လေထီးတွေဆိုတော့ ကောင်းလိုက်တာဗျာ"

"ကိုမြဖင်တို့ ခုန်တုန်းက ဒီလိုပဲလား"

"နီးပဲ - ခုနကပြတဲ့ စစ်သုံး တီ - ၁၀ နဲ့ ဒုတိယကမ္ဘာစစ်လက်ကျန်ဒါကိုတာ လေယာဉ်နဲ့ဟာ"

ဦးမြင့်ဖင်၏စကားကြောင့် ကျန်လူများက စိတ်ပါဝင်စားသွားသည်၊ သူတို့ဘက်သို့ လှည့်လာသဖြင့် ဦးမြင့်ဦးက ရှုန်ပေးလိုက်သည်၊

"လုပ်စမ်းပါဦး - အတွေ့အကြုံလေး မျှဝေပါဦး"

ဦးမြင့်ဖင်က ကျန်လူများကိုတစ်ချက်ငဲ့ကြည့်သည်၊ စိတ်ဝင်စားဟန်ဖြင့်နားထောင်နေသောကြောင့် ဆက်ပြောသည်၊

"တိုယ်တာ ဝန်ကြီး ဦးစောစံဖိုးသင်ရဲ့ ဂါထာအတိုင်း ကျင့်သုံးတယ်၊ ဦး - မြစ်ရှင်ရာမြစ်ဆိုပြီး ခုန်ချလိုက်တာပဲ"

အားလုံးက ပွဲကျသွားပြီး ရယ်ကြသည်၊ ဦးမြင့်ဖင်က ပရိသတ်၏တောင်းဆိုမှုနှင့် စိတ်ဝင်စားမှုကို ဖြည့်ဆည်းသည့်အနေဖြင့် ဆက်ပြောပြန်သည်၊

"ကိုယ်က လေထီးကိုစထုတ်ကတည်းက ကြောက်တယ်၊ သက်စောင့်ဌာနခေါ်တဲ့ လေထီးထုပ်ပိုးထိန်းသိမ်းရေးဌာနမှာ လေထီးထုတ်ရတယ်၊ အဲဒီအဆောက်အအုံထဲ ဝင်ခါနီးမှာ ကာတွန်းတစ်ခု ဆွဲထားတယ်ဗျာ၊ အဲဒါက လေထီးမပွင့်ရင်ပြန်လာလဲနော်တဲ့၊ ပုံက လေယာဉ်ပေါ်က လေထီးနဲ့ ခုန်ချတဲ့လူတစ်ယောက် လေထီးမပွင့်ဘဲ မြေပြင်ကို ကျဆင်းနေတဲ့ပုံလေ၊ လေထီးမပွင့်မှတော့ ဘယ်လိုလုပ်ပြီးလေထီးကို လာလဲလို့ရမှာလဲ၊ အဘား အဘားနဲ့ ဘုရားခေါ်သွားမှာပေါ့ဗျာ၊ ဒီပုံကိုကြည့်ပြီး ဒါ့လေထီး မပွင့်ရင်တော့လို့တွေးပြီး လန့်တာပေါ့ဗျာ"

အားလုံးက ရယ်ကြ၏၊ ကိုယ့်ခွက်လေးတွေ ကိုယ်စီမော့ပြီး ပိုမိုစိတ်ပါဝင်စားလာကြသည်၊ ဦးမြင့်ဖင်က ဆက်ပြောသည်၊

လေယာဉ်ကွင်းရောက်တော့ လေကြောင်းမှူးက လေထီးဝတ်ကာအထပ်ထပ်စစ်တယ်၊ မှာစရာရှိတာတွေ မှာတယ်၊ လေထဲမှာ နေရတဲ့ စက္ကန့်နှစ်ဆယ်လောက်ဟာ တကယ့်ဇီလင်ပဲ၊ တကယ်တော့ - လေယာဉ်က ခုန်ထွက်ပြီး လေထီးမပွင့်မီ လေးငါးစက္ကန့်က အဓိကပေါ့၊ လေထီးမှမှန်မပွင့်ရင်အရန်လေထီးဖွင့်မယ်၊ အရန်လေထီးပွင့်ရင် လေထဲလိုက်နာဖွယ်ကိစ္စတွေဆက်လုပ်ပေါ့ဗျာ၊ အရန်လေထီးမှမှန်မပွင့်ရင်တော့ ဘုရားတပေါ့၊ လေထီးကပုံမှန်ပွင့်နေရင်လည်း ဖရိုးမရိုက်နဲ့ သင်ထားတဲ့အတိုင်းလုပ်သင့်တာလုပ်၊ နို့မို့ - အရသာဆိုးသွားမယ် စသည်ဖြင့် ပြောတာပဲ၊ ကိုယ်တို့လည်း လူသားပီပီ ကြောက်တဲ့အတွက် ကယောင်ပေးတာပဲ၊ လေထီးခုန်ကွင်းမှာ ရေးထားတဲ့အတိုင်း "ကြောက်စိတ်ကိုထိန်း၍ ခွန့်စားဝံ့သူများအတွက်" ဆိုတဲ့စကားနဲ့အညီ ကြောက်စိတ်ကိုထိန်းပြီး "စက္ကန့်နှစ်ဆယ် ဝေဟင်ဝယ်" အတွေ့အကြုံလေး ခံစားရအောင် လေယာဉ်ပေါ်တက်လိုက်တာပဲ၊

ပြီးတော့လည်း ပြီးတာပဲမဟုတ်လား၊

ဦးမြင့်ဦးက အရွှန်းဖောက်သည်၊ ဦးမြင့်ဖင်က ထောက်ခံဆွေးနွေးခြင်းမပြုချေ၊ လက်တွင်းမှ ယမကာခွက်ကိုတစ်ကျိုက်ထဲ သောက်ချလိုက်သည်၊ သူ၏မျက်လုံးကို လှည့်ပတ်ကြည့်ပြီး ဆက်ပြောသည်၊

"ကိုယ့်ရဲ့ပထမဆုံးအတွေ့အကြုံကို မှတ်မိသလောက် ပြောပြမယ်"

ဦးမြင့်ဖင်က ယမကာတစ်ကျိုက် ထပ်ချလိုက်သည်၊ သူ၏မျက်လုံးများသည် ယမကာရှိန်ကြောင့်လား၊ အတိတ်ကိုသတိရ၍လားမသိချေ၊ ရီဝေစွာဖြင့် အဝေးသို့ မျှော်ကြည့်လျက် ရှိလေသည်၊

"ပထမတွဲ အသင့်ဖြင် - ပထမတွဲထံ"


လေကြောင်းမှူး(၁)၏ အမိန့်သံအဆုံးတွင် ပထမတွဲ(၈)ယောက်သည် လေယာဉ်ကြမ်းခင်းကို ဖိနပ်ဖြင့်ဆောင့်ပြီး ထရပ်လိုက်သည်၊ လှုပ်ရှားမှုဖြင့် အသင့်ဖြစ်ချိန်တွင် ဒုတိယအမိန့်သံက ဆက်လာသည်၊

"ပစ္စည်းစစ် - သတင်းပို့"

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအဆောက်အအုံထဲဝင်ခါနီးမှာ ကာတွန်းတစ်ခု ဆွဲထားတယ်ဗျာ။ အဲဒါက လေထီးမပွင့်ရင် ပြန်လာလဲနော်တဲ့။ ပုံက လေယာဉ်ပေါ်က လေထီးနဲ့ ခုန်ချတဲ့လူတစ်ယောက် လေထီးမပွင့်ဘဲ မြေပြင်ကို ကျဆင်းနေတဲ့ပုံလေ။ လေထီးမပွင့်မှတော့ ဘယ်လိုလုပ်ပြီး လေထီးကို လာလဲလို့ရမှာလဲ။ အဘား အဘားနဲ့ ဘုရားခေါ်သွားမှာပေါ့ဗျာ။



ရှေ့လူကို နောက်လူက စစ်၊ တစ်ဖန်တစ်ပတ် ပြန်လှည့်ပြီး နောက်လူကို ရှေ့လူက စစ်ဖြင့် ပစ္စည်းကိရိယာများကို စနစ်တကျစစ်ကြသည်။ အားလုံး ရှေ့သို့ ပြန်လှည့်ပြီးချိန်တွင် နောက်ဆုံးလူက သတင်းပို့သည်။ (၈)ယောက် တစ်တွဲဖြစ်၍ နံပါတ်(၈)က စတင်သတင်းပို့ခြင်းဖြစ်သည်။

"နံပါတ်(၈) ကောင်းတယ်"

"(၇) ကောင်းတယ်"

"(၆) ကောင်းတယ်"

ဤသို့ဖြင့် "နံပါတ်(၁) ကောင်းတယ်" ဟု နံပါတ်(၁) သတင်းပို့ပြီးသော အခါ လေယာဉ်တံခါးဝနားသို့ တိုးသွားကြသည်။ ဒါကိုတာ လေယာဉ်သည် ပေ(၁၂၀၀)အမြင့်မှ ပျံသန်းလျက် ရှိသည်။ အိမ်၊ မော်တော်ကားလမ်း၊ သစ်ပင်၊ ရေအိုင်၊ ချောင်း၊ မြောင်း၊ လယ်ကွက်တို့ကို လေယာဉ်တံခါးဝမှ တွေ့နေရသည်။ ထိုအခိုက် လေယာဉ်တံခါးဝတွင် တပ်ဆင်ထားသော မီးနီလေး လင်းလာသည်။

"တံခါးဝရပ်"

နံပါတ်(၁)က လေယာဉ်တံခါးဝတွင် နေရာယူသည်။ ပထမတွဲမှာ လေကြောင်းမှူး၏ ကွပ်ကဲမှုဖြင့် လေယာဉ်တံခါးဝသို့ ချဉ်းကပ်ကြသည်။ နောက်လူများက တစ်ဦးနှင့်တစ်ဦး ကပ်ထားကြသည်။ နှစ်စက္ကန့်တစ်ယောက်နှုန်းဖြင့် လေထဲသို့ ခုန်ချရမည်ဖြစ်သည်။ ကျန်သုံးတွဲရှိ လူ(၂၄)ယောက်က လေယာဉ်အတွင်း လိုက်ကြည့်နေကြသည်။

လေယာဉ်သည် ချကွင်းအစ သတ်မှတ်နေရာသို့ ရောက်လာသည်။ လေယာဉ်ရှိ မီးအချက်ပြက မီးစိမ်းပြသည်။

"ခုန်"

"တံခါးဝရပ်"

"ခုန်"

"တံခါးဝရပ်"

"ခုန်"

ဤသို့ဖြင့် လေထဲသို့ တစ်ဦးပြီးတစ်ဦး စနစ်တကျ ခုန်ထွက်သွားကြသည်။ နံပါတ်(၈)အလှည့်သို့ ရောက်လာသည်။

"တံခါးဝရပ်"

"ခုန်"

နံပါတ်(၈)က လေထဲသို့ခုန်ထွက်မသွားချေ။ လေယာဉ်၏ တံခါးဘောင်ကို နောက်ပြန်တွန်းထားသည်။ "ခုန်" ဟု ထပ်မံအမိန့်ပေးသော်လည်း ခုန်ထွက်မသွားချေ။ အတွေ့အကြုံရင့်ကျက်သော လေကြောင်း(၁)နှင့် (၂)တို့

www.burmeseclassic.com

www.burmeseclassic.com

က လက်နှစ်ဖက်ကိုလက်ဖြင့်ရိုက်ဖြုတ်ပြီး ဒူးနှင့်တိုက်ချလိုက်သည်၊ နံပါတ်(၈)သည်ကြောက်အားလန့်အားနှင့် "အမေရေ" ဟုအော်သည်၊ ခြေကားရား လတ်ကားရားဖြင့် လေထဲသို့ ကျသွားသည်၊ လေကြောင်းမှူး(၁)က လေယာဉ်တွင်းမှ ခေါင်းထွက်ပြီး အခြေအနေကြည့်သည်၊ မကြာမီ ပြန်ဝင်လာပြီး လက်မထောင်ပြသည်၊

"ပထမတွဲ ကောင်းတယ်၊ ရှစ်ယောက်လုံး ထီးပွင့်တယ်" ဟု ဆိုလိုခြင်းဖြစ်လေသည်၊

ချကွင်းတာဝန်ခံသည်လမ်းကြောင်းအတိုင်းပျံသန်းလာသောဒါကိုတာ လေယာဉ်ကို မမိတ်မသုန် ကြည့်လျက်ရှိသည်၊ မကြာမီ လေယာဉ်သည် လေထီးချကွင်း၏ သတ်မှတ်နေရာအစဝ်သို့ ရောက်လာသည်၊ ချကွင်းတာဝန်ခံက မိနစ်မှတ်နာရီကို ကြည့်လိုက်သည်၊

"နံနက်(၇)နာရီ၊ (၃၀)မိနစ်၊ တစ်စက္ကန့်"

"ထွက်လာပြီ - နံပါတ်(၁) ကောင်းတယ်"

"(၂) ကောင်းတယ်"

"(၃) ကောင်းတယ်"

ချကွင်းတာဝန်ခံက အသံချဲ့စက်ဖြင့် လေထဲသို့အော်ပြောသည်၊ ထိုသို့ဖြင့် ခုနစ်ယောက်မြောက်အထိ ကောင်းလေသည်၊ နံပါတ်(၈)ကိုတော့ လေထဲတွင် မတွေ့ရသေးချေ၊ စက္ကန့်ပိုင်းအကြာတွင် နံပါတ်(၈) လေထဲသို့ထွက်လာသည်၊ နံပါတ်(၇)နှင့် နံပါတ်(၈)မှာ အနည်းငယ်ကွာသည်၊ မြေပြင်သို့အတျတွင် နံပါတ်(၈)က အတော်အတန် ပြန်လျှောက်ရမည်ထင်သည်၊ ချကွင်းတာဝန်ခံကမူ ရှစ်ဦးစလုံး လေထီးပွင့်ပြီးအနေအထားကောင်းသဖြင့် စိတ်ချမ်းသာသွားသည်၊

နံပါတ်(၁)သည်လေယာဉ်မှ ထွက်သည်နှင့် "ဗုဒ္ဓေါ" "ဗုဒ္ဓေါ" "ဗုဒ္ဓေါ" ဟု ရွတ်သည်၊ "တစ်ထောင့်တစ်" "တစ်ထောင့်နှစ်" တစ်ထောင့်သုံး" စသည်ဖြင့် အချိန်ကိုလည်း ရေတွက်သည်၊ "တစ်ထောင့်လေး" ဟု ရွတ်ပြီးသည့်တိုင် ထူးခြားမှု မရှိသေးချေ၊ တစ်စက္ကန့်ခန့်ကြာမှ "ဖုန်း" ခနဲ အသံကြားရသည်၊ ရှေ့က တုန့်ခနဲဖြစ်သွားသည်၊ နံပါတ်(၁)က မဝံ့မရဲဖြင့် ခေါင်းပေါ်သို့ မော့ကြည့်သည်၊ ပျော်လိုက်သည့်ဖြစ်ခြင်း၊ လေထီးပွင့်ပြီဖြစ်လေသည်၊

နံပါတ်(၂)သည် အရန်လေထီးထုပ်ကိုပိုက်ရင်း "ဘုရား" "ဘုရား" "ဘုရား" ဟုတ,ကာလေယာဉ်မှခုန်ထွက်လာသည်၊ ထုံးစံအတိုင်းအချိန်မှတ်သည်၊ သတ်မှတ်ချိန် လေးစက္ကန့်(တစ်ထောင့်လေး)အရောက်တွင် ဘာမျှမထူးချေ၊ "ဘုရား၊ ဘုရား" လေထီးများ မပွင့်လေရော့သလားဟု ပူမိသည်၊ အပေါ်သို့ မော့ကြည့်သည်၊ လေထီးပွင့်နေသည်၊ မထူးခြားသည်မှာ လေငြိမ်၍လား၊ သူ၏ကိုယ်အလေးချိန်ပေါ့၍လား မသိချေ၊ လေထီးပွင့်သဖြင့် ပျော်ပါသည်၊

နံပါတ်(၃)သည်လေယာဉ်မှခုန်ထွက်သည်နှင့် "ဥဖြစ်ချင်ရာဖြစ်" ထားလိုက်သည်၊ မျက်စိမှိတ်ပြီး ဘာကိုမျှမကြည့်ချေ၊ အချိန်ကိုတော့မှတ်သည်၊ လေးစက္ကန့်အကြာတွင် "အမလေး - နာလိုက်တာ" ဟု တ,မိသည်၊ လေထီးက "ဖုန်း" ခနဲပွင့်ချိန်တွင် ပေါင်သိုင်းကြိုးက လျော့ရိလျော့ရဲ ရှေ့ဥပေါ် ကျနေသည်၊ လေထီးအပွင့်နှင့် ကိုယ်ခန္ဓာအလေးချိန်ကြောင့် ပေါင်သိုင်းကြိုးမှာ တင်းခနဲဖြစ်သွားသည်၊ ရှေ့ဥကို ဆွဲညှစ်သကဲ့သို့ ဖြစ်သွားသည်၊ မျက်လုံးတွေပြာလာသည်၊

နံပါတ်(၈)သည် လေထဲသို့ ခြေမကိုင်မိ၊ လက်မကိုင်မိ ထွက်ကျလာသည်၊ "အမေရေ" ဟုအလန့်တကြား အော်မိသည်၊ စင်စစ်မှာမူ အမေလည်း မကယ်နိုင်ချေ၊ ရုတ်တရက် "တုံ့" ခနဲ ဆောင့်ဆွဲလိုက်သကဲ့သို့ ခံစားလိုက်ရသည်၊ သည်တော့မှ သတိဝင်လာသည်၊ "လေထီးပွင့်ပြီ" ဟုသိလိုက်သည်၊ သို့သော် မော့ကြည့်၍မရ၊ ဘယ်ညာလှည့်၍မရချေ၊ ဖြစ်ရသည်က အထွက်မကောင်းသဖြင့် လေထီးသိုင်းကြိုးများ လိမ်နေခြင်းဖြစ်သည်၊ လည်ပင်းအစ်နေလေသည်၊

www.burmeseclassic.com

www.burmeseclassic.com

ချကွင်းတာဝန်ခံက သူ၏တပည့်များကို စိုးရိမ်တကြီး သတိပေးလျက်ရှိသည်။

"ထီးစစ်"

"ကျရန် အနေအထား လုပ်ထား"

"နံပါတ်(၈) ကြိုးလိမ်မြေ"

"လေတိုက်နေတယ် - ကြိုးဆွဲထား"

"လေထဲမှာ စက္ကန့်နှစ်ဆယ် - အရေးကြီးတယ်"

နံပါတ်(၁)သည် "ထီးစစ်" "လက်ပြောင်း" "အပေါ်" "အနောက်" "အောက်" "ရှေ့" "ကျရန်အနေအထား" ဟု နှုတ်မှအော်ပြီး ပျော်နေသည်။ လေထီးကို ကောင်းစွာ ပွင့်မပွင့်စစ်ပြီး ဘယ်ညာ အပေါ်အောက် ရှေ့နောက်တွင် အန္တရာယ်ရှိ မရှိစစ်ဆေးသည်။ စိုးရိမ်ရန် မရှိကြောင်း တွေ့ရသည်။ လေထီးခုန်သည့်ကြိမ်ရေ "တစ်ကြိမ်" ရတော့မည်ဟု တွေးနေသည်။ ခြေနှစ်ချောင်းကို ပူးထားရင်း အောက်သို့ ငုံ့ကြည့်သည်။ မြေကြီးက တရိပ်ရိပ်ပြေးတက်လာသည်။ သူ၏ပူးတွဲထားသော ခြေထောက်နှစ်ချောင်း ညီ့မညီ၊ ကပ်မကပ် စီစစ်ရင်း ခြေဦးအနည်းငယ်အဝိုက်တွင် မြေသို့ကျသွားသည်။ ပွတ်ခနဲအသံကြားလိုက်သည်။ အလွန်နာလေသည်။

ချကွင်းတာဝန်ခံသည် နံပါတ်(၁)မြေသို့ကျချိန်တွင် သူ၏ရိုနံမှတ်နာရီကိုကြည့်သည်။ နံနက်(၇)နာရီ၊ (၃၀)မိနစ်၊ စက္ကန့်နှစ်ဆယ် ဖြစ်လေသည်။ လေထဲတွင် စက္ကန့်နှစ်ဆယ် ကြာလေသည်။

နံပါတ်(၃)သည် ရှေ့ပေါ်မှ ပေါင်သိုင်းကြိုးကို ဆွဲဖယ်နေသည်။ နိုင်လွန်ဖြစ်၍ တော်တော်နှင့် ဖယ်မရဖြစ်နေသည်။ ရှေ့ ကြိုးညှပ်အရသာ ဆိုးနေသည်။ ချကွင်းတာဝန်ခံ အော်ပြောနေသည်။ ညွှန်ကြားချက်များကိုလည်း မကြားတော့ချေ။ အသာအသက်အောင့်ပြီး လက်တစ်ဖက်မှ အပေါ်သိုင်းကြိုးကို ဆွဲနိုသည်။ အခြားလက်တစ်ဖက်မှ ရှေ့ပေါ်မှ ပေါင်သိုင်းကြိုးကို ဖယ်ချသည်။ နေသားမကျ၍ နာရသည်။ နေသားတကျ ရှင်းလင်းပြီးချိန်တွင် နံပါတ်(၃)သည် မြေကြီးပေါ်သို့ ကျသွားသည်။



နံပါတ်(၆)သည် လေယာဉ်ပေါ်မှ စနစ်တကျထွက်သည်။ ဝေ့ဝဲလိုက်နာဖွယ်ကိစ္စရပ်များကို လုပ်သည်။ ကျရန်အနေအထား အသင့်ဖြစ်နေသည်။ အောက်သို့ ငုံ့ကြည့်ရာ မြေကြီးသည် တရိပ်ရိပ်ပြေးတက်လာသည်။ နံပါတ်(၆)သည် မည်သည့်ဘက်သို့ လိမ့်ရမည်ကို တွေးနေမိသည်။ မြေကြီးနှင့် အထိတွင် လေပြင်းတစ်ချက် တိုက်လိုက်သည်။ မြေကြီးအကျနှင့် ကွက်တိဖြစ်ချဖြင့် ဘယ်ဘက်ကိုမျှ မလိမ့်လိုက်ရချေ။ မှောက်ခုံကျပြီး နှာခေါင်းဘက် ထိုးသွားလေသည်။

နံပါတ်(၈)သည် ချကွင်းတာဝန်ခံညွှန်ကြားသည့်အတိုင်း ကြိုးလိမ်ဖြေနေသည်။ လေထဲတွင် စက်ဘီးစီးသကဲ့သို့ ခြေကားရား လက်ကားရား လုပ်နေရသည်။ ဖြည်းဖြည်းချင်း လိမ်နေသောကြိုးများ ပြေသွားသည်။ လူလည်းလေထဲတွင် ချာလည်လည်ဖြစ်နေသည်။ ကြိုးပြေသည်နှင့်တစ်ပြိုင်နက် နံပါတ်(၈)သည် မြေပြင်ပေါ်သို့ဖင်ထိုင်လျက်ကျသွားသည်။ ဖင်နှင့်ရင်းလိုက်ရခြင်း ဖြစ်လေသည်။

နံပါတ်(၁)သည် ချကွင်းတာဝန်ခံထံ သတင်းပို့ရန် လေထီးထုပ်ထမ်းပြီးပြေးသည်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်ချေ။ ခြေထောက်က နာနေသည်။ ထော့နဲ့ ထော့နဲ့ဖြင့် ချကွင်းတာဝန်ခံထံ ရောက်ရှိသတင်းပို့သည်။

"နံပါတ်(၁) ကောင်းတယ်"

"ဘာကောင်းလဲ - ခြေထောက်က ဘာဖြစ်လဲ"

"မြေကြီးစမ်းလို့ နည်းနည်းနာသွားတယ်"

နံပါတ်(၂)က ဆက်လက်သတင်းပို့သည်။ ချကွင်းတာဝန်ခံက အားနည်းချက်များကို ရှင်းလင်းပြောပြပြီး နောက်တစ်ကြိမ်ခုန်လျှင် ပြင်ရန်မှာသည်။

နံပါတ်(၃)က သတင်းပို့သည်။

"ခွေးသေကောင် လင်းတဆွဲသလို ဒရွတ်တိုက်ပါသွားတယ်"

"ဘယ်လိုဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ခြေကြီးညှပ်လို့ - လေထီးဖိတ်ချိန် မရလို့ပါ"

နံပါတ်(၄)နှင့်(၅)သတင်းပို့သည်။ ချို့ယွင်းချက်အနည်းငယ်သာ ရှိ၍ ချကွင်းတာဝန်ခံက လက်ခံသည်။

နံပါတ်(၆)က သတင်းပို့သည်။

"နံပါတ်(၆) ကောင်းတယ်"

"မင်းမျက်နှာ ဘာဖြစ်တာလဲ"

"မှောက်ခုံကျသွားလို့ မျက်နှာပွန်းသွားတာပါ"

"မြေကြီးကို မင်းရည်းစားကျနေတာပဲ - ဖက်နမ်းရတယ်လို့၊ ချလိုက်ပါဦး၊ လက်ထောက်မှောက်ငါးဆယ်"

နံပါတ်(၇)က သတင်းပို့သည်။ အပြစ်ဆိုရန် ကြီးကြီးကျယ်ကျယ် မရှိချေ။ လုပ်ဆောင်မှုကောင်းသဖြင့် နောက်အကြိမ်များတွင် မှတ်သားလိုက်နာရန် မှာသည်။

နံပါတ်(၈)က သတင်းပို့သည်။

"နံပါတ်(၈) ကောင်းတယ်"

"ဘာကောင်းလဲ - ဖင်နဲ့ရင်းတာပဲ။ လေယာဉ်ပေါ်က ကန်ချလို့ ဖင်မှာ တစ်ချက်၊ ဖင်နဲ့ကျလို့ မြေကြီးနဲ့ရင်းတာတစ်ချက် နာမည်တစ်ခုရွေး "ကန်အောင်"ယူမလား။ "ဂန်အောင်"ယူမလား"

နံပါတ်(၈)က မည်သို့မျှ မဖြေချေ။ အမှည့်လွန်ခရမ်းချဉ်သီးကဲ့သို့ ရှုံ့တွဝိန်ရှုံ့သွားသည်။ ခပ်တင်းတင်း ရယ်နေလိုက်သည်။

"လက်ကောက်မှောက် ငါးဆယ့်နှစ်ခါတစ်ရာ - ချ"

နံပါတ်(၈)က လက်ထောက်မှောက် လေ့ကျင့်ခန်းလုပ်ရန် အသင့်ပြင်နေရာယူလိုက်သည်။

"စ"

"တစ်"

"နှစ်"

နံပါတ်(၈)၏လက်ထောက်မှောက်လေ့ကျင့်ခန်းက စီစီညံညံလျက် ရှိလေသည်။

"ပုံပြင်လေးက ဒါပါပဲဗျာ"

ပရိသတ်က ငြိမ်၍နားထောင်နေသည်။ ဘာများဆက်ပြောလိမ့်ဦးမည်နည်းဟု ငံ့လင့်နေကြသည်။ ဦးမြင့်ဇင်က တိုးတိတ်ညင်သာစွာ ဆက်ပြောသည်။

"ခင်ဗျားတို့ ကန်အောင်ဖြစ်ဖြစ်၊ ဂန်အောင်ဖြစ်ဖြစ် နံပါတ်(၈)ကိုတော့ လျှော့မတွက်နဲ့၊ အဲဒီပုဂ္ဂိုလ်ဟာ နောက်ပိုင်းတော ရှေ့တန်းစစ်မျက်နှာမှာ သူ့ရဲကောင်းနှစ်ထပ်ကွမ်းနဲ့ လျှမ်းလျှမ်းတောက်ပုဂ္ဂိုလ်ဖြစ်သွားခဲ့သေးတယ်၊ ခုတော့ - ကျုပ်တို့လို အဘိုးကြီးပေါ့ဗျာ"

"ဒါထက် - သူငယ်ချင်းက နံပါတ်ဘယ်လောက်လဲ"

ဦးမြင့်ဦးက ဝင်ထောက်သည်။ ဦးမြင့်ဇင်သည် ဦးမြင့်ဦးကို သေသေချာချာကြည့်သည်။ အခြားသူများက ဦးမြင့်ဇင်ကို ဝိုင်းကြည့်နေကြသည်။ ဦးမြင့်ဇင်က ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် ပြောလိုက်သည်။

"သူငယ်ချင်း - မင်းနဲ့ငါက ငယ်သူငယ်ချင်းနော်၊ ကြီးတော့ကြီးမားကျမှ ဟာသမဖြစ်ပါရစေနဲ့၊ နံပါတ်တစ်ခုခုပေါ့ကွာ"

ကျန်လူများက တိတ်ဆိတ်ငြိမ်သက်ရာမှ ပြုံးလာကြသည်။ ထို့နောက် တစ်ပြိုင်တည်း ပြောလိုက်သည်။

"ဟေး - ချီးယားစ်"

အဖွဲ့သားအားလုံး၏ ယမကာခွက်များကို နှုတ်ခမ်းချင်း ထိလိုက်ကြသည်။ ထို့နောက် တစ်ပြိုင်တည်း မော့သောက်လိုက်ကြပါသတည်း။

**နေမထူး**

www.burmeseclassic.com



# ထိတ်လန့်သည်းဖို

## မောင်သာမန် (စီးကုန်း)

အရက်ကို
အလွန်အကျွံသောက်သုံးခဲ့သူတစ်ယောက်
စိတ်ဖောက်ပြန်ကာ ပတ်ဝန်းကျင်ကို
မသင်္ကာဖြစ်ရမှုနောက်ဆုံး...

**ထွေပြားဝေဝါးနေသည်** ... သတိသမ္ပဇဉ်တို့အား ကျွန်တော်သည် အတတ်နိုင်ဆုံး ထိန်းချုပ်လိုက်ပါ၏၊ ယင်းနောက် မျက်လုံးများကို အားယူ၍ဖွင့်ကြည့်လိုက်မိ၏၊ မြင်တွေ့နေရသော အရာမှန်သမျှသည် မိမိအတွက် အစိမ်းသက်သက် ဖြစ်နေရ၏၊ ပြာနရောင်တိုက်သုတ်ဆေးတို့ဖြင့်အခန်းပတ်လည် သုတ်လိမ်းခြယ်သထားသဖြင့် မိမိသည် တိုက်တစ်တိုက်၏ အခန်းတစ်ခုထဲသို့ ရောက်ရှိနေခြင်းဟု သတိပြုမိလိုက်၏၊ ကျွန်တော်၏ဦးခေါင်းတစ်ခုလုံး ချာချာလည်နေသည့်ကြားမှ တစ်ခါမျှ မရောက်ရှိဖူးသော ဤနေရာ ဤအခန်းသို့ မည်သည့်အတွက်ရောက်ရှိခဲ့ပါသနည်း။ စဉ်းစား၍မရ၊ အတွေးကြပ်လျက် မူးခနဲ မိုက်ခနဲ ဖြစ်နေရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခဏအကြာ အတော်အတန် သက်သာ၍ စူးစမ်းလိုက်သည့်အခါတွင် ကျွန်တော်အိပ်နေသည့်ခုတင်မှာ နှစ်ယောက်အိပ်ခုတင်တစ်လုံးဖြစ်နေပြီး ပတ်ဝန်းကျင်ကို လှေ့လာကြည့်သည့်အခါ မှန်တင်ခုံ၊ ဗီရိုနှစ်လုံး၊ သံသေတ္တာများ စသည့်ပရိဘောဂများ စုံလင်လှ၏။ တန်တော့ - ဤခုတင် ဤအခန်းသည် လင်စုံမယားဖက် အိပ်စက်သည့်အခန်းလား သို့မဟုတ် ခေတ်မီမီ ဆန်းသစ်လှပချောမွေ့သည့်မိန်းမလှလေး အိပ်စက်သည့်အခန်းပေလား ဝေခွဲမရ ဖြစ်ရ၏။ သို့သော် မိန်းမလှလေးတစ်ယောက် အိပ်စက်သည့်အခန်း မဟုတ်သည်ကို ကြိုးတန်းပေါ်မှ ဘောင်းဘီရှည်၊ ပုဆိုးများမှ ကန့်ကွက်ခဲ့ပါ၏။ လင်စုံမယားဖက်အိပ်သည့်အခန်းကား သေချာသွားပါ၏။

ဤသို့သော လင်စုံမယားဖက် အိပ်စက်သည့်အိပ်ခန်းထဲသို့ မိမိသည် မည်သည့်ပယောဂဖြင့် ရောက်ရှိနေသည်ကို နက်နက်နဲနဲ စဉ်းစားလေတိုင်း အဖြေမထွက်သဖြင့် ကြောက်ရွံ့ခြင်းကြီးစွာ ဖြစ်ပေါ်ခဲ့ရ၏။ သူတစ်ပါး၏အိပ်ခန်းထဲတွင် ကြာကြာမနေရဲသည့်အတွက် အခန်းအပြင်သို့ထွက်ရန် စဉ်းစားခဲ့၏။ စဉ်းစားသည့်အတိုင်းအကောင်အထည်ဖော်ရန် အိပ်ရာပေါ်မှ ရုတ်ခြည်းထလိုက်၏။ ရုတ်ခြည်းထလိုက်ခြင်းကြောင့်လားမသိ၊ မိုက်ခနဲ မူးခနဲ ဖြစ်၍ ခေါင်းကိုလက်ဖြင့် ဖိထားလိုက်ရ၏။ ယင်းနောက် ဖြည်းဖြည်းထလျက် တံခါးပေါက်ဆီသို့ လျှောက်ခဲ့၏။ တံခါးကို တွန်းဖွင့်သော်လည်းမရ၊ တန်တော့ တံခါးအပြင်ဘက်မှ သော့ခတ်ထားပုံရ၏။ ထိုအခြေအနေကြောင့်ပင် ကျွန်တော်သည် ထိုတိုက်ခန်းမှ ထွက်ပြေးလွတ်မြောက်ရန် မလွယ်ကြောင်း သဘောပေါက်လိုက်ရတော့၏။ တိုက်၏အပြင်၌လည်း လုံခြုံရေးချထားပုံပေါ်၏၊ ခွေးဟောင်သံများလည်း ကြားနေရ၏။

စိတ်ချောက်ချားဖွယ် ဤအခန်းထဲသို့ မည်သူ၏ပယောဂကြောင့် မိမိရောက်နေရပါသနည်း။ မည်သည့်အတွက် ရောက်ရှိနေရသနည်း။ စဉ်းစားလေတိုင်း လုံးဝအဖြေမထွက်။ ထိတ်လန့်သဘောပေါက်မိသည်မှာ မိမိအား (ဖွ - လွဲပါစေ၊ ဖယ်ပါစေ) တစ်စုံတစ်ဦး သို့မဟုတ် လူတစ်စု၏ အကြွမ်းဖက်ပြန်ပေးဆွဲခြင်းဖြင့် အကြပ်ကိုင်ခြင်း ဖြစ်နိုင်ချေ ရှိနေပါ၏။



ထိုကိစ္စနှင့်ပတ်သက်၍ စဉ်းစားတွေးတောလေတိုင်း ကျွန်တော်၏ ဦးခေါင်းအားတစ်စုံတစ်ယောက်မှပန်းပဲမောင်းတင့်တယ်တိုင်သောတူကြီးဖြင့် ထုလိုက်သည့်အသည်းခိုက်ဖွယ် နာကျင်သောဝေဒနာခံစားရပါ၏။ နားထင်နှစ်ဖက် တဆစ်ဆစ်ကိုက်ခဲမှုကြောင့် တွေးတောစရာများကို ရပ်ဆိုင်းထားရသည်မှာ အကြိမ်ကြိမ်။ သို့သော် ထိုအခန်း၌ နေရသော ကျွန်တော်သည် မကြာမီအချိန်အတောအတွင်း တစ်စုံတစ်ရာသောအန္တရာယ် ကျရောက်နိုင်ဖွယ်ရှိနေသည်ကို တုန်လှုပ်စွာ စဉ်းစားမိပါ၏။ သို့ဖြင့် ထိုအခန်းမှ စွန့်လွှတ်စွန့်စား၍ ရုန်းထွက်လွတ်မြောက်ရန် ကြံစည်ကြိုးပမ်းရမည်ဟု ဆုံးဖြတ်လိုက်ပေတော့၏။

မိမိသည် လျှော့ပါးနည်းပါး ယိုင်နဲ့နေသော အားအင်များအား အတတ်နိုင်ဆုံး စုစည်း၍ ခုတင်ပေါ်မှဆင်းရန် ကြိုးစားရတော့၏။ ထိုသို့ မိမိကိုယ်ကို ဂရုစိုက်၍ မတ်တတ်ရပ်ရန် ကြိုးစားမှုပင် မိုက်ခနဲဖြစ်သွားသည်ကြောင့် နားထင်ကြောများကို လက်ဖြင့် နှိပ်လိုက်ရ၏။ ထိုစဉ် ...

"ကျွီ"

တံခါးပတ္တာများ၏မြည်သံကြောင့် အိပ်ခန်းထဲသို့ တစ်စုံတစ်ယောက် ဝင်လာသည်ကို သတိပြုမိရ၏။ ဝင်လာသောသူ၏ခြေသံသည် သိမ်မွေ့ညင်သာခြင်းမရှိ၊ ကြမ်းတမ်းလှပါ၏။ ထိုသူသည် ဆပ်ပြာရနံ့သင်းနေခြင်းကြောင့် တစ်ကိုယ်ရေတစ်ကာယ ကိုယ်လက်သန့်စင်၍ရေချိုးလာကြောင်း ရုတ်ခြည်း သိလိုက်ပါ၏။

ထိုဆပ်ပြာရနံ့ကိုအကြောင်းပြု၍ ထိုသူအားကျွန်တော်သည် မှိတ်ထားသောမျက်လုံးအား ဖွင့်ကြည့်လိုက်ရာတွင် အထူးပင် တုန်လှုပ်ချောက်ချားသွားရပေ၏။

"အလို - ကုလားတွက်ကိုယအနွယ်ဝင် မိန်းမကြီးတစ်ယောက်ပါလား"

ဟုတ်ပါ၏။ ထိုတစ်စုံတစ်ယောက်ကား ယောကျ်ားမဟုတ်၊ အသတ်လေးဆယ်ကျော်ငါးဆယ်နီးပါးအရွယ်ရှိအမျိုးသမီးကြီးဖြစ်နေပါ၏။ ထိုအမျိုးသမီးကြီးသည် အသားဖြူဖြူ၊ လုံးကြီးပေါက်လှ၊ ခပ်ထွားထွားဖြစ်ပြီး ထမီရင်လျားထားပါ၏။ ရေချိုးပြီးခါစမို့ ကိုယ်ခန္ဓာအပေါ်ပိုင်း၌ တင်တွန့်နေသော

www.burmeseclassic.com

ရေစက်ရေပေါက်များအား ကုန်စင်အောင် သုတ်သင်လျက်ရှိ၏။ ထိုအမျိုးသမီးကြီး၏လှုပ်ရှားမှုများအား ကျွန်တော်သည် ခုတင်ပေါ်တွင်ပြန်ထိုင်၍ သတိထား၍ကြည့်နေရသော်လည်း ကြောက်စိတ်တို့ဖြင့် ရင်ထဲတွင် ရထားဆယ်စင်းမက ခုတ်မောင်းနေသကဲ့သို့ ဖြစ်နေရ၏။ သို့ဆိုပါလျှင် ကျွန်တော်ရောက်ရှိနေသောအခန်းသည် ထိုမိန်းမကြီး၏ အခန်းဖြစ်ပေလိမ့်မည်၊ ထိုမိန်းမကြီး၏ပုံရိပ်အားမှန်တင်ခုံရှိမှန်မှတစ်ဆင့် လှမ်းမြင်နေရ၏။ ထိုမိန်းမကြီးသည် မိမိအား သတိပြုမိသွားသည်လားမပြောတတ်၊ မိမိရှိရာသို့ မှန်ထဲမှတစ်ဆင့် လှမ်းကြည့်၍ အသံခပ်ညြညြဖြင့် -


"ဘယ်နှယ်လဲ - အမခြေအနေ တော်တော်ကောင်းသွားပြီလား၊ ပြန်လဲချင် လဲနေလိုက်ဦးလေ"

ထိုမိန်းမကြီး၏ လိုက်သံပါသောအသံလှိုင်းကြောင့် မိမိ၏ခန္ဓာကိုယ်တစ်ခုလုံး နတ်တုသကဲ့သို့တုန်လှုပ်သွားရ၏။ ထိုမိန်းမကြီးသည် မည်သည့်အကြောင်းအရာကို အခြေပြု၍ပြောသည်ကို မသိသော်လည်း သူမ စိတ်တော့နပ်စေရန် မိမိမှ "ဟုတ်ကဲ့ - ပါ" ဟု တိုးတိုးညင်ညင် ပြန်ဖြေလိုက်ရ၏။

ထိုမိန်းမကြီး ကျေနပ်စေရန် အကြိုက်လိုက်၍ ဖြေကြားသည့်တိုင် ကျွန်တော့်အား အမျိုးအမည် ဖော်ပြ၍မရနိုင်သောအကြည့်ဖြင့် စွေ၍ကြည့်နေလိုက်သေး၏။ ယင်းနောက် ထိုမိန်းမကြီးသည် မိတ်ကပ်အလှအပများ လိမ်းချယ်နေလေ၏။ ထိုမိန်းမကြီး၏ လှုပ်ရှားမှုတိုင်းသည် မိမိအတွက် ရတက်မအေးသဖွယ် ခံစားနေရပါ၏။ ထိုသို့သော စိုးရိမ်ပူပန်မှုသည် မိမိ၏ရင်သို့တိုင် ကြီးစိုးလျက်ရှိနေတော့၏။

❀☹❀

ထိုမိန်းမကြီးသည် မည်သို့သောအမျိုးသမီးကြီး ဖြစ်ပါသနည်း၊ မိမိအား မည်သည့်အတွက် ဤအိပ်ခန်းထဲသို့ ခေါ်ယူပိတ်လှောင်ထားခဲ့ပါသနည်း၊ စဉ်းစားစရာများစွာဖြင့် အမျိုးမျိုးစဉ်းစား၏။ သို့သော် မည်သို့မျှအဖြေမထွက်၊ သူမ၏ စူးရဲတောက်ပြောင်သော သိန်းငှက်မျက်လုံးသဖွယ် အကြည့်များကို ကျွန်တော့်အနေဖြင့် ကြာကြာမခံစားနိုင်၊ မိမိသည်ကား ကျားရှေ့မှောက်လျက်လဲသော ချေသူငယ်ပမာ ဖြစ်နေရသည့်ဘဝ၊ အဆိပ်ပြင်းမြွေတစ်




ကောင်၏ ညှို့ယူထားခြင်းခံရသည့် သားကောင်ဘဝ၊ သူမ၏ရှေ့၌ သူမ၏ အကြည့်ကြောင့် တစ်ကိုယ်လုံး တုန်ရီနေသည့် ကျွန်တော့်အဖို့ ကယ်တင်မည့်သူ စောင့်နေပါသော်လည်း ရှေ့ပြည်တော်မျှော်တိုင်း ဝေးနေရသည့်ဘဝ၊ မကြာမီ ရေတိမ်နစ်ရတော့မည့်အခြေအနေ ဆိုက်နေရပြီဖြစ်၏။

"တကယ်လို့သာ ... ဒီမိန်းမကြီး ... ငါ့ကို အကြမ်းဖက်ခဲ့သည်ရှိသော် ငါ့ဘဝတော့ ရေစုန်မျောပါပြီ" ဟုလည်း တွေးမိတွေးရာ တွေးခဲ့ပါ၏။

ယနေ့ခေတ် အမျိုးသမီး ကြီးကြီးငယ်ငယ် ပြော၍မရ၊ ယခင်ခေတ်အခါကဲ့သို့မဟုတ်၊ မှန်သည်ထင်လျှင် ဆန္ဒကိုဦးစားပေးတတ်သည့်သဘောရှိ၏။ အကယ်၍သာ မိမိအားအကြမ်းဖက်မည်ဆိုပါက မိမိသည် ပုရိသယောကျ်ားဖြစ်သော်လည်း အားအင်ချိနဲ့နေသည်ကြောင့် သူပြုသမျှ နရမည့်အခြေတွင် ရှိပေ၏။

ထိုမိန်းမကြီးသည် မိမိ၏အခြေအနေကို အကဲခတ်၍ မိမိငုတ်တုတ်ထိုင်နေသည့်ခုတင်အား ရှောင်ကွင်း၍ အခန်းအပြင်ဘက်သို့ ထွက်သွားလေ၏။ သူမ ထွက်သွားရာတွင် အခန်းတံခါးအား ပိတ်မသွား၊ သတိမမူသွားသည်ထင်ပါ၏။ တံခါးသည်ပွင့်၍ကျန်ခဲ့၏။ ယင်းအခြေအနေ၌ ထိုမိန်းမကြီးအသက်

www.burmeseclassic.com

www.burmeseclassic.com

တွင် တိုက်ခန်းတွင်းမှ ထွက်ပြေးလွတ်မြောက်ရန် အကြံဖြစ်ပေါ်လာရ၏။ သို့ဖြင့် ကျွန်တော်သည် စုတင်မှ အားယူထလျက် တံခါးပေါက်မှတစ်ဆင့် တစ်ဟုန်ထိုးထွက်ပြေးရန် ကြိုးစားအားယူလိုက်ပါ၏။

သို့သော် ထိုအခွင့်အရေးကား စိတ်ကူး၌သာဖြစ်ပေါ်၏။ အိပ်ခန်း၏ အပြင်ဘက်ဧည့်ခန်းဟု ယူဆရသော အခန်းကျယ်တွင် ထိုအမျိုးသမီးသည် တစ်စုံတစ်ယောက်နှင့် အရေးတကြီး ဖုန်းဆက်နေပုံရပေ၏။ သူမသည် တစ်ဖက်ဖုန်းဖြင့် စကားပြောသူအား တောင်းပန်တိုးလျှိုးဟန်ပေါ်နေပေ၏၊ ထို အချင်းအရာကိုမြင်တွေ့နေရသော မိမိအဖို့ လွန်စွာပင် စိုးရိမ်ထိတ်လန့်ဖြစ်ရ ပေတော့၏။

"ဒီမိန်းမကြီး - ငါ့ကိုဖမ်းပြီး လူကုန်ကူးတဲ့ဂိုဏ်းတွေဆီ ရောင်းစားမယ့်ပုံ ပေါ်နေတယ်၊ ဒုက္ခပဲ - ငါဟာ မကြာခင် ရောင်းကုန်ပစ္စည်းတစ်ခု ဖြစ်တော့မှာ ပါလား - ဘယ်လိုလုပ်ရပါ့"

ထိုမိန်းမကြီးသည် လူပွဲစားဖြစ်ဖို့ သေချာနေပါ၏၊ သူမသည် တယ်လီ ဖုန်းပြောရာမှ မိမိထွက်ပြေးမည်ကို စိုးရိမ်နေပုံရသည်၊ မိမိအား ရောင်းဖို့ရန် ဈေးစကားပြောနေကြသည်လား မပြောတတ်၊ ကျွန်တော် ဘာလုပ်ရမည် နည်း။ မိမိအား ကယ်မည့်သူလည်းမရှိ၊ ထိုမိန်းမကြီးလက်ထဲ၌ မိမိ၏ဘဝကို ရေစုန်မျောလိုက်ရမည်လား၊ ကျွန်တော် မစဉ်းစားတတ်တော့၊ ထိတ်လန့် ချောက်ချားခြင်းများဖြင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေရသော ကျွန်တော့် အဖို့ မိမိဘဝအတွက် ယူကြုံးမရဖြစ်နေရပေ၏၊ မိမိသည် ကြုံရာမရသည့် အဆုံး မျိုသိပ်မှုကင်းမဲ့စွာ အသံထွက်၍ ငိုချလိုက်ပါတော့၏၊ ကျွန်တော်၏ ငိုသံကြောင့်လားမသိ၊ ထိုမိန်းမကြီးသည် အဖဆောတလျင် ဖုန်းချလိုက်ပြီး မိမိထံ လျှောက်လာခဲ့ပါ၏၊

သူမသည် မိမိရှေ့၌ ခြေစုံရပ်၍နေပါ၏၊ ကျွန်တော်သည် ငိုရှိုက်လျက် သူမကို မော့ကြည့်လိုက်ပါ၏၊ သူမသည် စူးရှကောက်ကျစ်သောမျက်လုံး များဖြင့် စိုက်ကြည့်နေပါ၏၊ မိန်းမကြီးသည် မိမိအနားသို့ တဖြည်းဖြည်း တိုး လာပါ၏၊ မိမိသည်လည်း ကြောက်ရွံ့ခြင်းကြီးစွာ နောက်သို့ ဆုတ်နေပါ၏၊ သူတစ်လှမ်းတိုးတိုင်း မိမိသည် နောက်ကိုတစ်ခါဆုတ်၏၊ သူမသည် တိုး၏၊

မိမိသည် ဆုတ်၏၊ သင်းနောက် ထိုမိန်းမကြီး ရှေ့မတိုးတော့၊ သို့သော် ခါးကို ထောက်လျက် -

"အတန်တန်တားနေတဲ့ကြားက ဖွတ်တိုးတာကို၊ အခုတော့ မဖြစ်သင့် တာ ဖြစ်ရပြီ၊ တော့်ကို သည်အတိုင်းထားလို့မဖြစ်တော့ဘူး၊ တစ်ခုခုလုပ်မှ ဖြစ်တော့မယ်၊ တော် - ဖွတ်တရွတ်လုပ်လေသမျှ ကျုပ်ပဲဒုက္ခရောက်ရတယ်၊ ဘာလဲ - ကြည့်နေရအောင် ကျုပ်ကိုတောင် မမှတ်မိတော့ဘူးလား"

ထိုမိန်းမကြီး ဘာပြောနေသည်မသိ၊ ဘာဆိုဘာမှနားမလည်၊ သူမကို မှတ်မိရအောင် သူမကို တစ်ခါမျှ တွေ့ဖူးမြင်ဖူးသည်မရှိ၊ တစ်ခါတစ်ရံမြင်ဖူး ရဲ့လားဟု ကိုယ့်ကိုယ်ကိုယ် မေးကြည့်ပြန်သော်လည်း လုံးဝအဖြေမထွက်၊ သို့ကြောင့် ထိုမိန်းမကြီးအား ခေါင်းခါပြလိုက်၏၊ ကျွန်တော်၏ ခေါင်းခါပြမှု ကြောင့် မိန်းမကြီးမှာ ပို၍မျက်လုံးပြူးကျယ်သွားရ၏၊ မိမိ၏အသိစိတ်၌မူ ထိုမိန်းမကြီးသည် လူပွဲစား၊ ဒုစရိုက်သမား၊ ဂိုဏ်းစတား၊ ဒုစရိုက်ခေါင်းဆောင် ဟူသာ စွဲမြဲစွာ ယုံကြည်နေမိတော့၏၊

ထိုလူပွဲစားမိန်းမကြီး၏ အရိပ်အခြေအရောင်ကို မိမိအနေဖြင့် စောင့် ကြည့်နေလင့်ကစား၊ သူမသည် ဖော်ပြရန် ခဲယဉ်းလှသော အကြောင်းတစ်စုံ တစ်ရာကြောင့်အလုပ်ရှုပ်နေပေ၏၊ သူမ၏လှုပ်ရှားမှုများကိုထက်ကြပ်မကွာ လိုက်၍ကြည့်နေသော ကျွန်တော်သည် စိတ်ရှုပ်၍ အာရုံထွေပြားလာ၏၊ အာခေါင်တစ်ခုလုံး ခြောက်ကပ်လာ၏၊ ကျွန်တော် ရေသောက်ချင်ပါ၏၊ ထို့ပြင် ကြောက်ရွံ့စိုးရိမ်စိတ်ကို ပြေပျောက်နိုင်စွမ်းရှိသည့်အရည်ကိုလည်း မှိုဝဲချင်လာ၏၊ နောက်တစ်ကြိမ် ဖုန်းဆက်ရန် ကြိုးစားနေသော ထိုမိန်းမကြီး အား အရဲစွန့်၍ -

"ကျုပ်ကို ရေတစ်ခွက်လောက် တိုက်စမ်းပါ"

မိမိ၏တောင်းဆိုသံကြောင့် ရေမပေးသည့်အပြင် ကြောက်မက်ဖွယ် မျက်မှောင်ကြုတ်၍ လှည့်ကြည့်ပြီး -

"ရေ... ဆာတတ်သေးတာပဲ၊ တော် - စွဲလမ်းတဲ့အရည်ကို မှိုဝဲဖို့စိတ်ကူး ရှိသေးရဲ့လား၊ ကျုပ် မအားဘူး၊ တော့်ဘာသာ ယူသောက်၊ မရှိသေးဘူးဆို မှာ ရေသန့်ဘူးရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com

မိမိအား အရွဲ့တိုက်၍ပြောနေလင့်ကစား ရေရှိရာ လမ်းညွှန်သောအသံမှာ ကရုဏာသံစွက်နေသည်ဟု ထင်မိ၏။ သို့သော် ရေခဲသေတ္တာထဲတွင် ရေဘူးရှိသည်ဆိုသော်လည်း ထိုရေခဲသေတ္တာသည် မည်သည့်နေရာတွင် ရှိသည်ကို ကျွန်တော်မသိ၊ ရေခဲသေတ္တာဟူသည် ရေခဲဖြင့် ပြုလုပ်ထားသော သေတ္တာလားဆိုသည်ကိုပင် မသိသော မိမိအဖို့ ရေသောက်လိုသော ဆန္ဒရှိသော်လည်း မည်သည့်စကားမျှမဆိုပဲ ငြိမ်၍သာ နေလိုက်ရတော့၏။ သူမသည် ဖုန်းဖြင့် ပြောဆိုနေသော အကြောင်းအရာမှာ မိမိအား ရောင်းကုန်အဖြစ် သတ်မှတ်ရန် ညှိနှိုင်းနေခြင်းသာဖြစ်လိမ့်မည်၊ ထိတ်လန့်ဖွယ်ရာ ကြုံတွေ့ရမည့်ကံကြမ္မာအား စောင့်မျှော်နေရုံမှလွဲ၍ အခြားမရှိဟု စိတ်ကို တုံးတုံးချလျက် ဖြစ်လာမည့်အခြေအနေကို ရင်ဆိုင်ရန် အားထုတ်နေမိတော့၏။

"အခြေအနေက ထူးခြားနေတယ် - ဆရာ၊ ဆရာကိုယ်တိုင် လိုက်လာပြီး အခြေအနေမှန်ကို လေ့လာပြီး ခေါ်သွားဖို့ပဲ ရှိတော့တယ်၊ ဒီအတိုင်းထားရင် စိတ်မချရဘူး။ ဆက်ဆက်သာ လာခဲ့ပါ - ဆရာ၊ သူ့ကြောင့် ကျွန်မတို့လည်း အလုပ်ပျက်နေရတယ်၊ ကူညီပါဦး - ဆရာရယ်"

ထိုမိန်းမကြီး၏ စကားအသွားအလာများကို လေ့လာခြင်းဖြင့် မိမိအား နယ်စပ်တစ်နေရာသို့ရောင်းကုန်ပစ္စည်းအဖြစ် ပို့ဆောင်ရန် လူကုန်ကူးသည့်ဂိုဏ်းနှင့် ဆက်သွယ်နေခြင်းဖြစ်သည်ဟု ယူဆရ၏။ သည်အတိုင်းနေ၍မဖြစ်တော့။ ခက်သည်၊ ထိုမိန်းမကြီးနှင့် လူဆိုးဂိုဏ်းအား ဖမ်းဆီးနိုင်ရန် မိမိသည် ပြင်ပဆက်သွယ်မှုတစ်စုံတစ်ရာ မရ။ မိမိ၏လှုပ်ရှားမှုအား မျက်လုံးထောင့်ထောက်၍ကြည့်နေသူကား ထိုမိန်းမကြီးပင်၊ ကြံရာမရဖြစ်နေသော ကျွန်တော်သည် မတတ်သာ လက်မြှောက်၍သာဆိုသည့်အတိုင်း အခန်းထောင့်တစ်နေရာတွင် စိတ်ပျက်လက်ပျက် ထိုင်နေမိသည့်အခိုက် ထူးခြားသော ဉဩဆွဲသံကို ကြားရပါ၏။ မိန်းမကြီးကား အိမ်ထဲတွင် တုန်လှုပ်စွာ လှုပ်ရှားနေ၏။ ကျွန်တော် အားတက်မိပါ၏။ မိမိအား ကယ်တင်ရန် ရဲဝိုင်ယာလက်ကားများ ခြံဝင်းထဲသို့ ဝင်လာခြင်းပင် ဖြစ်လိမ့်မည်၊ အန္တရာယ်ကြားမှ လွတ်မြောက်တော့မည့် ကျွန်တော်သည် ဝမ်းသာအားရ မှတ်ချက်ချခဲ့ပါ၏။

"အခုခေတ်မျာ း ... ခုစရိုက်ဂိုဏ်း တယ်ပေါ်တာကိုး။ ကံကောင်းလို့ပဲ ... လူကုန်ကူးတဲ့အထဲ ငါ ... ပါသွားမလို့"

ကျွန်တော့်အတွေး ကျွန်တော့်စိတ်ကူးဖြင့် ပျော်နေမိပါ၏၊ သို့စေကာမူ ထိုလူပွဲစားမိန်းမကြီးနှင့် ရဲယူနီဖောင်းမဝတ်ပဲ ဆရာဝန်လောင်းကုတ်အဖြူကို ဝတ်ထားသောပုဂ္ဂိုလ်တို့၏ သံသယမကင်းဖွယ် စကားများကြောင့် နားလည်ရခက်သည်သာမက မိမိ၏ခေါင်းသည်လည်း ပို၍ပို၍ နောက်ကျိသွားရ၏။

"အချိန်မီ ဆရာတို့ လာပို့မလားလို့၊ အခြေအနေက အိမ်မှာထားလို့မရအောင် ပိုဆိုးလာသလိုပဲ၊ သူ့မျက်လုံးတွေနဲ့ ပုံစံတွေက ဂနာမငြိမ်တော့ တစ်ချိန်လုံး သူ့ကို စောင့်ကြည့်နေရတယ်၊ ဒီနေ့တော့ - ကျွန်မကိုလည်း မမှတ်မိသလိုလိုဖြစ်နေတော့ စိုးရိမ်လာတာနဲ့ ဆေးရုံတင်ဖို့ ဆရာတို့ဆီ လှမ်းအကြောင်းကြားတာပါ၊ သားသမီးတွေလည်း အဝေးမှာရောက်နေတော့ လှမ်းခေါ်ထားရတယ်"

ထိုမိန်းမကြီးပြောစကားများသည် လီဆယ်နေသကဲ့သို့ ပဟေဠိဆန်လှပါချေ၏၊ သူတို့သည် မိမိအား ငေးကြည့်လျက် -

"ကျွန်တော် အစကတည်းက ပြောထားသားပဲ၊ အစ်မကြီးရဲ့ခင်ပွန်းကို ရွာသာကြီးစိတ်ရောဂါကုဆေးရုံတက်ပြီး အရက်ဖြတ်လိုက်ရင် ဒီလောက် အခြေအနေ မဆိုးဘူးပေါ့၊ အရက်ကို ဆက်သောက်နေရင်တော့ ဒီလိုအရက်ကြောင်ကြောင်ရုံတင်မကဘူး ... တခြားအသည်းရောဂါတွေ ဖြစ်လာနိုင်တယ်၊ အရက်ကြောင်ကြောင်တာကတော့ ဒီလိုပါပဲ၊ ဆေးရုံတက်လို့ တစ်ဝတ်နှစ်ပတ်ဆိုရင် ပုံမှန်ပြန်ဖြစ်သွားမှာပါ၊ သူ သတိပြန်ရတဲ့အခါ သူကိုယ်တိုင် အရက်ရဲ့အကျိုးအပြစ်တွေကို လက်ခံလာအောင် ပြောပြရမှာပေါ့၊ ဉာဏ်ရှိသတိဖြစ်ခဲ့ဆိုတာ သည်အတိုင်းပါပဲ၊ အခုတော့ - အစ်မကြီးရဲ့ခင်ပွန်းကို လူနာတင်ကားနဲ့ ရွာသာကြီးဆေးရုံကို ခေါ်သွားမယ်၊ အစ်မကြီးလည်း လိုက်ခဲ့ပေါ့"

မောင်သာမင်း (ဓိကျုန်း)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ထိုလှည်းလမ်းသည် အဆင့်ဆင့်သော ခရီးအားဖြင့် ရှည်လျားလှပြီး ရက်သတ္တပတ်ခန့် အချိန်ယူ၍ သွားမည်ဆိုလျှင် ပုဂံပြည်အထိပင် ခရီးပေါက်နိုင်သည်။ သို့သော် ညောင်ထီးရွာသူရွာသားတို့ကား ထိုလောက်အထိ အသုံးမပြုကြချေ။ ထိုလှည်းလမ်းသည် ညောင်ထီးရွာကိုဖြတ်၍ သွားသေးသော်လည်း ညောင်ထီးရွာသူရွာသားများကား အရှေ့ဘက်သို့သာ သွားလေ့ရှိကြ၏။ ထိုသို့ သွားပြန်ရာတွင်လည်း လှည်းလမ်းကြီးကို အဆုံးအထိ အသုံးပြုမှုသူ ရှားပါးလှသည်။ ညောင်ထီးရွာက အရှေ့ဘက်သို့ ထွက်လာလျှင် ခရီးအကွာအဝေးအားဖြင့် ခုနစ်မိုင်၊ ရှစ်မိုင်ခန့်တွင် ချယားပင်တိုရွာသို့ လမ်းခွဲရှိ၏။ ထိုလမ်းခွဲမှ ဆက်၍သွားပြန်သော် တစ်မိုင်ကွာလောက်တွင်ပင် တံပြက်စမ်းဟုတွင်သော ခရီးသည်များ နားရိုရာကွန်းတောက်စခန်းလေးတစ်ခုရှိ၏။ ထိုကွန်းတောက်စခန်းမှ ရှစ်မိုင်ခန့်တွင် ပန်းတင်ရွာကြီးသို့ ရောက်သည်။ ညောင်ထီးရွာသူရွာသားတို့၏ ခရီးသည် ဤပန်းတင်ရွာကြီးတွင်အဆုံးသတ်ထားကြ၏။

အကြောင်းရင်းကား ဤသို့တည်း။ ညောင်ထီးရွာ၊ ချယားပင်တိုရွာနှင့် အခြားရွာနစ်ရွာ၊ စုစုပေါင်း ရွာလေးရွာတို့မှ ကလန်တို့ကို စီရင်အုပ်ချုပ်ရသည့် သံပျင်သည် ပန်းတင်ရွာမှ သံပျင်ဖြစ်သည်။ ပန်းတင်ရွာကြီးသည် လူနေအိမ်ခြေတစ်ထောင်ခန့်ရှိ၍ ဈေးလည်း ရှိသည်။ ထိုရွာကြီး၏ စီရင်စုအတွင်းတွင်ရှိကြသော ရွာငယ်များမှ ဈေးသည်များ လာရောက်ရောင်းချကြသဖြင့် ငါးရက်တစ်ဈေး ရှိသည်။ ရွာခံအိမ်ဈေးဆိုင်တို့လည်း ရှိပြီး ရွာငယ်များမှ ကြာရှည်အထားခံသည့် အိုး၊ ခွက်၊ ဆား၊ ကောက်ပဲသီးနှံတို့ကို လက်သင့်ခံဝယ်၍လည်း ထားတတ်ကြသည်။ သို့ဖြစ်သောကြောင့် ညောင်ထီးရွာမှ အရောင်းအဝယ်သမားများသည်လည်း ကုန်များဈေးသို့ရောက်ပြီဖြစ်၍ ပန်းတင်ရွာကြီးတွင် ခရီးဆုံးတတ်သည်။ ကလန်ကြီး၏ လုလင်ကျော်များသည်လည်း မင်းမှုမင်းရေးဖြင့် လာရောက်ကြသော် သံပျင်ကြီးရှိရာ ပန်းတင်ရွာတွင်ပင် တာဝန်တို့စွပြီးဆုံးတတ်ကြသည်။ သို့ဖြစ်သောကြောင့် ညောင်ထီးရွာသူရွာသားများ၏ ခရီးသည် ညောင်ထီးရွာနှင့် ပန်းတင်ရွာအကြားတွင်သာ လူးလာတုံ့ခေါက်ရှိနေကြရခြင်း ဖြစ်ပေ၏။

ယနေ့သည်ကား ပန်းတင်ရွာမှ ဈေးနေ့လွန်မြောက်သည့် နှစ်ရက်မြောက်သော နေ့ဖြစ်သဖြင့် လှည်းလမ်းတွင် လူသွားလူလာ နည်းပါးနေသည်။ ထို့ပြင် ယခုကဲ့သို့ နံနက်ကိုးနာရီခန့်အချိန်မျိုးသည် ဤလှည်းလမ်းပေါ်တွင် ခရီးသွားနည်းပါးတတ်သောအချိန်မျိုးလည်း ဖြစ်နေပေသည်။

သို့သော် ချုံသံတလွင်လွင်နှင့် လှပစွာ ပြင်ဆင်ထားသော လှည်းယာဉ်တလေးတစ်စီးကား ညောင်ထီးရွာမှ ထွက်လာခဲ့၏။ လှည်းကို ကြည့်ခြင်းအားဖြင့် လှည်းသုံးပုဂ္ဂိုလ်၏အဂါကို မှန်းဆနိုင်ပါသည်။ လှည်းရဲတိုင်များသည် ပွတ်ခံထားပြီး လှပသော အရစ်ကလေးများ ရှိ၏။ လှည်းဦးပန်းသည်လည်း ဥဗျိုင်းရုပ်ကလေးနှင့်ဖြစ်သည်။ အပွေးမြင်သော် အပင်သိရသကဲ့သို့ပင် လှည်းအိမ်ကိုမြင်သော် လှည်းပိုင်ရှင်ကို ခန့်မှန်းရ လွယ်ကူပါသည်။

ယခုအချိန်တွင် လှည်းပိုင်ရှင်ကို ဝေးဝေးရှာစရာမလို။ လှည်းပေါ်တွင်ပင် စီးနင်းလိုက်ပါလာ၏။ သူကား ညောင်ထီးရွာသား သူကြွယ်ကြီးဦးပန်းတောင်းပင် ဖြစ်လေတော့သည်။ ဦးပန်းတောင်းကား ကွမ်းသီးဥယျာဉ်၊ ထန်းဥယျာဉ်နှင့် ကြွယ်ဝနေသူဖြစ်သည်။ လှမ်းပေါ်တွင် သူတစ်ယောက်တည်းမဟုတ်။ လှည်းမောင်းသမားအဖြင့် သူ့တပည့်လက်သားများဖြစ်ကြသည့် ကြေက်နှင့် ငအုန်းသီးတို့နှစ်ယောက်လည်း ပါလာကြ၏။ ကြေက်သည် ကွမ်းအစ်ကြီးကို ပိုက်လာ၏။ ငအုန်းသီးကား သူကြွယ်ကြီးကို နေကာရန် ယပ်ကို ကိုင်လာသည်။

လှည်းသည် ကျွဲဖြူကန်ကို မြင်နေရသောနေရာသို့ ရောက်သောအခါ ကန်ဘက်သို့ ကွေ့ဆင်း၏။ သို့သော် လမ်းကြောင်းမရှိသဖြင့် ခနော်ခနဲ့ ဖြစ်နေသည်။

"ဟဲ့ - သည်တွင်ရပ်ဘိ။ ငါတို့ ဆင်းလျှောက်လတ်မယ်"

ဦးပန်းတောင်းက ပြောလိုက်သည်၏။ အဆုံးတွင် လှည်းသည် ရပ်တန့်သွားလေသည်။ လှည်းပေါ်က လူများလည်း ဆင်းကြ၏။ သူကြွယ်ကြီးသည် ကန်ဘက်သို့ ဆက်၍လျှောက်သွားသောအခါ တပည့်နှစ်ယောက်လည်း လိုက်သွားကြ၏။ လှည်းသမားသာ လှည်းနှင့် နေရစ်သည်။

www.burmeseclassic.com

သူကြွယ်ကြီးကား အသက်ခြောက်ဆယ်နားနီးပြီဖြစ်သော်လည်း မုတ်ဆိတ်ကျင်စွယ်များ ရိတ်ပယ်ထားပြီး နုနုနယ်နယ် ဝတ်စားဆင်ယင်တတ်သဖြင့် အသက်ငါးဆယ်လောက်ပင်ရှိဦးမည်ဟု မသိသူတွေက ခန့်မှန်းတတ်သော အသွင်အပြင်မျိုး ရှိသည်။ လမ်းလျှောက်ရာတွင်လည်း ဖျတ်လတ်သွက်လက်၏။ ယပ်ဖြင့် နေလိုက်ကာဖေးသောအေုန်းသီးပင် အတော်လိုက်နေရသည်။

ဦးပန်းတောင်းသည် တောင်ဘက် ကန်ပေါင်ရိုးနားရောက်သော် အနောက်ဘက်သို့ လျှောက်လာပြီး ကန်ပေါင်ရိုးဆုံးသော် အနောက်ဘက် ကန်ပေါင်ရိုးကို ကွေ့လိုက်ပြီဆိုကတည်းကပင် ကြက်သွန်၊ ငရုတ် စသော စိုက်ခင်းများကို မြင်နေရ၏။ စိုက်ခင်းတွေကား ကျယ်ပါ၏။ ထို့ကြောင့် စိုက်ခင်းထဲက တဲကုပ်ငယ်များကား တစ်ခုနှင့်တစ်ခု တော်တော်ပင် အလှမ်းကွာနေကြလေသည်။

တန်ပေါင်ခရီးတစ်ဝက်ခန့် ရောက်သောအခါ ဦးပန်းတောင်းသည် တန်ပေါင်ရိပ်မှထွက်၍စိုက်ခင်းတစ်ခုကိုဖြတ်ကာ တဲငယ်တလေးတစ်ခုသို့ ဝင်သည်။

"ဖြစ်သင်တို့ ရှိကြပါစ့"

တဲငယ်၏အရှင်ဖြစ်သည်ဟု ယူဆရသော အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက်သည် တဲ၏ခေါင်းရင်းဘက်တွင် ဘုရားဝတ်ပြုနေရာမှ အပြင်မှ လှသံကြားသောအခါ လှမ်းကြည့်သည်။ မည်သူမည်ဝါဖြစ်မှန်း သိသည်နှင့် တစ်ပြိုင်နက် –

"ဩ – ဩ – သူကြွယ်ကြီးပါတကား"

ဟု ကပျာကယာထူးကာ ဖင်ရွှေ့ဖင်ရွှေ့ပင် လျင်မြန်စွာ ခါးပန်းဆီသို့ ရွှေ့လာခဲ့သည်။ သူကား ခြေနစ်ဖက်စလုံးပင် ဒူးဆစ်မှ ပြတ်နေသော ဒုက္ခိတတစ်ယောက်ပင် ဖြစ်နေလေသည်။

"နေ – နေ – မောင်မင်း – နေပါဘိ၊ ကျုပ် တတ်တိုင်း တက်ခဲ့မယ်"

သူကြွယ်ကြီးသည် ခြေနင်းခုံကိုနင်း၍ လှမ်းတက်ခဲ့သည်။ ဦးဖြစ်သင်သည် ဖျာကြမ်းကလေးကို ရွှေ့ပေး၏။ ထို့နောက် အံ့ဩသွားမိသလိုဖြစ်ကာ ဦးပန်းတောင်း၏မျက်နှာကို ငေးစိုက်ကြည့်ရင်း စိတ်ထဲက အကဲခတ်နေ၏။

ပစ္စည်းဂုဏ်ရှိန်သည် လူကိုရဲစေသည်။ ဦးပန်းတောင်းကား အိမ်အတွင်းကို လှည့်ပတ်ကြည့်သည်။ သူ့မျက်လုံးအကြည့်တွင် အားနာခြင်း၊ စိုးရွံ့ခြင်း အရိပ်အယောင်တို့သည် တစ်ချက်ကလေးမျှ မပါဝင်ချေ။ ဦးဖြစ်သင်၏ အကြည့်တွင်သာ သူကြွယ်ကြီး၏နှုတ်မှ ဘာစကားထွက်လာမည်နည်းကို တအံ့နွေးနွေးနှင့် ငေးကြည့်သည့်အကြည့်သည် ဖုံးမရအောင်ပင် ပေါ်လွင်နေတော့သည်။

ဦးပန်းတောင်းနှင့် သူမှာ ဘာကြွေးမြီမျှ မရှိသည့်တိုင်အောင် ပစ္စည်းမဲ့သူသည် ပစ္စည်းကြွယ်ဝသူနှင့် ယှဉ်ရလျှင် အမှုအရာတို့ ကုပ်ရှိသိမ်မွေ့သွားရသည်မှာ ဓမ္မတာသဘောဟုပင် ဆိုရချေတော့မည်။

"ဖြစ်သင် – သမီးလည်း မမြင်မိပါတကား"

"တစ်မနက်လုံး ယာခင်းထဲ အချိန်ကုန်ပါတယ်။ ယခုတွင်ပဲ ဟင်းရွက်အရှာထွက်ဖို့ ကန်အရှေ့ဘက် သွားမယ်ပြောသွားပါတယ်"

ကွဲမြိုကန်ကြီးမှာ ကန်ပေါင်ခတ်နေသည်မှာ သုံးဘက်ကပြီးနေပြီဖြစ်၏။ အရှေ့ဘက်တွင်သာ ကျန်တော့သည်။ ထိုဘက်တွင်လည်း မကြာခင် ပင် အပြီးသတ်လုပ်ကိုင်ကြတော့မည်ဖြစ်သည်။

ဦးပန်းတောင်းသည် ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး မေးကိုပွတ်ကာ ဘာမှမပြောတော့ဘဲနေသဖြင့် အိမ်ရှင်ဖြစ်သော ဦးဖြစ်သင်ကသာ ဆက်၍ ပြောရသည်။

"ကွဲမြိုကန်ကြီးလည်း သူကြွယ်ကြီးတို့အန်ထောင်ကြလို့သာပ၊ ရွာအားကိုးကန်ကြီး ဖြစ်လာရတော့မှာ၊ ပွဲတော်ကျင်းကြဦးမယ် – ကြားသယောင်"

"အိမ်း – လေးဖက်လေးတန် ကုံလုံသွားရင်တော့ ကျင်းကြသေးတာပ၊ ကျုပ်က ငွေအားထည့်တာဘဲရှိတာ၊ တလန်ကြီးက ကွပ်ကဲနိုင်လို့ အောင်မြင်တာဟုတ်တာ၊ အနို့ – မောင်မင်းတို့ ယာထွက်ယာနပ်တွေကြောင့် ငွေကြေးအတန်ကုံလုံပြီမှတ်တယ်"

"မဟုတ်လတ်သေးပါ – သူကြွယ်ကြီး၊ ရရစားစားပဲ ရှိလတ်သေးတယ်။ ရော – ယခု – ကန်ရေကို မြစ်ထားတော့ တွင်းတစ်ခုတူးဖို့ ငွေကြေးစုဆောင်းနေရပါတယ်"

www.burmeseclassic.com

"ဟဲ့ – ဖြစ်သင် – ငွေလိုသပဆိုရင် ကျုပ်ကို အားကိုးပါဘိ"

ဦးဖြစ်သင်သည် စိုက်ကြည့်နေရာမှ မျက်တောင်တစ်ချက် နစ်ချက် ခတ်မိ၏။

"ရှိစေ – သူကြွယ်ကြီး။ ကျေးဇူးကို မအောက်မေ့လို့ မဟုတ်ပါ။ အနို့ပေမယ့် – အိုနံ့သာလုပ်စာနဲ့ စုဆောင်းရင် ရနိုးပါတယ် – အရှင်"

"ဖြစ်သင် – မာနက မချေသေး၏ရှင့်"

"မဟုတ်ပါ – သူကြွယ်ကြီး။ ကျေးဇူးဟူရင် ဆပ်မကုန်နိုင် ဖြစ်ရပါတယ်"

ဦးပန်းတောင်းသည် ပြန်ရန် ပြင်၏။

"သူကြွယ်ကြီး – ပြန်တော့မှာဖြစ်ပါစ့"

"အိမ်း – ကန်အကြည့်လာရင်း အခင်းတွေတွေ့လို့ဝင်ခဲ့တာပ၊ အငန်းက ရှိသေးမို့ ပြန်ဦးမယ်"

ဦးပန်းတောင်းသည် ပြောရင်းကပင် အိုနံ့သာ၏ပါးပြင်ကို အတင်းနမ်းသည်။ အသက်ကြီးသူသည် အတွေ့အကြုံ များနိုင်၏။ သို့သော် စုံလင်ပြီဟုတော့ ဘယ်တော့မျှမရှိချေ။ ဦးပန်းတောင်း မြင်ခဲ့ဖူးသမျှ လုံမငယ်တွေသည် ငွေရိပ်ပြ၍ ရင်ငွေ့ပေးလိုက်လျှင် ပျော့ပျောင်းနူးညံ့ကာ သူ့အလိုသို့ ပါသည်ချည်းဖြစ်၏။ သို့သော် အိုနံ့သာကား ချွင်းချက်ဖြစ်နေသည်။



ဦးပန်းတောင်းသည် ဦးဖြစ်သင်၏တဲအိမ်ကလေးထဲမှ ပြန်ထွက်လာကာ ကန်ဘောင်နားရောက်သောအခါ တပည့်နှစ်ယောက်ကို ခပ်တိုးတိုး ပြော၏။

"လုံမက ဟင်းရွက်အရှာသွားတော့အခန့် အရန့်သင့်လှတယ်၊ မောင်မင်းတို့ လှည်းက ပြန်စောင့်၊ ငါတစ်ကိုယ်တည်း လိုက်မယ်"

"ဖြစ်မှာစုံ – သူကြွယ်ကြီး၊ လုံမက အားအင်ပြည့်တယ်၊ အတို့ကျွန်တို့ ရံဝန်းကူညီမှ ဖြစ်နိုးတယ်"

"သွားဘိ – ယောက်ျားအားကို မိန်းမက မလွန်သာပါဘူး – ကြွက်ငယ်"

ဦးပန်းတောင်းက ခပ်မာမာပြောလိုက်သဖြင့် ကြွက်နှင့် ဒေါနုံးသီးတို့လည်း ဘာမျှပြန်မပြောဘဲ လှည်းဆီသို့ ဦးတည်၍ သွားကြလေတော့သည်၊

ဦးပန်းတောင်းသည် တောင်ဘက်ကန်ပေါင်ဘေးက ကပ်၍ ခပ်သုတ်သုတ် လျှောက်လာ၏၊ သူ၏မျက်လုံးများသည် ဇောအရှိန်ဖြင့် တလက်လက်တောက်ပနေ၏၊ ကန်၏အရှေ့ဘက်တွင် ကန်ပေါင်မလုပ်ရသေးသဖြင့် ချုံနွယ်ပိတ်ပေါင်းများစွာ ရှိနေသေးသည်၊ ဦးပန်းတောင်းသည် ယင်းတိုက်ပင်ကြီးနားက ဟိုဟိုသည်သည် ကြည့်သည်၊ တဖျတ်ဖျတ်လက်နေသော မျက်လုံးများကြောင့် ကျားသည် သမင်ကို ရှာနေဘိသကဲ့သို့ ထင်ရသည်၊

မကြာမီ ဦးပန်းတောင်း၏မျက်လုံးသည် ကြည်လင်ဝင်းပသွား၏၊

တောင်းကလေးကိုရွက်၍ သုတ်ရွှလာနေသောသူသည် အိုနံ့သာ ဖြစ်နေသောကြောင့် ဖြစ်၏၊

ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းပြီး အသားလတ်တွင် သနပ်ခါးတင်ထားဖြင့် လှပနေသည်၊ အသက်နှစ်ဆယ်ပတ်ဝန်းကျင်မို့လည်း စိုပြေနေ၏၊

"တောက် – မျိုးရိုးသာ မင့်ရရင် သည်လုံမ ကောင်းစားဖွယ်ပဲကိုး"

ဦးပန်းတောင်းသည် တစ်ကိုယ်တည်းကြိတ်မနိုင် ခဲမရပြောကာ ရှေ့သို့ ထွက်လိုက်လေသည်၊ ထိုနောက် အိုနံ့သာကလေးရှိရာသို့ လျှောက်သွား၏၊

"အလို – သူကြွယ်ကြီးပါတကား"

www.burmeseclassic.com

www.burmeseclassic.com

ရှေ့ကာဆီး၍ရပ်နေသော ဦးပန်းတောင်းကို အိုနံ့သာသည် မြင်သောအခါ ခြေစုံရပ်လိုက်ပြီး မရယ်ချင်ဘဲနှင့် ပြုံးပြုံးရယ်ရယ် နှုတ်ဆက်ရသည်။ သို့သော် သူကြွယ်ကြီး၏မျက်လုံးများကိုတော့ မကြိုက်ရေး၊ သူ့မျက်လုံးကြီးများသည် စူးရှနေပြီး မိမိ၏ရင်အထက်ပိုင်းကို စားတော့ ဝါးတော့မလို ကြည့်နေသည်။ အိုနံ့သာသည် ထမီရင်လျားဝတ်ထားသည်တွင် တဘက်လေးကို ခေါင်းရ လုပ်လိုက်သဖြင့် ရင်အထက်ပိုင်းမှာ ဟင်းလင်းဖြစ်နေ၏။

"အိုနံ့သာ - ဟင်းရွက်အရှာလာသလား"

ပြောပြောဆိုဆိုနှင့် ဦးပန်းတောင်း၏ လက်ဝဲလက်သည် အိုနံ့သာ၏ လက်ယာပခုံးထက်သို့ တင်လာသည်။ ရုတ်တရက်မို့ အိုနံ့သာမှာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားကာ ဘာပြန်ပြောရမှန်းမသိရုံမက ဘာလုပ်ရမှန်းပင်မသိ ဖြစ်သွားမိ၏။ ရင်တွေ ဖိုသွားသဖြင့် အသက်ရှူမှားသွားရသောကြောင့် ဖွံ့ဖြိုးသော ရွှေရင်အုံနှစ်မွှာသည် အရှိန်ပြင်းစွာ ကြွရိုနိမ့်ရိုဖြစ်ရသည်။ ထမီစ ဝင် ကျွတ်လုလု ဖြစ်နေ၏။

ဦးပန်းတောင်းသည် အိုနံ့သာ၏ပြည့်ဖြိုးသော ပခုံးစွန်းကလေးကို ပုခွေး သောလက်ဖဝါးဖြင့် အသာအယာ ပွတ်နေသည်။ ထိုနောက် သူသည် လက်ဝါး ကိုဖြန့်ကာ အိုနံ့သာ၏ရင်အထက် အသားပြင်ကို ပွတ်ပြန်သည်။

ထိုအခါတွင် အိုနံ့သာမှာ အသက်ဝင်လာသလိုဖြစ်ကာ လက်ယာလက် ဖြင့်ပင် ဖွတ်ခနဲ ဦးပန်းတောင်း၏လက်ကို ဖယ်ချလိုက်၏။

မျှော်လင့်ထားသလိုမဖြစ်၍ ဦးပန်းတောင်းမှာ အံ့အားသင့်သွားသည်။ သူ မျှော်လင့်ထားသည်ကတော့ မနုးမနပ် ဤအပျိုစင်လုံမငယ်၏မျက်လုံး များသည် ချစ်ရည်ရွှန်း၍ မေးမေးကလေးဖြစ်ကာ မျက်လွှာကိုငုံ့သွားမည်ဟု မျှော်လင့်နေခဲ့သည်။ သို့သော် ယခုတော့ အိုနံ့သာသည် နှုတ်ခမ်းလေးကို တင်းကြပ်စွာ စေ့ထား၍ တောက်ပြောင်သောမျက်လုံးများနှင့် စူးစူးဝါးဝါး ကြည့်ကာ မျက်နှာကိုပင် မော့ထားသည်။

ဦးပန်းတောင်း၏ အံ့အားသင့်မှုသည် ဒေါသအမျက်အသွင်သို့ ပြောင်း လဲသွားလေ၏။ သူသွားသောခရီးတွင် ဘယ်လိုအဆီးအတားမျိုးကိုမှ လက် မခံနိုင်သောသူဖြစ်၏။

"အလို - မယ်မင်းက မှန်ဆန်သကိုး"

ဦးပန်းတောင်းသည် လွှတ်ခနဲ စကားတစ်ခွန်းကို ပြောလိုက်ပြီးသော် လက်ယာလက်ဖြင့် အိုနံ့သာ၏ဦးခေါင်းပေါ်မှတောင်းကို ဆတ်ခနဲ ပုတ်ချ၏။ ထိုနောက် ချက်ချင်းပင် လက်ဝဲလက်ဖြင့် ကျောကို သိုင်း၍ဖက်ဆွဲလိုက် သည်။

ခေါင်းပေါ်က တောင်း လွင့်စဉ်ကျသွားသဖြင့် အိုနံ့သာသည် ယောင်ပြီး လှည့်ကြည့်မိရာ ခဏချင်းတွင်ပင် ဦးပန်းတောင်း၏ရင်ခွင်ထဲရောက်၍ တင်း ကြပ်စွာ ဖက်ထားခြင်းကို ခံနေရသည်ကို သတိပြုမိရတော့သည်။

"အလို - ဘယ့်နယ်ပါလဲ၊ အမျိုးမြတ်သူဟာ အကျင့်လည်း မြတ်ဖို့ ကောင်းလတ်တယ်"

အိုနံ့သာသည် နှုတ်မှပြော၍ လက်က ရုန်း၏။ ဦးပန်းတောင်းက အတင်း ပင် မရုန်းနိုင်အောင် လက်နှစ်ဖက်ဖြင့် ဖက်သည်။ သူ့နှုတ်ကလည်း မောကြီး ပန်းကြီးနှင့် စကားတွေ ဆိုနေသည်။

"လုံမငယ် - မရုန်းပါလင့်၊ မယ်မင်းလိုချင်တာတွေ ရပါစေ့မယ်၊ ငါတို့မှာ ရှိတဲ့ငွေကြေးဟာ မယ်မင်း အလိုဖြည့်ဖို့ဂှာသာဖြစ်တယ်"

"ရှားပါဘိ - သူကြွယ်ကြီးမှာရှိတဲ့ငွေကြေးဟာ အတို့ကျွန်ရဲ့အလိုမှန် သမျှကို မြစ်တားဖို့ဂှာ သုံးစွဲခဲ့တာ သာဓက ရှိခဲ့ပြီ"

နှစ်ယောက်သားသည် စကားတွေ အပြန်အလှန် ပြောနေသော်လည်း ရုန်းရင်း ကန်ရင်းက ပြောနေကြခြင်းသာ ဖြစ်၏။

"မယ်မင်း - မစွပ်စွဲပါလင့်၊ အော် - ယခုပဲဒို့ဖြုပြမယ်၊ မယ်မင်းတို့သားအဖ ဆင်းရဲနေတာ ငါတို့ မကြည့်ရက်နိုင်စွ - ဟုတ်တာ"

ဦးပန်းတောင်းသည် ပြောရင်းကပင် အိုနံ့သာ၏ပါးပြင်ကို အတင်းနမ်း သည်။ အသက်ကြီးသူသည် အတွေ့အကြုံများနိုင်၏။ သို့သော် စုံလင်ပြီဟု တော့ ဘယ်တော့မျှမရှိရေး၊ ဦးပန်းတောင်းမြင်ခဲ့ဖူးသမျှ လုံမငယ်တွေသည် ငွေရိပ်ပြ၍ ရင်ငွေပေးလိုက်လျှင် ပျော့ပျောင်းနူးညံ့ကာ သူ့အပိုသို့ ပါသည် ချည်းဖြစ်၏။ သို့သော် အိုနံ့သာကား ချွင်းချက်ဖြစ်နေသည်။

www.burmeseclassic.com

လုံမငယ်သည် သူနမ်းလိုက်ခါမှ ရှိသမျှ အင်အားတွေ ထုတ်ကာ အပြင်သို့လည်း ရုန်းထွက်သည်။ လက်တစ်ဖက်ဖြင့်လည်း သူ့ဖမ်းကို လှန်၍တွန်း၏။ အိုနံ့သာ၏အားအင်သည် မသေးလှချေ။ ဦးပန်းတောင်းမှာ ဖက်ကြီးလန်၍ အိုနံ့သာ ရုန်းနေရာသို့ ဒရွတ်ဒရွတ် ပါနေရသည်။

သို့ဖြင့် ဦးပန်းတောင်းသည် အိုနံ့သာကို ခြေခွင်ကာ ကိုယ်ကြီးဖြင့် ဖိချရသည်။ ထိုအခါ အိုနံ့သာမှာ မြက်ငယ်၊ ပင်ငယ်များပေါ်သို့ ပက်လက်လန်လဲကျ၏။ ဦးပန်းတောင်း၏ကိုယ်ကြီးမှာ သူ့အပေါ်က မိုး၍ဖိထားသည်။ ထမိစမှာ ပြေ၍ စွင့်ကားသော ရင်သားအစုံအဝက်မှာ ထွက်ပြူလာသည်။

ဦးပန်းတောင်း၏မျက်လုံးများမှာ ပြူးကျယ်လာ၍ အခိုးအငွေ့တွေ လွှတ်နေသလား ထင်ရ၏။ အသက်ရှူသံမှာလည်း ပြင်းထန်လာသည်။ အိုနံ့သာကို ကိုယ်ကြီးဖြင့် ဖိထားလျက်က လက်ဝဲလက်ဖြင့် အပေါ်ဘက်ထမိစကို ဆွဲချရန် ကြိုးစားသည်။ အိုနံ့သာကတော့ လက်နှစ်ဖက်နှင့် တွန်းနေ၏။

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် ဦးပန်းတောင်းသည် လှမ်းကြည့်မိ၏။ သူ့ကို ရုန်းကန်ဖိနှိပ်နေကြသည်မှာ ချုံကလေးတစ်ခုနောက်ကွယ်တွင်ဖြစ်သည်။ လဲကျသွားရသော အိုနံ့သာ၏ ကိုယ်အောက်တွင် သစ်ကိုင်းခြောက်တစ်ခု ရှိ၏။ ထိုသစ်ကိုင်းခြောက်မှာ ရုန်းကန်နေသောဒဏ်ကြောင့် အဖျားပိုင်းသည် လှုပ်ရှားနေ၏။ ထိုအဖျားပိုင်းသည် ချုံစပ်တွင် ခွေနေသော မြွေဟောက်ကို ထိုးဆွသလို ဖြစ်သွားသည်။

မြွေဟောက်သည် မာန်ဖီ၍ ပါးပျဉ်းကို ထောင်၏။ ဦးပန်းတောင်းကား မြွေဟောက်ကို နီးကပ်စွာ မြင်သည်နှင့်တစ်ပြိုင်နက် ချက်ချင်းပင် ထ၍ ကန်ဘက်သို့ ထွက်ပြေးလေတော့၏။

အိုနံ့သာသည်လည်း လူးလဲထကာ ထမိကိုပြင်ဝတ်ပြီး တဘက်ကိုလွှား၊ တောင်းကိုဆွဲ၍ ခပ်သုတ်သုတ် ပြေးခဲ့သည်။ စိတ်ထဲက တောစောင့်နတ်များကို ရှိခိုးပူဇော် အမျှဝေသည်။ ကျေးဇူးလည်း တင်မိ၏။ သူတို့၏ဘဝကား မင်း၏အာဏာကိုလည်း အားမကိုးနိုင်၊ ငွေကြေးကိုလည်း အားမကိုးနိုင်ဖြစ်ရသဖြင့် သူဆင်းရဲတို့၏အားကိုးရာ နတ်များကိုပင် ဦးတင်နေရသည်။ သူတို့နေ့စဉ်နှင့်အမျှ ထိတွေ့ဆုံကြုံနေရသည်မှာ တော၊ တောင်၊ ရေကန်များ ဖြစ်သည်။ ရုပ်အားဖြင့်လည်း ဒါတွေကို အားကိုးနေရဝေရော နာမ်ပိုင်းအရေးတွင်လည်း တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရေကန်စောင့်နတ်တွေကိုပင် အားကိုးနေရသည်။ ဆင်းရဲသူတို့အဖို့ အချိန်မရွေး ထိတွေ့ပြောဆိုရတောင်းနိုင်သည်မှာ သူတို့ပင် မဟုတ်ပါလား။ လူမင်း၏ဘုန်းကို အဓမ္မသားတို့သည် အလွဲသုံးစားပြုနေသော် နတ်မင်း၏ဘုန်းဖြင့် ဟန့်တားထားမှ လောကတွင် တရားမကွယ်နိုင်ဟု သူတို့ ယူဆနေကြရ၏။

လုလင်ကျော်ဖြစ်ရန်မှာ ဓားရေးကောင်းရ၏။ ကာလနံသံပျင်ဖြစ်ရန်မှာ ဘုရင့်ယုံကြည်မှုကို ရရ၏။ လောကတွင် စိတ်ထင်ရာလုပ်နိုင်ရန် ငွေကြေးတောင့်တင်းရ၏။ သို့သော် နတ်တွေ ကိုးကွယ်၍ နတ်ကျွန်ဖြစ်ရန်ကား ဓားရေးလည်း ကောင်းဖို့မလို၊ နန်းတွင်းသို့ပေါက်ရောက်ရန်လည်းမလို၊ ငွေကြေးလည်း တောင့်တင်းဖို့မလို။ ထို့ကြောင့် သူတို့သည် နတ်တွေကို အားကိုး၏။

အိုနံ့သာသည် တောင်းကလေး ခါးစောင်းတင်ကာ အိမ်ထဲသို့ ဝင်လာသည်။ အိမ်ဝတွင် ထိုင်၍ မိမိကို စိုက်ကြည့်နေသော ဖခင် ဦးဖြစ်သင်ကိုမြင်သော် ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားသည်။ ဤအကြည့်သည် မိမိကို ကြိုလင့်နေသောအကြည့်မျိုး မဟုတ်။ အစိတ်အစေး၊ အမေးအမြန်းသဖွယ်ကြည့်နေသော အကြည့်သာဖြစ်သည်။ သို့ဖြစ်သောကြောင့် အိုနံ့သာသည် စိတ်ထဲတွင် မလုံသလိုဖြစ်ကာ သူ့ကိုယ်သူ ပြန်ငုံ့ကြည့်မိပြီးမှ တောင်းကိုချ၍ ဖခင်၏ဘေးတွင် ပုဆစ်တုပ် ဝင်ထိုင်၏။

"သူကြွယ်ဆိုးနဲ့ ကြုံမိခဲ့သေးသလား"

အိုနံ့သာ၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ အမှန်ကို အကုန်ပြော၍ မဖြစ်သေး။ သမီးတစ်ခု၊ ဖအေတစ်ခုဖြစ်ရာ အမှန်ကိုပြောလိုက်လျှင် နှစ်မျိုးဖြစ်သွားနိုင်၏။ တစ်မျိုးမှာ ဖခင်ကြီး စိတ်အားငယ်ပြီး ရင်ထဲတွင် တနုံ့နုံ့စိတ်မချမ်းသာမှုကို ခံစားနေရမည်။ ထိုသို့မဖြစ်လျှင် ဦးပန်းတောင်းထံသွား၍ စိတ်လိုက်မာန်ပါတွေပြောနိုင်၏။ ဦးပန်းတောင်းကား ကာလနံကြီးပိုင်လသော ကိုယ်တိုင်က လေးစားပါသော သူကြွယ်ကြီးဖြစ်ရာ ဖခင်ကြီးပင်လျှင် အမှုတွေ ရောက်ကုန်တော့မည်။

www.burmeseclassic.com

မိမိကာ[illegible]ကျော်စွာပင် အပျိုရည်ပျက်ခဲ့ခြင်း မရှိသဖြင့် ဤမျှ [illegible]ကြီးကို သောကမရောက်စေလိုပါ။ ရှေ့ဆက်၍ ဒုက္ခတွေ [illegible]တစ်တန်းဖြစ်ပေါ်လာမည့်အရေးသည်လည်း လိုလားစရာ မကောင်းပါ။ မိမိကသာလျှင် လိမ္မာပါးနပ်စွာ ဘေးကင်းအောင် ကြည့်နေတော့မည်ဟု အိန္ဒသာသည် စိတ်ကူးမိ၏။

"မကြိမ်ခဲ့ပါ - အဖေ၊ အကြောင်းအသိုရှိပါစုံ"

"သူ - ဒီကိုလာသွားတယ်၊ မယ်မင်းကို မေးပြီးထသွားလို့"

"မတွေ့ခဲ့ဘူး - အဖ၊ သူ့အလိုအလျောက် ကန်ကို အကြည့်လာတာ ထင်ပ"

"အိမ်း - သူ့နှုတ်ကလည်း သည်စကားပဲ ထွက်ခဲ့တယ်၊ အနို့ပေမဲ့ သင်းတို့လိုလူမျိုးစားတွေရဲ့နှုတ်က စကားမှန် အထွက်ခဲသားတကား။ သူက စွေ့ရှိန်တက်နေတယ်၊ မယ်မင်း - သတိနဲ့သာ စားသွားနေပါဘိ၊ သိက္ခာတရားဆိုတာ အမျိုးလေးပါးအားလုံးနဲ့ ဆက်ဆံတယ်၊ သင်းမှာ ရှိသင့်ပါလျက်ကနဲ့ သိက္ခာမဲ့တာကြောင့်တော့ ငါတို့လို လူမျိုးစားတွေက သိက္ခာလိုက်မမဲ့ရဘူး၊ သိက္ခာကို စောင့်စည်းပြုရမယ်၊ သိက္ခာရှိတဲ့လူစုထဲမှာ ဘယ်တော့မှ တရားမကွယ်၊ သင်းတို့ သိက္ခာမဲ့ရင် သင်းတို့အထံမှာ တရားကွယ်မှာပ"

အိန္ဒသာသည် ခေါင်းတလေး တဆတ်ဆတ်ညိတ်ပြရာက ဖခင်ကြီး၏ လက်မောင်းကို ဆုပ်ကိုင်သည်။

"အဖ - စကားကြွင်းသေးပါစုံ"

ဦးဖြစ်သင်တ ခေါင်းကို ခါပြ၏။

"အနို့ဖြစ်ရင် မနက်စာချက်ဖို့ဟာ ရှိလတ်သေး"

"အိမ်း - သွားချည်၊ ငါလည်း ဘုရားဝတ်ပြုဦးမယ်၊ သာသနာဆိုတာ ယုံကြည်နေသသူတွေအထံမှာ ဘယ်တော့မှမကွယ်တည့်ဘူး - သမီးငယ်"

အိန္ဒသာသည် တောင်းတလေးကိုဆွဲ၍ နောက်ဖေးဘက်သို့ ဝင်သွားလေတော့၏။

ညောင်ထီးရွာ ကလန်ကြီး ဦးလုံ့လသင်သည် သူ၏လုလင်ကျော်များ ဖြစ်ကြသည့် ငတပါး၊ ငနောင်နှင့် ငစပ်တို့နှင့် အိမ်တွင် စကားပြောဆိုနေသည်။

"ဒီတော့ - ငါတို့က ရွာကိုအထူးအရေးအရန် [illegible]ရှင်ကြရမှာ ဖြစ်တယ်၊ သူခိုးသူဝှက် မုဒိမ်းတန္တ ကင်းရှုံ့နဲ့ စိမံကွပ်တဲ့မှု [illegible]လို့ ခေါ်သိသာဘူး၊ ရွာ့အရေးအဝယ် အနေအထိုင်မှန်တန်ဖို့၊ တရားနဲ့အညီ ဖြစ်စေဖို့ဟာလည်း ငါတို့ အန်ထောင်ကျင့်ကြံရမှာ ဖြစ်တယ်"

ငနောင်သည် ပုဆစ်တုပ်ထိုင်နေရာက ဝင်ထောက်၍ ပြော၏။

"ဩ - ဩ - အတို့ကျွန်တို့ ညောင်ထီးရွာဟာ ချယားပင်တိုရွာအောက် မလျော့ပါဘူး၊ အရာခပ်သိမ်းအေးချမ်းပြီး တရားနဲ့ ညီညွတ်နေမြဲ ဖြစ်ပါတယ်ကော"

"အိမ်း - သာယာမြဲ၊ ဝပြောမြဲဆိုရင် ငါတို့ ဝမ်းသာရမှာပ၊ မောင်မင်းတို့၊ ငါတို့ဟာ မင်းမှုထမ်းတွေဖြစ်တယ်၊ သည်တော့ - ငါတို့အပြုအမူ အကျင့်အကြံဟာ ရွှေတောင်(နန်းတော်)အထိ တာသွားနိုင်တယ်၊ ငါတို့ကို ရွာသူတွေ ကြည်ညိုဖို့ လိုအပ်တယ်ဆိုတာ နှလုံးသွင်းကြ၊ လောကမှာ ကြည်ညိုမှု လေးစားတယ်"

သူတို့စကားပြောနေကြဆဲတွင်ပင် ဧည့်သည်တစ်ယောက်သည် ဝင်ရောက်လာလေ၏။ သူကား ညောင်ထီးရွာ၏ သူကြွယ်ကြီး ဦးပန်းတောင်းပင် ဖြစ်သည်။

"ရော - သူကြွယ်ကြီးပါတကား။ ကြွဘိ - ကြွပါဘိ"

ဦးပန်းတောင်းသည် ပတ်ဝန်းကျင်က လုလင်ကျော်တွေကို တစ်ချက် ကြည့်လိုက်ရင်း ကလန်ကြီးဘက် လှည့်၍စကားဆိုသည်။

"အလို - ထူးပါတကား၊ အစည်းအဝေးပြုနေတယ်မှတ်တယ်"

"ဆွေးနွေးကြရတာပ - သူကြွယ်ကြီး၊ ရွှေတောင်က ထွေတော်အတိုင်းပဲ၊ ပန်းတင်ရွာ သံပျင်ပောင်းလွန်သွားရာမှာ သံပျင်သစ်အဖြစ် ရာဇပါ ဆိုသသူရင်တယ်လို့ သောင်းပါးစာရွှန်ရောက်တယ်"

ဦးပန်းတောင်းသည် မျက်မှောင်ကုပ်သွား၏။

"ရာဇပါဟူတာ ဘွဲ့မည်ရည် ဖြစ်နီးတယ်၊ ငယ်နာမည်တော့ ရှိမှာ [illegible] အသူများ ဖြစ်ပါစုံ"

"ငယ်မည်ရှိလည်း သိနိုးမယ်မဟုတ်ပါ၊ ပန်းတင်ရွာ[illegible]မဟုတ်၊ နေပြည်တော်မှာ ခစားထမ်းရွက်နေသသူကို ချီးမြှင့်လိုက်[illegible]လို့ ဟုတယ်၊

www.burmeseclassic.com

သံပျင်သစ်ဖြစ်တော့ စီရင်နက် ရွာတွေကို အစိတ်အစေး လှည့်လည်မှာဟုတ်တာ။ ဒါကြောင့် - ရွာကို ဗိဗိစီးစီး အခန့်အရန် ပြုကြဖို့ နလင်ကျော်တွေကို အမှာသွင်းနေတာပ"

"ကျုပ်တို့ရွာက အခြေကောင်းမွန်နေပြီဟာကို ဘောက်မဲ့ကြောင့် စိုးရိမ်ကြီးနေရပါဘိ။ အမည်မဆိုးပါဘူး - ကာလန်ကြီးငယ်"

"အမည်မဆိုးပါ။ အစိုးတန်သည်ထက်တန်အောင် ကွပ်ကဲခြင်းသာ ဖြစ်ပါတယ်လေ၊ အနို့ - ကျုပ် တစ်ခုအကြံရှိတယ်"

"ဟုပါဘိ၊ သင့်နိုး၊ မသင့်နိုး ဆင်ခြင်ကြတာပ"

"မကြာမြင့်မီ ပြီးမြောက်တော့မယ့် ကျွဲဖြူကန်ပေါင်ခတ်တာကို ကန်တော့ပွဲကျင်းရင် သံပျင်ရာဇပါကိုပါ ဖိတ်မာန်ရကောင်းနိုးတယ်"

"အလွန်တရာ သင့်မြတ်ပါဘိတယ်၊ သူလည်း ရွာကို ရောက်ဖူးကရော"

သူကြွယ်ကြီးက လိုက်လိုက်လှဲလှဲ ထောက်ခံသည့်တိုင်အောင် ကာလန်ကြီးကား နဖူးကြောကြီးတွေ ရှုံ့နေအောင် တွေးနေဆဲ ဖြစ်၏။

"ကျုပ်အကြံ သည်တွင်မကုန်ဘူး - သူကြွယ်ကြီး၊ သံပျင်ရာဇပါ ရောက်ခဲ့ရင် ကျုပ်က ရွာ့အကြောင်းသိရအောင် ရွာသူရွာသားတွေ ကြေးမောင်းလှည့်ပြီး တင်စရာအမှုရှိရင် ရှိသလို တင်ကြစေဖို့ဗှာ အနံထောင်လိုတယ်"

ဦးပန်းတောင်းသည် တွေသွား၏၊ ကာလန်ကြီးသည် ယုံကြည်စိတ်အပြည့်အဝနှင့်ပင် သံပျင်အသစ်ရှေ့တွင် မိမိ၏အုပ်ချုပ်မှုကို ရွာသူရွာသားတွေ ကျေနပ်လှကြောင်းကိုပြချင်နေ၏။ မှန်၏၊ ကာလန်ကြီးဦးလှံ့လင်သင်ကို ချစ်ကြသည်၊ ကြည်ညိုကြသည်၊ မကျေနပ်သူ ရှိမည်မထင်၊ သို့သော် သံပျင်အသစ်သည် ထောက်ထားစရာရှိသူ မဟုတ်သောကြောင့် ဤရွာသူရွာသားထဲမှ တစ်စုံတစ်ယောက်သည် သာမန်အားဖြင့် ဖွင့်မပြောဝံ့သော မကျေနပ်ချက်တစ်ခုခုကို သံပျင်ရာဇပါ၏ရှေ့တွင် ထုတ်ဖော်ခဲ့သော် မည်သို့ရှိချေမည်နည်း။

သံပျင်ရာဇပါသည် ကာလန်ကြီး၏စကားအရဆိုလျှင် ပုဂံနေပြည်တော်မှလာသူဖြစ်သည်၊ သူ့မှာကား ရွှေနန်းတော်အထိ ပေါက်ရောက်၏။ ထို့ကြောင့် ဤပတ်ဝန်းကျင်တွင် အထက်ဆုံးသောအားဖြစ်သည်၊ ပြီးတော့ ဤရွာနှင့် ဆက်ဆံခဲ့ဖူးသူမဟုတ်သောကြောင့်၊ ထောက်ထားစရာလိုသော ကြောင့် သူ့စီရင်ချက်မှာလည်း တိကျမှန်ကန်နိုင်၏။

နေ့ဘက်နေရောင်ကို ငှက်အများက ရွှင်ပျစွာ ခံယူကြသော်လည်း ခပ်ပုပ်ငှက်ကတော့ မခံယူဝံ့၊ မခံယူလိုချေ၊ လောကတွင် သစ္စာတရား မှန်ကန်မှုသဘောကို မလိုလားသူသည်လည်း ရှိတတ်ပေ၏၊

"ဘသို့လဲ - သူကြွယ်ကြီး၊ နှုတ်ဆိတ်လှချည့်"

"ဩ - မသိပါ - ကာလန်ကြီး၊ ကျုပ်က ဆက်စပ်တွေးတောနေမိတာဘဲပ၊ ကျုပ်က အကြံလျှောက်လိုပါသေး"

"ဟုဘိ - ဘသို့ လျှောက်ပါဦးမယ်"

ကျွဲဖြူကန်က အုတ်တွေ အရံသင့်ဖြစ်ပြီမို့ တစ်ဖက်ပေါင်ကို အပြီးခတ်ဖို့ပဲ ကြွင်းတယ်၊ ကန်ဆိုတာ လေးပေါင်ခတ်ပြီးမှ ပြီးမြောက်တယ်မဟုတ်ပါစုံ၊ သည်တော့ - ကန်ပေါင်ကို အပြီးခတ်ကြဦးမယ်၊ ပြီးမှ - ကန်တော်ပွဲကျင်းကြတာပ"

"ဩ - ဩ - ကျုပ်သဘောကလည်း ကန်ပေါင်ကို အပြီးသတ်ခတ်ဦးမှာပ၊ ဟူးရားတတ် သောက်ကြီးနဲ့လည်း အတိုင်အပင် ပြုရဦးမယ်၊ သူရွေးချယ်တဲ့အခါကာလမှာ ကန်ပေါင်အပြီးသတ်ခတ်၊ ခတ်ပြီးတဲ့ကာလမှာမှ ပွဲတော်ကျင်းမယ်၊ သံပျင်ဇရာပါကို ဖိတ်မန်မယ်ပ"

"အင်မတန်ကောင်းမွန်လျှောက်ပတ်တဲ့ အကြံပေပ - ကာလန်ကြီး"

အချိန်ကား နွားရိုင်းသွင်းချိန် ဖြစ်၏၊

ဦးပန်းတောင်း၏ အိမ်ထောင့်မန်ကျည်းပင်ကြီးအောက်ရှိ ကွပ်ပျစ်ပေါ်တွင် ဦးပန်းတောင်းနှင့် လုလင်ကျော်နှစ်ဦးဖြစ်သော တေပါးနှင့် ငနောင်တို့ ရောက်ရှိစကားပြောနေကြသည်၊ အပါးတွင် လက်တိုလက်တောင်း အလုပ်ကလေးများ လုပ်ကိုင်ပေးရန် ဦးပန်းတောင်း၏ တပည့်ကျော် ကြော့နှင့် အေနန်းသီးတို့လည်း ရှိကြ၏။

"တားကြဘိ - သောက်ကြဘိ၊ အသက်ရှင်နေနိုက်သာ ပျော်ပါးလို့ရတာ၊ အသက်ရှိတုန်း ပျော်ကြဘိ"

www.burmeseclassic.com

ဦးပန်းတောင်းက အရွယ်နှင့်မလိုက်အောင် ရွှင်ရွှင်ပျပျ ပြောသည်၊ သူသည် လုလင်ကျော်များကို အရုတ်နှင့် ကြွက်သားကြော်များဖြင့် ညှော်ခံနေ၏။

ငနောင်သည် ကြွက်ပေါင်တစ်ခုကို ကောက်ယူကိုက်ဖဲ့ရင်း မေးသည်၊

"သူကြွယ်ကြီး - ပယ်မယားကော မမြင်မိပါတကား"

"ပယ်မယား မဟုတ်၊ မယားသာ ဖြစ်တယ် - ငနောင်"

"ငယ်စဉ်ကတော့ ချစ်ခင်ခဲ့တယ် မဟုတ်ပါစုံ"

"မှန်သပ - ခုတော့ - မချစ်နိုင်၊ သင်းက အရှေ့ကျောင်းမှာ တရားယူပြီး တရားများ အားထုတ်နေမင့်ဟာ ငါတို့ ဝမ်းကွဲလှတယ်၊ ငါတို့ မလိုက်နိုင်တဲ့ နိဗ္ဗာန်ကို သူ သွားချင်မှတော့ သင်းက လမ်းခွဲတာပ - ဟား - ဟား"

"ဩ - ဩ - ဆင်းရဲလေမှ သံဝေရတတ်ပါ၊ သူကြွယ်မယား စိတ်ထားယွင်းရှာလေသကိုး - ဟား - ဟား"

ငနောင်ကပါ ရောယောင် ရယ်သွမ်းသွေး၍ အရွှန်းစကားကို ဆို၏၊ သူတို့သည် ကြွက်ကြော်ကလေးဝါးလိုက်၊ အရက်ကလေး မျိုလိုက်နှင့် စိတ်တွေ ပေါ့ပါးနေ၏၊

သို့သော် ရုတ်တရက် မျက်နှာညှိုးသွားသူကတော့ သူကြွယ်ကြီး ဦးပန်းတောင်းပင် ဖြစ်ပေသည်၊

"ငနောင် - ငါ့မှာ သောကရှိနေတယ်"

"ဘသို့များဖြစ်ပါစုံ - သူကြွယ်ကြီး"

"သံပျင်ရာဇပါရှေ့မှာ ရွာက တင်လိုသသူ တင်ခွင့်ပေးမယ်လို့ နေ့လယ်ခင်းက ကာလန်ကြီးပြောစကား မောင်ရင် မကြားသလား"

"ကြားပါသော်ကော၊ အနို့ပေမယ့် - ဘသို့ထူးမှာစုံ"

"အိုနံ့သာပေပ၊ သင်းကို ငါ ကြံစည်ခဲ့သရွေ့ မအောင်မြင်ခဲ့ပြီဘူး"

ဤတွင် ငတေပါးက ကြားဝင်မေး၏၊

"အဘယ်ကိစ္စကို ရိပ်ပါသလဲ - သူကြွယ်ကြီး၊ လုံမချစ်ရည်သူ ဝေဝ်ကို အတို့ကျွန်တို့ သုတ်သင်ခဲ့တဲ့အရေးလား၊ ဒါက ကြာပါပြီကော"

"အပေဟ် - လွန်ခဲ့တဲ့ သုံးလေးနှစ်ကို ငါ မဆိုပါဘူး၊ မနေ့နံနက်က ကန်အရှေ့ဘက်တောထဲမှာ ငါ ကြံစည်ခဲ့တယ်၊ မအောင်မြင်ပြီဘူး၊ လုံမငယ်တွေ

ဟာ အကြံအစည် အောင်မြင်သွားရင် နတ်ပြိမ်ကရော၊ ယခုတော့ - သင်းတာ မကျေမနပ်ဖြစ်ပြီး ထုတ်ဖော်တင်မှာ စိုးရွံ့တာပ"

ငနောင်သည် ခပ်တွေတွေဖြစ်ရင်းက ဝင်ပြောပြန်၏၊

"ဖုန်းစားသူရဲ့သမီးစကားက တရားပါမယ်မထင်ပါ"

"အိမ်း - ကာလန်ကြီးအတွက်တော့ ဟုတ်တာပ၊ သံပျင်ရာဇပါက သည်မှာဘက်ဒေသမှာ လူသစ်ဆိုတော့ တင်သမျှ တာယူရင် မခက်ပါစုံ"

"ဖုန်းစားသူတစ်ယောက်ရဲ့သမီးစကားဟာ သူကြွယ်တစ်ယောက်လောက်ပင်မထယ် မထင်ပါ၊ မျက်မြင်မရှိတဲ့အရေးပဲ၊ ပြောင်ငြင်းရမှာပ"

ငနောင်က ဤသို့ပြောသော်လည်း ဦးပန်းတောင်းကတော့ ဘဝင်ကျပုံမရှိသေးချေ၊ ထို့ကြောင့် ငနောင်ကပင် ဆက်ပြောသည်၊

"သူကြွယ်ကြီး - ဘသို့လုပ်ချင်ပါစုံ၊ ငွေပေးရမှာလည်း ဖြစ်သင်ဟာ သူဖုန်းစားဖြစ်ခဲ့ပေမယ့် မာနက မသေးနိုးတယ်"

ဦးပန်းတောင်းက ခေါင်းကို ခါယမ်း၏၊

"ငွေကြေးပေးလို့မဖြစ်ဘူး၊ ဖြစ်သင်သိသွားမှာပ၊ ယခုအထိ ဖြစ်သင်ငြိမ်သက်နေပုံထောက်တော့ သင်း မသိသေးတာ အမှန်ပ၊ ငါ့သဘောကတော့ အိုနံ့သာဟာ ငါ့ကိုငြင်းခဲ့သသူမို့ မက်မောစရာ မလိုပါဘူး၊ သင်းရဲ့နှုတ်ကို ထာဝစဉ် ပိတ်ပစ်မယ်ကြံတယ်"

ငနောင်သည် မျက်မှောင်ကုပ်၍ ကြည့်၏၊

"ဘသို့ပြုချင်ပါစုံ၊ အတို့ကျွန်တို့က ဓားပိုင်ပေမယ့် တရားမဆိုင်ရင် မလုပ်ဝံ့ပြီဘူး"

"တရားလည်း ဆိုင်ရမှာပလေ၊ ငါ ကြံနိုင်ပါတယ်၊ တရားဆိုင်အောင် လုပ်ပေးရင် ဓားကိုင်ဖို့ မောင်ရင် အတာယူမှာစုံ"

"ကာလန်ကြီးသဘောမှာ တရားနဲ့ ဆက်ဆံတယ်ထင်ရင် ဓားကိုင်ပြီး လုံမရဲ့နှုတ်ကို ပိတ်ဖို့ အတို့ကျွန်ရဲ့တာထားပါဘိ"

ငနောင်၏စကားအဆုံးတွင် ငတေပါးကလည်း ဝင်ရောက်၍ အာမခံသည်၊

"အတို့ကျွန်ကလည်း တာကို ခွဲခြမ်းယူပါတယ် - သူကြွယ်ကြီး၊ အကြံအစည်ကိုသာ ဟူပါဘိ၊ မစိုးရွံ့ပါလင့်"

www.burmeseclassic.com

ဦးပန်းတောင်းသည် ရယ်သွမ်းသွေးကာ အရက်ကျည်တောက်ငယ်ကို ကောက်၍ တစ်ကျိုက်မော့လိုက်၏။ ငနောင်နှင့် တေပါးတို့သည် ကြက်ကြော်များကို ပလုတ်ပလောင်း စားသောက်နေကြ၏။ ကြွက်သည် ကြက်ကြော်နောက်တစ်ပန်းကန်အပြင် မရန်းသီးသုတ်ကလေးပါ ယူလာပေးသည်။

ဦးပန်းတောင်းသည် သူ့အကြံအစည်ကို အသေးစိတ်ပြောရန် ခါးကို ရှေ့သို့ ကိုင်းလိုက်လေ၏။

၃၉

လှည်းကလေးသည် ပန်းတင်ရွာမှ ထွက်လာ၍ သိပ်မကြာမြင့်မီပင် နောက်က မြင်းစီးသမားတစ်ယောက်သည် ပေါက်ချလာသည်။

သို့သော် ထိုခေတ် ထိုအခါက လူတိုင်းသည် လှည်းနှင့်သာ ခရီးသွားကြသည်မဟုတ်။ ခြေကျင်သွားကြသူများလည်း ရှိသည်။ ထို့ပြင် မြင်းနှင့် ခရီးသွားကြသူများလည်းရှိကြသဖြင့် မြင်းစီးသမားတစ်ဦးကို တွေ့ရုံနှင့် အဆန်းတကြယ်မဖြစ်ချေ။ အခါသမယကလည်း လူဆိုးသူခိုးများကင်းမဲ့သည့်ကာလ ဖြစ်၍ မြင်းစီးသမားမြင်ရုံနှင့် သောကဖြစ်စရာ မလိုချေ။

လှည်းပေါ်တွင် ခရီးသွား ငါးဦးပါသည်။ ထိုငါးဦးအနက်တွင် ခမောက်ကို ဆောင်း၍ ဖျဉ်ကြမ်းအကျီလက်တိုနှင့် အိုနံ့သာလည်း အပါအဝင်ဖြစ်သည်။ သူတို့၏လှည်းရှေ့မလှမ်းမကမ်းတွင် လှည်းနှစ်စီးသည်လည်း ရှေ့ဆင့်နောက်ဆင့် သွားနေကြ၏။

အိုနံ့သာသည် လှည်းနောက်ပိုင်းတွင် လှည်းရံတိုင်များကိုမှီ၍ ထိုင်လာသည်ဖြစ်ရာ တဖြည်းဖြည်း ကပ်၍လာသော မြင်းသမားကို လှမ်းကြည့်မိသည်။ ထိုသို့ကြည့်မိခြင်းကား သူ၏အမှားဟုပင် ဆိုရချေတော့သည်။

မြင်းစီးသမားသည် ဓားကိုလွယ်ထား၏။ သို့သော် ဓားလွယ်သည်လည်း အဆန်းတကြယ်မဟုတ်။ လုလင်ကျော်တွေလည်း ဓားလွယ်ကို ဘယ်တော့မှမချ။ သူတို့တွင်သာ မဟုတ်။ ဓားရေးကျွမ်းသူ ခရီးသွားတိုင်းပင် ဓားလွယ်ပါတတ်ကြသည်။ နေပြည်တော်မှ ရဲမက်တော်တို့သည်လည်း ဓားလွယ်ပါတတ်ကြ၏။ သို့သော် ဤဒေသမျိုးမှာ နေပြည်တော်နှင့် အလှမ်းဝေးသဖြင့် ရဲမက်တော်တွေကိုတော့ တွေ့ရခဲလှပါသည်။

မြင်းစီးသမားသည် ချည်ပုဆိုးကို အောက်ပိုးတချိတ်ထား၏။ အတိုတတ်ထားခြင်းမရှိဘဲ တဘက်တစ်ခုကိုသာ နောက်ပြန်ချထားရာ တဘက်စနှစ်ခုမှာ နောက်သို့ တစ်ချက်တစ်ချက်တွင် လွင့်လူနေသည်။ ဦးခေါင်းတွင် ဝါးဦးထုပ်ကို ဆောင်းထားသည်။ အဝတ်အစားအားဖြင့်တော့ လုလင်ကျော်တစ်ဦးဟု မဆိုသာပါ။ သာမန်ခရီးသွားတစ်ယောက်ဟုပင် ယူဆရသည်။ လည်ကို သိုင်းထားသော တဘက်အောက်က မို့၍မို့၍ ထွက်ပေါ်လာသော ရင်အုပ်ကြွက်သားများ၊ လက်မောင်းကြွက်သားများသည် မြင်းစီးသမားကို ခန့်ညားထည်ဝါစေသည်။ မြင်းကို ခပ်အေးအေးပင် အသားကျ စီးလာ၏။

အိုနံ့သာ၏မှားယွင်းချက်ကား မြင်းစီးသမား၏မျက်နှာကို ကြည့်မိခြင်းပင် ဖြစ်လေသည်။

မျက်နှာသည် မျက်နှာစိမ်းဖြစ်သည် မှန်၏။ နှစ်ဆယ်ကျော်ကာမတ္တမျှရှိသေးသော လုလင်၏မျက်နှာသည် နေအကျော်ကြောင့် ညိုမောင်းနေသည်မှန်၏။ သို့သော် သေးသွယ်သော်လည်း ထင်းနေသော မျက်ခုံးနှစ်ခုအောက်မှ မျက်ဝန်းတို့သည် ပြည့်ဝ၍ စူးရှသောအကြည့်နှင့် ပြည့်စုံသည်။ ထူထဲသော နှုတ်ခမ်းလွှာသည် ထာဝစဉ်ပင် ပြုံးယောင်ယောင်အသွင်ကို ဆောင်နေ၏။ ရှည်လျားသောနားတောင်း၏ထိပ်များမှ သုံးလုံးတန်းကျောက်ကလေးများသည် နေရောင်အပြင်တွင် လက်ခနဲ လက်ခနဲရှိ၏။

အိုနံ့သာက သူ့ကိုကြည့်သဖြင့် လုလင်သည်လည်း အိုနံ့သာကို မြင်းပေါ်မှ ပြန်ကြည့်သည်။

အကြည့်ချင်းဆုံသည့်ခဏတွင် အိုနံ့သာ၏ရင်ထဲတွင် အသက်ရှူတွေမှားသွားရ၏။ မိမိ၏နှလုံးသားထဲမှ ချစ်ပန်းပင်သည် ချစ်ဦးသူ့ စေင်နှင့် အတူပါသွားပြီး ထပ်မံ၍ မရှင်သန်နိုင်တော့ဟု သူ ယူဆခဲ့သည်။ ဟော - ယခုတော့ ရွှေရင်တွေ ခုန်၍ ချစ်မျိုးစေ့သည် နှလုံးသားထဲတွင် သန္ဓေယူနေပြီကော။

အိုနံ့သာသည် မျက်လွှာကို ချလိုက်၏။ ဂုဏ်ချွေတံခါးကို ဆွဲပိတ်၍ နှလုံးသားကို ထိန်းချုပ်လိုက်ရပေရာ နှလုံးသားကမူ လုလင်၏မျက်နှာကို ထပ်မံတွေ့ရပါရန် ငိုယိုပူဆာနေသည်။ အိုနံ့သာသည် ခမောက်ကို ချွတ်လိုက်ပြီး ပန်ထားသော အဝါရောင်ပန်းပွင့်ကို မြဲအောင်ပြင်၍ပန်သည်။

www.burmeseclassic.com

www.burmeseclassic.com

လှလှလင်ထံမှ မျက်နှာကိုလွှဲ၍ထားသော်လည်း ခမောက်ချွတ်လိုက်၍ ပို၍ထင်ရှားသွားသော မိမိ၏မျက်နှာကိုလည်း လှလှလင်သည် စိုက်၍ကြည့်နေမည်ဟု စိတ်ထဲက တစ်ထစ်ချ မှတ်ယူမိသည်။

မျက်နှာကို ကြာကြာလွှဲထား၍မရ၊ သူ ငါ့ကိုကြည့်နေသလား၊ သူ ငါ့ကို ကြည့်နေသလားနှင့်ဖြစ်ကာ လှလှလင်ကို ထပ်မံ၍ ကြည့်ချင်စိတ်များသည် တားမရ၊ ဆီးမနိုင်ဖြစ်လာရကား ဦးနှောက်က မထိန်းချုပ်နိုင်မီပင် နှလုံးသား၏စေခိုင်းချက်ဖြင့် မျက်လုံးတို့သည် ဖျတ်ခနဲ မော့ကြည့်မိ၏။

လှလှလင်ကား သူထင်သလိုမဟုတ်ချေ။ သူတို့လှည်းကိုကျော်၍ ရှေ့ဘက်အဝေးဆီသို့ မှန်းမျှော်ကြည့်ရင်း လိုက်ပါလာသည်။

အိုန့်သာသည် နှုတ်ခမ်းရှုယောင်ယောင်ဖြစ်သွားကာ ခမောက်ကို ဆောင့်ကြီးအောင့်ကြီးနှင့် ပြန်ဆောင်းလိုက်လေ၏။

ခဏအကြာတွင် သူတို့သည် တံပြက်စမ်းကွန်းထောက်စခန်းသို့ရောက်ရှိခဲ့ကြလေ၏။ လှည်းသုံးစီးမှ ခရီးသည်များသည် ကိုယ်ကြိုက်ရာနေရာတွင် စမြိန်စာထုပ်များကိုဖြေ၍ စားသောက်ကြသည်။ နံနက်စာ စားသောက်ကြ[...]သော် ခေတ္တနား၍ ဆေးတံများ သောက်ခြင်း၊ ဆေးငုံ၍ သစ်ပင်ရင်းများတွင် မှိန်းခြင်းကို ပြုလုပ်နေကြ၏။

အိုန့်သာသည် တံပြက်စမ်းကလေးအနီးတွင်ရှိသော စေတီငယ်တစ်[...] တွင် တောပန်းကလေးများ ကပ်လှူကာ ဘုရားဝတ်ပြု၏။ ဝတ်ပြုပြီးသော်[...] စခန်းချရာသို့ ပြန်၍ လှည်းအထွက်ကိုစောင့်ရန် ရှာခနဲ လှည့်လိုက်ရာ [...] နောက်ပါးတွင် ခြေစုံရပ်နေသော သူတစ်ဦး၏ ခြေထောက်ပိုင်းကို မြင်ရ[...]

အစိမ်းရောင်တွင် ချည်နက်ဖြင့် ချယားအပွင့်ကလေးများ ဖောက်ထ[...] သော သည်ပုဆိုးကို အောက်ပိုးကျိုက်ထားသည်ဖြစ်စေ၊ ယခုကဲ့သို့ [...] ထားသည်ပင်ဖြစ်စေ သူ ကောင်းကောင်းမှတ်မိပါသည်။ မှတ်မိသဖြင့်လ[...] ရင်တွေ ခုန်သွားရ၏။ နှလုံးသား၏ နိုင်းစေချက်ဖြင့် မျက်နှာကို မော့ကြည့်[...] သည်။

ငုံ့ကြည့်နေသော မျက်နှာသည် ရွှင်လန်းစွာနှင့် ပြုံးရယ်နှုတ်ဆက်[...] ၏။ ဝါးဦးထုပ်တော့ ချွတ်ခဲ့ပါပြီ။ နက်ကျောသောရောင်ကို ပိုးပဝါအထော[...] ကလေးဖြင့် စည်းပတ်ထား၏။

"ခရီးဖော်အချင်းချင်းမို့ စကားဆိုမဖျင်းရင် ပဲ့ဝေါက်ဝင်ရင်းမှာသွားထိုင်ကြရအောင်လား – နှမငယ်"

လှလှလင်သည် ပြောပြောဆိုဆိုနှင့် ပေါက်ပင်ရင်းသို့ သွားနှင့်သည်။

"အို – ငါနဲ့ဘာဆိုင်သလဲ။ သူက သူ့စိမ်း။ ငါ စခန်းကို ပြန်မယ်"

စိတ်က တင်းမာစွာ ပိုင်းဖြတ်၏။ သို့သော် အိုန့်သာ၏ခြေများက ပေါက်ပင်ရင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် လှမ်းသွားကြသည်။

"ကျုပ်အမည်က ငထွေးပုပါ။ နှမငယ်ရဲ့အမည်ကို သိပါရစေ"

"အိုန့်သာ"

တိုးတိုးကလေး ပြန်ဖြေသည်။

"ကျုပ်ကြားတာ မှန်ရင်တော့ နှမငယ်က အိုန့်သာပေပ"

"အြ"

"ပန်းတင်ရွာက အပြန်ထင်ပ့ါ"

"အြ"

"ကုန်ရောင်းသွားတာ ဖြစ်ပါစ့ံ"

"အြ"

"ရော – နှမငယ် – စကား မကြွယ်ပါတကား"

အိုန့်သာထံမှ စကားသံ ဆိတ်နေသည်။

"ထောမနာတယ်မှတ်လို့ ဆိတ်သွားခြင်းများလား။ အိုန့်သာ ဘယ်သို့ ပြန်မှာဖြစ်ပါစ့ံ"

"ညောင်ထီးရွာ"

ငထွေးပု၏မျက်လုံးများသည် တလက်လက် ဖြစ်လာကြ၏။

"အလို – အခင်းသင့်စွဟုတ်တာ၊ ကျုပ်လည်း ညောင်ထီးရွာ ရောက်ရပ့ံ၊ ယခုတစ်လျှောက်ထဲတော့မဟုတ်၊ ချယားပင်တိုရွာကို တစ်ဖြတ်ဝင်ဦးမှာပ၊ နက်ဖြန် သဘက်တစ်ရက်ရက်တော့ ညောင်ထီးရွာ ရောက်ရမှာပ၊ အငန်း မှီလတ်သေး"

အိုန့်သာသည် ဘာမျှပြန်မပြောဘဲ ခေါင်းကိုသာ ငုံ့ထား၏။ [...]ရှုရင်တို့ သည် လှိုင်းထနေသည်၊ တော်သေး၏၊ ဖျင်အင်္ကျီကိုဝတ်ထား[...]က တဘက် တလေးကိုလည်း တင်ထားမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"မော့်ပါဘိ – အိုနံ့သာ"

ဝေထွေးပုသည် မေးကလေး လက်ညှိုးကွေးကလေးနှင့် အသာပင့်တင်၏။ အိုနံ့သာ၏မျက်နှာမှာ မော့၍လာခဲ့သော်လည်း မျက်လုံးများကမူ ဝေထွေးပု၏ရင်ကိုသာ ကြည့်နေသည်။ မျက်လုံးများတွင် မျက်ရည်စကလေးများ လက်နေကြ၏။

"အိုနံ့သာ – အိမ်ဦးသခင် ရှိဦးပြီထင်ပ"

အိုနံ့သာသည် လက်ဝဲလက်ဖြင့် ဝေထွေးပု၏လက်ကို အသာအယာ ဖြုတ်ချပြီး ဦးခေါင်းကို လေးတွဲစွာ ခါယမ်းပြသည်။ ဝေထွေးပုသည် ဝမ်းသာသွားပုံကို အုပ်မထားနိုင်တော့ချေ။

"အလိုလေး – ဝမ်းပန်းသာလှပါဘိ။ အပျိုစင်လုံမနဲ့ကြိမ်ရတာ ဘုရားရှင်မ.တာပေပဲပ။ သည်လိုဆိုရင် – မယ်မင်းခေါင်းကပန်းအဝါကိုပေးလှည့်ပါဘိ၊ ကျုပ် ပန်လိုလှပါတယ်"

အိုနံ့သာသည် ဝေထွေးပုကို ယခုမှ စိုက်ကြည့်သည်။

"ကိုရင် – ခုမြစ်ခုတွေ့ပန်းတောင်းတာ လုံမငယ်မြင်တိုင်း ပန်းတောင်းနေတျ ဖြစ်နီးတယ်"

"ရော ခက်ကပြီ။ ကျုပ်မှာ မယားမရှိ၊ ရည်းစားသူလည်းမရှိ ဟုတ်တာ"

"ပန်းတင်ရွာကို ကြက်သွန်၊ ငရုတ် အရောင်းလာနေကျပါ။ အနို့ပေမဲ့ ကိုရင့်ကို မမြင်ဘူးခဲ့"

"အော် – ပန်းတင်ရွာ ကျယ်ဝန်းပါဘိတယ်၊ ကိုယ့်နေ့ကိုယ့်တာနဲ့ လာသသူတွေ မြင်ဖူးကြပ့်မလား"

"လူကိုမှ မမြင်ဘူးတာ၊ လူ့အကြောင်း မှန်၊ မမှန် မသိနိုင်"

"အနို့ဖြင့်လည်း သိအောင် စိစစ်ဦးပ။ ကျုပ်ကတော့ မယ်မင်းကို ချစ်တာအမှန်ပဲ၊ မယ်မင်းက ပြန်ပြီးချစ်ချင်တော့မှချစ်၊ မချစ်ဘူးဆိုရင်လည်း ကျုပ်ရဲ့ကုသိုလ်ပေပလေ"

အိုနံ့သာသည် ဝေထွေးပုကို ငေးကြည့်နေ၏။

"ကိုရင် – အတို့ကျွန်ဟာ မျိုးရိုးမကောင်း၊ လူဆိုးလူပါးပါရှင်"

ဝေထွေးပုသည် မျက်မှောင်တစ်ချက် ကုတ်လိုက်ပြီးမှ ရယ်လိုက်၏။

"လူဆိုးလူပါး၊ သူဖုန်းစားမျိုးနွယ်ဆိုပါတော့။ ဒါ – ဘာဖြစ်သလဲ"

"ကိုရင် – မယူနိုင်ဘူး။ မယူနိုင်ရင် မချစ်ချင်နဲ့ပ"

"အလို – ကိုယ့်အစိတ်အစေးနဲ့ ကိုယ့် တွေ့တော်ရျတယ်ပ။ ကျုပ် မယူနိုင်ဘူးလို့ ဘယ်တုံးက ဟူသလဲ။ လောကမှာ အိုနံ့သာဆိုတာ တစ်ယောက်တည်း ရှိတယ်၊ တစ်ယောက်တည်းရှိတာ အဖိုးတန်တာပဲပ၊ ကျုပ် အိုနံ့သာကိုချစ်ရင် အိုနံ့သာဟာ ဘယ်မျိုးရိုးက ပေါက်ဖွားလာသည်ဖြစ်စေ ကျုပ် ချစ်မှာပ၊ ကျုပ်ချစ်တာဟာ အိုနံ့သာရဲ့မိဘဘိုးဘွားကို ချစ်တာမှမဟုတ်တာ၊ သူတို့ကို ဆင်ခြင်နေစရာမရှိ"

အိုနံ့သာသည်ပြုံးယောင်ယောင်ဖြစ်လာသည်။ သို့သော် သူ့အပြုံးသည် သရော်သလိုလိုတော့ ဖြစ်နေ၏။

"ကိုရင် – အသက်တိုချင်လို့ အတို့ကျွန်ကို ချစ်ဇာကြဲတာပ"

"ရော – မယ်မင်းကို ချစ်တယ်ဆိုရင် မယ်မင်းက သတ်ပစ်တတ်သလား။ မယ်မင်း သတ်မယ်ဆိုရင်လည်း ကျုပ် သေဝံ့ပါတယ်လေ"

"မဟုတ် – မဟုတ်။ ကိုရင်ရဲ့တည်ကြည်တဲ့မျက်နှာကို မြင်ကတည်းက အတို့ကျွန် အားကိုးယုံမှတ်ပါတယ်။ အတို့ကျွန်အဖြစ်ကို စေ့ငုအောင် နာကြားပါအုံးလေ"

"ပြောပါ – ပြောပါဘိ။ ကျုပ် မထေတမ်း နာကြားပုံ"

အိုနံ့သာသည်မျက်လွှာကလေးချ၍ သူ့အကြောင်းတွေကိုရင်နာစွာနှင့် ပြန်ပြောပြသည်။ သူငယ်စဉ်ကပင် မိခင် သေဆုံးခဲ့ပြီး ဖခင်မှာလည်း အဝေးတွင် ရောက်နေခဲ့သည်။ ဖခင်ပြန်လာသောအခါတွင် ခြေနှစ်ဖက်ပြတ်နေသော ဒုက္ခိတဖြစ်နေကြောင်း သိရသည်။ ဖခင်သည် သူ့ကိုခေါ်၍ တစ်ရွာဝင် တစ်ရွာထွက် တောင်းစားခဲ့ရှာ၏။

"ဖုန်းစားလို့ရသမျှကြေးငွေတွေကိုအဖဟာ တတ်အားသရွေ့စုဆောင်းပြီး ရင်းနှီးစရာကလေးရတော့ ယခု ညောင်ထီးရွာ အပြင်ဘက်မှာ ကြက်သွန်ငရုတ်ခင်းတွေ လုပ်ကိုင်စားတော့တာပ၊ အတို့ကျွန်ကလည်း ကြီးပြင်းလာခဲ့ပြီမို့ ဖုန်းစားသမှု မပြုတော့ဘဲ အရောင်းအဝယ် လုပ်ကိုင်ခဲ့ပါတယ်"

"ဒါနဲ့ – ဘာကြောင့် – ကျုပ်အသက် တိုရမှာဖြစ်ပါစ့်"

www.burmeseclassic.com

www.burmeseclassic.com

"ပြောပါ့မယ်ရှင်။ အတို့ကျွန် – ရင်ကို စည်းစကာလက ကိုရင်စင်နဲ့ ရည်ငံတယ်၊ သူကြွယ်ကြီး ဦးပန်းတောင်းက မကျေနိုင်ဖြစ်တာပ။ သူက အတို့ကျွန်ကို မောင်းမပြုဖို့ ရည်ထားသတိုး။ ညောင်ထီးရွာမှာ သူကြွယ်ကြီးဟာ ဩဇာတိက္ကမကြီးမားလှတယ်၊ လှလင်ကျော်အချို့လည်း သူ့ဘက်သားဖြစ်တယ်၊ တစ်နေ့တော့ ကိုရင်စင်ဟာ အစီရင်ခံရတာပဲပ၊ ရွာ့အပြင် လုပ်တိုင်းထဲမှာ ဓားနဲ့ သုတ်သင်ခြင်း ခံရတယ်၊ လုပ်ကြံသူ မပေါ်ပေါက်ခဲ့ဘူး"

"ဒါလောက်နဲ့ – သူကြွယ်ကြီးကို မစွပ်စွဲသင့်ပေဘူး – နမငယ်"

"ဒါလောက်နဲ့ မစွပ်စွဲပါဘူး။ အတို့ကျွန်ကတော့ ကိုရင်စင် မရှိတော့တဲ့နောက်မှာ အသူ့ကိုမှ မရည်းတော့ပါဘူး။ အနို့ပေမယ့် – အတို့ကျွန်ကို ရည်ငံချင်သသူတွေကို သူကြွယ်ကြီးက လူလွှတ်ပြီး အချို့ကိုတော့ လူဆုံးလူပါးမျိုးရိုးဖြစ်ကြောင်းပြော၊ အချို့ကိုတော့ လုပ်ကြံပစ်မယ် ခြိမ်းခြောက်နဲ့ ပြုမူတယ်၊ သည်စကားတွေ အတို့ကျွန်တို့နားကို ပြန်ရောက်တယ်ပ"

"သူတစ်ပါးစကားကို မယုံလွယ်ပါလင့်"

"ဟော – ကိုရင်တောင် အတို့ကျွန်ကို ချစ်တယ်ဆိုပေမယ့် အတို့ကျွန်ရဲ့စကားကို မယုံမှတ်ဘူး။ ဒါကြောင့်လည်း အတို့ကျွန်ဟာ ကလန်ကြီးကိုပင် အတိုင်အတောမပြုဘဲ သတိနဲ့ သူကြွယ်ကြီးကို ရှောင်ကြဉ်နေရတာ၊ ဒါတောင်မှ ..."

အိုန့်သာက စကားကို ရပ်ထားသဖြင့် ငထွေးပုက ခပ်မြန်မြန် ဝင်မေးသည်။

"ဒါတောင်မှ ဘာဖြစ်ပါစ့်"

"ပြီးခဲ့တဲ့ သုံးရက်ခန့်က တွဲဖြူကန်အရှေ့ဘက်တောထဲမှာ အတို့ကျွန်ကို သူ သူ ကြံစည်ခဲ့သေး"

အိုန့်သာသည် လက်ဝါးများ မျက်နှာကို အုပ်၍ ငိုတော့သည်၊ ငထွေးပုသည် ပျာပျာသလဲပင် ပခုံးလေးကိုဖက်၍ ချော့၏။

"အိုန့်သာ နမငယ် – မငိုလင့်။ ကျုပ် ချယားပင်တိုရွာမှာ ကြာကြာမနေ၊ မယ်မင်းတို့ဆီကို တောက်တပိုလာခဲ့မှာပ၊ သည်တော့မှ ကျုပ် စိစစ်ကြံစည်ပါ့မယ်၊ အနို့ – မယ်မင်းရဲ့အဖအမည်က အသူဖြစ်ပါစ့်"

အိုန့်သာသည် တဘက်ဖြင့် မျက်ရည်စတွေကိုသုတ်ပြီး မျက်နှာကို မော့သည်၊ ထိုခဏတွင်ပင် နွားခလောက်သံ၊ မြူသံတွေ ကြားရ၏။

"ဟော့ – ခရီးသွားတွေ – လှည်းထွက်လတ်မယ်"

အော်ဟစ်သံ ထွက်ပေါ်လာသဖြင့် အိုန့်သာသည် ဖျာသိဖျာသာထ၍ ပြေး၏။ ငထွေးပုသည်လည်း ရောယောင်၍ မတ်တတ်ရပ်သည်၊ သို့သော် အိုန့်သာ၏နောက်သို့တော့ ပြေးမလိုက်ချေ။

အိုန့်သာသည် လေးငါးလှမ်း ပြေးသွားပြီးမှ ရပ်လိုက်ကာ နောက်သို့ပြန်ကြည့်သည်၊ လက်ဝဲလက်ဖြင့် ပန်ထားသောပန်းဝါပွင့်ကြီးကိုဖြုတ်တာ ငေးကြည့်နေသော ငထွေးပုဆီသို့ ပစ်ပေါက်ပေးခဲ့ပြီး ဆက်ပြေးသွားလေ၏။

ပန်းပွင့်သည် ငထွေးပု၏ရင်ကို လာ၍ထိမှန်ခိုက်တွင်ပင် ငထွေးပုသည် လက်နစ်ဖက်နှင့် ယုယစွာ ဖမ်းယူသည်၊ ထို့နောက် သူ၏ဦးခေါင်းတွင် နစ်သက်မြတ်နိုးစွာ ပန်လိုက်လေ၏၊

မကြာမီပင် လှည်းများသည် ခရီးဆက်ခဲ့ကြလေ၏၊ နောက်ဆုံး လှည်းပေါ်က အိုန့်သာသည် နောက်သို့ရှည်း မျှော်မျှော်ကြည့်နေသည်၊ မြင်းစီးသမား၏အရိပ်အယောင်ကို မမြင်ရချေ၊

လှည်းတို့သည် ချယားပင်တိုရွာလမ်းခွဲနားသို့ ရောက်လာ၏၊ ထိုအခါတွင်မှ နောက်ဘက် အတော်လှမ်းလှမ်းတွင် ငထွေးပုကိုမြင်ရသည်၊ သို့သော် ငထွေးပု တဖြည်းဖြည်း နီးကပ်လာသောအခါတွင်ကား အိုန့်သာတို့၏ လှည်းကလေးသည် ချယားပင်တိုရွာလမ်းခွဲကို ကျော်နေလေပြီတည်း၊

ငထွေးပုသည် လမ်းခွဲသို့ရောက်သောအခါတွင် ဦးထုပ်ကို ချွတ်၍ယမ်းပြ၏၊ အိုန့်သာသည် ပြုံးယောင်ယောင်ကလေးဖြစ်ကာ ဝိတ်မြင်ငေးကြည့်မိသည်၊

အဘယ်ကြောင့်ဆိုသော် ငထွေးပု၏ ယောင်စောင်းတွင် [illegible] ပန်းပွင့်ကြီးကို ပန်လျက်တ တွေ့ရသောကြောင့်ပင် ဖြစ်လေ၏၊

အိုန့်သာသည် ဝမ်းသာရာက သက်ပြင်းချမိ၏၊

"ကိုရင်ထွေးပုရဲ့ဓားဟာ ငွေကို ကျော်နင်းပိုင်းဖြတ်နိုင်[illegible]"

သည်လိုပဲ ရင်ထဲက ဆုတောင်းတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com

လှည်းကလေးသည် ညောင်ထီးရွာဘက်သို့ ထွက်ခဲ့သလို မြင်းစီးလုလင်သည်လည်း ချယားပင်တိုရွာလမ်းခွဲသို့ ချိုးဝင်သွားလေတော့၏။

ယနေ့ကား ကန်ပေါင်အပြီးသတ်ပွဲနေ့ ဖြစ်သည်။

အရှေ့ဘက် တန်ပေါင်ကြီးတစ်ခုလုံးမှာ အားလုံးပြီးပြည့်စုံနေပြီဖြစ်သော်လည်း မြောက်ပေခန့်နက်သော တွင်းကြီးတစ်တွင်းစာသာလျှင် ကျန်ရှိနေသည်။ ထိုတွင်းကြီးကား တမင်သက်သက် ချန်ထားခြင်းဖြစ်၏။ ညောင်ထီးရွာ၏ တစ်ဦးတည်းသော ဟူးရားဓာတ်ဆရာကြီး ဦးသက်ကြီး၏ အခါပေးမှုကြောင့် ကန်အထမြောက် အောင်မြင်ရေးအတွက် သန္နေ(စတေး)ရန် ကြာသပတေးသားသမီးကို စောင့်လင့်နေကြခြင်းဖြစ်သည်။

တပည့်တစ်ယောက် ထီးမိုးပေးသောအောက်တွင် သင်ဖြူးဖျာနှင့် တလန်ကြီးသည် ထိုင်နေ၏။ ရွာသူရွာသားအချို့လည်း သူနားတွင် ရှိနေကြသည်။ ကန်ပေါင်ကိစ္စတွင် မ,တည်၍ငွေအား စိုက်ထည့်ထားသော သူကြွယ်ကြီး ဦးပန်းတောင်းလည်း ရှိနေ၏။

ကလန်ကြီး၏ လုလင်ကျော် ငနောင်ကား မကြာခဏပင် ဦးပန်းတောင်း၏မျက်နှာကို ကြည့်ကြည့်နေသည်။ ခဏအကြာတွင် ဦးပန်းတောင်းသည် မျက်ရိပ်ပြသည်။

ထိုအခါ ငနောင်သည် ကလန်ကြီးကို စကားပြောလိုက်၏။

"အတို့ကျွန် – ကန်ပေါင်ဝန်းကျင် သွားကြည့်လတ်မယ်။ သည်နားတစ်ဝိုက် ချဉ်းကပ်လာတဲ့ ကြာသပတေးသားသမီး တွေ့လတ်ရင် ခေါ်ခဲ့မှာပ"

"အိမ်း – ဖုကောင်း၍။ ဆရာ ငသက်ကြီး အလိုဆိုရင် အချိန်သိပ်မရတော့ဘူး"

ငနောင်နှင့် ငတပါးတို့သည် ဓားလွယ်ကိုယ်စီနှင့် ကလန်ကြီး၏အပါးမှ ထလာခဲ့ကြလေ၏။ သူကြွယ်ကြီး ဦးပန်းတောင်းလည်း နေရာမှထကာ သူတို့နောက် မလှမ်းမကမ်းက လိုက်လာသည်။

ငနောင်တို့သည် အရှေ့ဘက်ကန်ပေါင်ပေါ်က လျှောက်လာကြပြီး တောင်ဘက် ကန်ပေါင်ရိုးသို့ ချိုးကွေ့လိုက်ကြပြီးသော် မြေလှမ်းကို အရှိန်လျှော့၍ လျှောက်ကြသည်ဖြစ်သောကြောင့် ကန်ပေါင်၏အလယ် လှေကားထစ်များနား ရောက်သော် နောက်က လိုက်၍လာသော ဦးပန်းတောင်းသည် သူတို့ကို မီလာလေ၏။

"ငနောင်ငယ် – အိုန့်သာကို ပါအောင်သာ ဆောင်ခဲ့နော"

"မစိုးရိမ်ပါလင့် – သူကြွယ်ကြီး။ ဖြစ်ရပါစေ့မယ်"

ငနောင်တို့လည်း လှေကားထစ်ကလေးများမှ အပြင်ဘက်မြေရင်းသို့ ဆင်းသွားကြသောအခါ ဦးပန်းတောင်းသည် ကန်ဘက်ဆင်းသော လှေကားထစ်ကလေးများကို တစ်ဝက်ခန့် ဆင်း၍ လှေကားထစ်ပေါ်တွင်ပင် ထိုင်ကာ ရေပြင်ကို ကြည့်နေသည်။

မကြာခင်မှာပင် ငနောင်တို့သည် ဦးဖြစ်သင်၏တဲကုတ်ငယ်သို့ ရောက်ရှိလာကြလေ၏။ ဦးဖြစ်သင်သည် လုလင်ကျော်များကိုမြင်သော် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိသည်။

"မောင်ရင်တို့ – ဘာအမှုကိစ္စနဲ့ ရောက်ခဲ့ခြင်းဖြစ်ပါစုံ"

"အိုန့်သာကို တွေ့ဖို့ဌာပဲ"

"အိုန့်သာ – နောက်ဖေးဘက်မှာ ရှိတယ်။ အခင်းက ..."

"သည်လုံမ – ဘောက်မဲ့ကြောင့် ကန်ဘောင်သတ်ပွဲကို မလာတာ ဖြစ်ပါစုံ"

ဦးဖြစ်သင်၏မျက်နှာမှာ ညှိုးငယ်သွားသည်။

"မောင်ရင် – အဘယ်စကားကို ဟူပါဘိတယ်။ ကျုပ်တို့က လူဆုံးလူဝါးဖုန်းစားခဲ့ရသူ။ မင်္ဂလာယူပွဲမှာ နွဲ့စကောင်းပါစုံ"

"မဟုတ် – မဟုတ်၊ ယခု – ကလန်ကြီး အခေါ်ဆင့်တယ်"

ဦးဖြစ်သင်သည် နောက်ဖေးဘက်က သမီးကို ခေါ်ပေး၏။

"သမီးငယ် – တလန်ကြီး အခေါ်လွှတ်သတတ်"

အိုန့်သာသည် ငနောင်တို့ကို စိမ်းစိမ်းကြည့်သည်။

"အမှုကိစ္စက ဘသို့ရှိပါစုံ"

www.burmeseclassic.com

www.burmeseclassic.com

အိုန္နံ့သာက ရင်ကလေးမ,၍မေးသည်ကို နောင်က မျက်နှာရှုံ့တင်းတင်းနှင့်ပင် ပြန်၍ဖြေ၏။

"ကလန်ကြီးထံမှောက်ကျမှ လျှောက်ကြည့်ပါဘိ"

"အဝတ်လဲရပါစေ"

"မလိုပါ၊ သည်အတိုင်း လိုက်ခဲ့ပါဘိ၊ အချိန်နည်းလှပြီ"

အိုန္နံ့သာမှာ ထမိရင်လျားနှင့်ဖြစ်၏။ အပေါ်ပိုင်းတွင် အင်္ကျီမရှိရေး၊ တန်းပေါ်က တဘက်ကလေးကို ဆွဲယူ၍ လည်ကိုသိုင်းကာ တဘက်စနှစ်ခုကို ပခုံးပေါ်မှ ကျော်၍ နောက်ပြန်ချလိုက်၏။

ထိုနောက် သုံးယောက်သားသည် အနောက်ဘက် ကန်ပေါင်ရင်းမှ ကပ်၍ မြေပြင်မှပင် ကန်ပေါင်တစ်လျှောက် လျှောက်ခဲ့ကြသည်၊ ရှေ့ဆုံးက နောင်၊ အလယ်က အိုန္နံ့သာ၊ နောက်ဆုံးက တေပါ။ ဤသို့ဖြင့် ခပ်တန်းတန်းကလေး လျှောက်လာကြခြင်း ဖြစ်၏။

"မယ်မယ် - ဘာနေ့သမီးလဲ"

"တနင်္လာသမီးပါ"

"သူဖုန်းစားသမီးက နေ့နာမ် သိပါစ့်"

"အမိဆုံးတော့ မိရိုးတွေနဲ့ နေဦးရလတ်သေးတယ်၊ အမိပြောခဲ့လို့ မိရိုးတွေ သိတာပ"

နောင်သည် နောက်သို့ လှည့်မကြည့်ဘဲနှင့် လမ်းလျှောက်ရင်းက မေးမြန်းပြောဆိုနေခြင်းဖြစ်သည်၊

"အနို့ပေမယ့် - ကလန်ကြီးမေးရင် ကြာသပတေးသမီးဟူဘိ"

"ပဇာကြောင့် ..."

"စကားတံ မရှည်လင့်၊ တနင်္လာသမီးကို စတေးမယ် လင့်နေကြတယ်"

စကားတိတ်ဆိတ်သွား၏၊ သူတို့သည် အနောက်ဘက် ကန်ပေါင်ထောင့်ကို ချိုး၍ တောင်ဘက် ကန်ပေါင်ရင်းတစ်လျှောက် ဆက်၍လျှောက်လာကြသည်၊

အိုန္နံ့သာသည် ရင်ထဲတွင် တထိတ်ထိတ်နှင့် ဖြစ်နေ၏၊ သူသည် သူဖုန်းစားမျိုးရိုးဖြစ်ရာ ဤသို့သော မင်္ဂလာပွဲမျိုးတွင် လိုလားစရာမရှိပါ၊ သို့ဖြစ်လျှင် အဘယ်ကြောင့် တကူးတကန့် လူလွှတ်၍ ခေါ်ခိုင်းနေပါသနည်း၊

တစ်ခုတော့ ရှိသည်၊ ကန်တော်ပွဲကျင်းပလျှင် ပန်းတင်ရှာ သံပျှင်သစ်ကို ဖိတ်မန္တကပြုမည်ဟု လူတွေ ပြောနေကြ၏၊ သံပျှင်အသစ်ရှေ့တွင် မတော်နပ်သရေ့ တင်စရာရှိလျှင် တင်ခွင့်ပေးမည်ဟူ၍လည်း လူတွေ ပြောနေကြ၏၊

ဤအတိုင်းမှန်လျှင် သူက ဦးပန်းတောင်း၏ သိက္ခာမဲ့ပုံကို လူပုံလယ်တွင် ဖွင့်ပြောလိုက်လျှင် ကလန်ကြီးနှင့် ရင်းနှီးသူဖြစ်သည့် ဦးပန်းတောင်း အပြစ်ရစရာရှိ၏၊ ထိုကြောင့်ပင် ကလန်ကြီးက ကြို၍နှုတ်ပိတ်လို၍များ ခေါ်သလားဟုလည်း တွေးနေမိသည်၊

သို့ဆိုလျှင်လည်း ကြာသပတေးသမီးဟု ဆိုစရာအကြောင်းက မည်သို့ရှိပါမည်နည်း။ သူတို့လိုရိုးသားသော သူများ နားမလည်သည့် ဟူးရားအတတ်တွေလည်း ရှိသေး၏၊ ထိုအတတ်ရှင်တို့သည်လည်း အုပ်ချုပ်စီမံရေးတွင် အရေးပါကြသည်ဖြစ်ရာ ဤကိစ္စမှာ ဟူးရားကိစ္စများ ဖြစ်နေရော့သလား၊

အိုန္နံ့သာသည် စိတ်လှုပ်ရှားလာသလိုနှင့် ခေါင်းကို ကုပ်မိပြီး ရှေ့က နောင်၏ခြေကိုမီရန် ခပ်သွက်သွက် လှမ်းနေလေ၏၊

ကန်ပေါင်ရိုးပေါ်သို့ တက်သော လှေကားထစ်ကလေးများကို သူတို့ တက်နေမိကြလေပြီ၊

လှေကားတစ်ထစ် တက်လိုက်တိုင်း မိမိ၏ပြဿနာ ရှင်းရန် တစ်ထစ်ပို၍ နီးကပ်လာပြီဖြစ်၍ အိုန္နံ့သာသည် ဝမ်းသာသလိုလိုလည်း ဖြစ်ရ၏၊ စိုးရွံ့ချင်သလိုလိုလည်း ဖြစ်ရသည်၊

ကန်ပေါင်ရိုးပေါ် ရောက်သည်နှင့် တစ်ပြိုင်နက် အိုန္နံ့သာ၏ မျက်စိများသည် ကန်အတွင်းဘက်သို့ ဆင်းသွားသော လှေကားထစ်များဆီသို့ ရောက်သွား၏၊

ထိုလှေကားထစ်များဆီမှ ဦးပန်းတောင်း တက်လာနေသည်၊

အိုန္နံ့သာ၏ရင်သည် ဒိန်းခနဲ ဖြစ်သွားရလေ၏၊ သူသည် အလှည့်[illegible] ချေပြီတည်း။ ဦးပန်းတောင်းသည် သူ့ကို ဘယ်တော့မှ ကောင်း[illegible] သူမဟုတ်၊ သို့စဉ်လျက် ကန်ကြီးနှင့် အရင်မတွေ့ရဘဲ ဦး[illegible]န်းတောင်းနှင့် အရင်တွေ့ရခြင်းကား ကောင်းသော နိမိတ်လက္ခဏာ [illegible]ဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com

အိုနံ့သာသည် ပြန်တွေ့ပြေးရန် ချာခနဲ လှည့်လိုက်၏။ တေပါးသည် သူ့လမ်းတွင် ရင်ကော့ရပ်၍ ဆီးတားနေသည်။

“ရှင် - ရှင်တို့ - ဘာမှုကြံပုံ”

တေပါးကလည်း ဘာမှပြန်မပြော၊ ငနောင်ကလည်း ဘာမှုပြန်မပြော၊ ခပ်တည်တည်နှင့် ပြန်ပြောသူတား တန်ပေါင်ရိုးပေါ် ရောက်လာသည့် ဦးပန်းတောင်းပင် ဖြစ်သည်။

“ငါတို့ ဘာမှုအံ့ဆိုတာ - မယ်မင်း - ယခုတွင် သိရလတ်မယ်၊ ဟော့ - ငနောင်တို့ ဘာပိုင်နေကြပါစုံ၊ နောင်တဲလို့ ငင်ကြဘိ”

အိုနံ့သာ၏ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားပြန်ကာ တေပါး၏ဘေးက ကွေ့၍ဆင်းပြေးရန် ကြံသည်၊ သို့သော် တေပါးက သိုင်း၍ဖက်ထားသည်။

“လွှတ်ဗိ - လွှတ်ဗိ၊ ငါ့ကို မတရားမမှုကြလင့်”

အိုနံ့သာသည် အော်၍ရုန်းကန်နေသည်။

ထိုအခိုက်တွင် လှည်းလမ်းပေါ်မှ မြင်းစီးခရီးသည်သည် အသားကျ နင်လာရာက ကန်ပေါင်ရိုးပေါ်သို့ ကြည့်မိသည်တွင် ခရီးမမှ ဖယ်၍ထွက်ခဲ့ပြီး ကန်ပေါင်ခြေရင်းဆီသို့ ဦးတည်ကာ မြင်းကို နင်လာသည်။

ဦးပန်းတောင်းနှင့် ငနောင်တို့သည် အိုနံ့သာကို ဝိုင်းဝန်းချုပ်ရန် ရှေ့သို့တက်ခဲ့သည်၊ ထိုအခိုက်တွင်ပင် အရှေ့ဘက် ကန်ပေါင်ပေါ်မှ လျှောက်လာသော လုလင်ကျော် စေပ်သည်လည်း တစ်စုံတစ်ခုတော့ ဖြစ်နေပြီဟုသိကာ ပြေးလာလေသည်။

အိုနံ့သာသည် ရှိသမျှအားခွန်ကိုသုံး၍ ကိုယ်ကို လှည့်လိုက်ရာ သူ့ကို ရှေ့မှဖက်ထားသော တေပါးမှာ ရှုတ်တရက်မို့ လည်သွား၏၊ ထိုသို့ လည်သွားရာတွင် အိုနံ့သာ၏ခြေကိုပင် ခလုတ်တိုက်ကာ ကန်ပေါင်ရိုးပြင်ပေါ်သို့ ဖင်ထိုင်လျက်ကျသည်။

ထိုအခါ နောင်မှ လွှတ်သွားသော သမင်မတလေးကဲ့သို့ အိုနံ့သာသည် လှေကားထစ်များမှ ဆင်း၍ပြေးလေ၏။

“လွှတ်တော့မှာပ၊ ညံ့ပါဘိ”

ဦးပန်းတောင်းက ယူတျှုံးမရသံနှင့် ပြောသည်၊ ငနောင်သည် ဓားကို ဆုပ်လိုက်၏၊ တေပါးသည်လည်း လဲရာမှထကာ ဓားကိုနုတ်၍လှေကားထစ်



သည်လို ကြောက်ရွံ့နေတဲ့
လုံမငယ်ကကော မသေခင်က ရန်ကို
မကာကွယ်နိုင်လတ်သေးတာ။ သူ့ကို
စတေးတော့ကော မောင်မင်းတို့ရွာကို
ကော၊ ကန့်ကိုကော ဘာကာကွယ်ပေး
နိုင်မှာ ဖြစ်ပါစုံ-ရှိစေ။ မောင်မင်းတို့ကန်
အတွက် စတေးလိုရင် စတေးရစေ့မယ်။
လူသုံးကောင် စတေးရစေ့မယ်။
အသင့်ပြင်ထား။

များကို ပြေးဆင်းသည်၊ သို့သော် သုံးလေးထစ်မျှပင် ဆင်းရသေးသည်၊ မြေပြင်ဆီမှ အသံစိမ်း ထွက်ပေါ်လာခဲ့လေ၏။

“အိုနံ့သာ - ကျုပ်ဆီကို လာဘိ”

အိုနံ့သာသည် အိမ်သို့ အာရုံပြုနေရာက အသံလာရာသို့ ကြည့်မိတော့သည်။

ဓားလွယ်ကြီးတကားကားနှင့် မြင်းဘေးတွင်ရပ်၍ လက်နှစ်ဖက် ဆန့်တန်းနေသော ငထွေးပုကို မြင်ရလေ၏၊ ငထွေးပုကား ဖဲအင်္ကျီစိမ်း လက်တိုတွင် အဝါရောင်အကွပ်များနှင့် လှပနေသည်၊ အင်္ကျီ၏အောက်ပိုင်းမှာ ခါးတိုဖြစ်သော်လည်း အောက်ပိုးကျိုက်ထားသော ပုဆိုးတွင် စည်းထားသည့် ခါးစည်းကြိုးကိုပင် အုပ်မိနေ၏။

“ရော - ကိုရင်ထွေးပု”

အိုနံ့သာသည် ငထွေးပု၏ရင်ခွင်ထဲသို့ ပုံ၍ဝင်သွားသည်၊ [illegible] ရင်ခွင်ကို မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးတော့သည်။

- ဦးပန်းတောင်းသည် အနီးသို့ရောက်လာသော စေပ်ထံ [illegible] ကာ စေပ်ကိုကား ကလန်ကြီး သွားခေါ်ရန် ပြန်၍လွှတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

တေပါးသည် ဓားလွတ်ကိုင်လျက်က လှေကားသုံးလေးထစ်ခန့်တွင် ကြောင်တောင်ရပ်နေမိသည်။ လှေကားထိပ်မှ ငနောင်က ဟစ်၍ပြော၏။

"ဟေ့ - သူစိမ်း - ရွာအရေးမှာ ဘောက်မယ့်ကြောင့် စွက်ဖက်ပါစ့်"

ငထွေးပုသည် အိုးနံ့သာကို ရင်ခွင်ထဲမှထုတ်၍ မြင်းနားတွင် ရပ်စေခဲ့ကာ တစ်လှမ်း နှစ်လှမ်း လျှောက်ခဲ့ပြီး ငနောင်ရှိရာသို့ မော်ကြည့်၏။ ခါးမှဓားကိုလည်း တစ်ချိန်ထဲတွင် ဆွဲနုတ်သည်။

"ထီးတစ်ရာထဲရဲ့အရိပ်မှာ နီသသူတွေအချင်းချင်း သူစိမ်းသူကျက် မရှိနိုးပြီဘူး။ ကိုရင်တို့ရွာအရေးက လုံမငယ်ကို ပိုင်းဖက်ကြတဲ့အရေးလား"

"ဟေ့ - ငါတို့လို နလင်ကျော်တွေကို အနိုင်တုချင်တာ မောင်မင်းက အသူမို့လဲ"

"ယောက်ျားသားတွေမှာ ဓားပါရင် အားအင်ရှိနေပါလျက်နဲ့ ကျုပ် ဘယ်သူဘယ်ဝါဆိုတာ သိစရာလိုသေးပါစ့်"

"ကန်တော်မှာ စတေးဖို့ ငင်ရာမှာ အစတေးခံကိုဆောင်တာ ငါတို့ရွာရဲ့ ရန်သူပေပဲပ"

"ရော - စတေးကြမှာကိုး။ မြေအောက်ကရေကို လူတူးရင် ထွက်တယ်။ မိုးရေကို လူက ခံယူထားရင် ကန်ဖြစ်တယ်။ ဘာမှစတေးစရာမလို။ သည်လို ကြောက်ရွံ့နေတဲ့ လုံမငယ်ကကော မသေခင်က ရန်ကို မကာကွယ်နိုင်လတ်သေးတာ။ သူ့ကို စတေးတော့ကော မောင်မင်းတို့ရွာကိုကော၊ ကန်ကိုကော ဘာကာကွယ်ပေးနိုင်မှာ ဖြစ်ပါစ့် - ရှိစေ။ မောင်မင်းတို့ကန်အတွက် စတေးလိုရင် စတေးရစေ့မယ်။ လူသုံးကောင် စတေးရစေ့မယ်။ အသင့်ပြင်ထား။ သည်လုံမကိုတော့ မမျှော်လင့်လေနဲ့။ သူ့မျက်ရည်တစ်စက်ဆို ငါ့ဓားတစ်ပြက်ပဲ။ သိရဲရင် သိကြစမ်း"

လှေကားကို အနည်းငယ် ဆင်းမိနေသော တေပါးသည် ငနောင်ကို ကြည့်၏။ ငနောင်က ဦးပန်းတောင်းကို ကြည့်သည်။ ဦးပန်းတောင်းသည် ငထွေးပုသို့ကြည့်၍ အော်ပြောသည်။

"မောင်မင်းမှာ သူရဲဘောရှိသပဆိုရင် ကြွခဲ့ဘိ"

ငထွေးပုသည် ရယ်သွမ်းတစ်ချက်သွေးလိုက်၏။ ထိုအခိုက် ငနောင်က ဟစ်၍ ပြောပြန်သည်။

"ဟေ့ - ငါတို့ဓားက တရားကိုထိန်းတဲ့ဓားလဟ။ မောင်မင့်ဓားက မသားကို ထိန်းတဲ့ဓားတကား"

ငထွေးပုသည် ရယ်၍ပြန်ပြောသည်။

"သည်လုံမ စကားပိတ်ရင် တရားဆိတ်သွားမှာမို့ ငါ့ဓားတကာတွေသိရေ ရတာ ဟုတ်တာ - ရှိစေ။ တရားနဲ့မတန်တဲ့ မောင်မင်းတို့ဟာ ဓားနဲ့တောထန် သလား - ငါသိလိုပါဘိ"

ငထွေးပုသည် ဓားကိုဝင့်၍ လှေကားထစ်များကို ပြေးတက်လေ၏။ သုံး ယောက်နှင့်တစ်ယောက် ဖြစ်နေသဖြင့် အိုးနံ့သာမှာ ပင့်သက်ရှူရင်း လတ်တစ်ဖက်ဖြင့် ရင်ကို ဖိထားမိသည်။ သည်လိုယောက်ျား၏ ရင်ခွင်ကိုလည်း မဝတမ်း နိုလှုံပစ်ချင်သည်။

ငထွေးပုက ပြေးတက်လာသောအခါ တေပါးသည် လှေကား နောက်ပြန်တက်၍ လှေကားထိပ်က စောင့်၏။ လှေကားထိပ်ပေါ်တွင် လက်ဝဲဘက်၌ တေပါးရှိ၏။ လက်ယာဘက်၌ ငနောင် ရှိ၏။ အလယ်တည့်တည့်၏ နောက် နှစ်လှမ်းခန့်တွင် ဦးပန်းတောင်းရှိနေသည်။ တေပါးနှင့် ငနောင်တို့သည် ဓားကိုမိုး၍ စောင့်လင့်နေကြ၏။ အပေါ်စီးက လူနှစ်ဦးကို အောက်စီးမှ တစ်ဦး တည်းဝင်ရန် ကြံသူကား စင်စစ်တွင် သူရူးသော်လည်း ဖြစ်ရမည်။ သူမိုက် သော်လည်း ဖြစ်ရမည်ပေ့။ ငထွေးပုသည် လက်ဝဲလက်က ဓားအိမ်၊ လက် ယာလက်က ဓားအိမ်၊ လက်ယာလက်က ဓားလွတ်ကိုကိုင်၍ ခပ်သုတ်သုတ် ပင် ပြေးတက်လာသည်။ လှေကားကို တက်ရသည်ဖြစ်သောကြောင့် သူ၏ ဦးခေါင်းမှာ ရှေ့သို့ထွက်နေကော ဖက်စင်းပေးနေသလို ဖြစ်နေ၏။

အပေါ်ရောက်ရန် တစ်ထစ်အလိုတွင် တေပါးနှင့် ငနောင်တို့သည် တိုင်ပင်ထားသလို ပြိုင်တူပင် ခုတ်ချလိုက်ကြ၏။ မြေပြင်ပေါ်မှ မျှော်ကြည့်နေ သော အိုးနံ့သာမှာ အသက်ပင် မရှူနိုင်တော့ဘဲ မျက်လုံးတွေကို စုံမှိတ်ထား လိုက်မိသည်။ မိမိ၏ဘဝတားလက်မထပ်ရဘဲ ကမ္ဘဲဖြစ်ရရှာတော့မည်လေ ဟုလည်း ထင်မိသည်။

ငထွေးပုသည် ဓားအိမ်နှင့်ဓားကို ကြက်ခြေခတ်ခံ၍ ဝိုက်ကာ ပတ်ထုတ် လိုက်တာ အပေါ်ဆုံးအထစ်ကို မတက်တော့ဘဲ ကိုယ်ကို ... လိုက်ပြီး သွင်းပြီး တစ်ပတ်လှည့်ရာ မြေပေါ်တွင် ပက်လက်ကျ၏။ သူ့ဓားအိမ်သည်

www.burmeseclassic.com

တေပါး၏လက်ခေါက်ကို ရိုက်မိသည်။ သူ့ဓားကား နောင်၏ဓားသွားနှင့် မီးပွင့်အောင် ခတ်သွား၏။

တေပါးသည် လက်ခေါက်နာသွားသော်လည်း ဓားတော့မလွှတ်ချေ။ နောင်သည် သူ့ရှတ်ချက် လည်ထွက်သွားသဖြင့် ညာခြေကိုဝိုက်ကာ အရှိန်နှင့် တစ်ပတ်လှည့်သည်။ ရည်ရွယ်ချက်ကား လက်ဝဲလက်က ဓားအိမ်ကို သိမ်း၍ ငထွေးပု၏လည်မျိုဆီသို့ လက်ပြန်တစ်ချက်တည်း ရိုက်ရန်ဖြစ်သည်။ သို့သော် ငထွေးပုက ဆိုခဲ့သည့်အတိုင်း ဝမ်းလျားထိုးဝင်သည်ဖြစ်၍ နောင်၏ဓားအိမ်မှာ သူ့ခေါင်းပေါ်မှ ဝေ့ထွက်သွားသည်။

ဦးပန်းတောင်းသည် ပထမ ငိုင်ကြည့်နေရာက သူ့မျက်စိရှေ့က ပက်လက်လန်ကျလာသော ငထွေးပုကို မထနိုင်မီ သုတ်သင်ရန် သတိရလာသဖြင့် ရင်နှင့်ဝမ်း ထိချင်ရာ ထိစေဟူ၍ စလွယ်ခုတ်ချ၏။ သို့သော် ငထွေးပုတား ဖျတ်လတ်လှသူဖြစ်ပေ၏။ မြေပေါ်သို့ ပက်လက်ကျသည်နှင့်တစ်ပြိုင်နက် ဓားအိမ်နှင့်ဓားကို ရင်ပေါ်တွင် ကြက်ခြေခတ် ခံလိုက်ပြီး ခြေဖြင့် မြေကို တန်၍ နောက်ကျွမ်းပစ်သည်။

ဦးပန်းတောင်း၏လက်မှ ဓားသည် ငထွေးပု၏ဓားက အရှိန်ပြင်းစွာ ခတ်သွားခြင်းကို ခံရသဖြင့် ကြွတက်သွားရလေ၏။ ငထွေးပုကား အတွင်းဘက် စောင်းနားတွင် ကန်ရေပြင်ကို ကျောပေး၍ မုဆိုးထိုင်ကလေးဖြစ်နေကာ သူ့ရှေ့တွင်ကား ဓားအိမ်နှင့် ဓားတို့သည် ကြက်ခြေခတ် ရှိနေ၏။

နောင်နှင့် တေပါးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ သို့သော် သူတို့၏လှုပ်ရှားမှုကို မစောင့်ဘဲ ငထွေးပုသည် ခုန်၍ထလိုက်ကာ လက်နှစ်ဖက်စလုံးကို ဝှေ့ယမ်းလှုပ်ရှား၍ ခုန်ပေါက်ဝင်လာသည်။ သူ့ဓားအိမ်သည် ဦးပန်းတောင်း၏ရင်ချိုစောင်းကို ရိုက်ခတ်သွားသည်။ သူ့ဓားကား တေပါး၏ဓားနှင့် ခတ်မိ၏။ ဓားအိမ်သည် ဦးပန်းတောင်း၏ရင်ချိုစောင်းတွင် ရပ်တန့်မနေဘဲ ဆက်၍ ပင် နောင်၏ခါးဆီသို့ ပြေးဝင်လာ၏။

နောင်သည် ထိုဓားအိမ်ကိုမြင်သော် ဓားဖြင့်ခုတ်ချရန် လက်ကို ဆွဲရူ၏။ ဓားကို ခတ်ပြီးသော် သူ့မျက်နှာဆီသို့ စလွယ်ဝိုက်၍ ဆင်းလာနေသောကြောင့် နောင်သည် လက်ဆုပ်ကိုလှန်၍ ဓားကို ပြန်ပင့်ကာ ဓားချင်း ဆီးတားရတော့သည်။ ထို့ကြောင့် တင်ပါးရိုးကို ငထွေးပု၏ဓားအိမ်ဖြင့် ရိုက်ခြင်းခံရ၏။ အရိုးအစောင်းဖြစ်သဖြင့် အတော်ပင် နာကျင်သွားသည်။

"ရပ်ကြစမ်း - ငါ ကလန်ရဲ့ထွေတော်"

ဦးလုံ့လသင်၏ အသံဝါကြီးကြောင့် ဓားပွဲသည် မီးကို ရေနှင့် ငြိမ်းသတ်လိုက်သလို ချက်ချင်း ရပ်သွား၏။ ကလန်ကြီးကား ငထွေးပုကို စူးစူးဝါးဝါး ကြည့်သည်။ ထို့နောက် လှေကားမှာ ပြေးတက်လာသော အိုန္နသာကို တစ်ချက်ကြည့်ပြီး ဦးပန်းတောင်းကို ကြည့်သည်။

ဦးပန်းတောင်းသည် ဓားကို လွှတ်ချ၍ ပုဝါကိုဖြေကာ ရင်ချိုစောင်းမှ စီးကျလာသော သွေးများကို သုတ်၏။

"သူကြွယ်ကြီး - ဘသို့ဖြစ်ပါစ့်"

"စတေးဖို့ လုံမကို သူစိမ်း ဝင်ဖျက်တာပါ - ကလန်ကြီး"

ဦးလုံ့လသင်သည် ငထွေးပုကို မျက်မှောင်ကုတ်ကြည့်၏။

"မောင်မင်း - အသူဖြစ်ပါစ့်"

"အတို့ကျွန် - အသူဖြစ်ကြောင်းကို နောင်တွင် သိရပါစေ့မယ်။ လက်ငင်းအရေးက ယောပိုလုံမရဲ့အသက်ကို လွှတ်ပါဘိ"

"ကြာသပတေးသမီးမို့ စတေးဖို့ဌာ အသို့ လွှတ်နိုင်ပါစ့်၊ အဓိကာလနဲ့အညီ ..."

ဤတွင် အိုန္နသာသည် ဆတ်ဆတ်ခါဝင်ပြော၏။

"ကလန်ကြီး - အတို့ကျွန် တနင်္လာသမီးပါ"

ကလန်ကြီးသည် နောင်တို့ကို ကြည့်၏။ နောင်က ပျာပျာသလဲ ပြန်ဖြေသည်။

"ပုဆိုးကို လည်မှာယောက်ပြီး ဖုန်းစားခဲ့တဲ့ ဖြစ်သင်ရဲ့သမီးစကား အမှန်ဖြစ်ပြီးပါ့မလား။ ဆင်ခြင်ပါ - ကလန်ကြီး"

ဦးလုံ့လသင်က တွေသွား၏။ သူကြွယ်များ၊ လုလင်ကျော်များနှင့် ယှဉ်စရာပင်မဟုတ်သော သူဖုန်းစားမျိုး၏စကားကိုတရားခွင်တင်၍ ဆုံးဖြတ်ရမှာ သင့်၊ မသင့် ချင့်ချိန်နေပုံရသည်။

ငထွေးပု၏မျက်နှာမှာ ဝင်းထိန်သွား၏။ အိုန္နသာ၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ယမ်းပြီး မေးသည်။

"အိုန္နသာ - မယ်မင်းဟာ ချယားပင်တိုရွာသား ဦးဖြစ်သင်ရဲ့သမီးတော်ပါစ့်"

www.burmeseclassic.com

"ဟုတ်တာ"

အိုန့်သာက လိုက်လှဲစွာဦးခေါင်းကိုညိတ်ပြသည်၊ ထိုအခါတွင် ငထွေးပုသည် ကလန်ကြီးနားသို့ ပြန်လျှောက်လာကာ အင်္ကျီအတွင်းအိတ်မှ စာချွန်ကို ထုတ်၍ ဆက်သသည်။ ဆက်သရင်းပင် နှုတ်မှလည်း ပြောကြား၏။

"အတို့ကျွန်က သံပျင်ရာဇပါက စေလိုက်တဲ့ နလင်ကျော် ငထွေးပုပါ၊ ယခင်က သံပျင်ရာဇပါနဲ့ တပ်တစ်တပ်ထဲမှာ အမှုထမ်းရွက်ခဲ့ရပါတယ်၊ ထီးလိုင်ရှင်ဟာ ရေမန်စစ်နွဲတော့ စစ်သူကြီးရာဇပါကို နှစ်သက်တော်မူတာနဲ့ ပန်းတင်ရွာ သံပျင်အရာ ပေးတော်မူတာပါ၊ သံပျင်ရာဇပါဟာ အခြားသူမဟုတ်ပါ၊ ချယားပင်တို့ရွာဇာတိငယ်မည်စေင်ကြယ်တွင်ခဲ့ပါတယ်၊ အနုရုဒ္ဓမင်းကြီးလက်ထက်မှာလည်း သထုံစစ်ကို နွှဲခဲ့ဖူးပါတယ်"

ငထွေးပုသည် စကားကို ခေတ္တဖြတ်၍ အိုန့်သာဘက်သို့ တစ်ချက်လှည့်ကြည့်သည်၊ ပြီးမှ - ဆက်၍ပြောပြန်၏၊

"တောသည် လုံမရဲ့ အဖနဲ့အတူ သထုံစစ်ကို နွှဲခဲ့တယ်လို့ သံပျင်ကြီးတွေခဲ့ပါသော်ကော၊ ဦးဖြစ်သင်ဟာ သထုံစစ်မှာ ဆင်နင်းခံရလို့ ခြေနစ်ဖက်ပြတ်တောက်ခဲ့တော့ ရဲမက်အဖြစ်က ဖဲကြည်သွားပြီး သံပျင်ကြီးနဲ့ ကွဲသွားရပါတယ်၊ နောင်တော့ - သံပျင်ကြီးဟာ ဦးဖြစ်သင် ဖုန်းစားနေသယောင်ကြားလို့ စိတ်ကွဲခဲ့ရတယ်၊ ယခုမှ အခင်းစိုက်စားကြောင်း သံပျင်ဖြစ်မှ ကြားလတ်ပြန်တော့ ပန်းတင်ရွာမှာ လာနေရအံ့ဟူပြီး စာချွန်ပေးလိုက်ပါတယ်"

ငထွေးပုသည် နောက်ထပ် စာချွန်တစ်ခုကို ထုတ်ကာ အိုန့်သာသို့ ကမ်းပေး၏၊ အိုန့်သာသည် စာချွန်ကလေးကို ကိုင်၍ အိမ်သို့ ပြန်ပြေးလေ၏၊

ကလန်ကြီးသည် စာချွန်ကို ဖတ်ပြီးသော် - "ကန်တော်ပွဲကို သံပျင်ကြီး မကြွအားသေးကြောင်း ဟူတယ်၊ အနို့ပေမယ့် - မကြာမြင့်မီမှာ လာလတ်မယ် မှာကြားတယ်" ဟု ပြောပြီး တစ်ဆက်တည်းမှာပင် -

"ရော - ကန်ပေါင်ကို အပြီးသတ်ကြတော့ စတေးစရာ မလိုဘူး၊ ရေကန်ဆိုရင် ရေရှိမှာပ၊ ကံကြီးလို့ လူ့အသက်တစ်ချောင်း မဆုံးရှုံးရတယ်၊ ငထွေးပု အရောက်ဦးလို့သာပ၊ နို့မဟုတ်ရင် - မင်းကြီးရဲ့အမှုတော်ကို ဦးလည်မသုန်ထမ်းရွက်ခဲ့တဲ့ သူ့ရဲ့သမီး လုံမကို စတေးမိတော့မှာပ၊ စတေးမိပြီဆိုမှ လည်း သံပျင်ကြီးရဲ့ အမျက်ရှလတ်စွဟုတ်တာ၊ ကံကြီးလို့" ဟု ပြောသည်၊



ရွာသားများသည် အချင်းချင်း စိတ်ဝင်စားကာ တီးတိုးစကားတွေ ပြောနေကြလေရာ လူများသဖြင့် ကြွတ်စီကြွတ်စီနှင့် ဖြစ်ကုန်တော့သည်၊

ထိုအခိုက်တွင် အိုန့်သာသည် မောကြီးပန်းကြီးနှင့် ပြန်ရောက်လာလေ၏၊

"ကိုရင်ထွေးပု - အဖက သိပ်တွေ့ချင်သတတ်၊ အိမ်မှာ ညဥ့်အိပ်ပါ၊ သူ့ဖုန်းစားထမင်းကို မစားဝံ့ပြီလား"

"အလိုလေး - အရှင့်အမှုကျွန်ကို မနိမ့်ချဝံ့ပါပြီဘူး၊ ယခုတော့ ပို့လိုက်ခဲ့လတ်မယ်"

ငထွေးပုက ခပ်ပျာပျာ ပြောလိုက်ရာ ကလန်ကြီးကလည်း -

"ဟဲ့ - ငါတို့ပါ ခေတ္တလိုက်ခဲ့ပါ့မယ်၊ ဖြစ်သင်ကို တောင်းပန်ရဦးမှာပ၊ ဖြစ်သင်ဟာ ဖုန်းစားမခေါ်ထိုက်၊ ဖုန်းလင့်သူသာဖြစ်တယ်" ဟုပြောသည်၊

ဦးပန်းတောင်းသည် ကုပ်ကုပ်ကလေးပင် သွေးတွေ သုတ်နေသေး၏၊ ငထွေးပုသည် သူ့အနားသို့ ကပ်၍ တိုးတိုးပြောသည်၊

"သူကြွယ်ကြီး - အတို့ကျွန် အလုံးစုံ သိပြီးပါပြီ - ခွင့်လွှတ်ပါတယ်၊ နောင်ကိုသာ အကျင့်အမူ ဆင်ခြင်ပါဘိ"

ဦးပန်းတောင်းသည် ခေါင်းကြီးကို အားရပါးရ ညိတ်ပြ၏၊

ငထွေးပုကား သူ့မြင်းကို ယူရဦးမည်ဖြစ်၍ ကလန်ကြီးတို့နှင့် တစ်ပါတည်း လိုက်မသွားဘဲ မြင်းဆီသို့ သွားသည်၊ အိုန့်သာကလည်း ထက်ကြပ်လိုက်သွား၏၊

"အိုန့်သာ"

"အရှင်"

"မောင်မောင်လို့ ခေါ်ပါဘိ"

"မခေါ်နိုင်ပါ၊ ပန်းကို တောင်းပြီး ပစ်ပယ်အားတာကိုး"

ငထွေးပုသည် ခပ်သွက်သွက်ပင် အတွေးအိတ်ထဲမှ ပန်းဝါခြောက်ကလေးကို ထုတ်ပြလေ၏၊ ထိုအခါ အိုန့်သာမှာ ပါးစပ်ကလေး ဟ,သွားေ သည်၊

"သည်လိုဆိုတော့လည်း လိမ္မာပါဘိ - မောင်မောင်"



www.burmeseclassic.com